www.burmeseclassic.com

အေးတက္ကသိုလ်

# ချစ်ခြင်းဖြင့်ကမ္ဘာတစ်ခုဆီသို့



BURMESE CLASSIC .com

www.burmeseclassic.com


www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်…၁၀၇/၉၆(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်…၀၆၂/၉၆(၄)
ပထမအကြိမ် … ၁၉၉၆ ခုနှစ် ဩဂုတ်လ



အတွင်းစာရိုက်နှိပ် … T ဆိုင်း … (… ၀၆၉၂)
မြတ်မင်း…
အမှတ် ၂၄ …
မြို့သစ်ဆောင်စုရပ်သာယာ…
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com



# ရှင်မိုး (ဆေးတက္ကသိုလ်)

# ချစ်ခြင်းဖြင့်ကမ္ဘာတစ်ခုဆီသို့

ဝဏ္ဏသစ် (အစ, ဆွဲ)

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးပုံနှိပ်သူ — ဒေါ်တင်တင် (မြဲ ၀၅၂၀၄)
မိုး အော့ဖ်ဆက်
အမှတ်(၃၉)၊ ဓမ္မာရုံလမ်း၊
မြေနီကုန်းမြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ — ဒေါ်ခင်တန့်(၀၀၃၆)
အရွှေလှိုင်းစာပေ၊
အမှတ် ၂၅၉၊ နဝဒေးလမ်း၊
ဒေါပုံ၊ ရန်ကုန်မြို့



BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်လှိုင်

[illegible]

မှစီစဉ်ထုတ်လုပ်ပါသည်

[illegible]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

## (၈)

အကယ်၍သာ ဘဝမှာရည်မှန်းထားသလို ဖြစ်မလာဘဲ မထင်မှတ်တာတွေ၊ မမျှော်လင့်ထားတာတွေ၊ စိတ်ကူးမထားခဲ့ဘူးတာတွေ ဖြစ်လာခဲ့လိမ့်မည်ဆိုပါက မော်ကွန်းဆိုသည့်လူတစ်ယောက်ဟာ ဒီနေရာ ဒီဒေသကလေးမှာ ခဏလေး လာလည်ဖို့ ကြံစည်မည်မဟုတ်။ ပြီးတော့-

"ဆက်ဆက်လာလည်ပါဆရာ... ။ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်...။ စမ်းရေတို့ရဲ့ နေရာကလေးက ဆရာ့အတွက်၊ လှပဆန်းကျယ်တဲ့... ဇာတ်လမ်းကလေးတွေ ဖန်တီးဖို့... အများကြီး ကူညီနိုင်လိမ့်မယ်လို့ စမ်းရေ... ရဲရဲကြီး အာမခံရဲတယ်သိလား..."

www.burmeseclassic.com

www.burmeseclassic.com

ဟူသော ညင်သာနူးညံ့၍ အပြစ်ကင်းစင်သည့် အပြုံးကလေးကို ပိုင်ဆိုင်သည် စမ်းရေကလေး၏ ဖိတ်ခေါ်သံမှာ အလွတ်တကူ ကျဆုံးနစ်မြုပ်။ ကိုယ်တိုင်ကလည်း နှစ်ခါမခေါ်ရ တော့မယ့် အခြေအနေမျိုးကို ရောက်ချင်ချင်။ ကဲ... ဒီလိုမျိုး အခြေအနေကလေးကို ခပ်ဖြည်းဖြည်းနဲ့ခြေလှမ်းတွေ ဆက်တိုး ရင်ရမယ်မှန်းသိရက်မှာ စမ်းရေကလေးရဲ့ဘဝကလေးကို ပိုမို သိလိုစိတ်တွေ၊ ဒီထက်မက ရင်းနှီးရလိုစိတ်တွေသာ တားမြစ်ထား နိုင်ခဲ့ရင်...

အင်း... ဒီနေရာကို လာခဲ့လိမ့်မည် မဟုတ်...

အခြေအနေ့ကိုက် ဖြစ်ချင်လို့ကို ဖြစ်ဖို့ ဖန်တီးလာ တာ။ သူဟာနဲ့သူ လည်ပတ်ဖြစ်တည်နေတာ။

"သွားလည်ရအောင် သားရယ်... မေမေလည်း ရောဂါ သက်သာတုန်း၊ သားလဲခရီးထွက်ပြီး စာရေးချင်တုန်း၊ ရတောင့်ရခဲ အခွင့်အရေးကလေးသားရဲ့... အင်း... ပြီး တော့ မေမေသားအတွက် မေမေလေ့လာနေတဲ့ မိန်းက လေးရဲ့ မိသားစုအနေအထား အမိအားဖြင့်တော့ အိမ် စီးပွားရေး အခြေအနေထက် မိသားစုရဲ့ လူမှုရေးအဆင့် အတန်းကို မေမေပိုသိချင်တယ်... သားရည်ရွယ်မဲ့ မိန်းက လေးဟာ ချမ်းသာကြွယ်ဝဖို့ မလိုဘူး။ ရုပ်ရည် သိပ်လှ

စေတနာစာပေ

BURMESE CLASSIC .com



ရမယ်လို့လဲမဆိုလိုဘူး... ဒါပေမဲ့သူမကလေးရဲ့စိတ်ဓာတ်၊ မိသားစုရဲ့စိတ်ဓာတ်ဟာ အဆင့်အတန်းရှိဖို့ လိုတယ်လို့ မေမေ ယူဆတယ်။ ဒါကြောင့်... မေမေ့သားကိုစိတ်ချသွား ချင်တဲ့ မေမေ့ဆန္ဒကို ဖြည့်ဆည်းရာလဲရောက်အောင် သားကို စမ်းရေကလေးတို့ဆီ သွားလည်ဖို့ မေမေ အကြံ ပေးတယ်... "

အဲဒါသာကြည့်။ မော်ကွန်းရဲ့ဘဝမှာ အရေးကြီးဆုံးလို့ ကြွေးကြော်ထားတဲ့ မေမေကိုယ်တိုင်ကတောင် စမ်းရေကလေးနဲ့ သူ့ရဲ့ကြွေးကြော်ထားတဲ့ သံဇဉ် အနှောင်အဖွဲ့ကလေးကို သဘော ပေါက်လက်ခံပြီးတော့ သဘောတူတိုက်တွန်း နေခဲ့တော့မှတော့။

"သေချာရဲ့လား မေမေ... အကယ်၍စမ်းရေကလေးဟာ မေမေလိုချင်တဲ့ ပုံစံအနေအထားမျိုးရှိနေပြီးမှန်း လေ့လာ လို့ရခဲ့ရင် မေမေတကယ်ပဲ သဘောတူမှာလား..."

"အမယ်လေး... မှင်းသာအဖြစ်ရှိလိုကတော့ မေမေက စမ်းရေကလေးနဲ့ဆို ဆယ်ခါပြန်သဘောတူတယ်။ ဒါတောင်... သူမိသားစုအခြေအနေ မသိရသေးခင် က တည်းက စမ်းရေကလေးကို မြင်ပြီး သဘောတူနေတာ နော်။ အေး... သူမိသားစုအခြေအနေက မေမေကျေနပ် သလို ဖြစ်နေလိုကတော့ မင်းဘက်ကခြေလှမ်းတွေ လှမ်းဖို့

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

သာ သတ္တိမွေးပေတော့... မော်ကွန်းရေ..."

သူကတောင်မေမေ့ကို ဤသို့နောက်ပြောင်ခဲ့သေ
မေမေကလည်း အသက်နှစ်ဆယ့်ငါးနှစ်သာ ရှိသော်လည်
ရည်းစားကလေး တစ်ယောက်တောင် ဖြစ်ဖြစ်မြောက်မြော
မထားရဲသေးသည့် သူ့ကိုပြန်၍ ကဲ့ရဲ့ရှုတ်ချခဲ့သေး...

သားအမိနှစ်ယောက် အကြံအစည်ကိုယ်စီ
ဒီနေရာကို သွားလည်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။ မေမေကဆို စမ်း
ကလေးရဲ့ မိသားစုဟာ ငါမျှော်မှန်းထားသလို လူမှုရေး အဆ
အတန်း မနိမ့်ကျတဲ့ စိတ်ဓာတ်ဖြောင့်မတ်တဲ့ မိသားစုပဲဖြစ်မှာ
ဆိုပြီး ကြိုတင်ကောက်ချက်တွေဆွဲ... ဟိုဒေသမှာ မရနိုင်မဲ့အ
အသောက်မျိုး ပစ္စည်းပစ္စယမျိုး။ အထူးအဆန်း တချို့တလေ
ကြိုတင်ပြီး လက်ဆောင်အဖြစ် ဝယ်လိုဝယ်။ စမ်းရေက
အတွက်ဆိုပြီး သီးသန့်လက်ဆောင်တွေ(သူ-မသိအောင်) ကို
ဝယ်လို့ထားနဲ့...

အို... သူကရော ဘာထူးသေးလဲ။ သူ့အတွက် ဒီတစ်
ရေးဖွဲ့မဲ့ လှပဆန်းကျယ်တဲ့ အချစ်ဇာတ်လမ်း တစ်ပုဒ်
"ငါ့ကိုယ်တွေ့ ဇာတ်လမ်းပဲဖြစ်နေတော့မလား" ဆိုတဲ့ စိတ်
တွေနဲ့ ရူးသွပ်လို့။ အသက်နှစ်ဆယ့်ငါးနှစ်တာကာလမှာ ဒီတစ်
ယောက် မိန်းမတစ်ယောက်အတွက် ကြိုတင်စိတ်ကူးယဉ် ရင်



ရူးသွပ်ရတာမျိုး မရှိ။ ဟုတ်သည်။ တကယ်ကိုမရှိဘူးခဲ့တ
ပြောရင်ယုံကြပါ့မလား။ ပရိတ်သတ် အကြိုက်တွေ့တဲ့ ထင်
ပြောင်မြောက်တဲ့ အချစ်ဝတ္ထု စာရေးဆရာကလေး မော်ကွန်း
ချစ်သူရည်းစားရယ်လို့ မယ်မယ်ရရ မထားခဲ့ဘူးတာ။ မိန်
တစ်ယောက်အတွက် ဒီလောက်ရူးသွပ်ခဲ့ဖူးတာမျိုး မရှိဘူးဆို
အမှန်ပဲ တည့်။

"နေရာဒေသကတော့ ပူလဲ မပူလွန်း၊ အေးလဲ မ
လွန်းတဲ့ ဒေသကလေးပါ ဆရာ။ လည်စရာ ပတ်စ
တော့ များများစားစား မရှိလှပါဘူး။ ဒါပေမယ့် လှပ
ရှုခင်းကလေးတွေက ဆရာ့လို စာရေးတဲ့ လူမျိုးစမ်းရေ
ပန်းချီဆွဲတဲ့ လူမျိုးတွေအတွက်တော့ သိပ်အကူအညီ
တဲ့ အရာဝတ္ထုကလေးတွေပဲလို့ စမ်းရေထင်ပါတယ်...

ဤသူငယ်မကလေးက လိုလိုလားလား တစ်ခါ
မျှ မဖိတ်ခေါ်ခဲ့ပါဘဲ ဒီတစ်ခေါက် ရန်ကုန် အဆင်းမှာ သူ
မော်ဒန်အတ် (Morden Art)လို့ ခေါ်တဲ့ သူ့ဝတ္ထုမျက်နှာဖုံး
မှာ သုံးလေ့ရှိတဲ့ ပန်းချီတစ်ချို့လာပေးရင်း သုံးခါထက်မနည်
ဒီစကားကို သူမထံမှ ကြားခဲ့ရတာ။

အချစ်ဆိုတာမျိုးက ဘယ်လိုတင်စားရမလဲ
တစ်ယောက်ကို တစ်ယောက် ဖွင့်မပြောကြဘဲ မျက်လုံးတွေထဲ

www.burmeseclassic.com



ဂစ်ဆင့် ယှက်နွယ်ကူးသန်း။ ထိုနောက် တစ်ယောက်နှလုံးသား
ကို တစ်ယောက်ကပင် ကြည့်နိုင်တဲ့ အရာမျိုးလဲ ဖြစ်တယ်လို့ပဲ
ဂင်စားရတော့မည်။ သူကလည်း စမ်းရေကလေးကို စတင်၍
ပံယောဇဉ်နှောင်ဖွဲ့ချိန်၊ စမ်းရေကလေးကလည်း သူ့နှလုံးသားကို
ညီးလည်စွာ လှေလာတတ်ချိန်၊ တိုက်ဆိုင်လာခိုက်မှာ။

"စမ်းရေကလေးကလဲ မိန်းကလေးပီပီ သားနဲ့ မကြာခင် ပတ်သတ်တော့မဲ့ အခြေအနေတစ်ခုအတွက် ကြိုတင် ပြင်ဆင်တဲ့အနေနဲ့ မိဘတွေကို အသိပေး၊ နောက်ပြီးသူတို့ ရဲ့ဘဝကို မေမေတို့ အကျွမ်းတဝင်ရှိစေချင်ပုံရတယ်။ အင်မတန် ထက်မြက်တဲ့ မိန်းကလေးပဲ။ အခြေအနေ တစ်ခုကို မရောက်ခင်မှာ အစစအရာရာကို မိဘသဘော ကျမှ မေမေလဲ နားလည်၊ သားလဲနားလည်မှ ရင်ဆိုင်ကြ ဖို့ ဆုံးဖြတ်ပြင်ဆင်တာကိုက၊ စမ်းရေကလေးတို့ရဲ့ စိတ် ဓါတ်ကို တစ်စေ့စောင်း အမှတ်ပေးလို့ တောင်ရနေပြီ..."

"မေမေတော့ လွန်လွန်းနေပါပြီဗျာ။ ဒီလောက်သဘောတူ နေရင်လဲ သွားလည်စရာ တောင်မလိုတော့ဘူး။ နောက် တစ်ခါ စမ်းရေ ရန်ကုန်အဆင်းကို စောင့်ပြီးသား ဖွင့်ပြောလိုက်ရုံပဲ ကျန်တော့တယ်..."

မေမေ့ကို ဒီလိုတောင် ပြန်လည်နောက်ပြောင်၊

စေတနာစာပေ



သို့သော် သူကိုယ်တိုင်လည်း မဂ္ဂဇင်းမှာစပြီး ဖော်ပြခြင်းခံရတဲ့ စာပေလောကကို ပထမဆုံး ခြေချခွင့်ရတဲ့ ဝတ္ထုမျက်နှာဖုံးတွေရဲ့ ပန်းချီဆရာမကလေးမှတစ်ဆင့်သူ့ရဲ့လုံးချင်းဝတ္ထုမျက်နှာဖုံးတွေရဲ့ ပင်တိုင်ပန်းချီဆရာမကလေး "စမ်းရေကလေး"ဆိုသည့် နာမည် ပိုင်ရှင်မိန်းကလေးအဖြစ်က လွဲလျှင် ဘာတစ်ခုမှ သိခွင့်မရသော သူမ၏ ဘဝအပိုင်းအစ တစ်ချို့ကို သိချင်သည်။

အစဉ်အမြဲခပ်မှိန်မှိန် အရောင်ကလေးတွေသာ ဝတ်တတ်သော မျက်လွှာကလေးတစ်ချက်ပင့်ကြည့်ဖို့ကို ဝန်လေး တတ်သော၊ ငါးထောင်ကျော်တန် သားရေအိတ်လေးထောင့် အညို ရင့်ရင့်ကလေးတစ်လုံးနှင့် ကာတီရေးလ် လက်ပတ်နာရီ အမျိုးအစားကလေးတစ်လုံးကလွဲရင် သူမမှာ ထည်ထည်ဝါဝါ ပစ္စည်းဆို ၍ ကိုယ်ပေါ်မှာ ဘယ်သောအခါမှ မတွေ့ရသော အသားညိုညို ဂျပန်ဆံတောက်ဂုတ်ဝဲ၊ ပြီးတော့ သူ့ရဲ့ Idea တော်တော်များများ ကို တစ်ချက်ပြောရုံနဲ့ နားလည်လွယ်ပြီး သူလိုချင်သည့် မော်ဒန် အတ် မျက်နှာဖုံးတွေဆွဲပေးတတ်သော "စမ်းရေကလေး"ကို သူ့ နှလုံးသားက ချစ်မိပြီဟု သေချာနေပြီ ဖြစ်၍ ပိုင်ဆိုင်ချင်လာခဲ့ပြီ။

မှတ်မိပါသေးသည်။ သူ့ဝတ္ထုတိုကလေး စတင်ပါ သည့် လွန်ခဲ့သော နှစ်နှစ်ကျော်ကာလတုန်းကပေါ့။ ၁၉၇၀-၈၀

စေတနာစာပေ

www.burmeseclassic.com



ဲ့နဲ့ ပို့ထားတဲ့ စာမူတော့ပါပြီဟလို့ မာတိကာမှာ ဖတ်ရက
ိုးက ဝမ်းသာအားရ အဲ့ဒီစာမျက်နှာကို လှန်ကြည့်စဉ်။
ကို အတော်ရှူးသွပ်သော ပိုက်ဆံရရ၊ မရရ၊ အောင်မြင်သည်
စေ၊ မအောင် မြင်သည်ဖြစ်စေ၊ သီချင်းတွေဆိုရင်း သေမယ်လို့
းကြော်တဲ့ အညတြဂီတသမားလေးရဲ့ ရင်တွင်းခံစားချက်ကို
ဖွဲ့တဲ့ သူ့ရဲ့ သာမန်ဝတ္ထုတိုကလေးရဲ့ သရုပ်ဖော်ပန်းချီ
လးက သူကိုစတင် ညို့ငင်တော့တာပဲ။

စိတ္တဇပန်းချီလို့ အများက သတ်မှတ်ကြတဲ့မော်ဒန်
ဂ်ရဲ့ စုတ်ချက်တွေဟာ သူလိုချင်တဲ့ Message ကို သူထက်
ခင် ပေးနိုင်လွန်းနေမှန်း သူဝန်ခံသွားရသည်။ လက်မှတ်
လးက ရှုပ်ရှုပ်ထွေးထွေးနဲ့မို့ သူက မဂ္ဂဇင်းတိုက်မှာ စုံစမ်း။

"ပန်းချီ ဆရာမပဲခင်ဗျ။ ဆရာ့ထက်တော့ ငယ်မယ်ထင်
တယ်...။ သူ့အဖေက သူ့သမီးဝါသနာပါလွန်းလို့ဆိုပြီး
ကျွန်တော့်ဆီ လာအပ်တာနဲ့ သူ့ပုံကလေးတွေ အလျဉ်း
သင့်သလို ထည့်သုံးနေတာ သုံးလေးပုဒ်လောက်တောင်
ရှိပြီ...။ ဘယ်စာရေးဆရာ၊ စာရေးဆရာမကမှ ပန်းချီ
ဘယ်သူဆိုတာ လာမမေးဖူးပါဘူး...။ ဆရာကမှ အရေး
တယူရှိတယ်။ နာမည်က "စမ်းရေကလေး"တဲ့ဗျ...။ လက်
မှတ်က ခပ်ရှုပ်ရှုပ်ဆိုတော့ ဆရာဖတ်လို့မရ ဖြစ်နေတာ





သူကလဲ ဝါသနာတစ်မျိုး...။ သူ့ကို လူမသိချင်ရင်နေ၊ သူ
ပန်းချီတွေ မြင်နေရရင် ကျေနပ်တဲ့ ခပ်ကြောင်ကြောင်
ပန်းချီဆရာမပဲ ဆရာတွေ့ချင်ရင် လွယ်မယ်မထင်ဘူး။
သူက နယ်ကနေ ရန်ကုန်ကို တစ်ခေါက်တစ်ခေါက်ဆင်း
လာပြီး သူ့စိတ်ထင်တာတွေ ဆွဲထားတာမျိုး၊ ဒါမှမဟုတ်
ကျွန်တော်က ဖုန်းဆက်ပြီး ဝတ္ထုရဲ့ ကျောရိုးလောက်
ပြောပြထားလို့ ဆွဲခဲ့တာမျိုးတွေနဲ့ မဂ္ဂဇင်းတိုက်ကို လာပေး
ပြီး ပြန်တော့တာပဲ..."

အဲ့ဒီစကားကြောင့် သူစိတ်မာတ်ကျသွားခဲ့ဖူးသည်။
ောက်ပိုင်းမှာ ထိုမဂ္ဂဇင်းမှာတင်မက တစ်ခြားမဂ္ဂဇင်းရဲ့ ဝတ္ထုတို၊
ာရှည်တို့မှာပါ သူမရဲ့ ပန်းချီတွေ ကျယ်ပြန့်လာချိန်၊ မေမေ့
ငယ်ချင်း ထုတ်ဝေသူ တစ်ယောက်ရဲ့ အကူအညီနဲ့ သူလည်း
းချင်းတွေ ထုတ်ဖို့ ပြင်ဆင်ချိန်မှာ သူက ထူးဆန်းစွာပဲ
စ်ခြား ကလောင်သစ်တွေလို နာမည်ကြီး ပန်ချီးဆရာကို
းချင်ဘဲ၊ သူမရဲ့ ပန်းချီကိုသာ သုံးချင်၍ သူမနဲ့ မရမက
ာက်သွယ်ခဲ့သည်။

ကံကြမ္မာက သူ့ကို မျက်နှာပေးစွာ သူမနဲ့ တစ်ကြိမ်
ခါတွေ့ခွင့်ပေးခဲ့ရာကအစ၊ သူရဲ့လုံးချင်းဝတ္ထုမျက်နှာဖုံးတိုင်း
သူမရဲ့ စိတ္တဇ ပန်းချီကလေးတွေ ပင်တိုင်သုံးခဲ့သည်မှာ



www.burmeseclassic.com

www.burmeseclassic.com

နှစ်နှစ်နီးပါး ရှိလာခဲ့သည့်အဆုံး။ ထူးခြားတာတစ်ခုကတော့ သူမဟာ သူ့ဝတ္ထုရဲ့ မျက်နှာဖုံးပန်းချီကလွဲရင် ဘယ်ဝတ္ထုတွေကိုမှ မျက်နှာဖုံးပန်းချီ လက်ခံပြီး မဆွဲပေးခြင်းပဲ။ မဂ္ဂဇင်းဝတ္ထုတို ရှည်တွေမှာ ဆွဲပေးတာကလွဲရင်ပေါ့။

တွေ့စကတည်းက ယောကျ်ား တစ်ယောက်အတွက် ထူးထူးဆန်းဆန်း ခံစားမှုမျိုး ပေးနိုင်စွမ်းမရှိတဲ့ သာမန်ချစ်ဖွယ် ရုပ်ရည်ကလေးကိုသာ ပိုင်ဆိုင်သည့် စမ်းရေကလေးဟာ နောက်ပိုင်းတွေမှာ သူနဲ့ ဝါသနာတူ အကြိုက်တူ အတွေးအခေါ် ချင်းတူတာ။ ဖြူစင်ရိုးသားတာ။ အနုပညာကို နက်နက်နဲနဲ ခံစားတတ်တာတွေကြောင့် သူ့နှလုံးသားထဲမှာ မြုပ်နေတဲ့ အချစ်ဆိုတာကို တူးဖော်နိုင်ခဲ့တော့တာပဲ။

"စမ်းရေကလေး"ကို ချစ်သည်။ မြတ်နိုးသည်။ ဘယ် အချိန်ကစပြီး ချစ်ခဲ့သလဲ။ ရေရေရာရာ မပြောပြနိုင်တာကို သူ စိတ်အနှောင့်အယှက် မဖြစ်ပါ။

လောကမှာ ချစ်သူကို ချစ်သွားကြတဲ့ လူတိုင်းကို မေးကြည့်။ ဆယ်ယောက်မှာ ရှစ်ယောက်ဟာ သူတို့ရဲ့ ချစ်သူကို ဘယ်အချိန်တုန်းကစပြီး ချစ်ခဲ့သလဲဆိုတာ သေသေချာချာကို မပြောပြနိုင်မဲ့ လူတွေချည်းပဲ။



အင်း- အဲဒီကြွေ့မှာ တစ်ယောက်အပါအဝင်ကွဲတော့ မော်ကွန်းဆိုသည့် နာမည်ကြီး အဲချစ်ဝတ္ထုစာစီရေးဆရာကလေးပဲ ဖြစ်ပါသည်။

အံ့သြဖို့ ကောင်းလေစွ။

..... ◎ .....



www.burmeseclassic.com

www.burmeseclassic.com

## (၁)

ကြိုတင်အကြောင်းကြားထား၍ထင်။ စမ်းရေကလေးက ကိုယ်တိုင်လာ မကြိုခဲ့သော်လည်း သူမ၏ အိမ်မှ ကားဖြင့် အကြိုလွှတ်လိုက်လေသည်။

"စမ်းရေကလေးက မနေ့ကမှ နလန်ထတယ်ဆရာ...။ တုတ်ကွေးမိပြီး တော်တော်ဖျားနေခဲ့တယ်။ ဒါကြောင့် ကိုယ်တိုင်လာမကြိုနိုင်ဘူးခင်ဗျ။ မိဘနှစ်ပါးစလုံးလည်း ဒီနေ့မနက်မှ ဆွေမျိုးတွေဆီ အလည်သွားရာက ပြန်ရောက်လာကြလို့ အားနာနာနဲ့ပဲ ကျွန်တော့်ကိုအကြိုလွှတ်လိုက်ရတယ်..."

ဒရိုင်ဘာက ကားကို အချိုးအကွေ့များ ကျင်လည်



ဘာ မောင်းနှင်ရင်း အကြောင်းစုံအား အစီရင်ခံသည်။နောက်ဖက် ခုံပျော့ပျော့မှာတော့ ဘူတာရုံကလေးက ချန်ရစ်၏။ နံဘေးဝဲယာမှ တောတောင်ရှုခင်းတို့က ခရီးသွားခဲ့သော သူ့အတွက် အသစ် အဆန်းတွေချည်းပင်။ မေမေက ထူးထူးခြားခြား ကြည်လင်တက် ကြွလို့ နေပြန်၏။

"အခုရော သက်သာရဲ့လားကွယ်..."

မေမေက မတော်ရသေးခင် သူနဲ့ မပိုင်ရသေးခင် ခပင် စမ်းရေကလေးကို အချစ်ပို၏။

"ဟုတ်ကဲ့...သက်သာနေပါပြီခင်ဗျာ။ ဆရာဝန်က ပြန်ဖျား မှာစိုးလို့ အနေအစား ဆင်ခြင်ခိုင်းတာနဲ့ ဧည့်သည်တွေကို လာကြိုချင်ရက်လာမကြိုရတာပါ။ နောက်မို့ထပ်ဖျားနေ ရင် ဆရာတို့ကို ဧည့်ဝတ်မကျေနိုင်မှာ စိုးလို့တဲ့ခင်ဗျ..."

"သြော်...ရပါတယ်။ ကျွန်တော့်ကိုတစ်ဆောင်တစ်ယောင် ကြီး ဧည့်ခံစရာ မလိုဘူးဆိုတာ စမ်းရေကလေးကို ပြောမှ ဖြစ်တော့မယ်..."

စမ်းရေကလေးသည် အတော်ပင် လျှိုလျှိုဝှက်ဝှက် င်သော မိန်းကလေးတည်း။ သူမ၏ မိသားစု အခြေအနေက ဘယ်လိုရှိသည် မသိရခင် သူနဲ့ မေမေ့ကို အကြိုလွှတ်လိုက်သော ားကြီးက နောက်ဆုံး မော်ဒယ် Pajero ပင် ဖြစ်နေ၏။ သူ့အ ော်လေးပင် တုန်လှုပ်၊ အံ့သြ၊ စမ်းရေကလေးနှင့် သူ့အခြေ

www.burmeseclassic.com



အနေက တော်တော်များ ကွာခြားနေလေမလားဟု စိတ်တွင်းမှ ပူပင်ချင်ချင်။

"ဟာ... ဘာဖြစ်သလဲ။ အချစ်မှာ ငွေကြေး၊ ဓနပိုင်းဖြတ်မှုတွေသာ ပါနေခဲ့ရင် သူ့ကို စမ်းရေကလေးက စဉ်းစားပါ့မလား။ သူမဘက်က တစ်ခုခု သေချာနေခဲ့လို့သာ ဖိတ်ခေါ်ခဲ့တာလို့တော့ အတ္တဆန်ချင်သားပင်..."

"စမ်းရေကလေးမှာ မောင်နှမ - မရှိဘူးလား..."

"အန်တီတို့ကို စမ်းရေက ဘာမှ ပြောမပြထားဘူး ထင်တယ်။ အင်း.. ဒီကလေးမက ဒီလိုပဲ။ အိမ်မှာဆိုရင်လည်း တစ်ယောက်တည်း တွေးနေကတတ်တာများတယ်။ ဘယ်သူနဲ့မှလဲ သိပ်စကားမပြောဘူး...။ သူ့အကျင့်က ငယ်ငယ်တည်းက အဲ့ဒီအတိုင်းပဲခင်ဗျ။ စမ်းရေမှာ သူနဲ့ စရိုက်လုံးဝမတူတဲ့ အစ်မရင်းတစ်ယောက်ရှိတယ်။ သူ့နာမည်က ပါရမီ တဲ့..."

"အို... နာမည်ကလေးက စမ်းရေနဲ့ တစ်ခြားစီ..."

"တစ်ခြားစီဆို ပါရမီက ပါရမီထူးတဲ့ မိန်းကလေးလို့ တင်စားပြီး သူ့မိဘတွေက ဒီနာမည် မှည့်တာကိုး...။ စမ်းရေ အလှည့်ကျတော့ သိပ်ပြီးညင်သာအေးချမ်းလွန်းပြီး ငယ်ငယ်တည်းက ငိုသံတောင် တစ်နေ့နေလို့ တစ်ခါမကြားရတတ်သလို သူငိုရင်လဲ သိပ်နူးညံ့ညင်သာလို့



စမ်းချောင်းကလေးအတိုင်းပဲ ငြိမ်းချမ်းတယ်ဆိုတဲ့ သဘောနဲ့ "စမ်းရေကလေး"လို့ ချစ်စနိုးခေါ်ရင်း နာမည်ရင်း ဖြစ်သွားတာ..."

"မင်းက အတော် သိလှချည်လားကွယ်..."

"အဟဲ... သိဆို ကျွန်တော်နဲ့ အကြီးမ ပါရမီက အသက်သုံးနှစ်ပဲကွာတယ်။ ကျွန်တော်က ပါရမီထက် သုံးနှစ်ကြီးပြီး စမ်းရေထက်တော့ ငါးနှစ်ကြီးပါတယ်...။ ငယ်ငယ်ကတည်းက သူတို့မြို့ထဲမှာ ကျွန်တော့်အဖေက နေလာခဲ့တာလေ။ ကျွန်တော့် အဖေက သူတို့အဖေရဲ့ ရှေ့နေကြီးတစ်ယောက်ပဲပေါ့။ ပါရမီကို တွေ့ရင် အန်တီတို့ သိပ်အံ့ဩသွားကြမယ်လို့ ကျွန်တော် အတပ်ပြောရဲတယ်..."

ပါရမီတဲ့။ သူ့ကို များစွာ မလှုပ်ခတ်စေသော အမည် တစ်ခုပဲ ဖြစ်ခဲ့သော်လည်း ဒါဟာ မှားယွင်းမှုဖြစ်ကြောင်း နောက် များမှ သိခွင့်ရခဲ့ပါသည်။ လောလောဆယ်မှာ တွေ့စက ဒရိုင်ဘာ ဟု ထင်ထားခဲ့သော သူတစ်ယောက်၏ သူမတို့မိသားစု အပေါ် ပါဝင် ပတ်သက်မှုကို သူတော်တော်မနာလို ဖြစ်ချင်နေခဲ့ပြီ။

ထို သူ့အမည်မှာ ကိုရဲရင့်ဖြစ်ကြောင်း။ ဘွဲ့ရပြီး နောက်မှာ စမ်းရေကလေးတို့ မိသားစုရဲ့ စီးပွားရေးလုပ်ငန်း တွေထဲမှာပင် ပြန်အလုပ်ဝင်နေကြောင်း။ ကိုရဲရင့်ထက် သူ့

www.burmeseclassic.com

အသက်မှာ သုံးနှစ်ငယ်နေ၍ သူက စမ်းရေကလေးရဲ့ အစ်မ ပါရမီနှင့် အသက်တူတူဖြစ်ကြောင်းတွေ့။ အာဝဇ္ဇန်းရွှင်သော ကိုရဲရင့်ကြောင့် ပင် စမ်းရေကလေး၏ မိသားစုကို မတွေ့ရခင်ပင်၊ သူ့မှာ အတော် အတန် ပြည့်စုံစွာ သိမြင်စပြုခဲ့သည်။

ခြံဝန်းကျယ်ကြီးရှေ့မှာ ကားဟွန်းတစ်ချက်၊ နှစ်ချက်မျှ တီးတော့ သံတိုင်တွေဖြင့် ကာရံထားသည့် ခြံတံခါးကြီးက ပွင့်လာခဲ့သည်။ တောင်ကုန်းခပ်မြင့်မြင့်လိုနေရာမျိုးမှာ ဆောက်ထားသည့် အိမ်ထီးထီးကြီးဆီ ရောက်အောင် မိနစ် အနည်းငယ်မျှ ကားမောင်းဝင်ရ၏။

ရေကူးကန်၊ တင်းနစ်ကွင်း၊ အလှစိုက်ပန်းပင် အမြောက်အမြား၊ ထိုပန်းပင်တို့ကြားမှာ ကျောက်ခုံကလေးတွေ အစီအရီပိုင်းချလျက် အလယ်မှာ ကျောက်စားပွဲကလေးကတော့ စိတ်ကူးယဉ်ချင်စဖွယ်။ ကြည့်စမ်း။ စမ်းရေကလေးဟာ မထင် မှတ်ထားလောက်အောင် မြင့်မားထည်ဝါတဲ့ အသိုင်းအဝိုင်းထဲက မိန်းကလေးတစ်ယောက် ဖြစ်နေပါရောလား။

"စမ်းရေဖိတ်ထားတဲ့ စာရေးဆရာနဲ့ သူ့မေမေတို့ပါအဖေ ကိုမော်ကွန်းနဲ့ အန်တီ၊ ဒါ...ကျွန်တော့်အဖေပါခင်ဗျ၊ ဝတ်လုံတော်ရ ရှေ့နေကြီး ဦးသီဟဆိုရင် ဒီမြို့က လူတိုင်း သိကြပါတယ်..."

"ဩော်... ငါ့သားကလည်း ကြွားရပြန်ပြီ။ လာကြပါခင်ဗျာ...။ အိမ်ရှင်တွေက ဧည့်မခံနိုင်တော့ ကျွန်တော်တို့ သားအဖပဲ တာဝန်ယူနေရတယ်..."

သူတို့၏ အဝတ်အစားအိပ်တွေ၊ ခြင်းတောင်းတွေ က ခပ်ငယ်ငယ် ကောင်မလေးတို့၏ လက်ထဲတွင် သယ်ဆောင်ယူ သွားနှင့်ပြီး ဖြစ်နေခဲ့၏။ အိမ်ထဲသို့ ဝင်ရန်အတွက် အပြင်က ခြင်လုံသံဇကာတပ်ထားသော တံခါးတစ်ထပ်ဖွင့်အပြီး အတွင်း က မှန်တံခါးကို ရှေ့နေကြီး တွန်းဖွင့်နေစဉ်မှာပဲ-

"ဟေး... ကိုရဲရင့် ဘယ်က ဧည့်သည်တွေလဲ..."

နောက်ဖက်ခပ်လှမ်းလှမ်းမှ ကြည်လင်ချိုမြ၍ အသံကြားရုံဖြင့် လှည့်ကြည့်ဖို့ စိတ်ဆုံးဖြတ်ပြီးဖြစ်နေတော့ မတတ် ဆွဲဆောင်နိုင်သော အသံကလေးတစ်ခု။ မေမေရော သူပါ မက ရှေ့နေကြီးပါ လှည့်ကြည့်စဉ်။

ဘုရားရေ ဟု နှုတ်က ယောင်၍ ပွင့်အံ့တော့ မတတ်။ ဒီလောက် ယောကျ်ားသားတွေရှေ့မှာ၊ လူတစ်စိမ်းတွေ ရှေ့မှာတောင် ရေကူးဝတ်စုံ အဖြူကလေးနဲ့ ရေကူးကန်ဘောင် ပေါ်တွင် ကန့်ကလျရပ်လျက်။ အိမ်နဲ့ သိပ်မလှမ်းသော ရေကူး ကန်ကလေး၏ ဘောင်ပေါ်တွင် ရပ်နေသည့် သူမသည်နေရောင် ခြည်နုနုကလေးအောက်မှာ အသက်ရှုမှားအောင် လှတယ်ဟု တင်စားရမည့် အလှမျိုးကို ပိုင်ဆိုင်နေခဲ့သူပင်တည်း။

"စမ်းရေရဲ့ မိတ်ဆွေတွေပါ..."

စေတနာစာပေ

စေတနာစာပေ


www.burmeseclassic.com

 www.burmeseclassic.com

ကိုရဲရင့်ကတော့ သူ့လောက် အမြင်ဆန်းဟန် မတူ။ ခပ်ငြိမ်ငြိမ် သို့သော် တမ်းတသော မျက်ဝန်းများဖြင့် စိုက်ငေး၍ ပြန်ဖြေ၏။ ဦးသီဟက သူ့သားအား မျက်ခြေမပြတ် လှေလာဟန် အထင်းသား။ အင်း တစ်ခုခုတော့ သေချာနေပြီ။

"ဟုတ်လား... ကျွန်မတောင် ကြိုတင်သတင်း မရထားပါလား ကြည့်စမ်းပါဦး စမ်းရေက ဇည့်သည်တွေကို ကိုယ်တိုင် တောင် သွားမကြိုဘူး အားနာစရာကွယ်..."

"စမ်းရေဖျားနေတာ ညည်းမှ မသိတာ။ ပါရမီ.. ကဲ... ညည်းအလုပ်ကို ညည်းဆက်လုပ်စမ်းပါ။ ဒီမှာ ဧည့်သည်တွေ ရပ်နေရတာ ကြာလှပြီ..."

အင်မတန်ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုနဲ့တော့ စတင်ရင်ဆိုင်ရပြီ။ ဦးသီဟရဲ့ အဆူအငေါက်မကင်းတဲ့ စကားပြောဟန်။ သို့သော် ပါရမီ၏ ဂရုမစိုက်ဟန်။ ကိုရဲရင့်၏ မျက်နှာခပ်လွဲလွဲ ညိုးလျှဟန်။ အင်း ငါ့အတွက်တော့ ထူးခြားတဲ့ အချစ်ဇာတ်လမ်းတစ်ခု ဖြစ်တော့မယ် ထင်ရဲ့။

"အဲ့ဒါ ပါရမီပဲ ကိုမော်ကွန်း..."

ဩော် ဟု သူက အာမေဋိတ်သံပြု၊ ထောက်ခံ၊ ထို့နောက်တစ်ချက်ပြန်လှည့်အကြည့်။ ဟာ - သေတော့မှာပဲ။ သူမရဲ့မျက်ဝန်းတွေဟာ ဘာသဘောလဲဟ။ တစ်ဖျပ်ဖျပ်တောက်လို့။ နှုတ်ခမ်းကလေးက ခပ်ကွေးကွေး သဏ္ဍာန်ပြုလို့။ သူ့အား

စေတနာစာပေ



ညှိုငံစွာစိုက်ကြည့်။ ပြုံးပြ။ စမ်းရေကလေးကို ချစ်၍ ရင်ခုန်ဘာမျိုးနဲ့ မတူစွာ ကွဲပြားသည့် ရင်ခုန်ခြင်းတစ်ခုက သူ့ကို ဘောင်မိတ်ဆက် လိုက်တော့တာပဲ။

"အင်း... သူ့ကို ပါရမီလို့ သိရုံကလွဲရင် ဒီထက်ပို မသိစေဖို့ သတိထားနိုင်ရင် အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်ဆရာ...။ ဆရာလို့ လူတစ်ယောက်က ခုနစကားလုံးတစ်ချို့နဲ့တင် ဇာတ်လမ်းတစ်ပုဒ်ကြိုရိပ်မိနေနိုင်မယ်ဆိုတာ သိတဲ့အတွက် ကျွန်တော် ကြိုပြောထားရတာပဲ။ အထူးသဖြင့် ပါရမီကြောင့် ဒုက္ခရောက်ရတဲ့ ယောကျ်ားတွေရဲ့ စာရင်းထဲမှာ ကျွန်တော့်သား ရဲရင့်ပြီးရင် ဆရာ ဖြစ်မနေစေချင်ဘူး...။ ပါရမီဟာ စည်းစောင့်တဲ့ မိန်းမ မဟုတ်ဘူး ဆရာ...။ ကျွန်တော် အဲ့ဒါလောက်ပဲ ပြောချင်ပါတယ်၊ အရေးကြီးတာက ဆရာဒီကို လာလည်ခြင်းဟာ စမ်းရေကလေး ကြောင့်ဆိုတဲ့ အချက်ကို မေ့မသွားခဲ့ရင်တော့ အကောင်းဆုံးပဲပေါ့ ဆရာ..."

ကိုရဲရင့်ထံမှ ခပ့်ရှက်ရှက် သက်ပြင်းချသံ ကြားရအပြီးမှာ သူတို့နားက လစ်ခနဲ ပျောက်သွားတော့သည်။ ကြည့်စမ်း ဘယ်လောက်ထူးဆန်းလိုက်ပါသလဲ။ ရှေ့နေကြီးဟာ သူ့ရင်တွင်းကိုများ ထိုးဖောက်မြင်သွားသလားလို့၊ ထိတ်လန့်မိသည်။ စောစောက ပါရမီ၏ မျက်ဝန်းတစ်စုံနဲ့ တစ်ချက် ဆုံလိုက်ရစဉ်မှာ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်တွေ ခြောင်းဆန်အောင် ခုန်လျက် တဒင်္ဂအတွင်းမှာပဲ ဒ်ကို လာရာ လမ်းတစ်လျှောက်လုံး သူ့စိတ်အစဉ်ကို မင်းမူနေတဲ့ ခမ်းနေကလေး ဖျတ်ခနဲ ပျောက်ကွယ်သွားခဲ့ပါသည်။

ပြောရရင် ကမ္ဘာတစ်ခုတည်းကိုပဲ ခြေချလိုက်မိ သလိုလို၊ နံဘေးပတ်ဝန်းကျင်ကိုလဲ မေ့လျော့သွားသလို။ နေစမ်း ပါဦး၊ အဲ့ဒီအမျိုးသမီးကို သူဘယ်လောက်ကြာကြာများ ပြန်လှည့် ငေးခဲ့မိပါလိမ့်။ ခင်ဗျားမှားတယ် ကိုရဲရင့်။ ကျွန်တော့်ကို သူဘယ်သူပဲလို့ လက်တို့မပြခဲ့ရင် ပိုကောင်းမယ်ဟု သူတို့ သား အမိနှစ်ယောက်နားက ပျောက်သွားသည့် ကိုရဲရင့်ကို အပြစ် ပုံချပစ်လိုက်တော့၏။

"တော်တော့်ကို လှပတဲ့ မိန်းကလေးပဲ...။ သူနဲ့ စမ်းရေနဲ့ တစ်စက်မှ မတူပါလားကွယ်။ ဒါပေမယ့် သူလှတာ သိပ်အန္တရာယ်များတာပဲလားရယ်။ ပြီးတော့ သူ့အလှ ကြောင့် သူ့ကိုယ်သူ ဂုဏ်ယူနေတဲ့ ဟန်တွေက အထင်း သား ပေါ်လွင်နေတယ်။ မေမေ သိတယ်။ ဒီမိန်းကလေး ဟာ အလှကို ယစ်မူးပြီး လှဖို့ပဖို့လောက်သာ ဂရုစိုက်မဲ့ မိန်းမမျိုးပဲကွယ့်...။ နောက်ပြီး အတ္တကြီးတဲ့ မိန်းမတစ် ယောက်လည်း ဖြစ်တယ်ဆိုတာ သူ့စကားပြောဟန်ကို လေ့လာမိကတည်းကမေမေရိပ်မိလိုက်ပြီး၊စမ်းရေကလေး မှာ ဒီလိုအစ်မတစ်ယောက်ရှိတာ မေမေတော့ စိတ်မ ကောင်းဘူး..."

ပြတင်းပေါက် မှန်များမှတစ်ဆင့် ရေကူးကန်ကို လှမ်းမြင်ရ၏။ သို့သော် သူက တစ်စက်လေးမှ လှမ်းမကြည့်မိစေ ရန် ကိုယ့်ကိုယ်ကို အမိန့်ပေးထားနိုင်ခဲ့ပါသည်။ သိပ်မကြာခင် ခလေးမှာ ကုတ်အင်္ကျီထူထူကလေးဖြင့် နှုတ်ခမ်းကလေးပြုံးကာ ချက်လွှာကလေး တစ်ချက်ပင့်ကြည့်ပြီး သူတို့သားအမိ ရှေ့ ဘင်ထိုင် လိုက်သည့် စမ်းရေကလေးကြောင့် သူ့ရင်ထဲမှာ ခုနက ပူလောင် ချင်ချင်ဖြစ်နေမှုတွေ အေးချမ်းသွားခဲ့သလိုပဲ။

"ဆရာတို့ကို အရမ်းအားနာနေတာ...။ စမ်းရေက မပာန် နိုင်လွန်းလို့သာ လာမကြိုဖြစ်တာပါ။ ဖေဖေနဲ့ မေမေလဲ ခရီးပန်းလာကြတာနဲ့..."

"အို... ရပါတယ် သမီးရယ်။ သူ့စိမ်းကြီးတွေမှ မဟုတ် တာဘဲ။ အခုရော သမီးသက်သာရဲ့လား။ အန်တီက သမီးကလေး နလန်ထစအတွက် ခံတွင်းတွေ့အောင် ဘာချက်ကျွေးရင်ကောင်းမလဲလို့တောင် လမ်းမှာ စဉ်းစား လာခဲ့သေးတယ်..."

စမ်းရေကလေး၏ မိဘနှစ်ပါးနှင့် နှုတ်ဆက်။ စကား အနည်းငယ်ပြော။ ဆက်ဆံရေး ပြေပြစ်၍ အစစအရာရာ နားလည် မှု အတိပေးစွမ်းနိုင်သည့် စမ်းရေ၏ မိသားစုကြောင့် မေမေ ဘဝင်ကျသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတို့သားအမိ ကျယ်ကျယ်ဝန်းဝန်း နေရအောင် စမ်းရေတို့ ဘေးဘက်ကို ခွဲထုတ်ဆောက်ထားတဲ့ တိုက်ပုကလေးမှာ ပေးနေမယ်နော်...။ အဲ့ဒါကလေးက စမ်းရေတို့ အိမ်မကြီးထဲကလဲ တစ်ဆင့်သွားရင်ရတယ်၊ သူ့ဘာသာ သတ်သတ်ဘေးလှေခါးက ဝင်ရင်လဲရတယ်။ သဘောကျရဲ့လား ဆရာ... အားမနာပါနဲ့။ မကြိုက်ရင် ပြောနော်...။ အကယ်၍ စမ်းရေတို့ အိမ်ထဲက အခန်းကျယ်ကြီးတွေထဲမှာ တည်းချင်လည်း တည်းလို့ရပါတယ်..."

"ဟာ... ရပါတယ် စမ်းရေ။ ကျွန်တော်လဲ အေးအေးဆေးဆေး စာရေးလို့ရအောင် ဒီလိုကြီး သီးသန့်စီစဉ်ပေးထားတာကိုက ကျွန်တော်ပြန်အားနာရမလို ဖြစ်နေပြီ..."

"အနုပညာသမား အချင်းချင်းမို့ နားလည်ပါတယ် ဆရာ။ စမ်းရေတောင် သီးသန့်နေရမှ ပန်းချီဆွဲလို့ ချာန်ဝင်သလို ဆရာလဲ သီးသန့်နေရမှ စာရေးလို့ ကောင်းမယ်ဆိုတာ စမ်းရေ သိပါတယ်..."

"ကျေးဇူးတင်ပါတယ် ... စမ်းရေ..."

သူမထံမှတွေ့ရခဲ့သော ခပ်ရှက်ရှက်ကွယ်ဝှက်ဝှက် အပြုံးကလေးအား မြင်ခွင့်ရလိုက်ခြင်းကို ရင်ထဲမှာ ကြည်နူးချင်ချင်။ ကိုယ်အတပ်ပြောရဲတယ်။ ဒီလောကမှာ မင်းလောက်



ကိုယ့်ကို ပါရမီဖြည့်နိုင်မဲ့ မိန်းမမျိုး နားလည်နိုင်မဲ့ မိန်းမမျိုး၊ ကိုယ့်အနုပညာကို လေးစားတဲ့ မိန်းမမျိုး ရှာတွေ့တော့မယ် မထင်ဘူး။

သူက ထိုအစီပွါယ်တွေများစွာ ပါဝင်သည့် အကြည့်ဖြင့် စမ်းရေကလေး၏ မျက်လွှာတစ်ချက် အပင့်ကို စောင့်ကြည့်ဖြားယောင်းကာ-။

"စမ်းရေ.. ဧည့်သည်တွေကို ဘယ်မှာထားမလို့လဲ ညီမရယ်..."

စမ်းရေကလေး၏ ဦးဆောင်မှုဖြင့် သူနဲ့ မေမေ သည်း နေရမည့်တိုက်ပုကလေးရဲ့ အပြင်အဆင်ကို လိုက်ကြည့်ဧဉ်မှာ ပါရမီသည် ဖျတ်ခနဲ သူတို့အနားရောက်လာခဲ့တော့သည်။ ဘုရားရေ။ သူ ဘာဖြစ်လို့ စမ်းရေနဲ့တုန်းက မခုန်မိသေးတဲ့ နှလုံးသားရဲ့ ရင်ခုန်သံကို နှစ်သက်သွားမိပါလိမ့်။

မကြည့်ဘူး။ ဒီမိန်းမကို မကြည့်မိစေရဘူး။

"ဆရာက စာရေးရင် သီးသန့်နေပြီး ရေးတဲ့ အကျင့်ရှိတယ် မမရဲ့...။ ဒါကြောင့် စမ်းရေ တမင်စီစဉ်တာ..."

"အို... ဆရာကလည်း စမ်းရေလို အကျင့်တွေနဲ့ လူတစ်ယောက်ပါပဲလား...။ သိလား ဆရာ...။ စမ်းရေကလေး သူရဲ့ ကြောင်ခြစ်သလို ခြစ်ထားတဲ့ ပန်းချီတွေ ထိုင်ကြည့်နေတုန်း ကျွန်မဝင်သွားတဲ့အခါ သိပ်စိတ်ဆိုးတတ်တာ။

www.burmeseclassic.com

ဆရာရော စာရေးနေတုန်း ကျွန်မဝင်လာရင် စိတ်ဆိုးမှာလားဟင်..."

မရတော့ဘူး။ ဒီမိန်းမကို မကြည့်ဘဲ စကားပြောမယ်ဆိုတဲ့ အကြံအစည်၊ ဒီမိန်းမကို မကြည့်ဘူးလို့ ဆုံးဖြတ်ထားတဲ့ အဆုံးအဖြတ်တွေ ဖျက်ပစ်လိုက်ရအောင် သူ မစွမ်းဆောင်နိုင်ခဲ့ပြီ။

"အဲ့ဒါတော့ မသိဘူး ခင်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် စာရေးနေတဲ့ အချိန်တိုင်း တစ်ခါမှ ဒီလို အနှောင့်အယှက်မခံရသေးလို့ စိတ်ဆိုးမလား။ စိတ်မဆိုးဘူးလားဆိုတာ ကျွန်တော် မသိပါဘူး..."

"ဟယ်... ဆရာ စကားပြောတာ သိပ်ရိုးတာပဲတော့..."

ပါရမီသည် ယခုအခါမှာတော့ အဖြူရောင်ဖားလျား ပွရှိသော ခပ်ပျော့ပျော့ အသားအကျီကလေးနှင့်အတူ ဖြူခံပေါ်တွင် ပြာတယ်ဆိုရုံကလေးရှိမည့် ဆေးစက်ကလေးတွေ ကျဲပက်ထားသည့် အဖြူရောင်ဝတ်စုံနှင့် ဖြစ်၏။ သူမ၏ မျက်နှာပြင်တွင် အချိုးကျစွာ ခြယ်သထားခဲ့ပြီးပြီ။ ရေကူးကန်နားမှာ ခုနက တွေ့စဉ်က မျက်နှာပြောင်နှင့် ဖြစ်ပေမယ့် တဒင်္ဂလေးမှာ ပြင်ဆင်ခြယ်သထားနိုင်သူပဲ။

လှလွန်းပါသည်ဟု သတ်မှတ်ခံထားရသည့် မိန်းမတစ်ယောက် ပြင်ဆင်ခြယ်သထားပြီ ဆိုကတည်းက ညှို့ငင်ဖြား





ောင်းသော အကြည့်ကို ပိုင်ဆိုင်ထားပြီ ဆိုကတည်းက စဉ်းစားသာကြည့်တော့။

ပါရမီနှင့် သူတို့ အချိန်ကြာမြင့်စွာ အကြည့်ချင်းပေါင်းဆုံကြသည်။ လျှပ်စီးလက်သလို ခံစားချက်များကြားမှာ သူ့ရဲ့ စမ်းရေကလေး၏ မှိန်ဖျော့ဖျော့ သဏ္ဌာန်လေး ပျောက်ကွယ်လုလု။

"အဲ့ဒီ မိန်းကလေးရဲ့ သားကိုကြည့်တဲ့ အကြည့်တွေကို မေမေမကြိုက်ဘူးကွယ်...။ တကယ်ဆို ကိုယ်ညီမနဲ့ ပတ်သက်လို့လာတဲ့ လူတစ်ယောက်ကို ဒီလိုမျိုး မကြည့်သင့်ဘူး..."

သို့သော် ထိုညမှာ သူက ပါရမီကို အိပ်မက်မက်သည်ဟု မေမေသိခဲ့လျှင်-

"သမီးကြီးကတော့ အင်မတန် အလုပ်များတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နဲ့ ဟိုနှစ်လကပဲ စေ့စပ်ပြီးကြပြီ။ အခု သမီးကြီးရဲ့ သတို့သားလောင်းက စင်္ကာပူသွားနေလို့။ အဲ့ဒါပြီးရင် ထိုင်းမှာ နည်းနည်းကြာဦးမယ်ဆိုလား။ အဲ့ဒီကောင်ကတော့ တစ်နေ့တစ်နေ့ သူ့ကိုယ်သူ စီးပွားရေးလုပ်ငန်းတွေကြားမှာ နှစ်ထားတော့တာပဲ။ သမီးပါရမီက ဒါကို မကျေမနပ်ရန်လုပ်တတ်သေးရဲ့..."

ကဲ... အဖေလုပ်သူကိုယ်တိုင်က ပြောပြထားပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရှင် ရှိပြီးသား ပါရမီကို သူက ဘာလို့များ စွဲစွဲလမ်းလမ်း အိပ်မက်မက် ခဲ့ရသလဲဆိုတာ ဝေခွဲရခက်လှပါဘိ။

..... ❀ .....

ထိုနေ့မနက်၏ မိုးလင်းချိန်မှာတော့ သူသည် မျက်တောင်ထူထူကော့ကော့ကလေး အမြဲအောက်စိုက်ထားတတ်သည့် "စမ်းရေကလေး" ထက် တောက်ပရွှန်းမြသော အကြည့်တွေ ပေးသည့် "ပါရမီ" ကို အရင်ဆုံး သတိရသွားခဲ့ပါသည်။

ဒါဟာ - ဘာကြောင့်ပါလိမ့်။ ဒါဟာ အချစ်တော့ ဟုတ်မယ် မထင်ဘူး။ ငါချစ်တာက စမ်းရေကလေးပဲဟာ။ ပါရမီမှ မဟုတ်တာ။ သူမရဲ့ အလှကို ယစ်မူးမိတာပဲဖြစ်မယ်။ ဟုတ်တယ်။ ငါယစ်မူးမိတာဟု သူက ကိုယ့်ကိုယ်ကိုတော့ ဝေဖန်ရဲ့သား ပင်။

..... ❀ .....

စေတနာစာပေ

# ပါရမီ၏ချစ်ခြင်းမြင့်ကမ္ဘာတစ်ခုဆီ

www.burmeseclassic.com

www.burmeseclassic.com

# (၁)

ဤလောကဌ် ပါရမီလိုချင်တာ မှန်သမျှ မရခဲ့ဘူးတာ တစ်ခါမှ မရှိ။ ပါရမီ ချစ်လိုသော၊ ချစ်ချင်သော၊ ပါရမီကို ပြန်ချစ်စေချင်သော ယောကျ်ားဆိုတာလည်းမရှား။ အို - ပါရမီဟာ ဖေဖေ၊ မေမေတို့ မှည့်ခေါ်သော နာမည်နဲ့ တော်တော့်ကို ပါရမီထူးတဲ့ မိန်းမဖြစ်ခွင့်ရတာကြောင့် ကိုယ့်ကိုယ်ကို သိပ်ကျေနပ်ခဲ့တာပေါ့။

သို့သော် ပါရမီသည် ထိုကျေနပ်ခြင်းများစွာတို့ကို ကောင်နဲ့ မတွေ့ခင်ကအထိပင် တည်တံ့အောင် စွမ်းဆောင်နိုင်ခဲ့သူတည်း။

ဘာဖြစ်လို့လဲဆိုရရင် မောင့်ကို ပါရမီ အရင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဆုံစည်းခွင့် မရခဲ့၍ပဲ ဖြစ်လေသည်။ စမ်းရေကလေးနဲ့ မောင့်
အရင်ဆုံး ဆုံစည်းနှင့်ပြီးမှ ပါရမီအချိန်များစွာ နောက်ကျ
မောင့်ကို ဆုံစည်းခဲ့ရတာပါပဲ။ အဲ့ဒီအချိန်ဟာ ပါရမီ့အတွ
သိပ်များ နောက်ကျနေပြီလားဟု ပါရမီ စိုးရိမ်တကြီးဖြ
စမ်းရေကလေးနဲ့ မသိမသာ စကား အစ်အောက်ကြည့်သေ
အခါမှသာ...

"ဆရာနဲ့ စမ်းရေတို့က သာမန်မိတ်ဆွေ ဒါကလဲ ဆရာ
ခင်လို့ ဖိတ်တာပါ။ ဆရာကလဲ ဇာတ်လမ်းတစ်ခု
ခရီးထွက်ပြီး ရေးချင်တယ်ဆိုတာနဲ့ အကြောင်းတိုက်ဆိ
သွားလို့ စမ်းရေတို့ဆီမှာတည်းရင်း ရေးဖြစ်သွားတာ

အို... တော်ပါသေးရဲ့။ ဒါဆိုငါက မောင့်အချစ်
ရအောင်လုယူနိုင်တဲ့ အခြေအနေတစ်ရပ်နဲ့ ရင်ဆိုင်ရပြီပေ
နေဦး... မောင်က အကြောင်းတစ်ခုခုနဲ့ စမ်းရေကလေး
ဖိတ်ခေါ်မှုကို လိုက်လျောလက်ခံတာရော မဖြစ်နိုင်ဘူးလာ
ထားပါ။ ဖြစ်နိုင်တော့ရော ဘာဖြစ်သလဲ။ မောင်နဲ့စမ်းရေကလေ
တို့ဟာ တရားဝင်ချစ်သူတွေမှ မဟုတ်ကြတာ။ မောင်က စမ်းရေ
ကလေးကို လေ့လာဆဲ၊ စမ်းရေကလေးကလဲ မောင့်ကိုလေ့လာ
ဆဲ။ ကဲ... ဒီအချိန်မှာမှ စမ်းရေကလေး ကံဆိုးတာပဲဆိုရမလာ
ပါရမီက ကံကောင်းတယ်ပဲ ဆိုရမလား။

"မောင်" ဆိုသည့် ဝေါဟာရကလေးကို တိတ်

တရားဝင်ပစ်ခေါ်နိုင်လောက်အောင် "မော်ကွန်း" ဆိုသည့်
ယောကျ်ားတစ်ယောက်သည် ပါရမီ့ကို ဖြားယောင်းသော အပြုံး
သဲ့ကလေး ပိုင်ဆိုင်သည်။ ပြီးတော့ ပါရမီ့ကို ကြည့်သည့်
မျက်ဝန်း နက်နက်ကလေးကိုလည်း ပိုင်ဆိုင်သည်။ (ထိုမျက်ဝန်း
ကလေးသည် တွေ့ဖူးသမျှ ယောကျ်ားတွေရဲ့ မျက်ဝန်းနက်များ
ထက် တည်ကြည်ရဲရင့်သော မျက်ဝန်းနက်များအဖြစ် ပါရမီက
ချင်၏) ပြီးတော့ မျက်ခုံးထူထူများအားလည်း မောင်က ပိုင်ဆိုင်
ထားခြင်းသည် ပါရမီအတွက် မောင့်ကိုမြင်မြင်ချင်း ချစ်မိသွား
စေခြင်း၏ အဓိကအချက်တည်း။

ဘာဖြစ်လို့လဲဆိုရင် နက်မှောင်သော မျက်ခုံးထူထူ
များရှိသည့် ယောကျ်ားတွေကို သိပ်သဘောကျသည်မှာ ပါရမီ၏
စိတ္တဇပဲ ဖြစ်၏။

အရေးကြီးတာက မောင်ဟာ ပါရမီ့ကို မကြာခင်
ပိုင်ရှင်ရှိတော့မည့် မိန်းမတစ်ယောက်အဖြစ် အသိအမှတ်ပြုပြီး၍
ပါရမီ့ကို ရှောင်မှာ စိုးရိမ်ရခြင်းပဲ။ ပါရမီ့ထံမှ ညို့ယူသော
မျက်ဝန်း များကို မောင်ရှောင်လွှဲပစ်တတ်တာ ပါရမီမှာ
စေ့စပ်ထားတဲ့ သူရှိတယ်ဆိုတဲ့ အချက်ကြောင့်ပဲ မဟုတ်လား။
ဒါကို ပါရမီ သိသည်။ မောင့်မျက်ဝန်းတွေမှာ ပါရမီ့အလှကို
သစ်မှုးချင်ဟန်တွေ၊ ပါရမီတွေ့ပြီးသားနော်။ ပါရမီပဲ... ခေသူ
မဟုတ်တဲ့ မိန်းမလေ။ ယောကျ်ားတစ်ယောက် ကိုယ့်ကိုကြည့်

စေတနာစာပေ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

အကြည့်ဟာ ဘာအဓိပ္ပါယ်တွေပါ နိုင်သလဲဆိုတာ မသိရင် ပါရမီ့ ရာဇဝင်တွေ ရှိုင်းသွားရလိမ့်မည်။

ခုလောလောဆယ် ပါရမီလုပ်ရမှာက မောင်ဟာ စမ်းရေကလေးကြောင့် ပါရမီတို့ဆီ အလည်လာရင်းက ပါရမီ စွဲစွဲလမ်းလမ်း ချစ်သွားစေဖို့ပဲ။ မောင်က စမ်းရေကလေးကို မရွေးချယ်ချင်တော့လောက်အောင် ပါရမီ့ကို ချစ်ခြင်းတွေ များပြားသွားစေဖို့ပဲ ဘာဖြစ်လို့လဲ သိလား။

ပါရမီက မောင့်ကို တစ်ခါဖူးမျှ ပါရမီ့ထံမှာ မဖြစ်ပေါ်ခဲ့သေးတဲ့ အချစ်နဲ့ ချစ်မိကာ ပိုင်ဆိုင်ချင်တဲ့ စိတ်တွေ ဖိစီးလာပြီဆိုတာ သေချာနေခြင်းကြောင့်တည်း။

မောင့်ကို တကယ်ပင် ချစ်မိ၍ ပါရမီသည် အရာရာမှာ ဘယ်သူ့ကိုမှ မငဲ့ညှာတော့ဖို့ အတ္တဆန်စွာ ဆုံးဖြတ်ခြင်းများဖြင့် ဒီနေ့နံနက် ကော်ဖီဝိုင်းမှာ ဝင်ထိုင်ခဲ့ပါသည်။

"မမ... တီးမစ် (Tea Mix) သောက်မှာပဲလား..."

စမ်းရေကလေးက သူမ၏ ထုံးစံအတိုင်း မေးမြဲ မေးဆဲ။ ပါရမီကလဲ ထုံးစံအတိုင်း ခပ်ဟောက်ဟောက်ကလေး အနိုင်ကျင့် ဗိုလ်ကျလျက်-

"ငါ ဘယ်တုန်းက ရိုးရိုးလက်ဖက်ခြောက်နဲ့ ဖျော်တဲ့ လက်ဖက်ရည်သောက်ဖူးလို့လဲ စမ်းရေ..."

မေမေက သူမ၏ အပြောအဆိုကို မျက်မှောင်



...ကြောကာ-

"ပါရမီကလဲကွယ်...။ ညီမလေးက ဂရုတစိုက်မေးတာ ကောင်းကောင်းဖြေမှပေါ့...။ ဘယ်နှယ့် ကိုယ့်ညီမပဲ အခိုင်းအစေတစ်ယောက်ကျနေတာပဲ ဆူလိုက်ဟောက်လိုက်နဲ့..."

"အပိုတွေ မေးတယ်ထင်လို့ပါ မေမေရာ...။ ပါရမီက အမြဲတမ်း တီးမစ်ကို သောက်နေကျ။ သောက်ရင်လဲ Owl (အောင်းလ်) တံဆိပ်မှ သောက်နေကျ။ တစ်ခြား ဘယ်တံဆိပ်မှ သောက်တတ်တာ မဟုတ်ဘူး။ အဲ့ဒါကို အလကားသက်သက် ထုံးစံကြီးကျနေတာပဲ မေးရတယ်လို့ စိတ်တိုရတဲ့အထဲ..."

စမ်းရေကလေးက ပါရမီ့ အဆူအငေါက်ကို ...မယူဘဲ ရေနွေးထည့်ပြီးသည့် လက်ဖက်ရည်ပန်းကန်ထဲသို့ Owl တံဆိပ် တီးမစ်ကို ဖောက်ထည့်ကာ ဇွန်းကလေးဖြင့် ...သာမွှေပြီး ပါရမီ့ ဆီ ကမ်းပေး၏။

"ဘာတွေ စိတ်တိုနေရပြန်တာလဲ... လောကမှာ ညည်းလောက် တစ်နေ့တစ်နေ့ အလိုမပြည့်တာ တွေးတွေးပြီး စိတ်တိုနေတဲ့ မိန်းကလေးမျိုးလဲ ရှိသေးတယ်ဆိုတာမေမေတော့ ကိုယ့်သမီးကိုယ် မျက်မြင်ကြုံရမှပဲ ယုံရမလိုဖြစ်နေပြီ..."

www.burmeseclassic.com



အို - ဒီတစ်ခါ စိတ်တိုနေရတာဟာ မောင့်ကို အရင်ဆုံး ဆုံခွင့်ရတဲ့သူ မဖြစ်ရလို့ စိတ်တိုနေခြင်းပဲ မေမေ။ ပါရမီသည် မေမေ့စကားကို စိတ်ထဲမှ အသာတုံ့ပြန်လျက် သူမ၏ နံဘေးတွင် ချထားသည့် စမ်းရေကလေး၏ ပုံကြမ်းခြစ်သည် ပန်းချီစာအုပ်အား စိတ်ဝင်စားလှသည် မဟုတ်သော်လည်း အသာလှန်ကြည့်လိုက်၏။

ဘုရားရေ - ဟု ပါရမီ၏ စိတ်ထဲမှ ယောင်အော်မိမတက် ဖြစ်စေသော ပုံတစ်ပုံမှာ တစ်နေရာတွင် အကြမ်းမျှ ရေးခြစ်ထားသည့် လူတစ်ယောက်၏ မျက်နှာပြင်ပုံတူကြောင့် တည်း။ စိတ္တဇပန်းချီ အမိပ္ပါယ်ဖော်ရခက်သည့် ပန်းချီတွေသာ ရေးဆွဲလေ့ ရှိသော စမ်းရေကလေးသည် ထူးထူးခြားခြားပင် လူတစ်ယောက် ၏ ပုံတူကို စိတ်ဝင်တစား ရေးခြစ်ထားသတဲ့။

"ဒါ - ဘယ်တုန်းက ဆွဲလိုက်တာလဲ စမ်းရေ..။ တူလှချည်လား..။ ဓာတ်ပုံကြည့်ပြီး ဆွဲထားတာလား..."

စမ်းရေကလေးက သူမ၏ လက်ဖက်ရည်ခွက်ကို အသံမြည်အောင် ထိတ်ထိတ်ပျာပျာ ပြန်ချမိလျက်-

"ပေး...ပေး...မမ စမ်းရေရဲ့ ပုံတွေ မမလက်ထဲက မုန့်တွေကြောင့် ဆီကွက်သွားဦးမယ်..."

သူမလက်ထဲမှ ပုံဆွဲစာအုပ်အား အတင်းဆွဲယူ၏။ အို - ပါရမီပဲ ဘာရမလဲ။ စမ်းရေကို တစ်ခုခု ပြောဖြစ်အောင်





ပြောလိုက်မှပါ။

"ကိုမော်ကွန်းရဲ့ မျက်နှာပုံတူခဲကြမ်းခြစ်ထားတာပဲ... တော်တော်တူတယ်။ ကိုမော်ကွန်း ဆွဲခိုင်းထားလို့လား စမ်းရေ..။ ကြည့်စမ်းပါဦး..။ ဘယ်လို ညီမပါလိမ့်။ ပုံတူဆွဲတတ်ရင် ကိုယ့်အစ်မ ဒီလောက်လှတာ ကိုယ့်အစ်မပုံ အရင်ဆွဲတာ မဟုတ်ဘူးကွယ်..."

"ဟာ မမကလဲ..."

စမ်းရေသည် ပုံဆွဲစာအုပ်ကလေးကို ရင်တွင်းမှာ တင်းတင်းပိုက်၍ ထမင်းစားခန်းထဲမှ ရှောင်တိမ်းသွားဖို့ ကြိုးစားခြင်းက စမ်းရေရဲ့ မရိုးသားမှုဘဲ။ မဖြစ်တော့ဘူး။ စမ်းရေက မောင့်ကို သိပ်ချစ်နေပြီ။ ငါကလဲ မောင့်ကို တကယ်ချစ်နေခဲ့ပြီ။ မောင်က စမ်းရေနဲ့ အရင်ရင်းနှီးခဲ့သူမို့ စမ်းရေကို အရင်စိတ်ဝင်စားနေတာပဲ သေချာတယ်။ ငါရဲ့ အလှကို ယစ်မူးကြည့်ချင်တာလဲ သေချာတယ်။ အချစ်မှာ မတရားတာ၊ တရားတာ ကြည့်စရာ မလိုဘူး။ မောင့်ကို လုယူမှ ဖြစ်တော့မယ်။

"မေမေတို့ကလဲ ကိုယ့်သမီးအငယ်ကို နည်းနည်းပါးပါးလေးများ လေ့လာစောင့်ကြပ်ပါဦးလား..။ အခုတော့ သူဘာတွေ ကြံစည်နေမှန်း မသိဘူး ထင်ပါရဲ့..."

"အို - သူဘာသာ သင့်တော်တဲ့ လူတစ်ယောက်ကို မိဘတွေ အကဲခတ်ဖို့ အရင်အိမ်ကို ဖိတ်တာ ဘာဖြစ်သလဲ။



www.burmeseclassic.com

www.burmeseclassic.com

ညည်းလို ကိုယ်ထင်ရာ ကိုယ်လုပ်လာပြီးမှ မိဘကို တိုင်ပင်တာ မဟုတ်ဘူး။ မေမေတို့ လေ့လာပါ။ မေမေတို့ ဖေဖေတို့ သဘောကျမှ သမီး ဒီလူကို ရွေးချယ်ပါ့မယ် ဆိုတဲ့ ကတိနဲ့ ဖိတ်ထားတာ။ ဒီမှာ ပါရမီ ကိုယ့်ညီမကို ဘာမှ မနာလိုစရာမရှိဘူး။ သူနဲ့ ဝါသနာတူရာ လူတစ်ယောက် သူဘာသာ လက်တွဲဖို့ ရည်ရွယ်တာ ညည်း ဆရာ လုပ်မနေနဲ့..."

အို ဒီလောက်ထိတောင် စမ်းရေ ခြေလှမ်းတွေ သွက်ထားပြီးပါပေါ့လား။ ဒါဆို ဖေဖေရော မေမေရော မောင့်ကို မော်ကွန်းကို စမ်းရေရဲ့ ပတ်သက်သူအဖြစ်။ ဘုရားရေ - ငါ ဒီကိစ္စကို လက်မခံချင်ဘူး။ မောင်ဟာ ငါနဲ့ ပတ်သက်သူပဲ ဖြစ်ရ မယ်။ ဒါဟာ ငါအဖြစ်ချင်ဆုံး ဆန္ဒတစ်ခုပဲ။

မဖြစ်တော့ဘူး။ မောင့်ကို ငါ့ဘက်ပါအောင် ဖြားယောင်းဖို့ အချိန်တွေ နှောင့်နှေးလို့ မဖြစ်တော့ဘူး။ အဓိက လုပ်ရမှာက ငါ့ရဲ့အရင်က ပုဂ္ဂိုလ်ကြီးနဲ့ စေ့စပ်ထားတာကိုဖျက် ...စ်ဖို့ပဲ။ ကိုမိုးမြင့်ယံနဲ့ စေ့စပ်ထားတာကို ငါသဘောအရ ...ါ့ဘာသာ ဖျက်မယ်။

ပြီးတော့ မောင့်ဆီက အချစ်ကို ရအောင်ယူမယ်။ ...ဲ - ဘာဖြစ်သလဲ။ ဘယ်သူ ဂရုစိုက်ရမှာလဲနော်။

လောကကြီးမှာ ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်ရဖို့က





အဓိကပဲဆိုတာ လူတိုင်း လက်ခံထားကြတာပဲဟာ။

ပါရမီသည် ဒီနေ့အတွက် ဝတ်ဆင်ရန် ရွေးချယ်ထားသော အရောင်မှာ အဖြူရောင်ပဲ ဖြစ်၏။ ပါရမီက ထူးထူးခြားခြားပင် အဖြူရောင်ကို နှစ်သက်သူဖြစ်ပြီး ပါရမီ၏ အသုံးအဆောင် တော်တော်များများကတော့ အဖြူထည်တွေ များနေပါတသည်။ နောက်ပြီး အားလုံးက သတ်မှတ်ထားကြသည်မှာ ပါရမီနှင့် အလိုက်ဖက်ဆုံးသော အရောင်ကလည်း အဖြူရောင်ပဲတည်း။

"သိပ်လှတာပဲ မမရယ်...။ မမက အလှပြင်ရတာလဲဝါသနာပါတယ်။ ကိုယ်တိုင်လဲလှတဲ့သူလဲ ဖြစ်တော့ မမအလှပြင်ပြီး ထွက်လာပြီဆိုရင် ကြည့်ရတာ သိပ်စိတ်ချမ်းသာဖို့ကောင်းတာပဲ..."

စမ်းရေကလေးကတော့ သနပ်ခါး ခပ်ပြေပြေလိမ်းထားသည့် မျက်နှာပြင် ရိုးရိုးနှင့် ဖြစ်လေသည်။ ပြီးတော့ သူမနဲ့ မခွဲမခွာတွေ့ရသည့်အရာကတော့ စာအုပ်တစ်အုပ်ပဲ ဘယ်တော့မဆို ကြည့်လိုက်ရင် လက်ထဲမှ ဝတ္ထုစာအုပ် တစ်အုပ်ဖြစ်ဖြစ်၊ ပုံကြမ်းဆွဲတဲ့ စာအုပ်တစ်အုပ်ဖြစ်ဖြစ်နဲ့။ မပြောလိုက်ချင်ပါဘူး။ မိန်းကလေးပဲ။ ကိုယ်ပိုင်ဆိုင်ထားတဲ့ သနားကမားရုပ်ရည်ကလေး ကို ပြင်ပြင်ဆင်ဆင် နေသင့်ပါရက် တော်ရုံသူရဲ့



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါး လူးရုံ၊ ပါရမီဆိုတဲ့ အစ်မတစ်ယောက်ရဲ့ အလှကို ချီးကျူး အားကျရုံ အပြင် ဘာမှ စိတ်ဝင်တစား မရှိလှတဲ့ စမ်းရေကလေး ပဲနော်။

ဒါနဲ့များ မောင်က သူ့ကို စိတ်ဝင်စားသေးသတဲ့။ ဟင်း - ငါနဲ့ပြိုင်ရင် မောင်က ဘယ်သူ့ကို ယှဉ်ရွေးမလဲ ကြည့်ကြသေးတာပေါ့။

"ဘယ်သွားမလို့လဲ စမ်းရေ.."

"ဆရာ အခုရေးမယ့် ဝတ္ထုအတွက် စမ်းရေဆွဲပေးရမဲ့ ပုံရဲ့ အဓိက ရည်ရွယ်ချက်ကို ဆရာက ပြောပြမယ်ဆိုလို့ပါ။ ဒါမှ ဆရာလဲ ဝတ္ထုအပြီး၊ စမ်းရေလဲ ဆရာ Presentation အတိုင်းဆွဲရမဲ့ Art အပြီးဖြစ်မှာလေ..."

ရှက်ကိုး ရှက်ကန်း အပြုံးကလေးကိုတော့ ပါရမီက ဘဝင်မကျချင်ပေ။

"ကိုမော်ကွန်းဆီ သွားမလို့ပေါ့ ဟုတ်လား.."

"ဟုတ်ကဲ့..."

ကြည့်စမ်း။ သူတို့ တော်တော်ရင်းနှီးနေကြပြီပဲ။ တွေးကြည့်လိုက်ရင် မောင်ပြောပြမဲ့ သူ့ဝတ္ထုရဲ့ ဇာတ်ကျောရိုးကို စိတ်ဝင်တစား မေးကလေးထောက်ကာ မှတ်သားပြီး ပြန်လှန်ဆွေးနွေးနေမဲ့ စမ်းရေကလေးတို့ရဲ့ နှစ်ဦးသား နီးစပ်မှုအတွက် ပါရမီ ဒေါသဖြစ်မိသည်။ ဟင့်အင်း ဒီအခြေအနေထက် မပိုစေရ





ဘူး။ မောင်နဲ့ စမ်းရေကလေးတို့ဟာ အလုပ်စပ်တူလုပ်ကြသူတွေ အဆင့်နဲ့ပဲ ရှိနေသင့်တယ်၊ စမ်းရေကလေးဟာ မောင့်ကို ငါနဲ့ ပတ်သက်တဲ့ လူတစ်ယောက်အဖြစ် အသိအမှတ်ပြုပြီး ရှောင်နေစေဖို့ ငါ နှောင့်နှေးနေလို့ မဖြစ်တော့ဘူး။

"ငါလဲ နင်တို့ရဲ့ စကားဝိုင်းထဲ ဝင်နားထောင်ချင်တယ်၊ အတော်ပဲ ပျင်းနေတာနဲ့ နင်နဲ့လိုက်ခဲ့မယ်ဟာ..."

စမ်းရေကလေးသည် ပါရမီကို တအံ့တဩမျက်လုံးပင့်ကြည့်၏။ အို - ဂရုစိုက်လို့။

"ဆရာက ကြိုက်ပါ့မလား မသိဘူး.."

"နင်တို့ကိစ္စထဲ ငါဝင်မရှုပ်ရင် ပြီးရော မဟုတ်လား။ ဘေးက ငြိမ်ငြိမ်ကလေး နားထောင်ရုံတင်ပဲ။ နောက်ပြီး ကိုယ့်ဆီ လာလည်တဲ့ ဧည့်သည်ဆီ အိမ်ရှင်က လာဧည့်ခံတဲ့ သဘောနဲ့ပဲဟာ။ ဘာလို့ မကြိုက်စရာရှိရမှာလဲ။ အပိုတွေ လုပ်မနေစမ်းပါနဲ့ စမ်းရေ..။ ငါက ငါ့ဘာသာ သွားချင်ရင်လဲ ရရက်သားနဲ့ နင့်ဧည့်သည်မို့ နင့်ဆီ ခွင့်တောင်းနေတယ် ဆိုပြီး ဘဝင်မကိုင်နဲ့..."

"အာ... ဒီလိုမဟုတ်ပါဘူး မမရယ်..။ ဆရာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။ နောက်ပြီး မမက အရင်ကဆို စမ်းရေတို့ရဲ့ စာပေကိစ္စ၊ ပန်းချီကိစ္စတွေ အပျင်းပြေတောင်မှ နားမထောင်တတ်တာမို့ အံ့ဩနေမိလို့ပါ...။



www.burmeseclassic.com

www.burmeseclassic.com


မမ လိုက် လည်ချင်ရင်လဲ လည်ပါ။ စမ်းရေက မမပါလို့ ပိုတောင် ကျေနပ်ပါသေးတယ်..."

"ဘာဖြစ်လို့လဲ..."

"ဩြော်.. ဆရာနဲ့ မမ ရင်းနှီးသွားရင် ဆရာ့ကို လေ့လာ ဝေဖန်နိုင်းချင်လို့ပါ။ စမ်းရေက မမကို အားကိုးပြီး တိုင်ပင်ချင်စရာလေးတွေ ပေါ်လာတဲ့အခါ တိုင်ပင်လို့လဲ ရတာပေါ့။ ကဲ... လာ မမ သွားရအောင်..."

ကျွတ် - ကျွတ် - ငါ့ညီမ အင်မတန် အ ပါလားဟု ပါရမီက ကျိတ်ရယ်ပစ်လိုက်ဖို့ ဝန်မလေးချေ။ စမ်းရေကလေးသည် ဘာမှ မသိနားမလည်စွာ သူမ၏ နှလုံးသားကိုမှ လှယူတော့မည့် ပါရမီကို လိုလိုလားလား ခေါ်ပြောတိုင်ပင်ချင်သတဲ့။ သနား လိုက်ချင်စရာပင် ကောင်းသေးတော့။

ကဲ - အခုတော့ ယှဉ်ကြည့်စမ်းပါဦး မောင်ရယ်။ မောင်ကိုယ်တိုင်တောင် မောင့်ဆီဦးတည်လျှောက်လာနေတဲ့ မိန်းမသားနှစ်ယောက်ရဲ့ အလှအပချင်း ကွာခြားမှုကို ဝန်ခံချင်ပြီ မဟုတ်လား။ အိမ်ရှေ့လှေခါးထစ်ကလေးတွေမှာ ဖင်ချထိုင်လျက် ပါရမီတို့နှစ်ယောက်ထံမှာ မျက်လုံးတွေ ရောက်ရမှာထက်၊ စမ်းရေကလေးနဲ့ များစွာ ကွာခြားပြီး အလှကြီး လှနေတဲ့ ပါရမီဆီပဲ မျက်လုံးတွေ မခွာနိုင်တော့ဘူးဆိုတာ လက်တွေ့ပဲလေ။

"ဆရာ့ဝတ္ထုအတွက် စမ်းရေ ပုံကြမ်းစတော့မလို့ ဆရာ။ အဲ့ဒါ ဆရာပေးချင်တဲ့ အကြောင်းအရာလေးတစ်ချို့ Out line ပြောပြပါလား။ ဩြော် - နောက်ပြီး မမက ဆရာနဲ့ စမ်းရေတို့ရဲ့ ဆွေးနွေးညှိနှိုင်းပွဲကလေးကို နားထောင်ချင် လို့တဲ့ ဆရာ အနှောင့်အယှက်များ ဖြစ်နေမလားဟင်..."

မောင်သည် ပါရမီ့ထံမှ ခပ်ညို့ညို့မျက်လုံးများကို ဖရိုဖရဲ ရှောင်လွှဲလျက် -

"ဟာ... ရပါတယ် စမ်းရေ..။ ကျွန်တော့်ကို ခွင့်တောင်းစရာမလိုပါဘူး...။ အရေးကြီးတာက စမ်းရေ အတွေးမပျက်ရင်ပြီးတာပဲ မဟုတ်လား...။ ကျွန်တော်က ဇာတ်ရှိပြီးသား ချရေးရုံတင်ပဲဟာ...။ စမ်းရေက ကျွန်တော်ပေးတဲ့ ဇာတ်ကို စိတ်ကူးနဲ့ ပုံဖော်ရမဲ့လူ..."

အို - မောင်က စမ်းရေကို သိပ်ရှေ့တန်းတင်နေသလို ပဲကွယ်။ ဟင့်အင်း မရဘူး မောင်။ မောင့်ဘဝမှာ ရှေ့တန်းတင်စ ဦးစားပေးရမဲ့ လူဟာ ပါရမီတစ်ယောက်တည်းပဲ ဖြစ်ရမယ်။

"ပါရမီ ငြိမ်ငြိမ်ကလေးပဲ ထိုင်နားထောင်မှာပါ ဆရာ..."

"အဲ့ဒီလောက် မလိုပါဘူးခင်ဗျာ။ ကဲ - လာပါ အိမ်ထဲဝင်ထိုင်ကြပါဦး။ ရယ်တော့ ရယ်စရာကောင်းသားပဲဗျ။ အိမ်ရှင်ကို ပြန်ဖိတ်နေရတယ်..."

စေတနာစာပေ
စေတနာစာပေ
www.burmeseclassic.com

www.burmeseclassic.com

မောင့်အပြုံးကို ပါရမီ သတိလက်လွတ် ငေးမိပါသည်။ မောင်သည် ယောကျ်ားပီပီသသ ချောမောသူဖြစ်ကြောင်း ဝန်မခံ၍ မရသောသူတည်း။ မောင်ရယ် - ဘာလို့ အခုမှတွေ့ခဲ့ကြရတာလဲဟင်။ ပါရမီက မောင့်ကို မြင်မြင်ချင်း အရှုံးအမှုးကို ချစ်နေမိခဲ့ပြီ။ ဒါကြောင့် ပါရမီ့ကို အရာရာခွင့်လွှတ်ပြီး သိပ်အလိုလိုက်လို့ လက်တွဲဖို့ ရွေးချယ်ပြီးဖြစ်တဲ့ ကိုမိုးမြင့်ယံကိုတောင် ဥပေက္ခာပြုဖို့ မိုက်မိုက်မဲမဲ ဆုံးဖြတ်လိုက်တာ မောင် မသိဘူးနော်။

ပါရမီက သူများထက်သာရမှ၊ ကိုယ့်ကို အလိုလိုက်တဲ့ သူမှ ကိုယ်ကချည်းနိုင်ရမှ ကျေနပ်နိုင်တဲ့ မိန်းမ။ အခုတော့ ကိုမိုးမြင့်ယံကို လက်တွဲရလို့ သူများတကာထက် အစစအရာရာ အဆင့်အတန်းသာနိုင်လိမ့်မယ်မှန်း သိရက်နဲ့ မောင့်လို သာမန်စာရေးဆရာကို ရွေးချယ်လိုက်ပြီဆိုကတည်းက မောင်သိဖို့ကောင်း တယ်။

ပါရမီက မောင့်ကို ချစ်တာ တစ်ခုတည်းနဲ့ မိုက်ခဲပစ်လိုက်တာ။

မောင်တို့၏ စကားဝိုင်းသည် ပါရမီ စိတ်မဝင်စားသော နားလည်မလည်သော အကြောင်းအရာများ ဖြစ်ပေသည်။ သို့သော် ပါရမီ မပျင်းပါ။ မောင့် လှုပ်ရှားမှု မှန်သမျှကို အသေးစိပ် အနီးကပ် နာရီများစွာ ထိုင်ငေးခွင့်ရ၍ ပျင်းဖို့ မေ့လျော့ခဲ့ပါပြီ။ ပြီးတော့ မောင့်ဆီက ခိုးကြောင်ခိုးဝှက်



ရှက်ဝန်းကလေးများကို အမိဖမ်းပြီး မောင့်ကို ရင်ခုန်အောင်လုပ်သောအား ပါရမီကိုယ်တိုင်ပင် ရင်ခုန်ချင်သည်။

စမ်းရေကလေးသည် အစ်မ၏ စရိုက်များအား သိထားသူပီပီ ပါရမီ ဘာတွေ ဖန်တီးနေသလဲဆိုတာကို ရိပ်မိစပြုလာသောအခါ မျက်နှာကလေးက ခပ်ညိုညို၊ ခပ်မဲ့မဲ့။

“ဘာသဘောလဲ ဆရာ...။ စမ်းရေ သိပ်သဘောမပေါက်သေးလို့ ထပ်ပြောပြပါဦးနော်...”

ဆိုသည့် အသံတုန်တုန်လေးကလဲ မကြာခဏ ကြားရ၏။ မောင့်ထံမှ -

“စမ်းရေ ... မုဒ် (Mood ) မဝင်ဘူးထင်တယ်။ ခါတိုင်း ဒီလိုမဟုတ်ပါဘူး...။ ကျွန်တော် တစ်ခုပြောရင်စမ်းရေက နောက်ထပ် ကျွန်တော်တွေးထားတာမျိုး သုံးလေးခုလောက်တောင် ကြိုမြင်ပြီး ဆွေးနွေးတတ်တာ ကျွန်တော် သိတယ်။ အခု စမ်းရေ ခဏ ခဏ ပြန်မေးနေတယ်နော်။ ဖြစ်ရဲ့လား စမ်းရေ...။ ဒီနေ့မရလဲ နောက်နေ့တွေမှ ပုံကြမ်း စ,ပါလား။ စမ်းရေဆွဲတာ မြန်ပါတယ်။ ခဏလေးပြီး နိုင်ရဲ့သားနဲ့...”

ဟူ၍တောင် မောင် ပြောယူရတာသာကြည့်။ စမ်းရေဟာ ပါရမီ လုပ်ကွက်တွေကြောင် ဘယ်လောက် ဒုက္ခရောက်နေရပြီလဲ။ စိတ်တော့ မကောင်းပါဘူး။ ညီမလေးရယ်။



www.burmeseclassic.com

 www.burmeseclassic.com

ဒါပေမယ့် ပါရမီက ကိုယ်လိုတာကို ရမယ်ဆိုရင် ဘယ်သူ့ကို မငဲ့ကွက်တတ်ဘူးဆိုတာ အားလုံး သိရက်သားနဲ့ကွယ်။

"ပျင်းနေပြီလား ပါရမီ ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲ တော်တော်ကြာသွားတယ်..."

"ဟင့်အင်း မပျင်းပါဘူး...။ ဆရာက အရမ်းတော် ပါရမီက အံ့ဩနေရတာနဲ့ ပျင်းဖို့တောင် မေ့သွားရတာ လေ..."

ဆိုသည့် စကားသံကလေး၏ နောက်တွင် ရယ် "ဟင်း ဟင်း" ကလေးကို ထပ်မံဖြည့်စွက်၍ မောင့်ကို နှုတ်ဆ ကြည့်။ တမ်းတသည့် အကြည့်တွေပေး။ မောင်တစ်ယော အညှို့ခံရသူပမာ ပါရမီ မာယာများအောက်တွင် နစ်မြှုပ်စပြ မှန်း ပါရမီ သိလိုက်ပြီ။

မောင့်ရှေ့မှ လှည့်အထွက်တွင် ပါရမီကို မုန်း စွာ လှမ်းကြည့်နေသည့် ဒရင်းဘက်ခ်ပေါ်မှ မောင့်အမေအ ပါရမီက စိန်ခေါ်လိုက်ပါသည်။

ဒီနေ့ဟာ ပါရမီ့အတွက် အမှတ်တရနေ့ပဲပေါ့။

......@......



(၂)

"ကိုမိုးမြင့်ယံက ပါရမီ့ကို ကျောင်းတုန်းကတည်းက စွဲစွဲ လမ်းလမ်း ချစ်ခဲ့သူပဲ...။ ပါရမီက လုံးဝ လက်မခံနိုင်ပါ ဘူးလို့ တစ်လျှောက်လုံး ငြင်းလာခဲ့တာ ကျောင်းပြီးတဲ့ အထိပါပဲ...။ ကျောင်းပြီးလို့ သူ နားပူနားဆာဒဏ်က လွတ်ပြီထင်တာ ဘယ်ဟုတ်လိမ့်မလဲ...။ ပါရမီနေတဲ့ မြို့ကို ခဏခဏ လာလည်...။ ပါရမီ့အိမ်ကို ဝင်ထွက်နဲ့ ဖေဖေမေမေတို့ကိုလည်း ပါရမီနဲ့ သူ့ကို အထင်လွဲစေချင် တဲ့ သဘောတွေ စကားပြောလို ပြောနဲ့ပေါ့။ နောက်ဆုံး တော့ ဖေဖေ မေမေတို့က မိန်းကလေးတစ်ယောက် အတွက် သိက္ခာထိခိုက်နိုင်တယ်ဆိုပြီး ပါရမီ့ကို နားချပါ

www.burmeseclassic.com

www.burmeseclassic.com

လေရော။ ပါရမီလဲ အဲ့ဒီအချိန်ထိ တကယ်ချစ်ရမဲ့လူ မတွေ့သေးတော့ သူချစ်ကိုရှာတာ အကောင်းဆုံးပဲ ထင်ပြီး ပါရမီ့ကို အလိုလိုက်မဲ့ ကိုမိုးမြင့်ယံကို လက်တွဲဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့မိတယ်။ သူက တကယ်တော့ ပါရမီ့ကို ချစ်တတ်တာက လွဲရင် မိန်းမတစ်ယောက်အတွက် ဘယ်လိုကြင်နာမှုမျိုး ပေးသင့်မှန်းတောင့် မသိတဲ့ စီးပွားရေးကို ငမ်းငမ်းတက် ဖက်တွယ်နေတဲ့ လူတစ်ယောက်ဆိုတာ ပါရမီ တဖြည်းဖြည်း သိလာခဲ့ပါပြီ..."

မောင်သည် ပါရမီ့ စကားရေယာဉ်ကြောတွင် မျောကာ ခေါင်းတညိတ်ညိတ်လုပ်၏။ မောင့်ဆီက အချစ်ကို ပါရမီရဖို့ ကြိုးစားရာမှာ ကိုမိုးမြင့်ယံနဲ့ စေ့စပ်ထားတယ်ဆိုတဲ့ အချက်ဟာ ပါရမီ့ကို တော်တော်လေး အနှောင့်အယှက်ဖြစ်စေတယ်လေ။ ဒါကြောင့် မောင့်ကို သိပ်မရင်းနှီးသေးခင်မှာ ပါရမီဟာ ဘာကြောင့် စေ့စပ်ထားရပါတယ်ဆိုတာ မောင်အမြင်ရှင်းမှ ဖြစ်မယ်။ ပါရမီ့မှာ တကယ်ချစ်တတ်ခြင်းဆိုတာဟာ မောင်နဲ့ကျမှ နားလည်တာပါ မောင်၊ မောင့်ကို ချစ်တယ်ဆိုတာကတော့ အမှန်တွေပါ မောင်။

ဒါပေမယ့် ကိုမိုးမြင့်ယံနဲ့ ကိစ္စကတော့ ပါရမီ လိမ်ပြောတာတွေနဲ့ မောင့်ကို ရင်းနှီးစေမိပြီ။ အမှန်ကတော့



ကိုမိုးမြင့်ယံကို ပါရမီကိုယ်တိုင် လိုလိုလားလား လက်ခံပြီးမှ အဲဒါတွေကို အသိပေးပြီး စေ့စပ်ထားခဲ့မိတာ ဒီကြားထဲမှာ ကိုရဲရင့်ရဲ့ အသည်းကို စွဲမိတာတော့ ပါရမီ အပြစ်မဟုတ်ခဲ့ချေ။ ကိုရဲရင့်က ပါရမီ့ကို အရူးအမူးဖြစ်ခဲ့လို့ ပါရမီက အနည်းငယ် လိုက်လျောခဲ့မိသည်။

သို့သော် ကိုရဲရင့်ထက် ကိုမိုးမြင့်ယံက ငွေကြေး၊ နေ အသိုင်းအဝိုင်းအင်အား တောင့်တင်းသောအခါ ပါရမီကပဲ အသည်းစားဘုရင်မဖြစ်ရပြန်တာပဲပေါ့။

"ပါရမီတော့ အခုမှ ကိုယ့်ကိုယ်ကို မှားမှန်းသိရပြီ..."

ပါရမီက အဆုံးသတ် ခပ်ညည်းညည်းပြောတော့-

"ဘာဖြစ်လို့လဲ ပါရမီ..."

ဟု မောင်သည် မသိနားမလည်စွာပါရမီဆင်သည့် အကွက်ထဲသို့ တန်းတန်းမတ်မတ် ဝင်မေးလေသည်။

"ပါရမီ ကိုမိုးမြင့်ယံကို မချစ်ဘဲ စေ့စပ်ဖို့ လက်ခံပြီးမှ စေ့စပ်လို့လဲပြီးမှ၊ ပါရမီ တကယ်ချစ်ရတဲ့ လူတစ်ယောက်ကို အခုမှ တွေ့ရတော့တယ်လေ...။ သူက ပါရမီကို ပိုင်ရှင်ရှိပြီးသား မိန်းမအဖြစ် သတ်မှတ်ပြီးပြီမို့ ပါရမီကို ဘယ်တော့မှ ပိုင်ဆိုင်အောင် ကြိုးစားတော့မယ် မထင်ဘူး..."

www.burmeseclassic.com

www.burmeseclassic.com



ပါရမီက မောင့်ဆီ မျက်စပစ်လျက်ပြောသော်လည်း မောင်သည် အင်မတန်မှ အတတနိုင်လှစွာ -

"အဲ့ဒီလူက ကိုရဲရင့်လား ပါရမီ..."

လို့ ထပ်မေးတာသာ ကြည့်ချေတော့။ ပါရမီသည် ခွက်ထိုးခွက်လန် ရယ်ချင်စိတ်ကို မျိုသိပ်လျက် မောင့်အမေးကို လှလှပပကလေးပြန်ဖြေရပါသည်။

"ကိုရဲရင့်များ ချစ်ချင်ရင် ငယ်ငယ်တည်းက အတူတူနေလာကြတဲ့ လူတွေပဲ အချိန်မရွေး ချစ်လို့ရတယ်...။ သူ့ကို မချစ်လို့ သူ့ထက်ပိုပြီး ပါရမီ့ကို ချစ်မယ်ထင်တဲ့ တစ်ယောက်ကို ရွေးမိတာပဲပေါ့။ တကယ်တော့ ပါရမီ မှားသွားတာ ဆုံးဖြတ်ချက်မှားသွားတာပဲလေ...။ လောကကြီးမှာ သူချစ်ထက်၊ သူချစ်ကိုယ်ချစ် နှစ်ဖက်မျှတတဲ့ ဘဝကမှ ပျော်စရာ ကောင်းတာ မဟုတ်လား ဆရာ။ ပြောပါဦး။ ဆရာက စာရေးဆရာဆိုတော့ အချစ်အကြောင်း ငိုကာဖွဲ့တာ ပိုတော်မှာပေါ့..."

မောင်သည် လူငယ်ကလေးတစ်ယောက်ကဲ့သို့ ရှက်ကိုးရှက်ကန်း ပြုံးသေးသည်ကွယ်။ ဘာလဲ မောင်။ မောင့်ရင်ထဲကို ပါရမီ မြင်နေပြီလို့ မောင်ထိတ်လန့်သွားသလား။

ခြံဝန်းထဲမှ ခုံဝိုင်းကလေးတွင် ယခုအခါ ပါရမီနဲ့





ောင်တို့ စကားလက်ဆုံကျကာ အတော့်ကို ရင်းနှီးနေပြီ။ အပေါ်
ပ် ခန်းဆီးစကလေး မကြာခဏလှုပ်သွားတာတော့မြင်သား။
င်း - မှန်းကြည့်ရရင် ဒါဟာ စမ်းရေပဲပေါ့။ စမ်းရေကြိတ်ငိုနေ
ာပေါ့။ ဆောရီးပဲ စမ်းရေရယ်။

ငါသာ နင့်နေရာမှာ ကိုယ်ချစ်နေတဲ့ သူနဲ့ တစ်ခြား
န်းမတစ်ယောက် စကားလက်ဆုံကျနေတဲ့ နေရာမှာ တမင်
ပြီး ထိုင်စောင့်နေမိမှာပဲ။ ကိုယ့်ချစ်သူရဲ့ အာရုံတွေ ကိုယ့်ဆီ
န်ရောက်လာအောင် သူတို့ရဲ့ စကားဝိုင်းကို ဝင်ဖျက်မိမှာပဲ။
ခုတော့ အပေါ်က ချောင်းကြည့်ရုံ ကြိတ်ငိုရုံ နောက်ဆုတ်အရှုံး
ပေးရုံနဲ့ လောကကြီးမှာ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ခွင့် ဘယ်တော့မှ
လာမှာ မဟုတ်ဘူး။ အဲ့ဒါဟာ ပါရမီရဲ့ ဘာသာဗေဒ ဖြစ်ပါ
သည်။

"ဆရာ... ရော...။ ရည်းစားတစ်ယောက်မှ မထားခဲ့ဖူးဘူးလား...။ ဆရာ့ကြည့်ရတာ အင့်မတန် စွံ့မဲ့ပုံမျိုးပဲ..."

"အထင်မကြီးပါနဲ့ဗျာ...။ ကျွန်တော်ကမိန်းမတစ်ယောက်ကို စိတ်ဝင်တစားချစ်ကြည့်ပြီး ရည်းစားစကား ဘယ်လိုစပြောရမှန်း မသိပေါင်းများလို့ ရည်းစားတစ်ယောက်တောင် ဖြစ်ဖြစ်မြောက်မြောက် မထားဖြစ်ခဲ့တဲ့ ခပ်ညံ့ညံ့လူတစ်ယောက်ပါ..."



www.burmeseclassic.com

www.burmeseclassic.com

"အိစိကလီ ဇာတ်လမ်းလေးတွေရော..."

"အင်း... ကျွန်တော်စိတ်ဝင်စားမှုနှီး ရိပ်မိပြီး ကျွန်တော်ကို လဲ ပြန်ချစ်စိတ်ဝင်စားတော့မဲ့ ကောင်မလေးတစ်ယောက် နှစ်ယောက်တော့ ကြုံဖူးပါတယ်...။ ဒါပေမယ့် ကျွန်တော် က ဖွင့်မပြောဖြစ်တဲ့အဆုံး သူတို့က ကျွန်တော့်ကို စိတ် ပျက်သွားကြတယ် ထင်ပါရဲ့။ အဲ့ဒါနဲ့ပဲ ကျွန်တော်မှာ ရည်းစားမထားဖြစ်ဘဲ အသည်းကွဲသလိုလို၊ ဘာလိုလို ယူဆပြီး နည်းနည်း လွမ်းကြည့်ရာက ခံစားချက်တွေ စာချရေးလွန်းလို့ စာရေးဆရာဖြစ်လာတော့တာပဲ ပါရမီ..."

"အခုရော...ဆရာ့မှာ ရည်ရွယ်ထားရမဲ့သူမရှိဘူးလား..."

"ဒီမေးခွန်းကို ကန့်ကွက်ပါတယ်..."

မောင်သည် ဒီတစ်ခါတော့ လူလည်ကျစွာ ပါရမီ၏ အမေးကို ရှောင်လွှဲပစ်တော့သည်။ မောင်က နောက်ပြီး မကြာ ခဏ ရှက်ကိုးရှက်ကန်း ပြုံးတတ်တာတော့ မကောင်းဘူးကွယ်၊ အဲ့ဒီ အပြုံးတွေက ပါရမီ့ကို ဖြားယောင်းလှတယ်။ ပါရမီလဲ မောင့်ရဲ့ အပြုံးတွေမှာ ကျဆုံးနေရပြီ။

မဖြစ်တော့ဘူး။ ပါရမီတို့ ချစ်ကြမှ ဖြစ်တော့မယ်၊ မောင်ရယ် ကြာရင် မျိုသိပ်ရလွန်းလို့ ရင်ဘတ်တွေ ကွဲထွက်သွား



တော့မလားဘဲ။

"ဆရာ... ပါရမီ တကယ်ချစ်မိတဲ့ လူဟာ ဘယ်သူလဲလို့ မမေးဘူးနော်၊ ဘာဖြစ်လို့လဲ ဆရာ...။ ဆရာသိနေလို့များ မမေးတာလား...။ ဒါမှမဟုတ် အားနာလို့ မမေးတာ လား..."

"တမင် မမေးတာပါ...။ ဘာပဲဖြစ်ဖြစ် ပါရမီရယ်...။ မိန်းမ တစ်ယောက်အတွက် သစ္စာတရားဆိုတာ ရှေ့တန်း တင်ထားတာဟာ မှန်မြတ်ပါတယ်။ ကိုမိုးမြင့်ယံကို မချစ် ပေမယ့် သစ္စာရှိသင့်တယ်... ဒါဆိုရင် ပါရမီ့ဘဝ ငြိမ်းချမ်း သွားမှာပါ..."

"မဟုတ်ဘူး... ဆရာ ပါရမီက အချစ်ကို ရှေ့တန်းတင်ချင် နေခဲ့တာလေ..."

"အရာရာတိုင်းအတွက် အကောင်းဆုံးဖြစ်အောင် စဉ်းစား ဆုံးဖြတ်ပါလို့ပဲ ကျွန်တော်တိုက်တွန်းပါရစေ... ပါရမီဆန္ဒကို ရှေ့တန်းတင်တာ။ အချစ်ကို ရှေ့တန်းတင် တာဟာ တစ်ခါတစ်ရံမှာ မှားယွင်းပြီး တစ်ခါတစ်ရံမှာ တော့ မှန်ချင် မှန်တတ်ပါတယ်။ ဒါပေမယ့် မှားဖို့က ရှစ်ဆယ်ရာခိုင်နှုန်းပဲလို့ ကျွန်တော်ယူဆတယ်..."

မဟုတ်သေးဘူးကွယ်။ မောင်ဘယ်သူ့ကို ချစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သလဲ။ ပါရမီ့ကို ချစ်သလား၊ စမ်းရေကလေးကို ချစ်သလား ပါရမီ သိပ်သိချင်လွန်းလို့ ပါရမီဆီက စကားတွေနဲ့ မောင့်ကို စည်းရုံး နေတာ။ မောင်က ရှောင်လွှဲပစ်နေတယ်။ မောင်က ပါရမီ့ကို ဆုံးမနေတယ်။ အင်း - မောင့်ကို ကြည့်ရတာ ပါရမီ့ကို ဘယ် လောက်စွဲလမ်းနေပါစေ။ ပါရမီ့ဆီမှာ စေ့စပ်ထားတဲ့သူ ရှိတယ်။ သူကလဲ စမ်းရေကလေးနဲ့ ပတ်သတ်လို့ လာလည်နေတဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာနဲ့ ကိုယ့်ကိုယ်ကို အကျဉ်းချထားပြီ ထင်ပါရဲ့။

မောင် မှားနေပြီ။ မောင်နဲ့ စမ်းရေကလေးက လုပ်ငန်းစပ်တူ။ အနေနီးစပ်လို့ တစ်ယောက်ကို တစ်ယောက် နားလည်ကြလို့ လက်တွဲဖို့ ရည်ရွယ်ချက်ကိုယ်စီနဲ့ လူသားတွေလေ။ တကယ်တော့ မောင်နဲ့စမ်းရေကလေးတို့ဟာ တရားဝင် ချစ်သူတွေမှ မဟုတ်ကြသေးတာပဲ။ ဘေးအမြင်မှာ သတ်မှတ်ချင် ရုံဆိုတာ ပါရမီသိထားတယ်။ မောင်ဟာ အချိန်မရွေး ပါရမီ့ကို ပြောင်းပြီး ရွေးချယ်နိုင်ခွင့် ရှိသေးကြောင်း မောင်ဘာလို့ မေ့ထားရတာလဲ ဟင်။

"ဒါပေမယ့် ပါရမီက မှန်တဲ့ နှစ်ဆယ်ရာခိုင်နှုန်းကိုပဲမျှော်လင့်ချင်တယ်ဆိုရင်ရော..."

မောင်သည် သက်ပြင်း ခပ်သဲ့သဲ့ချကာ တိတ်ဆိတ်





တွေဝေသွားတော့သည်။ တော်ပြီ။ မောင့်ကို ဒီနေ့တော့ ဒီလောက် သိမ်းသွင်းရရင် ပါရမီ့အတွက် လုံလောက်ပြီဟု ယူဆလျက် ပါရမီ က မောင့်ကို နှုတ်ဆက်၍ အိမ်ဘက်ပြန်လာခဲ့လေသည်။ အကဲခတ်သော မျက်ဝန်းများနှင့် ဖေဖေ မေမေတို့ကို ဖြတ်ကျော်လျက် ပါရမီက အိပ်ခန်းဆီ ခပ်မော့မော့ တက်လာခဲ့သည်။

ထို့နောက် ဖြူလွလွ အိမ်ရာပေါ် တစောင်းမှောက်သုံချပစ်လိုက်ကာ ခပ်တိုးတိုးကလေး ရယ်လျက်-

"မောင်..."

ဟု တစ်ချက်ခေါ်ကြည့်လျက်။

မောင်နဲ့ ချစ်သူတွေဖြစ်သွားမှ ပြောရဦးမယ်။ ပါရမီဆိုတဲ့ ကောင်မလေးက မောင့်ကို အတိအလင်း ချစ်ခွင့်မရခင် ကတည်းက 'မောင်'လို့ ခိုးခေါ်နေတယ်ဆိုတာကိုလေ။

❂

ထမင်းစားပွဲဝိုင်းသည် လူစုံတက်ရုံ ရှိနှင့်နေခဲ့ပြီ။ ပါရမီက ခုံတစ်လုံးဆွဲ၍ ဝင်ထိုင်သောအခါ စမ်းရေကလေးက နှုတ်ဆက်ပြုံးဖြင့် ဆီးကြိုရုံအပြင် တစ်ခြားဘယ်သူကမှ ပါရမီကို နှုတ်ဆက်ကြဖော်မရပေ။ ဖေဖေက ခပ်တိုးတိုး ရေရွတ်၏။

"တရေးဆရာတို့သားအမိလည်း မလာသေးပါလား..."

"ဟင်...ဘာလဲ။ ဒီနေ့ညစာကို ဆရာတို့သားအမိ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com

လာစားမယ်ဟုတ်လား..."

ရောက်ပြီးကတည်းက ပထမဆုံးနေ့ကလွဲလျှင် နောက်နေ့တွေမှာ သူတို့အိမ်မှာ ရှိသည့် ထမင်းစားခန်းထဲတွင် လွတ်လွတ်လပ်လပ် စားနိုင်အောင် စီစဉ်ပေးထား၍ မောင်နှင့် ထမင်းပင် မစားခဲ့ရသည်မှာ ကြာလှပြီ။

ထို့ကြောင့် ပါရမီသည် သတိလက်လွတ် ဝမ်းသာအားရမေးမိတာပဲဖြစ်သည်။ ဖေဖေက မျက်မှောင်ကုတ်၍ မေမေက မျက်စောင်းထိုး၍ စမ်းရေကလေးက မျက်တောင်ကလေး ပုတ်ခတ်လုပ်၍ ပါရမီ့ အမေးကို စူးစမ်းကြသည်၊ ဘာဖြစ်သလဲ နော် ပါရမီ့မှာ ဒီလောက်မေးခွင့်ကလေးတော့ ပေးသင့်သားနဲ့။ အခုတော့ မောင်ဟာ စမ်းရေကလေးနဲ့ ခင်မင်လို့ လာလည်တဲ့ လူအဖြစ် ပါရမီ စကားကလေးတောင် ပြောခွင့်မပြုချင်တာဟာ ပါရမီ့ကို စော်ကားတာပဲ။

"ဟုတ်တယ်... သူတို့ သားအမိက ပြန်ကျွေးချင်လို့တဲ့မနက်တည်းက ဖုန်းဆက်ထားတယ်။ အစားအသောက် ဟင်းလျာတွေကိုတော့ အိမ်ကလူတွေပဲ ဟိုတယ်လ်ကနေ သွားဝယ်ပေးပါတဲ့လေ။ မကျွေးပါနဲ့လို့ ပြောတာလဲ မရဘူး။ မမကြည့်ပါဦး ဟင်းတွေကလဲ အများကြီးပဲ..."

"ကောင်းသားပဲဟဲ့...။ တရုတ်အစားအစာတွေ စုံလို့





ကိုယ့် ဘာသာအိမ်မှာ ချက်တာနဲ့တော့ ဘယ်တူမလဲ။ ဆရာ စိတ်ကူး မဆိုးဘူး။ အင်း... ဆရာ့ကို ပြောဦးမှ...။ ဒီလို အစားအစာတွေ ခဏ ခဏ ကျွေးဖို့ မစီစဉ်ပါနဲ့လို့ တော်ကြာ ဝိတ်တွေတက်လာရင် ပါရမီ အလှပျက်နေပါ့မယ်လို့..."

"ပါရမီ... မောင်မော်ကွန်းတို့ကို ဣန္ဒြေရရ သိက္ခာရှိရှိ စကားပြောကွယ်...။ မေမေ တယ်ကြည့်မရတော့ဘူး..."

"အို...မေမေကလဲ...။ ပါရမီ ရိုးရိုးသားသား စကားပြောတာကိုပဲ တစ်မျိုး မြင်နေတယ်။ မေမေကလေ ပါရမီ့ကိုဆို အမြဲမကောင်းမြင်ချင်နေတာတော့ မေမေဘက်လိုက်တယ်လို့ ပါရမီ စွပ်စွဲရတော့မယ် ထင်တယ်..."

"ပါရမီ မအေကို ခံမပြောနဲ့လေ ငြိမ်ငြိမ်နေကြစမ်း ဗိုက်ဆာ... ဗည့်သည်တွေ ဝင်လာရင် ရှက်စရာ..."

ဖေဖေက ဝင်ဟောက်တော့ ပါရမီသည် မေမေ့ကို ထပ်ရန်တွေ့ဖို့ မကြိုးစားတော့ဘဲ မောင့် အလာကိုသာ မျက်နှာကလေး အတက်နိုင်ဆုံးချိုမြစွာ စောင့်ဆိုင်းဖို့ ပြင်ဆင်တော့သည်။ အို... မောင့်ကိုသာ ပိုင်ဆိုင်ရမယ်ဆိုရင် ဘာတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရပါကွယ်။ ပါရမီက သတ္တိရှိနေခဲ့ပြီ။

"ဟော... လူစုံ တက်စုံတောင် ရောက်နေနှင့်ကြပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com

အားနာစရာ ကောင်းလိုက်တာရှင်...။ ကျွန်မလာခါနီးမှ နည်းနည်းကလေး ရင်ကြပ်ချင်သလိုဖြစ်လို့ ဆေးသောက်နေရတာနဲ့ နောက်ကျသွားတယ်..."

မောင့် မေမေက ရင်ကြပ်ရောဂါရှိသတဲ့။ သိပ်ပြီးဆိုးရွားတဲ့ ရောဂါတစ်ခုပဲ။ ပါရမီ့ သူငယ်ချင်းမ တစ်ယောက်ရဲ့ အမေမှာလဲ ဒီလိုရောဂါမျိုးရှိလို့ ရောဂါပြင်းထန်ရင် ဘယ်လိုဖြစ်တယ်ဆိုတာ မျက်မြင်ကြုံဖူးခဲ့၍ ပါရမီသည် မောင့်ကို ချစ်သည့်စိတ်ဖြင့် အတ္တဆန်စွာပင် မောင့် မေမေကို ပိုသနားပစ်လိုက်ပါသည်။

"အခုရော သက်သာသွားပြီလား အန်တီ..."

စမ်းရေကလေး မေးရန် ပါးစပ်ပြင်ရုံရှိသေး၊ ပါရမီက ဖြတ်မေးပစ်လိုက်၏။ မောင့် မေမေက ခေါင်းညိတ်တယ်ဆိုရုံကလေး တုံ့ပြန်သောအခါ ပါရမီ ကသိကအောက်ဖြစ်ချင်သွားလေသည်။ ဒါဟာ ပါရမီ့ကို တမင်စော်ကားတာပဲ အန်တီဟု ပါရမီက မောင့် မေမေ၏ မျက်လုံးများအား စိုက်ကြည့်စိန်ခေါ်မိပြန်သည်။

"မောင်မော်ကွန်းက အတင်းစိမံလွန်းလို့သာ အန်ကယ်တို့က လိုက်လျောရတာ။ တကယ်တော့ ဧည့်သည်က အိမ်ရှင်ကို ပြန်ဧည့်ခံရတာ တရားမမျှတာဘူး..."

စေတနာစာပေ



"ဟာ... ဒီလိုမဟုတ်ပါဘူး အန်ကယ်...။ အားလုံး ပိုပြီးရင်းရင်းနှီးနှီး ဖြစ်သွားစေချင်လို့ပါ။ နောက်မို့ဆို အန်ကယ်တို့ အန်တီတို့ကလဲ ကျွန်တော်တို့ သားအမိကလဲ ပြန်အားနာနဲ့။ တသီးတသန့်စီ ဖြစ်နေတာများပြီ။ ဒါကြောင့် တစ်ခါ တစ်ရံတော့ အားလုံး စုံစုံညီညီ ထမင်းစားပွဲလေး ဘာလေး လုပ်ကြဖို့ မေမေကပဲ အကြံပေးတာ။ ကျွန်တော်က ဝတ္ထု မပြီးမချင်း တစ်လနီးပါး ဒီမှာ နေရမှာဆိုတော့ ကျွန်တော်တို့ကို ဧည့်သည်လို မမြင်စေဘဲ အိမ်သားတစ်ယောက်အဖြစ် သတ်မှတ်စေချင်ပါတယ်။ အခုတော့ နည်းနည်းများ စိမ်းနေသလားလို့ ထင်နေမိလို့ပါ..."

"ကဲ...အဖေကြီး...။ အဲ့ဒါ ရှင့်အစီအမံပဲလေ။ အခုတော့ မောင်မော်ကွန်းတို့သားအမိ အနေခက်နေပြီ။ မယဉ်ယဉ်ရေ.. အဖေကြီးက မောင်မော်ကွန်း စာရေးပျက်မှာ စိုးရိမ် လို့ တမင် သီးသန့်ဖြစ်အောင် စီစဉ်ကာမှ အားလုံး တစ်ယောက်နဲ့တစ်ယောက် အားနာနေရပြီလေ..."

"ဒီလိုလဲ မဟုတ်ပါဘူး မသက်ဆွေရယ်...။ နေရ ထိုင်ရတာ အဆင်ပြေလွန်းနေတော့ ကျွန်မတို့က ပိုပြီး အားနာနေမိတာပါ..."

"ကဲ... ကဲ... အားနားတာတွေ ရပ်ကြတော့။ ဒီနေ့ကစပြီး

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဆွေလိုမျိုးလို နေကြရအောင်...။ မယဉ်ယဉ်လဲဟိုဘက်မှာ တစ်ယောက်တည်းနေရတာ ပျင်းရင် ဒီဘက်ကို အချိန်မရွေး ဝင်လာပြီး စကားလာပြောရင် ပြော။ မသက်ကလဲ ပျင်းရင် မယဉ်ယဉ်ဆီလာလည်ရင်လည်။ အဲ... ဝါသနာပါရင် ပိုကာလဲ ဒေါင်းချင် ဒေါင်းကြပေါ့။ ဘယ်လိုလဲ မယဉ်ယဉ်။ မသက်ကတော့ အင်မတန် ဝါသနာကြီးလေရဲ့..."

"အို... စိတ်ချ... စိတ်ချ။ ကျွန်မကလဲ ဒီနေရာမှ ဝါသနာက မသေးဘူး ကိုထွန်းညိုရေ..."

လူကြီးသုံးယောက်သား ရယ်သံတွေ ဝေါခနဲ ဖြစ်အောင် ရယ်ချလိုက်သောအခါ မောင်နဲ့ သူမတို့ ဘာရယ်မဟုတ် တိုက်တိုက်ဆိုင်ဆိုင် မျက်လုံးချင်းဆုံ၍ ပြုံးဖြစ်ကြလေသည်။ မျက်ဝန်းထောင့်မှာတော့ စမ်းရေကလေး၏ အကဲခတ် မျက်ဝန်းများကို မြင်ဖြစ်အောင် မြင်လိုက်ပါသေးသည်။ စမ်းရေကလေးဟာ သူမရဲ့အရှုံးကို သိနေပြီ ထင်ပါရဲ့။ အရာရာကို လက်လျှော့ထားဟန်တွေ အထင်းသားပေါ်လွင်ကာ ထမင်းကို ခေါင်းငုံ့၍ စားရှာ၏။ ဖေဖေနဲ့ မေမေရယ်၊ မောင့်မေမေ ဒေါ်ယဉ်ယဉ်ရယ် ဆွေးနွေး တိုင်ပင်ကြတာတွေကို နားထောင်လိုက်ရယ်ရှုံအပြင် ဒီထမင်းစားပွဲမှာ အသံတိတ်ဆုံး လူဖြစ်လို့နေ၏။

စေတနာစာပေ



ပါရမီကတော့ မောင်နဲ့ မျက်လုံးချင်း စကားပြောနိုင်ပြော ဒါမှမဟုတ် တခြားစကားတွေ အကြောင်းရှာပြီး ပြောနိုင်ပြော။ ပါရမီ့ မိဘတွေနဲ့ မောင့်မေမေရဲ့ စကားတွေမှာ ဝင်ဆွေးနွေးတဲ့အခါ ဆွေးနွေးနိုင့် အဆင်ပြေလို့ပင်။ တစ်ခါတစ်ရံမှသာ မောင်က စမ်းရေကလေးအား တိုက်ရိုက်စကားပြောတဲ့အခါ စမ်းရေကလေးသည် ခပ်တိမ်တိမ်အသံ၊ စိတ်မဝင်စားသောအသံ၊ စိတ်ဓာတ်ကျခံ အားလျော့သော အသံဖြင့် မောင့်အမေးတွေကို ဖြေတတ်သည်။ သို့သော် ပါရမီသည် မောင့်အာရုံတွေကို ပါရမီ့မှာပဲ ရှိနေစေဖို့ စမ်းရေကလေးနှင့် အချိန်ကြာကြာ စကားသက်ဆုံပြောခွင့်ကိုတော့ မပေးချေ။ များသောအားဖြင့် ပါရမီကသာ မောင့်စကားတွေကို လိုက်ချေဖျက်ကာ ပါရမီ့ စကားတွေကိုပဲ မောင် နားထောင်စေဖို့ ဖန်တီးပစ်ပါသည်။

"တော်ပြီလား စမ်းရေကလေး...။ အစားနည်းလိုက်တာ။ စားမကောင်းလို့လား...။ ဟင်းတွေ မကြိုက်လို့လား..."

စမ်းရေကလေးသည် ဇွန်းခက်ရင်းကို အသာချတော့ မောင်က သံ့ယောဇဉ်မကုန်စွာ စိုးရိမ်တကြီးဖြင့် မေးသောအခါ ပါရမီ့ ရင်ထဲတွင် မျက်ခနဲ နာကျင်မိပါသည်။

"စမ်းရေ ဒီလောက်ပဲ စားနေကျပါ ဆရာ... ။ စားကောင်းလဲ ဒီလောက်။ စားမကောင်းလဲ ဒီလောက်ပါပဲ...။

စေတနာစာပေ

www.burmeseclassic.com

ဟင်းတွေ အကုန်ကောင်းပါတယ်။ ဒီညစာအတွက်
ကျေးဇူးပါပဲ ဆရာ..."

"ပါရမီကတော့ အလှပျက်မှာ စိုးလို့ ဒီလောက်ပဲ စားမယ်
နော်...ဆရာ့ ဟင်းတွေက စားကောင်းတိုင်းစားရင် ဝိတ်
တွေ နင်းကန်တက်လိမ့်မယ်..."

ပါရမီက ဘာပဲဖြစ်ဖြစ် မရရအောင်တော့တစ်ခွန်း
တလေ ဝင်ပါလိုက်သေးသည်။ မောင်က စမ်းရေကလေးအတွက်
ဆန်းကစ်တစ်ပူး ဖေါက်ပေးခြင်းအား ပါရမီ မရှုစိမ့်ချင်ခဲ့။
မောင် သိပ်ဂရုစိုက်ပြလွန်းနေပြီ။ ဒါဟာ ဝတ္တရားအရမဟုတ်လား
မောင်။ မောင် စမ်းရေကို မချစ်တော့ပါဘူး။ ပါရမီ့ကို မောင်
ချစ်ချင်နေပြီ လို့ ထင်ပါရဲ့။

"ပါရမီရော ဘာသောက်မလဲ..."

"သံပရာရည်ပဲ သောက်တော့မယ်...။ သကြားမထည့်ဘဲ
ချဉ်ချဉ်ကလေး သောက်နေကျလေ ဆရာရဲ့...။ ပါရမီ
ထမင်းစားပြီးပြီဆိုတာနဲ့ ကောင်မလေးတစ်ယောက်
ယောက်က အမြဲ ဖျော်ပြီးလာချပေးနေကျပါ..."

"သမီးကြီးကတော့ အလှအပ သိပ်ဦးစားပေးတာ မယဉ်
ယဉ်ရဲ့... ။ တစ်နေ့ တစ်နေ့ ပေါင်ချိန်လိုက် လျှော့စား
လိုက်၊ ဖိုစားလိုက်၊ အေရိုးဗစ်ကစားလိုက်၊ ရေကူးလိုက်

စေတနာစာပေ





အဝတ်အစား ဒီဇိုင်းထွင်လိုက်နဲ့လေ။ စမ်းရေကလေးက
တော့ ပန်းအိုးထိုးဖို့ ပန်းချီဆွဲဖို့ သီချင်းနားထောင်ဖို့ပဲ
အချိန်ကုန်နေတာ။ သမီးနှစ်ယောက်က တစ်ယောက်
တစ်မျိုးစီပဲ..."

ဖေဖေက ပါရမီနှင့် စမ်းရေကလေးတို့၏ စရိုက်
များအား မောင့် မေမေအား ဖောက်သည်ချသည်။ မကျေနပ်ချင်
စရာ ကောင်းတဲ့အချက်က မောင့်မေမေသည် ပါရမီဆီ တစ်ချက်
မျှပင် ဝေ့မကြည့်ဘဲ စမ်းရေကလေး၏ စားပွဲပေါ်တွင် တင်ထား
သော လက်ဖဝါးကလေး တစ်ဖက်အား ဖျစ်ညစ်ဆုပ်ကိုင်လိုက်
တာပဲ ဖြစ်သည်။ ဒါ ဘာအဓိပ္ပါယ်လဲ။ စိတ်ချ။ မေမေက
ခင်းကို အမှတ်ပြည့်ပေးထားတယ်ဆိုတဲ့ သဘောလား။ မရဘူး။
ဒေါ်ယဉ်ယဉ် မောင်က ရှင့်ကြိုးဆွဲရာ ကမဲ့ရုပ်သေးတစ်ရုပ်
မဟုတ်ဘူး ဆိုတာ ရှင်သိသွားစေရမယ်။

"ဪ...ဒါနဲ့ ပါရမီ ခင်ပွန်းလောင်းက ဘယ်တော့
လောက် ပြန်ရောက်မလဲကွယ့်...။ သူပြန်လာရင် မင်္ဂလာပွဲ
လုပ်ဖြစ် လိမ့်မယ်လို့ ပါရမီ့ မိဘတွေ ပြောသံကြားတာနဲ့။
အန်တီ က လက်ဖွဲ့ကြိုးစဉ်းစားနေမိသေးတယ်။ အန်တီက
သိပ်ခင်တဲ့ မိတ်ဆွေတွေအတွက်ဆို မွေးနေ့လက်ဆောင်ပဲ
ဖြစ်ဖြစ် မင်္ဂလာလက်ဖွဲ့ပဲ ဖြစ်ဖြစ် အကောင်းဆုံးနဲ့
အမြဲတမ်း အမှတ်တရဖြစ်အောင် ကြိုးစဉ်းစားရတာ

စေတနာစာပေ

www.burmeseclassic.com

 www.burmeseclassic.com

ဝါသနာ ပါလွန်းလို့…"

ကြည့်စမ်း။ ဘယ်လောက်ထိုးနှက်ပစ်လိုက်

စကားလဲဆိုတာ။ တွေဝေနေတဲ့ မောင့်ကို လှုပ်နှိုးလိုက်တဲ့ စကား

အသွားအလာမျိုး။ ပြီးတော့ ပါရမီကို တုန်လှုပ်စေနိုင်တဲ့ စကား

မျိုး။ တော်ပါပေ့ ဒေါ်ယဉ်ယဉ်။ ပညာသားပါလိုက်တဲ့ စကား

"ငွေကြေးနောက်ကို ငမ်းငမ်းတက်လိုက်နေတဲ့ လူ

ယောက်နဲ့ လက်ထပ်ဖြစ်ဖို့ဆိုတဲ့ အချိန်ဟာ တော်

ဝေးဦးမယ်ထင်ပါတယ် အန်တီ…"

ပါရမီ့ချေပစကားသည် သိပ်အရာမရောက်ခဲ့

ဘာဖြစ်လို့လဲဆိုရင် မေမေ့ထံမှ-

"ဟဲ့… ဟိုကဖြင့် လက်ထပ်ချင်လိုက်တာ တစ်ပိုင်း

သေလို့။ သမီးပဲ ကဂျီကကြောင်လုပ်နေပြီးတော့ကွယ်…"

ထိုစကားကြောင့် မောင့်မေမေ၏ အနိုင်ပြုး

လက်ခံလိုက်ရပါသည်။ ဒီအချိန်မှာ စမ်းရေကလေးက အားလုံး

နှုတ်ဆက်ပြီး ထသွား၍သာ။ နောက်မို့ မောင့် မေမေနှင့် ပါ

မေမေတို့၏ စကားလုံးမြှားတွေကို ပါရမီဆက်ရနေဦးမှာ

ထင်ပါရဲ့။ စမ်းရေကလေး၏ ဘာရယ်မဟုတ်သော အပြုအမူ

ပါရမီ့ကို ကယ်တင်လိုက်နိုင်တာ ပါရမီတစ်ယောက်သာ သိ

ခဲ့၏။

(၇)

နောက်ထပ်ရက် တော်တော်များများမှာတော့ ရှင် သည် မောင့်ကို တွေ့ခွင့်မရခဲ့ပေ။ ဘာဖြစ်လို့လဲဆိုရင်-

"ဆရာ စာစရေးနေပြီ မမ။ ဒါကြောင့် အပြင်သိပ်မထွက်ဖြစ်တော့တာ… ။ ဆရာက စာရေးရင် ကျေးလက်သီချင်းသံ ခပ်တိုးတိုးကို ဖွင့်ထားလေ့ရှိတယ်။ အခုဆို ဆရာစာရေးနေပြီ မမနားစိုက်ထောင်ကြည့် အမေရိကန်ကျေးလက်သီချင်းသံ သဲ့သဲ့ကြားနေရရင် ဆရာ စာရေးနေပြီဆိုတာ သေချာတယ်။ ဒါကြောင့် မမ သိပ်သွားမလည်နဲ့နော်။ ဆရာ အနှောင့်အယှက်ဖြစ်ရင် မကောင်းပါဘူး။ စမ်းရေလဲ ပန်းချီစနေပြီ။ ဆရာ့ဝတ္ထုအပြီး စမ်းရေ

www.burmeseclassic.com



ပန်းချီပါ အပြီးဆိုရင် ကောင်းမှာပဲနော်..."

ဟူသော စမ်းရေကလေးထံမှ သတင်းစကားကြောင့်ပင် ပါရမီသည် အလိုက်သိစွာ မောင့်ကို နှောင့်ယှက်မိမှာ စိုးရိမ်ရတာနဲ့ မောင့်အိမ်ဘက်သွားမလည်ဖြစ်ပါ။ ခါတိုင်းတော့ မောင့်ဆီ ဟမင်းအကြောင်းရှာသွားလည်တာမျိုး၊ မောင်မြင့်အောင် မောင်တို့ရဲ့ အိမ်ကလေးရှေ့ လမ်းသလားတာမျိုး။ မောင့်အရိပ်ကို ဖြစ်ဖြစ် ဖျက်ကနဲတွေ့ရင် လှမ်းနှုတ်ဆက်စကားရှာတာမျိုး ပါရမီက ဖန်တီးတတ်ပါသည်။

အခုတော့ မောင် ဝါသနာပါရာ အလုပ်ကို လုပ်နေ ချိန်မှာ မောင့်ကို နှောင့်ယှက်မိရင် ပါရမီ့ကို မောင် စိတ်ကွက်မှာ စိုးရိမ်ရတာနဲ့ပဲ မောင့်ကို တွေ့ချင်ရက် ပါရမီခြေငြိမ်နေရပြီ၊

တစ်ခုပဲ ဆုတောင်းရသည်။ စမ်းရေကလေးရဲ့ ပုံကြမ်းကို မောင်ကြိုက်၊ မကြိုက်ဘယ်နေ့မှာ စမ်းရေကလေး သွားပြလိမ့်လဲဆိုတာပင်။ အဲ့ဒီနေ့မှာ စမ်းရေကလေးနဲ့ ထပ်ကြပ် မကွာလိုက်သွားဖို့ပါရမီကအဆင်သင့်ပြင်ဆင်ကာစမ်းရေကလေး ရဲ့ ပုံကြမ်း မြန်မြန်ပြီးပါစေဟုလဲ ဆုတောင်းနေမိပြန်ရဲ့။ ပုံကြမ်း ဘယ်လောက်ထိပြီးသည် မပြီးသည်ကို မခန့်မှန်းတတ်သူမို့ စမ်းရေ ကလေးအလစ်မှာ ပန်းချီဆွဲလက်စကြီး ဝင်ခိုးကြည့်လဲ အချည်းနှီး ပင် ဖြစ်နေပါသည်။ ဒါ့ကြောင့် စမ်းရေကလေးရဲ့ အရိပ်အခြေ



မောင့်ရဲ့ အရိပ်အခြေတွေကို စောင့်ကြည့်ရင်ခုန်ရသူမှာ ပါရမီပါတည်း။

ဒီရက်ပိုင်းအတွင်းမှာ ကိုမိုးမြင့်ယံဆီမှ စာနှစ်စောင် ဓာတ်ပုံဆယ်ပုံတို့ကို ရရှိခဲ့သေး၏။ ဒါအပြင် ဖုန်းဆက်ဘာလဲ ကြုံရသေးသည်။ စာထဲမှာ ဖုန်းထဲမှာတော့ ထုံးစံအတိုင်း ဆက်ထပ်ချင်လှပါပြီဟူသည့် အပ်ကြောင်းထပ် စာသားတွေသာ တွေ့ရသည်။ ပါရမီသည် အရင်ကလို ချွဲနွဲ့ရဖို့ထက် ကိုမိုးမြင့်ယံကို ဆက်မထပ်ချင်သေးကြောင်း သွယ်ဝိုက်ပြောပြရဖို့သာ အားစိုက်နေခဲ့မိသည်။

"ပါရမီ... ဘာတွေပြောင်းလွဲနေပြန်ပြီလဲ...။ ကိုယ့်ကိုတော့ ပစ်ထားခဲ့ဖို့ မကြိုးစားနဲ့နော်...။ ကိုယ်က ပါရမီ့ကို သိပ် ချစ်လွန်းလို့ ပါရမီ့ အလိုဆန္ဒမှန်သမျှ လိုက်လျှောပေးနေရတာ။ တကယ့်တကယ်တော့ ပါရမီ့ကို ဒီလို အကြာကြီး ခွဲမထားချင်ဘူး...။ ကိုယ်နဲ့အတူတူ သွားလေရာ ခေါ်သွားချင်ခဲ့တာ ပါရမီက အမျိုးဘဝနဲ့ နေချင်သေးတယ်ဆိုလို့သာ ခွင့်ပြုထားရတာ..."

"ဘာလဲ... ပါရမီ့ သိက္ခာကို စော်ကားတဲ့ စကားလားကို... ပါရမီက ဖေဖေ မေမေတို့ရဲ့ အုပ်ထိန်းမှုအောက်မှာ ကြွေသိက္ခာရှိရှိနဲ့ ရပ်တည်နေတဲ့ မိန်းမပါ...။ ကို့ စကား

www.burmeseclassic.com



တွေက ပါရမီ့ကို ထိခိုက်ရုံတင်မကဘူး...။ မိဘတွေကိုလဲ စော်ကားရာ ရောက်သလိုပဲ..."

ပါရမီသည် ထုံးစံအတိုင်းပင် "ကို"ဟု သူမစိတ်ပါလှစွာ ခေါ်ခဲ့ဖူးသူ ကိုမိုးမြင့်ယံအား ခပ်မာမာ အနိုင်ယူပစ်သောအခါ-

"ဆောရီး... ဆောရီး ပါရမီ...။ ကိုယ်စကားမှားသွားလို့ပါ... ပါရမီ့ကို ယုံပါတယ်..."

တွေနှင့် ပျာပျာသလဲ တောင်းပန်ရသူမှာမိုးမြင့်ယံပဲ ဖြစ်သည်။ ရည်းစားများပါသည်။ ယောက်ျားတွေရဲ့ အသည်းကိုခွဲရတာ ပျော်ပါသည်ဟူ၍ နာမည်ကြီးခဲ့သူ ပါရမီ့ကိုမှ တမ်းတမ်းစွဲ ချစ်မိပြီး ပါရမီ၏ ရွေးချယ်ခြင်းအား မမျှော်လင့်ဘဲ ရရှိထားခဲ့သူဖြစ်၍ စိတ်မချရင်းကပဲ ပါရမီ့ကို လက်လွှတ်ခံရမှာ စိုးရိမ်တတ်သူမှန်း ပါရမီ မရိပ်မိဘဲ ရှိပါ့မလား။ အင်း... မောင်နဲ့ မတွေ့ခင်ထိတော့ 'ကို' ကို ချစ်သည် ထင်နေခဲ့တာပဲ။ 'ကို'နဲ့သာ လက်တွဲရရင်တော့ ပါရမီ့ဘဝ ဘယ်လောက် ကံကောင်းလိမ့်မလဲ။ ဘယ်လောက် မြင့်မားတင့်တယ် လိမ့်မလဲဆိုပြီး ကိုမိုးမြင့်ယံ၏ ကြွယ်ဝချမ်းသာမှုတွေကို အထင်ကြီးကာ အရာရာကို ကျေနပ်နေခဲ့မိတာပဲပေါ့။

ဒါပေမယ့် တစ်ခါတစ်ရံမှာ ငွေကြေး နေထက်

စေတနာစာပေ



သူ့ချစ်ကိုရှာရတာထက်၊ ကိုယ်တိုင် လိုလိုလားလား ချစ်ရတဲ့သူကို လက်တွဲရတာ ပိုပြီးကျေနပ်စရာကောင်းတဲ့ ဘဝကို ပိုင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း မောင့်ကို စတွေ့တွေ့ချင်းပဲ ပါရမီ လက်ခံသွားတာသာကြည့်။

ပါရမီက မောင့်ကို အဲ့ဒီလောက်ထိ ချစ်ခဲ့တာ။

"ပါရမီ... မင်းဟာ သိပ်အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်နဲ့တူတဲ့ မိန်းမပဲ..."

လို့တော့ ကိုရဲရင့်က နာနာကြည်းကြည်း စွပ်စွဲခဲ့ဖူးသည်။ အဲ့ဒီတုန်းက ပါရမီ ကိုယ့်ကို မြွေနဲ့နှိုင်းရပါ့မလားလို့တောင် ကိုရဲရင့်ကို ဒေါသဖြစ်မိသေး။

ဒါပေမယ့် အခု သေသေချာချာစဉ်းစားကြည့်ရင် ဒါဟာ မှန်သွားနော်။ ပါရမီဆိုတဲ့ အဆိပ်ပြင်းတဲ့ မိန်းမတစ်ယောက်ကို ချစ်မိကြတဲ့ ယောက်ျားတိုင်း အဆိပ်သင့် ဒဏ်ရာတစ်ခုဆီတော့ ရရှိသွားကြစမြဲ။ ကိုရဲရင့် အပါအဝင်ပဲ ဖြစ်သည်။ ပါရမီနဲ့ ကိုရဲရင့် တက္ကသိုလ် အတူတူတက်စဉ်က မိန်းကလေးတွေကြားမှာ ရေပန်းစားသည့် ကိုရဲရင့်နဲ့ တွဲရတာကို ပီတိဖြစ်ကာ ကိုယ့်ကို နည်းနည်းလေး မငဲ့မရဲ စိတ်ဝင်စားနေမှန်း ရိပ်မိသည့် ကိုရဲရင့်ကို ရေလာမြောင်းပေး ပစ်မိခဲ့သည်။ သို့သော် ကိုရဲရင့်ကို ချစ်လို့မရခဲ့ချေ။ ကိုရဲရင့်ထက် သာကာလဲတွေ့ရော-

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲရင့်… ရှင့်ကို ပါရမီ ချစ်ကြည့်ခဲ့ပါသေးတယ် နောက်ဆုံးတော့ ချစ်လို့မရမှန်း အဖြေထွက်လာတာနဲ့ ကြာရင် ကိုရဲရင့်ပဲ ဒုက္ခရောက်မှာ စိုးရိမ်လို့ အခုတည်းက လမ်းခွဲခဲ့ရင် ကောင်းမယ်…"

ဟူ၍ ဖြတ်တောက်ပစ်လိုက်တာ။ ဘယ်လောက်ဆိုးတဲ့ ပါရမီလဲနော်။ တက္ကသိုလ်မှာ နှစ်နှစ်တိတိတွဲပြီးမှာ ချစ်လို့မရပါဘူးဆိုတဲ့ ဆင်ခြေနဲ့ နောက်ထပ် ရည်းစားတစ်ယောက်ပြောင်းပစ်လိုက်တာ။

ကိုရဲရင့်ခမျာ အရူးတပိုင်းဖြစ်။ အဲ့ဒီနှစ်ကကျောင်းခေါ်ချိန်မပြည့်လို့ စာမေးပွဲဝင်ဖြေခွင့်လဲ ပိတ်။ ကိုရဲရင့်ဖခင် ဦးသီဟ က သူ့သားကို ဘယ်လိုခေါ်ပြီး ဆုံးမလိုက်သလဲမသိ။ ပါရမီ တတိယနှစ် ပြန်တက်ချိန်မှာ ဒုတိယနှစ်ကျောင်းသား ကိုရဲရင့်ဟာ ပုံမှန်အတိုင်း ကျောင်းပြန်တက်ခဲ့တာ။ အခုလို တစ်ခြိတည်း အတူတူ နေဖြစ်တဲ့ အချိန်ထိပေါ့။

တရားဝင်ရည်းစားဆိုလို့ ငါးယောက်တိတိ ထားဖြစ်ခဲ့ပြီး တရားမဝင် အပျော်တွဲရုံတွဲခဲ့တဲ့ ကလေးတွေ အမြောက်အမြားနဲ့ တက္ကသိုလ်စာသင်နှစ်တွေ ဖြတ်ကျော်ခဲ့ပြီး နောက်ဆုံးအနေနဲ့ ဇကာတင် ကိုမိုးမြင့်ယံကို ရွေးချယ်ပြီးကာမှ မောင့်ကို ထပ်တွေ့ခဲ့ရတာပါပဲ။

ပါရမီ မောင့်ကို တကယ်ချစ်တာမှန်း သေသေချာချာ သိနေပါသည်။ ဒီတစ်ခါ ပါရမီ လိမ်ညာပြောတာ မဟုတ်တော့ပါ။ ယောကျ်ားတစ်ယောက် ကိုယ့်ကြောင့် အသည်းကွဲရတာကို အရသာခံလို၍ ချစ်ဟန်ဆောင်ခြင်းလဲ မဟုတ်တော့ပါ။ ပါရမီ့ ရင်ထဲကလာသည့် ချစ်ခြင်းနဲ့ မောင့်ကို ချစ်တာပဲဖြစ်သည်။

ဒါကြောင့် မောင့်အတွက် ပါရမီဟာ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင် မဖြစ်စေရပါဘူး။

"မောင်"

ရှင်ဟာ ပါရမီ့ကြောင့် ဘယ်တော့မှ အဆိပ်သင့်ပြီးကျန်ရစ်ခဲ့သူ မဖြစ်စေရဘူး။ ပါရမီ့အချစ်တွေနဲ့ မောင့်ဘဝကို ပိုင်ဆိုင်ပါရစေ။

ထို့ကြောင့်ပင် ပါရမီသည် နောက်တစ်ခါ ကိုမိုးမြင့်ယံ ဖုန်းဆက်လျှင် တစ်စုံတစ်ခုကို သေသေချာချာ ဆုံးဖြတ်ချက်ချကာ အဆုံးသတ်ဖို့ ကြံစည်နေမိတော့သည်။

"ကိုမိုးမြင့်ယံကို ပါရမီ လက်မထပ်နိုင်တော့ဘူး… ဒါကြောင့် စေ့စပ်ကြောင်းလမ်းထားတာကို ပါရမီ့သဘော အရှင် ဖျက်ပစ်လိုက်ပြီ…"

ဟုများ တုံ့ပြန်လျှင် ကိုမိုးမြင့်ယံ ဘယ်လောက် အံ့ဩသွားမှာပါလိမ့်။ အို - သိချင်စမ်းပါဘိတော့။

…❁…



စေတနာစာပေ
စေတနာစာပေ
www.burmeseclassic.com

www.burmeseclassic.com



ပါရမီ့အတွက် မောင့်ကို လုံးဝလက်လွှတ်ခံလို့ မဖြစ်နိုင်တော့ပြီမှန်း သေချာသွားစေသည့် အဖြစ်အပျက် တစ်ခုမှာ ဒီရက်ပိုင်းအတွင်း၌ပင် ဖြစ်ပွားခဲ့လေသည်။ အဲ့ဒါကတော့ မောင်နဲ့ စမ်းရေကလေးတို့အား အတူတွဲ၍ တွေ့လိုက်ရသော နံနက်ခင်း တစ်ခုကြောင့်ပင် ဖြစ်ပါသည်။

ထိုနေ့၏ နံနက်ခင်းမှာ ခါတိုင်းကဲ့သို့ နောက်ကျစွာပင် အိပ်ရာမှ နိုးထခဲ့စဉ်တုန်းကတော့-

"နံနက်လင်းချိန်မှာ ကိုယ်အမြင်ချင်ဆုံးအရာဟာ အချစ်။ မင်းလေးရဲ့အပြုံး... "

ဟူသော သီချင်း တစ်ပိုင်းတစ်စ အတိုင်း ခပ်တိုးတိုး ညည်းညူ။ အဲ့ဒီသီချင်းဆိုစဉ်မှာ မောင့်မျက်နှာနှင့် မောင့်အပြုံးတို့ကို ဖျက်ခနဲ မြင်ယောင်ကျေနပ်။

ပါရမီ့အတွက် မျက်နှာကလေး လန်းဆန်းပြည့်ဝစွာ လှပနေဖို့ အိပ်ရေးဝအိပ်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုလှအောင် နေတတ်စမြဲမို့ နံနက် (ရှစ်)နာရီဆိုတဲ့ ပါရမီ အိပ်ယာထချိန်သည် ပုံမှန်ဖြစ်လေသည်။ မောင် ဘယ်အချိန်အိပ်ရာဝင်သည်မသိ။ ဘယ်အချိန် အိပ်ရာထသည်မသိသော်လည်း၊ ပါရမီသည် အိပ်ရာထလျှင် ပထမဆုံး သတိရမိသူမှာ မောင်ပဲ ဖြစ်ခဲ့ပါသည်။

သို့သော် ဒီနေ့အတွက် မောင့်ကို သတိရ၍ ကြည်နူး

www.burmeseclassic.com



ရင်ခုန်ရသည်မှာ တစ်ခဏပဲ ကြာမြင့်ခဲ့၏။ ဘာဖြစ်လို့လဲဆိုရသော် ရေချိုးပြီး စိတ်ကြိုက်အလှပြင်ပြီး မောင့်အခန်းရှိရာဆီသူမ၏ ခန်းဆီး အဖြူကလေးလှစ်၍ ချောင်းကြည့်လိုက်တဲ့အခါမှာ၊ ပါရမီ့ကို များစွာတုန်လှုပ်ချောက်ချားစေသည့် မြင်ကွင်းကို တွေ့လိုက်ရတော့ တာပါပဲ။

"မောင်... "

ဟု မောင့်ကို ခပ်တိုးတိုး အလန့်တကြားခေါ်မိသည်။ မောင်သည် စမ်းရေကလေးခေါင်းမော့ ပြောပြသမျှ ခေါင်းတညိတ်ညိတ်၊ သဘောတကျဖြစ်ကာ စမ်းရေကလေးရဲ့ စကားတွေကို ဂရုတစိုက် နားထောင်ကာ။ အို - မောင်တို့နှစ်ယောက်ရဲ့ ဟန်ပန်တွေက တစ်ယောက်ကို တစ်ယောက်ယုံကြည်လေးစားမှု အပြည့်စိမ့်ဝင်လို့တည်း။

ဟင့်အင်း - မောင်။ ပါရမီက မောင့်ကို ဘယ်မိန်းမနဲ့မှ အတူတူတွဲ မတွေ့ချင်ဘူး။ ပါရမီ့ နံဘေးမှာ မောင့်ကိုပဲ မြင်ချင်တယ်။ အဲ့ဒီအတူတူပဲ။ မောင့်နံဘေးမှာလဲ ပါရမီ တစ်ယောက်သာပဲ ရှိချင်တယ်။ ဘယ်သူမှ ရှိမနေစေရဘူး။ ပါရမီ့ ကိုပဲ မောင်ဂရုစိုက်ရမယ်။ ပါရမီ့ကိုပဲ မောင်ချစ်ရမယ်။

မောင်သာ ပါရမီ့ဘဝထဲကို ရောက်မလာခဲ့ဘူးဆိုရင် ပါရမီ ဘယ်လိုများ ဆက်လက်ရှင်သန်ရပါ့။

www.burmeseclassic.com

www.burmeseclassic.com

ပါရမီသည် ဝန်တိုစိတ်များ၊ စိုးရိမ်စိတ်များ ထကြွ ဖိစီးလာကာ သွေးရူးသွေးတန်း အတွေးများဖြင့် မောင်နဲ့ စမ်းရေကလေးတို့ စကားပြောနေရာဆီသို့ ဘယ်လိုခြေလှမ်းတွေနဲ့များ လှမ်းလာခဲ့မိသည်မသိ။ ဖျတ်ခနဲရောက်လာကာ မောင်နဲ့ အနီးဆုံး နေရာတွင် ဝင်ရပ်ပစ်လိုက်သောအခါ-

"ဟော... ပါရမီ..."

မောင်က သူမ တမ်းတရသော အပြုံးကလေးဖြင့် နှုတ်ဆက်ဖော်တော့ ရသားနော်။

"ဘာတွေများ အရေးတကြီး တိုင်ပင်နေကြတာတုန်း...။ စောစောစီးစီးကြီး ပါရမီတောင် ခုမှနိုးတာ..."

"ကျွန်တော် စောစောနိုးနေတာနဲ့ လမ်းထွက်အလျှောက် စမ်းရေက ဈေးဘက်က ပြန်အလာမှာ ဆုံကြရင်း ဝတ္ထု အကြောင်း ပန်းချီအကြောင်း ဆွေးနွေးနေကြတာ စကား လက်စသတ်မရဖြစ်နေတယ်လေ...။ ခါတိုင်းလဲ ဒီလိုပါပဲ။ စမ်းရေနဲ့ ကျွန်တော်က ဂန္ထဝင်မြောက် ပန်းချီကားတွေ၊ ကဗျာတွေ၊ ဝတ္ထုတွေအကြောင်း ပြောကြရရင် ထမင်းစား ဖို့တောင် မေ့ချင် မေ့သွားကြရောဗျ..."

"ဆရာလဲ ဝတ္ထုတစ်ဝက်ကျိုးနေပြီ...။ စမ်းရေလဲ ပန်းချီရေး လက်စ တစ်ဝက်ရောက်နေပြီ... သိလား မမ...။

စေတနာစာပေ



အံ့ဩစရာ ကောင်းလောက်အောင် မတိုင်ပင်ကြဘဲ တိုက်ဆိုင်နေကြတယ်။ နောက်ပြီး စမ်းရေသုံးချင်တဲ့ အရောင်တွေကို ဆရာ့ကို ပြောပြတော့ ဆရာက သူလဲ အဲ့ဒီအရောင်ပဲ သုံးဖို့ ပြောမလို့တဲ့... အရမ်းစိတ်ကူးတူ နေတယ်..."

စမ်းရေကလေး၏ ရွှင်ပျသွက်လက်သော အသံကို သူမ မနာလိုလှချေ။ မောင်နဲ့ စမ်းရေတို့ စိတ်ကူးတွေတူပဲတူနိုင် လွန်းတာကိုလဲ ပါရမီ အလိုလို ဒေါသဖြစ်ချင်နေခဲ့ပြီ။ ကြည့်စမ်း ဘယ်လောက်ခံပြင်းစရာ ကောင်းလိုက်သလဲ။ ငါမှာတော့ တစ်နေ့ တစ်နေ့ မောင့်ကို ချစ်ရဖို့ မောင့်အချစ်ကိုရဖို့ ဘယ်လိုအလှပြင်ရ မလဲ။ မောင့်အကြိုက်တွေ ဘယ်လိုဖန်တီးရမလဲနဲ့ စိတ်ကူးယဉ် မျှော်လင့်ခဲ့ရသဘောက် မောင်နဲ့ စမ်းရေကလေးတို့ကတော့ စိတ်ကူးယဉ်တာခြင်းတောင် တူနေသတဲ့။

"တဲ... တဲ... စိတ်ကူးတူတဲ့ အထိမ်းအမှတ်နဲ့ နံနက်စာ လက်ဖက်ရည်ကလေးကိုတော့ သောက်ဖြစ်အောင် သောက်ကြပါဦးနော်... ဆရာ... ပါရမီတို့နဲ့ အိမ်ဘက် လိုက်ခဲ့ပြီး လက်ဖက်ရည် အတူတူလိုက်သောက်ပါလား ဆရာ..."

"မေမေ စောင့်နေမလား မသိဘူး..."

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"အို... မပူပါနဲ့။ ပါရမီက အန်တီ့ကိုပါ လက်ဖက်ရည် သောက်ဖို့ မေမေ့ကို ခေါ်ခိုင်းထားခဲ့တယ်။ ခါတိုင်းလဲ ဆရာက အိပ်ရာထနောက်ကျတာလား ဘာလားတော့ မသိဘူး။ ဒီဘက်က လက်ဖက်ရည်ဝိုင်းကို အန်တီနေ့တိုင်း လာတယ်။ ပါရမီနဲ့ ဆုံတဲ့အခါလဲ ရှိတယ်။ မဆုံတဲ့အခါလဲ ရှိတယ်။ မေမေပြောတော့ နေ့တိုင်း မေမေနဲ့လာပြီး လက်ဖက်ရည် အတူတူသောက်သတဲ့။ ဆရာ မသိဘူးထင် တယ်။ အန်တီက ပြန်မပြောဘူးလား..."

"ပြောတော့ ပြောပါတယ်... ဒါပေမယ့် ကျွန်တော်နဲ့လဲ မေမေက လက်ဖက်ရည်တစ်ခါ ထပ်သောက်သေးတယ်။ ကျွန်တော်က ညဘက်ကို အရှိန်ရရင်ရသလို စာရေးဖြစ် တော့ မနက်ဆို ထမင်းစားချိန်နီးမှာ နိုးတာများတတ် တယ်။ ဒါကြောင့် ပါရမီတို့ဘက်က လက်ဖက်ရည်ဝိုင်းကို မမှီတာ များနေတယ်လေ။ ဒီနေ့တော့ ညက စောစောအိပ် ချင်စိတ် ဖြစ်တာနဲ့ အိပ်ဖြစ်ပြီး စောစောနိုးနေတော့ အင်း... မေမေ့ လိုပဲ လက်ဖက်ရည်ဝိုင်းကို ပါရမီတို့နဲ့ရော သားအမိနှစ်ယောက်တည်းရော ဆင်နွှဲရမှာပေါ့ဗျာ..."

"ဆရာကရော လက်ဖက်ရည် ကြိုက်လားဟင်..."

စမ်းရေကလေးသည် ယခုအခါ စကားဝိုင်း၏

စေတနာစာပေ



ဘားရောက်သွားရလျက်၊ သူမ၏ ပုံစံအတိုင်း ခေါင်းငုံ့ ငြိမ်သက် ကာ ပါရမီ့နဘေးမှ ခပ်ဖြည်းဖြည်း ပါလာခဲ့သည်။ အင်မတန် လှပတဲ့ မိန်းမတစ်ယောက်ကို အရေးတယူစကားပြောဖို့ ဘယ် ယောကျ်ားမဆို လိုလားကြတယ်ဆိုတာ ပါရမီ မသိရင် ရာဇဝင် ရိုင်းသွားမယ် ဟု ကြိမ်းဝါးလိုက်သေးသူမှာ ပါရမီတည်း။

"ကျွန်တော်က လက်ဖက်ရည်သောက်ရင် လေအောင့် တက်လို့ ကော်ဖီပဲ သောက်ပါတယ်...။ အလွယ်တကူပဲ လက်ဖက်ရည်ဝိုင်းလို့ သုံးပေမယ့် မေမေက ကျွန်တော်နဲ့ အတူတူဆိုရင် ကော်ဖီသောက်တယ် ပါရမီ..."

"ဟုတ်လား ဆရာ... ပါရမီတို့နဲ့တော့ လက်ဖက်ရည် သောက်ရင် သောက်တယ်။ တစ်ခါတစ်လေ ဖေဖေနဲ့ မေမေတို့က နွားနို့စစ်စစ်ရတဲ့အခါမျိုးမှာ နွားနို့သောက် ဖြစ်ရင်လဲ အန်တီက လိုက်ပြီးသောက်တတ်တယ်။ ဆရာ ဘာသောက်သလဲတော့ ပါရမီ မေ့ပြီး မမေးခဲ့မိဘူး..."

အမှန်ကတော့ မောင့်မေမေ၏ သူမအပေါ် ခပ် ဘန်းတန်း ဆက်ဆံမှုများကို သူမကိုယ်တိုင်လဲ ကြည့်မရဖြစ်နေ ခဲ့၍ မောင့်မေမေအား စကားဟဟပင် မပြောဖြစ်ချေ။ များသောအားဖြင့် မောင့် မေမေသည် စမ်းရေကလေးနဲ့သာ စကား လက်ဆုံပြောနေတတ်ခြင်း။ ဖေဖေနဲ့ မေမေတို့နဲ့အတူ

စေတနာစာပေ

www.burmeseclassic.com

စကားလက်ဆုံပြောနေ တတ်ခြင်းဖြင့် သူမအား လျစ်လျူရှု
တတ်သူ။ သိပ်အမြင်ကပ် စရာကောင်းတဲ့ မိန်းမကြီးပဲ။

သို့သော် ထိုမုန်းတီးစိတ်များ ရင်တွင်းမှာ သို
ထားရပါမည်။ မောင်သည် သူ့မိခင်အား အင်မတန် ဦးစား
လှသူဖြစ်၍ မောင့်အကြိုက်လိုက်ကာ မောင့်မေမေအကြော
ဟန်ဆောင် ပြောနေတတ်ဖို့ ပါရမီ ပါးနပ်ရပါမည်။

"ပါရမီကရော..."

"အင်း... ပါရမီက လက်ဖက်ရည်ကြိုက်တယ်ဆိုပေ
တီးမစ်မှ သောက်တာပါ...။ တစ်ခြားဘယ်လက်ဖက်
မှ သောက်လို့ မတတ်ဘူး..."

"ဟုတ်တယ် ဆရာ...။ မမက တံဆိပ်တစ်ခုတည်းပဲ
မြဲမြဲသောက်တတ်တယ်...။ တစ်ခါတစ်လေ မှားဝယ်
ရင် လုံးဝမသောက်တော့ဘူး..."

စမ်းရေကလေးသည် ဘာစိတ်ကူးပေါက်
မသိ။ ထိုစကားတစ်ခွန်း ပြောအပြီးမှာ ရှေ့က ခပ်သွက်
သွားနှင့်တော့၏။ အိမ်ထဲဝင်လာသည့် ပါရမီနှင့် မော
အားလုံးက လိုက်ကြည့်ကြသည်။ ဘာဖြစ်သလဲနော်။ စမ်း
တောင် မောင်နဲ့ပါရမီ နှစ်ယောက်တည်း နောက်မှာ တွဲ
ကျန်ခဲ့အောင် ဖန်တီးပေးမှတော့ မော်ကွန်းနဲ့ ပါရမီ သတ်

စေတနာစာပေ





ဝင်လာတာ ဆန်းသလား။

စမ်းရေကလေးက သူမ၏ ဝတ္တရား မပျက်စွာ
ပါရမီ့အတွက် Owl တံဆိပ် Tea Mix ကို ရေနွေးထည့်ပြီးသည့်
ခွက်ထဲသို့ ဖောက်ထည့်ပေးကာ ဇွန်းကလေးဖြင့် အသာမွှေ၍
ပါရမီ့ရှေ့တွင် ချပေးဖော်တော့ ရသား။

"တွေ့လား...ဆရာ...။ ပါရမီက Owl တံဆိပ်ကိုပဲ စွဲစွဲမြဲမြဲ
သောက်တယ်။ ရန်ကုန်မှာတော့ ရှာရတာ လွယ်ပေမယ့်
ဒီမှာတော့ ဝယ်ရခက်တာနဲ့ ရန်ကုန်တစ်ခေါက်သွားတာ
ကြုံတိုင်း ခပ်များများ ဝယ်နိုင်းထားရတယ်..."

"ဟုတ်တယ်... တခြားတံဆိပ်တွေများပေမယ့်... ဒီတံဆိပ်
က ဈေးကွက်မှာ သိပ်မတွေ့ဘူး..."

စမ်းရေကလေးသည် ကော်ဖီတစ်ခွက်ကို စ
ဖျော်စဉ်မှာပဲ ပါရမီဟာ သူမရဲ့ ဟာကွက်ကို မြင်သွားတော့၏။
အဲ့ဒါကတော့ ပါရမီဟာ စမ်းရေကလေးစီစဉ်ပေးသည့်
လက်ဖက်ရည်ကို သောက်နှင့်ပြီး မောင့်ကို ဘာသောက်မလဲ
မေးမိ။ မောင့် အတွက် မစီစဉ်မိ။ စီစဉ်ဖို့လဲ စိတ်ကူးမရှိခဲ့မိတာပဲ
ဖြစ်လေသည်။

"ဆရာ... ကော်ဖီသောက်ပါဦး..."

စမ်းရေကလေးက မောင့်ရှေ့တွင် ကော်ဖီခွက်ကို

စေတနာစာပေ

www.burmeseclassic.com

 www.burmeseclassic.com

ချပေးသောအခါမောင်သည်ကျေးဇူးတင်ဟန်ဖြင့်စမ်းရေကလေး
အား ခေါင်းဆက်ပြုံးပြ၏။

အို... မဖြစ်တော့ဘူး။ ကြာရင် မောင်ဟာ ငါ့
စမ်းရေတို့ကို အရာရာမှာ ယှဉ်ပြီး စဉ်းစားတော့မယ်။ အဲ့ဒီအ
ကျရင် ငါ့ရဲ့ ဟာကွက်တွေ၊ ပျော့ညံ့ကွက်တွေ လိုအပ်ချက်တွေ
အားလုံးအားလုံးကို မောင် သိပြီး ငါ့ကို မရွေးချယ်တော့မှာစိုး
လှပါရဲ့။

စမ်းရေကလေးဟာ ငါနဲ့ယှဉ်လိုက်တိုင်း ရှုံးနိမ့်
စေရမယ် ငါနဲ့ဘယ်တော့မှ ယှဉ်ပြီး ရွေးခံရတဲ့သူ ဖြစ်မလာ
ရဘူး။

ထို့ကြောင့်ပင် ပါရမီသည် တစ်သက်လုံး မလု
ပါဘူးဟု ကြွေးကြော်ထားသည့် ကော်ဖီဖျော်သည့် အတတ်
ကို စတင်ဆည်းပူးဖို့ ပြင်ဆင်ခဲ့တော့၏။

.....✿.....



## (၅)

ပါရမီသည် သူမ၏ ခြေလှမ်းများကို ဆက်တိုက်
...ဖို့ နောက်ရက်များမှာပင်အကောင်အထည်ဖော်တော့သည်။
...ကလင်းပြီဆိုတာနဲ့ မောင့်အတွက် ကော်ဖီကို အကျအန
...ကာ ကိုယ်တိုင်သွားပို့ရင်း မောင်နဲ့ စကာလက်ဆုံ ပြောတတ်
... ပြီးတော့ မောင် စာစရေးပြီဆိုရင် မောင့်နံဘေးမှာ ငြိမ်ငြိမ်
...လေးထိုင်ရင်း မောင့်မျက်နှာကို တစ်စိမ့်စိမ့်ထိုင်ကြည့်ဖို့၊ တစ်ခါ
...ခါ မောင့်ရဲ့ ထွက်ပြီးတဲ့ ဝတ္ထုတွေထဲက တစ်အုပ်တစ်လေ
...တတ်နေတို့၊ တစ်ခါတစ်ရံ မောင်ဖွင့်ထားတတ်သည့် အမေရိ
... ကျေးလက်သီချင်းခွေတွေ တစ်ခွေပြီးတစ်ခွေ လဲပေးရင်း
...ယ်တိုင် ခပ်တိုးတိုး လိုက်ညည်းဖို့ မောင့်မေမေ မကြည့်လင်မှန်း



www.burmeseclassic.com

www.burmeseclassic.com


သိရက် စကားမရှိ စကားရှာ ဝင်ရောဖို့ အို... ဒါတွေကိုမျက်နှာ ပြောင်တိုက်ပြီးတော့လဲ လုပ်ရဲသူမှာ ပါရမီပင် ဖြစ်ပါသည်။

မောင်ရော ဘာထူးလို့လဲ။ ပါရမီ့ကို မျှော်နေတတ်ပြီမှန်း ပါရမီ မသိဘဲ နေပါ့မလား။ ပါရမီက ပြောင်ပြောင်တင်းတင်း မောင့်ကို ထိုင်ငေးရဲပေမယ့် မောင်ကတော့ ပါရမီ့ကို ခိုးကြောင် ခိုးဝှက် ငေးတတ်သူ။ တစ်ခါတစ်ရံ တွေဝေနေတတ်သူ။ ပါရမီ ထင်သည်။ အဲ့ဒီ တစ်ခါတစ်ရံဟာ မောင့် မေမေရဲ့ စကား..တွေ ကြားထားတဲ့ နေ့တွေမှာ မောင်တွေဝေနေတတ်တာ ဖြစ်မည်။

"ပါရမီ... ဒါကဘယ်လဲ။ ခဏလာထိုင်ဦး ပြောစရာ ရှိတယ်..."

ပါရမီ၏ ခြေလှမ်းများအတွက် မေမေနဲ့ ဖေဖေတို့ထံမှ တုံ့ပြန်မှုကို ရရှိတော့ ရရှိတော့မည်မှန်း မျှော်လင့်ထားပြီးဖြစ်၍ မေမေ ထိုသို့ခေါ်စဉ်မှာ ပါရမီသည် မတုန်မလှုပ်ပင် မေမေ့ရှေ့ ဝင်ထိုင်ရပါသည်။

"ပြောလေ... ဘယ်သွားဦးမလို့လဲ..."

"အို... မေမေ သိရက်သားနဲ့..."

"စကားကောင်းကောင်းပြောစမ်း ပါရမီ... ညည်းဘယ်သွားမယ်ဆိုတာ သိလို့ တမင်မေးတာပေါ့။ ဘာတွေလုပ်နေသလဲဆိုတာကိုတော့ သိချင်တယ်။ ကိုယ့်ပတ်ဝန်းကျင်ကိုလဲ နည်းနည်းပါးပါးကလေးများ ဂရုစိုက်ပါဦး။ မိဘမျက်နှာလဲ ထောက်ပါဦး ပါရမီ..."

ထင်သားပဲ။ ဒါတွေနဲ့ပဲ မောင့်ဆီမသွားဖို့ တားမြစ်ပဲ။ မောင်ဟာ စမ်းရေကလေးနဲ့ ပတ်သက်သူအဖြစ်တသဝေ သတ်မှတ်ကြတာများမှန်း မေမေတို့ သိသွားစေရမည်။

"ပါရမီ့ဘာသာ ကိုမော်ကွန်းဆီ သွားလည်တာ၊ သွားစကားပြောတာ၊ ကော်ဖီဖျော်ပြီး သွားပို့တာ၊ သူ့ စာအုပ်တွေ သွားဖတ်တာ။ ဘယ်သူကို ထိခိုက်လို့လဲ မေမေ။ ပြီးတော့ အဲ့ဒီဘက်အိမ်မှာ ဆရာတစ်ယောက်တည်း မဟုတ်ပါဘူး။ သူ့အမေလဲ အမြဲရှိနေပါတယ်..."

"ဒါပေမယ့် ယောကျာ်းတစ်ယောက်နေတဲ့ နေရာကို မိန်းကလေးက စပြီးသွားတာဟာ ညည်းသိက္ခာကျတယ် အေ့။ နောက်ပြီး သွားဖို့လဲ မသင့်ဘူး...။ စာရေးဆရာဟာ ဘယ်သူကြောင့် အိမ်ကို လာလည်တယ်ဆိုတာ ညည်းသိရက်သားနဲ့ ကော်ကြာ ဟိုက ဘယ်လိုထင်သွားမလဲ။ ညည်းတစ်ယောက်တည်းတင်မက အားလုံးကိုပါ ထိခိုက်တယ်။ ဘယ်နှယ့် ညီမနဲ့ ပတ်သက်တော့မဲ့လူတစ်ယောက်ကို အစ်မက ဝင်လုတဲ့အဖြစ် နောက်ပြီး ကိုယ်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း သတိရစမ်းပါဦး။ မကြာခင် ဘယ်သူနဲ့ လက်ထပ်ရတော့မယ်ဆိုတာ သေချာပြီးတဲ့ မိန်းမတစ်ယောက်ဟာ ကိုယ့်ရဲ့ ခင်ပွန်းလောင်းကိုတော့ သစ္စာ ရှိသင့်ပါတယ် ပါရမီ... "

"ဆရာနဲ့စမ်းရေကလေးက လုပ်ငန်း စပ်တူတဲ့ မိတ်ဆွေတွေ အဖြစ်ပဲ ပတ်သက်ကြတာမဟုတ်လား.. "

"အဲဒါအရေးမကြီးပါဘူး.. အရေးကြီးတာက ပါရမီဆိုတဲ့ မိန်မတစ်ယောက်ဟာ၊ မိုးမြင့်ယံဆိုတဲ့ ယောကျ်ား တစ်ယောက်နဲ့ တရားဝင်စေ့စပ်ထားပါလား ဆိုတာ ကိုကောဦးနှောက်ထဲထည့်ထား"

"စေ့စပ်ထားတာပဲ လက်ထပ်ပြီးတာမှမဟုတ်တာ။ ပါရမီသဘောမကျရင် အချိန်မရွေး ဖျက်ပစ်ချင်လဲ ဖျက်ပစ်လို့ရကယ် မေမေ။ ပါရမီဘာသာလုပ်ချင်တာ လုပ်ခွင့်မပေးတာတော့ မေမေကို ပါရမီကို ချုပ်ချယ်တာပဲလို့ ထင်တယ်... "

"ဘုရားရေ... ကိုယ်အမှားတော့ ကိုယ်မမြင်ဘဲ မိဘကို ပြန်နှုတ်လှန်ထိုးဖို့တော့ ဘတ်နေပါလား ပါရမီ အခုဟာက မသင့်တော်လွန်လို့ ပြောရတာဟော့။ အရင်က ညည်း ဘာလုပ်လုပ် ပြောမရမှန်းသိလို့ မပြောဘဲ နေခဲ့တယ်

စေတနာစာပေ



ဆိုတာ ညည်းလဲအသိပဲ... "

မေမေအသံ နည်းနည်းကျယ်လာ၍ ဖေဖေကထက်အသာကာပြီး ဟန့်တားလေသည်။ စမ်းရေကလေးသည်ရောက်နေပါလိမ့်။ အခုရက်ပိုင်းတွေမှာ ပါရမီလဲ မောင့်ဆီခိုန်ပြည့်ရောက်နေမလို့ စမ်းရေကလေးလဲ သူမရဲ့ အခန်းထဲမှာအောင်းနေချိန်များနေတာဟာ ပါရမီကို အရှုံးပေးလိုက်ခြင်းလား။ ဒါမှမဟုတ် မေမေတို့က ဆူပူတားမြစ်ကြမှာကို သိနှင့်၍ စိတ်အားလက်အေး ဖြစ်နေခြင်းလား။ အို... ဘာပဲဖြစ်ဖြစ် စမ်းရေကလေးက မေမေတို့ကို အနည်းနဲ့အများတော့ တိုင်တော့မှာပဲ။

အလကား.. သူဟာ ငါကိုမယှဉ်နိုင်မှန်း သိလို့ မောင့်ကို ငါလက်ထဲကမရ ရတဲ့နည်းနဲ့ ပြန်လုနေတာပဲ။ အင်မတန်ညံ့ဖျင်းတဲ့ စမ်းရေကလေးပဲ ဖြစ်သည်။ မောင်ဟာ သူ့ကိုတကယ်မချစ်ခဲ့လို့ ပါရမီကို စမြင်ကတည်းက စိတ်ဝင်စားခဲ့တယ်ဆိုတာ သေချာနေမှတော့။

အကယ်၍ ကိုမိုးမြင့်ယံနဲ့သာ မစေ့စပ်ထားတဲ့ ပါရမီသာဆိုရင် မောင်က အခုဆိုဖွင့်ပြောပြီး လောက်ပြီးဟု ပါရမီက ယူဆပစ်လိုက်ပါသည်။

အခုချိန်လောက်ဆို မောင်ကကော်ဖီလာပို့မယ့် ပါရမီကို မျှော်နေလိမ့်မည်။ ဒါမှမဟုတ် သူ့မေမေရဲ့ စကားတချို့

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

မှာ တွေ့ဝေစွာ ပါရမီအလာကို မရဲတရဲ စောင့်ချင်စောင့်နေလိမ့်မည်၊ သေချာတာကတော့ မောင်ဟာ စမ်းရေကလေးကို လုံးဝစိတ်မဝင်စားတော့ဘဲ ပါရမီကို စွဲလမ်းစပြုနေပြီမှန်း ပါရမီသည် သူမ၏ အတွေ့အကြုံများအရ အကဲခတ်တတ်ပြီးမို့ ပါရမီသည် မေမေဘယ်လောက်ဆူပါစေ၊ ဂရုစိုက်တော့မည် မဟုတ်ကြောင်း မေမေနဲ့ဖေဖေမသိချေ။

"သမီး... ဒီအတိုင်းသာ ထင်တိုင်းကြဲနေမယ်ဆိုရင်တော့ ဖေဖေတို့ ကိုမိုးမြင့်ယံကို ပြန်ခေါ်ပြီး အမြန်ဆုံး လက်ထပ်ပေးဖို့ စီစဉ်ရတော့မှ ဖြစ်မယ်...။ အစတည်းကလည်း စေစပ်ပြီးပြီးချင်း လက်ထပ်ကြဖို့ စေ့စပ်တာနဲ့ လက်ထပ်တာကို သိပ်အချိန် မခြားစေဖို့ ဖေဖေပြောခဲ့တယ်။ အဲဒါကို သမီးက မောင်မိုးမြင့်ယံကို အနိုင်ကျင့်ပြီး နိုင်ငံခြား တစ်ခေါက်သွားပြီး ပြန်လာမှ လက်ထပ်မယ်။ ဘယ်အချိန်ကျမှ ဘယ်တော့မှနဲ့ ရွှေ့ခဲ့လို့ ဒီလောက်အထိ ကြာသွားတာထား။ ဒါပေမယ့် မဖြစ်သင့်တာတွေ ဖြစ်အောင် သမီးတမင်ဖန်တီးနေတာတော့ မကောင်းဘူး ပါရမီ...။ မိဘမျက်နှာကို အိုးမည်းသုတ်ရာလဲ ရောက်တယ်... သမီးရဲ့သိက္ခာလဲထိခိုက်တယ် မောင်မိုးမြင့်ယံသိရင် သမီးတို့ ကြားမှာ ပြဿနာဖြစ်ပြီး သမီးပဲ နာမည်ပျက်ရမှာ စဉ်းစားပါကွယ်... "

စေတနာစာပေ



ဟင့်အင်း... ဖေဖေ။ နာမည်ပျက်ရင်လဲ ပျက်ပါစေတော့။ မောင့်ကို လက်လွှတ်မခံနိုင်တော့လို့ ကိုမိုးမြင့်ယံနဲ့ စေ့စပ်ထားတာကို ကိုယ်ဘာသာ ဖျက်ပစ်ဖို့ တောင်စိတ်ကူးခဲ့ပြီး ပါရမီသည် ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာ ချပြီးသည့် မျက်နှာဖြင့် ဖေဖေအား ခပ်ပြုံးပြုံး ကြည့်၍။

"ဖေဖေ... သမီးနဲ့ ကိုမိုးမြင့်ယံ စေ့စပ်ထားတာကို ဖျက်ပစ်မယ်ဆိုရင် သမီးကို ဘယ်လိုများ အပြစ်ပေးမှာလဲဟင်..."

"ဘာ... ဘာ... ပြောတယ်။ ဘာဖြစ်လို့ စေ့စပ်တာကို ဖျက်ပစ်ရမှာလဲ အဓိပ္ပါယ်မရှိတာ။ ကိုယ့်သိက္ခာကျလို့ ကျမှန်းလဲ မသိဘူးလား...။ နေစမ်းပါဦး။ စေ့စပ်မယ်ဆိုတုန်းကလဲ မိဘကို ခိုင်ပင်လို့လား ကိုယ့်ဘာသာ ရွေးချယ်လာပြီး စေ့စပ်မယ်လို့ အသိပေးမှသာ မိဘက သိခွင့်ရတာ...။ မိဘက ခေါင်းညိတ်ရုံ သဘောတူရုံပဲ နင်အသိအမှတ်ပြုခဲ့ပြီးမှ အခု ဘာကိစ္စ ဒီစေ့စပ်တာကို ဖျက်ပစ်ရတာလဲ။ မှန်မှန်ပြောစမ်း ပါရမီ...။ နင်နဲ့ စာရေးဆရာနဲ့ ဘာတွေဖြစ်နေပြီးလဲဟင်။ ဘာတွေ ဖြစ်နေကြလို့ နင်ပဲ စိတ်ကြိုက်ရွေးချယ်ထားတဲ့ မိုးမြင့်ယံနဲ့ စေ့စပ်တာဖျက်ပစ်ဖို့အထိ ကြံစည်နေကြတာလဲ။ ငါရှက်တယ်... ငါသိပ်ရှက်တယ်။ နင့်လို သမီးတစ်ယောက် ရဲ့

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

အခုမှ ဖြစ်ရတာ သိပ်ရှက်တယ်... သိလား... မိပါရမီ..."

ဖေဖေသည် ထိုသို့ ဒေါသတကြီး ထအော်ပြီးလျှင် ပါရမီ့ ပါးတစ်ဘက်အား လက်ပြန်ရိုက်ချသောအခါ ပါးပြင်တစ်ဘက်ပူခနဲ ဖြစ်လျက်။ မျက်ဝန်းတွေထဲမှာ ဝင်းခနဲဖြစ်သွားလျက်၊ ဆိုဖာပေါ်သို့ ပုံရက်သား လဲကျသွားပါသည်။

"ဟင်... ဖေဖေကဘာမဟုတ်တဲ့ ကိစ္စလေးနဲ့တောင် ပါရမီကို ရိုက်တယ်ပေါ့လေ...။ ဒီအိမ်ကလူတွေဟာ ပါရမီကို ဆို ဘယ်တော့မှ အကောင်းမမြင်ကြဘူး...။ သေချင်တယ် ပါရမီ သေချင်တယ်... "

ပါရမီသည် ဖေဖေနဲ့ မေမေကို နာကြည်းစွာ စိုက်ကြည့်ပြီးနောက် ဒေါသတကြီးဖြင့် သူမ၏ အခန်းဆီ ပြေးတက်အလာတွင် သူမနှင့် ဘေးချင်းကပ် အခန်း၌ရှိနေသည့် စမ်းရေကလေးက ပြေးထွက်အလာနှင့် ဆုံသွားသည်။

"စမ်းရေ.. နင်မြဲမြဲမှတ်ထား။ ပါရမီက ဘယ်တော့မဆို ကိုယ်လိုချင်တာ၊ ကိုယ်ဖြစ်ချင်တာကို မရရအောင် လုပ်ယူတတ်တယ်...။ ဘယ်တော့မှ အလျှော့မပေးဘူးဆိုတာ နင့်ခေါင်းထဲ ထည့်ထားလိုက်စမ်းပါ။ ငါ့ကို ဒီနည်းနဲ့ ယှဉ်လို့မရဘူး... စမ်းရေ.. "

"ဟင်... ဘာတွေလဲမမရယ်...။ စမ်းရေ တစ်ခုမှ မသိရပါ ဘူး... "

ပါရမီသည် တစ်ချက်ရယ်ပစ်လိုက်ပြီး နောက် အခန်းတံခါးအား ဝုန်းခနဲ ဆွဲပိတ်လိုက်သောအခါ စမ်းရေကလေး တစ်ယောက်တည်း ခပ်ငေါင်ငေါင် ရပ်ကျန်ခဲ့လေသည်။

မထင်မှတ်သော အဖြစ်အပျက်များက ဒီရက်ပိုင်းမှာ ဆက်တိုက်ဖြစ်ပွားခဲ့တော့သည်။ အဲ့ဒါတော့ သူမနဲ့ မိဘတွေအကြား ပြဿနာ အကြီးအကျယ် ဖြစ်ပြီးသည့်နောက် တစ်နေ့ နံနက်စောစောတွင် ပါရမီစောစီးစွာ နိုးထလာခဲ့သော်လည်း မောင်နဲ့ သူမိခင်တို့သည် အထုပ်အပိုးကိုယ်စီဖြင့် ကားပေါ် တက်ရန် အဆင်သင့် ဖြစ်နေခဲ့လေသည်။ ဘုရား... ရေ။ မောင်တို့ မြန်မာပြည်ကြီး ပြန်တော့မလို့တဲ့လား။ အို... ဒုက္ခပါပဲ။ မနေ့က ပြဿနာကြောင့်တော့ ဟုတ်မယ်မထင်ပါဘူး။ အသံလုံတဲ့ အိမ်မို့ အထဲက ပြောသံ ဆိုသံ။ သူမရဲ့ အော်သံတွေ မောင်တို့သားအမိ မကြားနိုင်ပါ။

နေဦး။ ဒါဟာ ဘယ်သူ့စနစ်ကြောင့် ဖြစ်နိုင်မလဲ။ အဖြစ်နိုင်ဆုံး တစ်ခုကတော့ ပါရမီရဲ့ ရှေ့ဆက်လာသည့် ခြေလှမ်းတွေကြောင့် မောင့် မေမေက သူ့သားကို ပါရမီလက်ထဲက ဆွဲထုတ်သွားတာပဲ ဖြစ်မည်။

"ရှုတ်တရက်ကြီး ပြန်ရတာကျွန်မတို့ကတောင် အားနာ






www.burmeseclassic.com

www.burmeseclassic.com

ရပါတယ်... မသက်ဆွေရယ်။ ညက ကျွန်မ ညီမဆီက
ဖုန်းဆိုလို့ မသက်ဆွေတောင် ကျွန်မကို ဒီဘက်က လှမ်း
ကိုင်ခိုင်းသေးတယ်လေ။ အဲဒါဘာဖြစ်လို့ ဆက်ရသလ
ဆိုတာ သူ့ရင်သား ကင်ဆာအတွက် ခွဲစိပ်ဖို့ ဆရာဝန်က
ချက်ချင်းချိန်းလိုက်ပြီတဲ့။ မမကြီး သူ့နားမှာ လာနေ
တဲ့လေ။ အသက်အရွယ်ကဖြင့် ငါးဆယ်ကျော်နေပြီ
အစ်မကိုအားကိုးတုန်းပဲရှင့်။ နက်ဖြန် သန်ဘက် ခွဲရမှာ
ဆိုတော့ ကျွန်မချက်ချင်းပဲ လိုက်သွားဖို့ ညကသား
တိုင်ပင်လိုက်ကြတာ မသက်ဆွေတို့ကိုတောင် ဖုန်း
လှမ်းပြောလိုက်ပါသေးတယ်... "

"အေးလေ... တားလို့မရတဲ့ အဖြစ်ကြီးဆိုတော့
မတားတော့ပါဘူး။ ဒါပေမယ့်လာတုန်းက တစ်
ကျော်ကျော် လောက်နေဖြစ်မယ်ဆိုပြီး ချက်ချင်းပြန်
သွားတော့ ဒီက ဘာလက်ဆောင်မှလဲ စီစဉ်မပေ
လိုက်ရဘူး..."

ပါရမီ ဝရုန်သုန်းကား ပြေးချပြီး မေမေ့နားရော
ရပ်တော့ မောင်က ခေါင်းဆတ်ပြုး၍ နှုတ်ဆက်လေသည်
ဟင့်အင်း မောင်နှုတ်မဆက်နဲ့။ နှုတ်ဆက်တယ်ဆိုတာ ခွဲခွာခြင်း
ရဲ့ နိမိတ်ပဲ။ ပါရမီက မောင့်ကိုမှ မခွဲချင်တာ။ မောင့်



ပိုင်ဆိုင်ရဖို့တော့ ပါရမီ ဘယ်တော့မှ ဖွဲမလျှော့ဘူး ဟု ပါရမီသည်
မောင့် အား အဓိပ္ပါယ်များစွာဖြင့် ပြန်စိုက်ကြည့်ပစ်လိုက်ပါသည်။

"ပါရမီတို့မှာ သေသေချာချာ ဧည့်ဝတ်တောင် မပြုလိုက်
ရဘူးနော် မေမေ... "

"ရပါတယ်... ပါရမီရယ်။ ဒီလောက်ဧည့်ဝတ်ကျေခဲ့တာ
နဲ့ပဲ အန်တီ ကျေးဇူးတင်လှပါပြီ... "

ဒါဟာ ခန့်တာလား ဒေါ်ယဉ်ယဉ်၊ နေ့တိုင်း ရှင့်
သားကို ကော်ဖီလာပို့ပေးတာဟာ ဧည့်ဝတ်ကျေတာလို့ တမင်ရို
တာ မဟုတ်လား။ နေဦး ရှင်ပိုသွားအောင်ကို လုပ်ပြလိုက်ဦးမယ်။
စောင့်ကြည့်ပါဦး။ ပါရမီ့ လက်ထဲက ရှင့်သားဘယ်လိုမှ ရုန်း
မထွက်နိုင်ပါဘူး။

"မယဉ်ယဉ်တို့ ရထားချိန်မှီအောင် အခုချိန်လောက်
တည်းက အိမ်ကထွက်မှဖြစ်မယ်။ ကဲ... ကဲ အလွမ်း
သယ်မနေကြနဲ့တော့လေ၊ ဘူတာရုံလိုက်ပို့ဖို့ ကားပေါ်
တက်ကြတော့လေ၊ ကားပေါ်မှာ စကားတွေ ဆက်ပြော
ရင်လဲ ရရက်သားနဲ့ကွာ... "

"ဟင်... ဖေဖေနဲ့မေမေ လိုက်ပို့မယ်... ဟုတ်လား... "

စမ်းရေကလေးက ပါရမီ့ နံဘေးတွင် လာရပ်
ပါရမီ့ အမေးကို မဖြေသည့် ဖေဖေနဲ့မေမေကိုယ်စား ဖြေပေး

www.burmeseclassic.com

www.burmeseclassic.com


ပါသည်။

"ဟုတ်တယ် မမ... ဖေဖေနဲ့မေမေက ဆရာတို့သားအ ကို ဘူတာရုံထိ လိုက်ပို့နှုတ်ဆက်ကြမှာ... "

"နင်ကဘာလို့ လိုက်မသွားတာလဲ... "

"စမ်းရေ နေမကောင်းဘူးဆိုတာ ပါရမီ မသိဘူးလား အန်တီပြောလို့ ကျွန်တော်က လိုက်မပို့ရင်လဲ ရပါတယ် တားတာနဲ့ လိုက်မပို့ဖြစ်ဘူးလေ...။ ပါရမီကတော့ အခု အိမ်ရာကနိုးတာဆိုတော့ ကျွန်တော်တို့ကို လိုက်ပို့ဖို့ မ မှန်း သိတာနဲ့ အန်တီနဲ့ အန်ကယ်ပဲ လိုက်ပို့ကြဖို့ စီစ ထားတယ်"

မောင်သည် ပါရမီနဲ့ စမ်းရေကလေးတို့ရဲ့ သီးသ သန့်သန့်နေတတ်မှုကို တအံ့သဩဖြစ်နေပုံရသည်။ တစ်အိ တည်း အတူနေတဲ့ ညီမအရင်း နေကောင်းသလား မကော သလား မသိသည့် ပါရမီ့ကို မောင်အပြစ်တင်ဖို့ မစဉ်းစားနဲ့နော် ပါရမီက မောင် တစ်ယောက်တည်းဆီမှာပဲ အာရုံတွေ အကုန် ထားခဲ့ ပြီးပြီ။

"ပါရမီနောက်မှပဲ ဆရာဆီ စာရေးလိုက်ဦးမယ်နော်... အခုတော့ အိပ်ရာထနောက်ကျတာနဲ့ ဆရာကိုလိုက်မ နိုင်တာ စိတ်မကောင်းပါဘူး"

စမ်းရေကလေးကတော့ ခပ်တိုးတိုး လေသံကလေး ...

"ဆရာ... စမ်းရေ မျက်နှာဖုံး အပြီးဆွဲပြီးမှပဲ ရန်ကုန် ဆင်းလာ ဖြစ်တော့မယ်ထင်တယ်။ ဒါမှမဟုတ် စာတိုက် ကပဲ ပို့ရင် ပို့လိုက်မယ်နော်... စမ်းရေ မအားရင်လာဖြစ် မယ် မထင်လို့ပါ..."

"ဘာဖြစ်လို့လဲ စမ်းရေ.. တစ်ခါတစ်ရံမှ ရန်ကုန်ဆင်း တာပဲ သမီးရယ်။ ပုံအပ်ရင်းလာခဲ့ပေါ့။ အန်တီ အဲဒီ အချိန်လောက် မှန်းပြီးမျှော်နေမယ်။ ဆက်ဆက်လာခဲ့ နော်... "

မောင့်မေမေသည် အင်မတန်မှ သိသာလှစွာ ါရမီကို ဆန့်ကျင်လျက် စမ်းရေကလေးအား ပွေ့ဖက်၍ ါးတစ်ဖက်ကို ရှုတ်နမ်းရင်း ဒီစကားကို ပြောတဲ့အခါမှာ ပါရမီက ားမှတ်ထားလိုက်သည်။ ရှင် ... သိပ်လိုလားတဲ့ စမ်းရေဟာ ဘယ်တော့မှ ရှင့်သားရဲ့ ဇနီးဖြစ်မလာစေရဘူး။

"ကဲ... သွားပြီ... ပါရမီ သွားပြီ.. စမ်းရေကလေး ခဏ တည်းခိုရတဲ့ အချိန်ကလေးအတွင်းမှာ အစစအရာရာ ဧည့်ဝတ်ကျေခဲ့တဲ့အတွက် ကျေးဇူးပါပဲ... "

"ကိစ္စမရှိပါဘူး... ဆရာရယ်။ ရှုတ်တရက်ကြီး ပြန်သွားလို့


www.burmeseclassic.com

www.burmeseclassic.com

ပါရမီက ဆရာ့အတွက် ဘာလက်ဆောင်မှတောင် မဆေ
လိုက်နိုင်လို့ ဝမ်းနည်းနေမိတယ်... ”

ခမမေက ကိုရဲရင့်ကို ကားစက်နိုးတော့ဖို့ တခ
ခပ်ကျယ်ကျယ်ပြောလိုက်ခြင်းသည် ပါရမီကို ဆန့်ကျင်ပစ်လို
ခြင်း ဖြစ်ကြောင်း၊ ပါရမီ ရိပ်မိသော်ငြား ဘယ်သူမှ ဂရုမစို
တော့ဘဲ၊ မောင့်မျက်နှာကိုသာ မလွှတ်တမ်း ငေးကြည့်မိပါသည်
ထိုအခါ မောင်လည်း ပါရမီ့ အကြည့်များ အောက်မှာပင်ကျဆုံ
သွားရသူ ဖြစ်ခဲ့တော့သည်။

“ဒါဟာ ဘယ်သူ့အကြံအစည်လဲ... ”

ဟု မောင်တို့ကို သယ်ဆောင်သွားသည့် ကား
ကလေး၏ နောက်မြီးအား မမြင်ရတော့သော အချိန်တွင်ပါရမီက
ရေရွတ်ပစ်လိုက်၏။

စမ်းရေကလေးက နားမလည်ချေ။ ခေါင်းစွပ်
ဆွယ်တာအထူကြီးအား ဝတ်ထားရင်း လက်ပိုက်ငြိမ်သက်လျှက်
ပါရမီ့နဘေးမှ လိုက်လျှောက်လာခဲ့သည်။ သို့သော် စမ်းရေကလေး
သည် ပါရမီ ဘာကို ပြောသလဲ။ နားမလည်ပေမယ့် မမေးခဲ့ပါပေ။

“ဆရာတို့ ရုတ်တရက် ပြန်သွားတာ သွေးရိုးသားရိုး
ဟုတ်မယ် မထင်ဘူး။ မမေနဲ့ ဆရာ့အမေတို့ ပေါင်းကြံ
တာလား ပြောစမ်းပါ... စမ်းရေ။ နင် သိနေပြီးသား





မဟုတ်လား... ”

“ဟင်... မမကလဲ စမ်းရေဘာမှ မသိပါဘူး။ ညက
ဆရာ့ အဒေါ်ဆီက ဖုန်းဝင်လို့ မေမေပဲအန်တီယဉ်ယဉ်ကို
ဖုန်းကိုင်ဖို့ တစ်ဆင့် ပြောပေးတာတော့ စမ်းရေသိပါ
တယ်။ အန်တီယဉ်ယဉ် ညီမခွဲစိပ်ရမှာကိုလဲ ညက
အန်တီယဉ်ယဉ် ဒီဘက်အိမ်ကို [illegible]ပြောလို့ စမ်းရေ
သိပါတယ်။ အဲဒီလောက်ပဲ သိပါတယ်။ သူတို့အမှန်
တကယ် အရေးကြီးလို့ ပြန်ကြတာဖြစ်မှာပါ မမရဲ့။
နောက်မို့ ဆရာက ရည်ရွယ်ချက်နဲ့လာတဲ့ ခရီးပဲ၊ ဝတ္တု
မပြီးခင် ပြန်မှာမဟုတ်ပါဘူး”

“နင်ကလဲ ဘာလို့နေမကောင်းဖြစ်ရပြန်တာလဲ၊ အခု
တစ်လောမှာ ခဏ ခဏဖျားရတာနဲ့ ရင်ဘတ်အောင့်
ရတာနဲ့ ဆရာ ဂရုစိုက်အောင်လုပ်တာ မဟုတ်လား။
တကယ်ရော ဖျားတာဟုတ်ရဲ့လား”

“ဘယ်လိုပြောလိုက်တာလဲ... မမရယ်၊ စမ်းရေ တကယ်
နေမကောင်းဖြစ်တာပါ။ နောက်ပြီး မမ ပြောနေတဲ့
ကိစ္စတွေလဲ စမ်းရေ ဘာတစ်ခုမှ နားမလည်ပါဘူး။
စမ်းရေက အင်း... စမ်းရေက အားလုံးကို အေးအေး
ချမ်းချမ်း ဖြစ်စေချင်တဲ့ ဆန္ဒပဲရှိပါတယ် မမရယ်... ”

www.burmeseclassic.com

www.burmeseclassic.com



"အို... ငါကတော့ ငါဖြစ်ချင်တာ မဖြစ်ရမခြင်း ပူလောင်နေဦးမှာပဲ။ အပိုတွေပြောမနေနဲ့။ နင်ဘယ်လောက်ပဲ အေးအေးချမ်းချမ်း နေချင်နေ။ ငါကတော့ ပူလောင်ချင် ပူလောင်နေမှာပဲ စမ်းရေ။ ဆရာ အခုလိုချက်ချင်း ပြန်သွားတာကို ငါလုံးဝမကျေနပ်ဘူး။ ဘာကြောင့်ပဲ ပြန်ပြန် ဒါဟာ တစ်စုံတစ်ရာရဲ့ ဖန်တီးမှုလို့ပဲ ငါထင်တယ်..."

ပါရမီသည် တစ်ယောက်တည်း အရူးတစ်ယောက်ပမာ ရေရွက်လျက် ငယ်နိုင်ဖြစ်သော စမ်းရေကလေးကို ဆက်လက်အကြောင်းရှာ ဆူပူနေမိပြန်သည်။

သို့သော် မကြာခင်မှာပဲ ပါရမီကို ဆူပူမည့် ဖေဖေနဲ့ မေမေ ပြန်ရောက်လာသောအခါ ပါရမီသည် စမ်းရေကို အနိုင်ပိုင်း ဆူပူမိသည့်အတွက် ဝင့်လည်တာပဲဟုတော့ ဝန်ခံချင်သားပင်။

.....❁.....

"ဘယ်လောက်ရှက်စရာကောင်းလိုက်သလဲ...။ ပါရမီဟိုက သူ့သားကို အပါမခံနိုင်တော့လို့ ချက်ချင်း အကြောင်းရှာပြီး ပြန်ချသွားတာ ရန်ကုန်က သူ့ညီမဆီက လာတဲ့ဖုန်းကတော့ အမှန်ပဲ။ ဒါပေမယ့် ခွဲစိတ်ခံရမဲ့ ကိစ္စကတော့ ဟုတ်ချင်မှ ဟုတ်မယ်။ တမင်ဖုန်းခေါ်တာကို အကြောင်း ပြပြီး ပြန်ဖို့ စီစဉ်ပစ်လိုက်တာပဲ ဖြစ်မယ်။ သူတို့က အရေးတကြီး ပြန်မှတော့ ကိုယ်က တားလို့ ဘယ်ရမလဲ။ အဲ့ဒါက အရေးမကြီးဘူး။ အခုတော့ နင့်ကြောင့် စမ်းရေကလေးရဲ့ ဘဝခရီးမှာ အနှောင့်အယှက် ဖြစ်ရပြီ။ မယဉ်ယဉ်က စမ်းရေကလေးကို ဘယ်လောက် လိုလားပါစေ။ နင့်လိုအစ်မမျိုး ရှိနေလို့ အင်မတန် လန့်သွားမှာပဲလို့ ငါထင်တယ်။ အေး ပိုပြီး ရှက်စရာ ကောင်းတာက နင့်လို သမီးတစ်ယောက်ကို မွေးထားရတဲ့ ငါ့ကို အဖေတစ်ယောက် ဘဝပဲ ဘယ်လောက် ရှက်ဖို့ ကောင်းလိုက်သလဲကွာ။ ကိုယ့်သမီးကိုယ် နိုင်အောင် မထိန်းနိုင်ပါလားလို့ မယဉ်ယဉ်က ထင်သွားမှာ သေချာတယ်။ ရှက်တယ်... ငါသိပ်ရှက်တယ်..."

ပါရမီကတော့ ပါရမီ့ဘက်က မှန်သည်ဟုယူဆပစ်လိုက်ပါသည်။ ဘာဖြစ်သလဲနော်။ ကိုယ်တကယ်ချစ်မိတဲ့ လူတွေ့လို့ အရင်က အတွက်အချက်နဲ့ စေ့စပ်ပြီးတဲ့ လူတစ်ယောက်ကို ဘယ်ထုတ်ပစ်လိုက်တာပါရမီမမှားပါဘူး။နောက်ပြီး ဒေါ်ယဉ်ယဉ်များ ဂရုစိုက်စရာမှတ်လို့။ အရေးကြီးတာက "မောင်"သာ အဓိကပဲ မောင်သာ ပြတ်ပြတ်သားသား ဆုံးဖြတ်လို့ကတော့ ပါရမီက အားလုံးကို ရင်ဆိုင်ရဲတယ် သိလား။ ပါရမီက ဖွဲ့မလျှော့ချင်သေးဘာတော့ သေချာသည်။

စေတနာစာပေ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်တော့ဘူး... ကိုယ့်ဘက်ကလဲ သိက္ခာဆည်နိုင်အောင်၊ ကိုယ့်သမီးကိုယ် ထိန်းနိုင်ကြောင်းပြတဲ့ အနေနဲ့ တစ်ခုခုတော့ အမြန်ဆုံး စီစဉ်မှပဲ မသက်ဆွေ..."

"ဟုတ်တယ် ကိုထွန်း...။ ကျွန်မတော့ မောင်မိုးမြင့်ယံကို ပြန်ခေါ်ပြီး သူတို့နှစ်ယောက် လက်ထပ်ဖို့ စီစဉ်ခိုင်းလိုက်တော့မယ်။ ပြီးတော့ သူနိုင်ငံခြားပြန်ထွက်ရင် ရှင့်သမီးကိုပါ တစ်ခါတည်း ထည့်လိုက်တော့ ဒီမှာ ကျန်နေခဲ့လို့ကတော့၊ စမ်းရေကလေးကို အနိုင်ကျင့်နေဦးမယ်။ ကျွန်မတို့ မျက်နှာပျက်ရအောင်လဲ လုပ်နေဦးမှာပဲ။ ကျွန်မနှယ် ဘယ်လိုဗီဇပါတဲ့ ကလေးမျိုး မွေးမိပါလိမ့်လို့ တွေးတွေးပြီး ရှက်လို့မဆုံးဘူး ကိုထွန်းရယ်..."

"အို... ဘယ်သူက ကိုမိုးမြင့်ယံကို လက်ထပ်ပါ့မယ်လို့ ကတိပေးနေလို့လဲ မရဘူး ဖေဖေနဲ့ မေမေ။ ပါရမီ့ကို ဘယ်သူကမှ အမိန့်ပေးပြီး ခိုင်းတာမျိုးကို လက်မခံဘူး။ သူ့ကို လုံးဝ လက်မထပ်ဘူး။ သူ့နောက်လဲ လိုက်မသွားစေရဘူး..."

"ကြည့်စမ်း... မိဘကို ပြန်ခံပြောနေပါလား...ပါရမီ..."

မေမေသည် ဒေါသတကြီးဖြင့် ပါရမီ့ကို ရိုက်ရန် လက်ရွယ်စဉ် စမ်းရေကလေးသည် မေမေ့ကို အတင်းဝင်ဆွဲ၍-



"မေမေ... မေမေ... စမ်းရေတောင်းပန်ပါတယ် မေမေရယ်၊ ဘာမဟုတ်တဲ့ ပြဿနာလေးကြောင့် ဖေဖေနဲ့ မေမေရော မမပါ စိတ်ညစ်ရတာ စမ်းရေ စိ…မကောင်းပါဘူး။ မမ့ကို ခွင့်လွှတ်လိုက်ပါ မေမေရယ်နော်... နော်... စမ်းရေ မမအစား တောင်းပန်ပါတယ်။ ခွင့်လွှတ်လိုက်ပါနော်။ အား... စမ်းရေခေါင်းတွေ အရမ်းမူးနေပြီ မေမေရဲ့..."

ဟု တတွတ်တွတ်ရေရွတ်ကာ ခွေကျသွားတော့သည်။ မေမေရေ ဖေဖေပါ 'သမီး - စမ်းရေ။ သမီးလေး'နှင့် ….ရိမ်တကြီး ဝိုင်းပွေ့ကြသောအခါ ပါရမီသည် အားလုံးကို ကျောခိုင်း ထားရစ်ခဲ့တော့သည်။

ဟင်း... မသိရင်ခက်မယ် စမ်းရေ။ ဒါလဲ မူယာ…ယာများတာပဲ။ မေမေနဲ့ဖေဖေကို ပိုသနားအောင်၊ ပိုချစ်အောင် တမင်လုပ်တာ။ ငါ့ကိုအားလုံးက ဝိုင်းအပြစ်တင်ကြအောင် တမင်မူးလဲပြတာ မဟုတ်လား။ လုံးဝ အယုံအကြည် …ဘူး။ တစ်ခုတော့ ဖြစ်နိုင်တယ်။ မောင့်ကို သိပ်မျှော်မှန်းထား…မှ မောင်က ငါ့ကိုလဲ တွေ့ရော နင့်ကို လုံးလုံးမေ့သွားတဲ့အတွက် …တ်သောကတွေ ဖိစီးတာလဲတစ်ကြောင်း၊ မောင့်ကို နင်လက် …တ်လိုက်ရလို့ စိတ်မာတ်ကျသွားတာလဲတစ်ကြောင်း။ ဖေဖေနဲ့

www.burmeseclassic.com

www.burmeseclassic.com

မေမေတို့ကို မော်ကွန်းဆိုတဲ့သူနဲ့ သမီးဟာ မကြာခင် တစ်စုံတစ်ရာ ပတ်သက်တော့မှာမို့ လေ့လာပေးပါဆိုပြီး အကြွားသန်မိတဲ့အတွက် ရှက်တာလဲတစ်ကြောင်း။ အေး.. အဲ့ဒါတွေကြောင့် မူးလဲချင်လဲ မူးလဲသွားမှာပေါ့။

သို့သော် စမ်းရေကလေးရေ။ နင့်ကို ငါက တစ်စက်မှ သနားမယ်မထင်နဲ့။ ဘာပဲဖြစ်ဖြစ် မောင့်ရဲ့ရွေးချယ်မှုကို ယှဉ်ပြိုင်ရာမှာ နင်ဟာ ငါ့ရဲ့ ပြိုင်ဘက်တစ်ယောက်ပဲလို့ ပါရမီက သတ်မှတ်ပစ်လိုက်ပါသည်။

# (၇)

"ရှင့်ကို ပါရမီ လုံးဝလက်မထပ်နိုင်ပါဘူး.."

ဟု ကိုမိုးမြင့်ယံအား ပြောင်ဖွင့်ပြော ငြင်းပစ်သော်လည်း အားလုံးက လက်မခံခဲ့ချေ။ ပါရမီသာလျှင် အရူးတစ်ယောက်ဟာ ငိုယိုငြင်းဆန်ရခြင်းသာ အဖတ်တင်ခဲ့သည်။ မိဘလဲမရှိ၊ ဆွေမျိုးလဲ နည်းပါးလှသည့် မိုးမြင့်ယံကတော့ ဖေဖေနဲ့ မေမေ့တို့ စီမံသမျှ နာခံကာ မင်္ဂလာပွဲကို ကျင်းပဖို့ ချက်ချင်းစီစဉ်သည့်အတွက် ဒီနှစ်ရက်သုံးရက်အတွင်း ပါရမီနှင့် မိုးမြင့်ယံတို့ သက်ထပ်ရတော့မတဲ့။

အစတုန်းကတော့ မိဘမရှိ၊ တစ်ကောင်ကြွက်၊ ကိုကိုတက်ချမ်းသာ၊ စီးပွားရှာတတ်ဟူသည့် အရည်အချင်းများ

www.burmeseclassic.com

www.burmeseclassic.com



ကို မက်၍ လက်ခံခဲ့ပြီးမှ အခုတော့ မောင့်ကြောင့်ပဲ ပါရမီသည် ဒီအရာတွေ အကုန်လုံးကို မုန်းတီးမိတော့၏။

"ပါရမီ ဘာဖြစ်လို့ ဒီလိုငြင်းရတယ်။ ဘာကြောင့် ငြင်းရတယ်တွေနဲ့ ကိုယ့်ကို ဖန်တီးပြီး လက်လျှော့ခိုင်းဖို့ မကြိုးစားနဲ့ ပါရမီ ကိုယ်ကလဲ ပါရမီလိုပဲ ဖြစ်ချင်တာကိုမဖြစ်ဖြစ်တဲ့နည်းနဲ့ ဖန်တီး တတ်တယ်ဆိုတာ ပါရမီ သိသွားနဲ့၊ အင်း - ပါရမီက အခုထိ ကလေးဆန်တုန်း၊ အချစ်ကို တမ်းတတုန်းပဲနော်။ အခုမှ အချစ်ကို တွေ့တယ်။ ဘယ်လို တွေ့တယ်နဲ့ စိတ်ကူးယဉ်တုန်းပဲလားကွာ။ အေးလေ- ကိုယ့်တောင်မှ ပါရမီကို ချစ်လွန်းလို့ ကိုယ်ပဲ ပိုင်ဆိုင်ရအောင် ကြိုးစားနေမိမှတော့၊ ပါရမီ စိတ်ကူးယဉ်တာလဲ မဆန်းပါဘူး..."

"ရှင့်ကို ပါရမီ တစ်သက်လုံး ချစ်လာမှာ မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထား..."

"ဟုတ်ရဲ့လား... စမ်းရေကလေးကို မနာလိုဖြစ်ပြီး၊ စာရေးဆရာကို ခဏချစ်ဟန်ဆောင်တာရော မဖြစ်နိုင်ဘူးလား။ ကိုယ့်အချစ်ကို စမ်းတာလား ပါရမီ။ စိတ်ချ ကိုယ်က တော့ ပါရမီကို တစ်သက်လုံး ချစ်သွားမယ်။ ဒါနဲ့ ပါရမီ အရင်ကပြောတော့ ကိုယ်တစ်ယောက်တည်းပဲ အမြဲ





ချစ်သွားမှာ သေချာတယ်ဆို။ အခုမှ ပြောင်းလဲသွားတာတော့ မဖြစ်နိုင်ဘူးလို့ ကိုယ်ထင်တယ်။ ပါရမီ စမ်းရေကို မနာလိုဖြစ်ပြီး လုပ်ရင်း စိတ်ထဲမှာ ထင်ယောင်ထင်မှား ဖြစ်နေတာပါ။ စိတ်ချ ကိုယ်နဲ့ လက်ထပ်ပြီးလို့ ဟာဝိုင်ယီကျွန်းမှာ ဟန်းနီးမွန်းထွက်လိုက်ရင် ပါရမီ့စိတ်တွေ ပုံမှန်ပြန်ဖြစ်သွားမှာ သေချာတယ်..."

"တော်စမ်း... စိတ်ကူးယဉ်စကားတွေ ပါရမီ့ကို လာပြောမနေနဲ့..."

ပါရမီက ထိုသို့ ရန်စကားဖြင့်မိုးမြင့်ယံကိုစရောက်သည့် နေ့ကတည်းက တစ်နေ့မှ စိတ်မချမ်းသာရအောင် ဖန်တီးဖြစ်ပါသည်။ သို့သော် မိုးမြင့်ယံက ပါရမီကို လက်ထပ်ခွင့်ရသည့်အတွက် အပျော်ကြီးပျော်ကာ ပါရမီ့စကားတွေကို ဂရုမစိုက်တော့ချေ။ အမှန်ကတော့ အစကတည်းက ပါရမီ့စရိုက်တွေ သိရက်အသည်းအသန်ဖြစ်ခဲ့သူမို့၊ မိုးမြင့်ယံအတွက် ဒီကိစ္စကို အလေးအနက်မထားတော့တာ ဖြစ်မည်ဟု ပါရမီ တွေးမိသည်။

လက်ထပ်ရန် နှစ်ရက်အလိုတွင် ပါရမီသည် ဆုံးဖြတ်ချက်တစ်ခုကို အသေအချာ ချလိုက်ခဲ့ပြီးပြီ။ ထိုနေ့၏ ညတွင် ပါရမီသည် တစ်အိမ်လုံး သောက်ရန်အတွက် မာတိုဗာကို ကိုယ်တိုင်ဝင်ဖျော်ပေးပြီးလျှင် ထိုမာတိုဗာများထဲသို့ အိပ်ဆေးတစ်ချို့



www.burmeseclassic.com

www.burmeseclassic.com



ထည့်ခဲ့ပါသည်။ သိပ်ပြီးဘေးဥပါဒ်မဖြစ်နေရအောင် ဒီထက်မကာ ပိုပြီး ကြာကြာအိပ်အောင်သာ ရည်ရွယ်၍ ထည့်ခြင်းဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် နံနက် စောစောမှာ ဘူတာရုံသို့ တိတ်တိတ်ခိုးသွားနိုင်ရန်အတွက် တစ်အိမ်လုံး အိပ်မောကျနေမှ ဖြစ်မည်ဟူသော စိတ်ကူးနှင့် ဤအိပ်ဆေးများကို ထည့်ခဲ့ခြင်း ဖြစ်သည်။

အဲ့ဒီနေ့ ညဘက်တွင် တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေခဲ့သော်လည်း ပါရမီကတော့ အဝတ်အစားအိတ်ကို ပြင်ဆင်ခြင်း၊ ဖေဖေနဲ့ မေမေကို နှုတ်ဆက်စာရေးခြင်း၊ ကိုမိုးမြင့်ယံအတွက် သီးသန့်စာတစ်စောင်ရေးခြင်းတို့ဖြင့် အလုပ်ရှုပ်နေခဲ့သည်။

နံနက်စောစော နှင်းမှုန်ပျပျအောက်တွင် ပါရမီသည် ခရီးဆောင်အိတ်ကို လွယ်၍ သူမ နေထိုင်ခဲ့ရာ ဖေဖေနဲ့ မေမေ အိမ်ကြီးအား ကျောခိုင်းလာခဲ့တော့သည်။

"အင်း... အခုချိန်လောက်ဆို ကိုမိုးမြင့်ယံတစ်ယောက်တော့ အိပ်မက်ထဲမှာ ငါနဲ့များ လက်ထပ်ပွဲ ကျင်းပနေပြီလား မသိဘူး။ ဟား... ဟာ ရယ်ပဲ ရယ်ရသေး။ ကိုယ့်ကိုတစ်သက်လုံး ချစ်မလာမဲ့ မိန်းမတစ်ယောက်နဲ့များ လက်ထပ်ဦးမတဲ့။ တော်တော့်ကို အူကြောင်ကြောင်နိုင်တဲ့လူပဲ..."

မီးရထားပြတင်းမှတစ်ဆင့် ဘေးဘက်မှာ ကျန်ခဲ့သည် သစ်ပင်တွေ၊ တောတွေ၊ တောင်တွေကို လိုက်ငေးရင်း ပါရမီသည် မိုးမြင့်ယံကို ကဲ့ရဲ့ဖြစ်အောင် ကဲ့ရဲ့လိုက်ပါသေးသည်။

အို - မကြာခင်မှာ မောင်ရှိနေမဲ့ ရန်ကုန်မြို့ကြီးကို ပါရမီ ခြေချရတော့မယ်နော်။ မောင့်ရင်ခွင်ထဲမှာ ပါရမီ အတင်းဘွယ်ကပ်နေတော့မှာပဲ မောင်ရယ်။ မောင့်ကို အားကိုးပြီး အရဲစွန့် ထွက်လာပြီးမှတော့ ပါရမီ ဘာကိုမှ မမှုတော့ပါဘူး။

မောင့်ဆီက ချစ်စကား ကြားရသည်ဖြစ်စေ၊ မကြား ရသည်ဖြစ်စေ၊ မောင့်မျက်ဝန်းတွေရဲ့ စကားကို ပါရမီ ယုံခဲ့ပြီမို့၊ မောင့်ဆီ အပြေးလာခဲ့မိပြီ။

အဲ့ဒါ ပါရမီ မမှားပါဘူး - မောင်။

"ကိုမိုးမြင့်ယံ... ပါရမီဟာ တကယ်ပဲ အချစ်ကို ခုမှတွေ့ခဲ့ပြီဆိုတာ ရှင်ယုံပြီ မဟုတ်လား..."

ဟူ၍ ကိုမိုးမြင့်ယံအတွက် သီးသန့်ရေးထားပေးခဲ့တဲ့ စာထဲကလိုပါပဲ မောင်ရယ်။

ပါရမီက အခုမှ မောင့်ကို တွေ့မှ အချစ်ကိုတွေ့ခွင့်ရသူပါပဲ။

.....◎.....

မောင်သည် ခရီးဆောင်အိတ်ကြီးလွယ်လျက် ခပ်

စေတနာဒါပေ

စေတနာဒါပေ

www.burmeseclassic.com



တည်တည်ရပ်နေသည့် ပါရမီအား တွေ့သောအခါ ပထမအံ့သြ၊ နောက်တော့ ပါရမီ့ နောက်ပါးဆီ တစ်ချက်လှမ်းကြည့်ကာ-

"အကြောင်းမကြား ဘာမကြားပါလား...။ ပါရမီ တစ်ယောက်တည်းလား ဘယ်သူတွေပါသေးလဲ။ ဘာနဲ့ လာတာလဲ..."

"ဖြည်းဖြည်း ဆရာ... ဖြည်းဖြည်း မေးခွန်းတွေ တရစပ် ပစ်သွင်းနေတော့ ပါရမီ ဘယ်ဟာ အရင်ဖြေရမှန်းမသိတော့ဘူး။ ဒီမှာ မောလာတယ်သိလား။ အိမ်ထဲဝင်ဖို့ အရင်ဆုံး စဉ်းစားပါရစေဦး..."

ပါရမီသည် လမ်းတစ်လျှောက်လုံး ပင်ပမ်းခဲ့သမျှ မောင့်မျက်နှာကို တစ်ချက်လေး မြင်လိုက်ရရုံဖြင့် အမောအပမ်းတို့ ပြေပျောက်ခဲ့ပြီမှန်း ကိုယ့်ကိုယ်ကို သတိပြုမိသောအခါ ရင်ထဲမှာ ကျေနပ်သွားချင်သားပင်။

"ဆောရီး...ပါရမီ။ ကဲ... ကဲ အိမ်ထဲဝင်ပါဦး။ မေမေတော့ မရှိဘူး။ ဒေါ်လေးဆီသွားနေတယ်။ ဟင်... ပါရမီ့ ပစ္စည်းတွေက နည်းလှချည်လား..."

"ဟုတ်တယ် ဆရာ...။ ပါရမီ အရေးကြီးတဲ့ ကိစ္စရှိလို့ မြန်မြန်ထွက်လာတာနဲ့ ဘာမှ သေသေချာချာ ထည့်မလာဖြစ်ဘူး..."

စေတနာစာပေ



"ဘယ်သူ့ကိစ္စလဲ... ပါရမီ့ကိစ္စလား..."

"ဟုတ်တယ်... ဆရာ။ ပါရမီ့ဘဝအတွက် သိပ်အရေးကြီးတဲ့ ကိစ္စပေါ်လာလို့ပဲ..."

မောင်သည် ပါရမီ့ နံဘေးရှိ ဆိုဖာပေါ်တွင် ဝင်ထိုင်ဖော်ရသဖြင့် ပါရမီသည်၊ ဒီလောကမှာ မောင့်ကို ပိုင်ဆိုင်ရရင် ငါ့လောက်ကံကောင်းတာ ရှိပါဦးတော့မလားဟု စိတ်ကူးယဉ်ပစ်လိုက်မိပါသည်။ ထို့နောက် ပါရမီသည် မောင့်အတွက် မောင်လုံးဝ ထင်မှတ်မထားမည့် သတင်းတစ်ခုကို ပြောဖို့ မောင့်မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။

"ဘာလဲ... ပါရမီ။ ဘာဖြစ်လာလို့လဲ..."

အို - သိပ်ပါးနပ်တဲ့ မောင်ပဲကွယ်၊ သေချာပါတယ်။ မောင်ဟာ ပါရမီ့ ဆုံးဖြတ်ချက်ကို အပြစ်တင်မှာ မဟုတ်ဘူးဆိုတာ ပါရမီ သိနေတယ်။

"ပါရမီ့ကို ကိုမိုးမြင့်ယံနဲ့ မနက်ဖြန်ဆိုရင် လက်ထပ်ပေးကြတော့မယ်... ဆရာ..."

"ဟင်... ဒါဆို ပါရမီက ဘာဖြစ်လို့ တစ်ယောက်တည်း ရန်ကုန်ဆင်းလာရတာလဲ။ ကိုမိုးမြင့်ယံကိုဖြစ်ဖြစ်၊ အိမ်က တစ်ယောက်ယောက်ကို ဖြစ်ဖြစ် အဖော်ခေါ်လာဖို့သင့်တယ် ပါရမီ..."

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... ပါရမီ ဘယ်သူ့ကိုမှ အဖော်ခေါ်လာဖို့ရည်ရွယ်ချက်မရှိဘူး ဆရာ။ နောက်ပြီး ပါရမီ ဒီကို ထွက်လာပါတယ်ဆိုတာကို အိမ်က လူတွေအားလုံး ဒီနေ့မနက်အိပ် ရာထမှ သိကြမှာ။ ပါရမီ ရန်ကုန်ကို ဆင်းလာတယ်။ ဆရာ့ဆီလာတယ်ဆိုတာ အခုလောက်ဆို သိသွားကြရောပေါ့..."

"ဟာ... ဘာတွေလဲ ပါရမီ။ ဘာတွေဖြစ်လာတာလဲ။ ပြောပါဦး ကျွန်တော်တစ်ခုမှ နားမလည်တော့ဘူး..."

"ပါရမီ အိမ်က အပြီးထွက်လာခဲ့ပြီဆရာ။ ဘာဖြစ်လို့လဲဆိုတော့ ပါရမီ ကိုမိုးမြင့်ယံကို လက်မထပ်နိုင်တော့လို့ပဲ၊ အစတည်းက ကိုမိုးမြင့်ယံကို ချစ်လို့ စေ့စပ်ဖို့ လက်ခံခဲ့တာ မဟုတ်ခဲ့ပေမယ့်၊ မိဘတွေ အလိုကျ လက်ခံခဲ့တယ်။ မိဘစကားကိုပဲ နားထောင်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမယ့် အခုတော့ ပါရမီ ဖေဖေ မေမေတို့ စကားကို နားမထောင်နိုင်တော့ဘူး ဆရာ။ လောကကြီးမှာ ကိုယ့်ဆန္ဒတွေကို မြှုပ်နှံပြီး တစ်သက်လုံး နေသွားဖို့ဆိုတာ တကယ့်တကယ်တော့ မဖြစ်နိုင်မှန်း ပါရမီ တွေးမိတယ်။ ဒါကြောင့် ပါရမီ ဘယ်သူ့ကိုမှ မတိုင်ပင်တော့ဘဲ ကိုယ်လုပ်ချင်တာကို လုပ်ခဲ့ပြီ..."

စေတနာစာပေ



"ဘယ်ဟုတ်မလဲ ပါရမီ။ မင်းမှားနေပြီ။ ဒီလို ကိုယ်လုပ်ချင်ရာကို ကိုယ်လုပ်လာလို့ ဖြစ်မလားရန်ကုန်မှာ မိန်းကလေးတစ်ယောက်တည်း ရပ်တည်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပါပဲ။ အကယ်၍ ကိုမိုးမြင့်ယံကို လက်မထပ်နိုင်ဘူးဆိုရင်လဲ မိဘတွေကို သေသေချာချာ နားလည်အောင်ရှင်းပြပြီး ညှိနှိုင်းကြပေါ့။ အခုတော့ ပါရမီ ဇွတ်တရွတ်လုပ်လာတဲ့အတွက် ပါရမီ့မိဘတွေ ဘယ်လောက် စိတ်ပူနေကြမလဲ။ ခရီးဝေးတစ်ခုကို မိန်းကလေးတစ်ယောက်တည်း လာတယ်ဆိုတာကိုက အန္တရာယ်များလွန်းတယ်..."

မဖြစ်တော့ဘူး။ မောင့်ကိုအရှင်းဆုံး၊ အပြတ်ဆုံးပြောမှ ဖြစ်တော့မယ်ဟု ပါရမီကတွေးမိသဖြင့်...

"ရန်ကုန်မှာ ပါရမီတစ်ယောက်တည်း နေမယ်လို့များဆရာ့ ကို ပြောမိသွားသလား..."

ဟူ၍ ခပ်ပြုံးပြုံးမေးလိုက်သည်။ မောင်က တွေဝေငြားကာ...

"ဒါဆို ပါရမီက ဘယ်သူနဲ့သွားနေမလို့လဲ..."

ကဲလေ။ မောင်ဟာ တမင်သိရက်နဲ့ ဟန်ဆောင်မေးတာငြား၊ တကယ်ပဲ အ... လို့ မေးနေတာလား။ ပါရမီထပ်မစဉ်းစားခဲ့တော့ပါ။ မောင့်ကို ပါရမီကပဲစပြီး ဖွင့်ဟ၍ ပြောပြရပါ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ ပါရမီဟာ မောင့်ကိုအားကိုးပြီး အားလုံးကို ဆန့်ကျင်ခဲ့တာပါဟု မောင့်ကို ပြောင်ဖွင့်ပြောမှ ဖြစ်တော့မည်။

"ဆရာနဲ့ နေမှာလေ..."

"ဘာရယ်..."

မောင်သည် ပါရမီ့ကို မယုံနိုင်သော မျက်နှာဖြင့် ငေးကြည့်ရင်း အလန့်တကြား ထရပ်၏။ ဒါဝမ်းသာရမဲ့စကားလေ မောင်ရဲ့။ ဘာလို့တုန်လှုပ်သွားချင်ရတာလဲ။ မောင်တိတ်တခိုး ချစ်နေတဲ့ ပါရမီ့ကို မောင်ပိုင်ရတော့မဲ့အဖြစ်ပဲ မောင်ရယ်၊ ဘယ်သူ ကိုမျှားငဲ့ညှာစရာရှိသေးလို့လဲ ပါရမီတောင် မိန်းမတန်မဲ့ မောင့် အခေါ်ကိုတောင် မစောင့်ဘဲ ကိုယ့်သဘောနဲ့ကိုယ် မောင့်ဆီ လိုက်လာခဲ့မှတော့...

"တကယ်ပြောတာ ဆရာ။ ပါရမီရဲ့ ဆုံးဖြတ်ချက်အတိုင်း ပါရမီချစ်တဲ့ ဆရာ့ကို မခွဲနိုင်လို့ ဆရာနဲ့ကလွဲရင် ဘယ်သူနဲ့မှ လက်မတွဲချင်လို့ ပါရမီဆရာ့ဆီ လိုက်လာခဲ့တာပဲ။ ဖေဖေနဲ့ မေမေ အပါအဝင် ကိုမိုးမြင့်ယံကိုရော ပါရမီ ဆရာ့နောက်ကို လိုက်သွားပါပြီလို့ စာရေးပြီးထားခဲ့ပြီးပြီ။ ကဲ... ဘာလိုသေးလဲ ဆရာရယ်...။ ဆရာကလဲ ပါရမီ့ကို ချစ်နေတယ်။ ပါရမီကလဲ ဆရာ့ကို ချစ်နေတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဖွင့်မပြောကြဘဲ နားလည်





နေပြီးသားပဲ။ ပါရမီကတောင် မိန်းကလေးတန်မဲ့ သတ္တိရှိရှိ ဆုံးဖြတ်ပြီးမှ..."

"အဓိပ္ပါယ်မရှိတာ ပါရမီရယ်...။ လောကမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရမှာပေါ့။ ဒီလိုလုပ်လိုက်လို့ ပါရမီလဲ နာမည်ပျက်မယ် ကျွန်တော်လဲ ပါရမီ့မိဘတွေရဲ့ အထင်လွဲမှု၊ မေမေ့အထင်လွဲ စွပ်စွဲမှုကို ရတာပဲ အဖတ်တင်မယ်။ နှစ်ဖက်မိဘက မကြည်ဖြူမဲ့ ဘဝမျိုးမှာ ပါရမီ နေချင်လို့လား...။ ကျွန်တော်ကဆန္ဒကို ဘေးဖယ်ထား ချင်တဲ့ လူစားမျိုးဆိုတာ ပါရမီ မတွေးမိဘူး ထင်တယ်။ ဒီကိစ္စက လုံးဝမဖြစ်နိုင်တော့တဲ့ ကိစ္စပါ.. ပါရမီ..."

"ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ပါရမီ ဆရာနဲ့ လက်ထပ်ဖို့ အားလုံးကို အသိပေးခဲ့ပြီးပြီ..."

"ပါရမီရယ်... မင်းဟာ ထင်ထားတာထက် တဇွတ်ထိုး ဆန်လှချည်လား..."

အို... မောင်က ပါရမီ့ကို စိတ်ပျက်လက်ပျက် ညည်းညူခဲ့သတဲ့။ ကြည့်စမ်း.. ဘယ်လောက် နာကြည်းချင်စရာ ...င်းတဲ့ ယောကျ်ားတစ်ယောက်လဲ။ မိန်းမတစ်ယောက်ကို ...ကူးယဉ်ချစ်ကြည့်ရှု၊ တမ်းတတဲ့မျက်ဝန်းတွေနဲ့ ဖြားယောင်း



www.burmeseclassic.com

www.burmeseclassic.com

ရှုံသာတတ်တဲ့ ယောကျ်ားတစ်ယောက်ပဲ။ အလကား သတ္တိ မရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ။

"ကဲ... ဘယ်လိုလဲမောင်"

"ဟင်..."

ပါရမီက လွတ်ခနဲ ယောင်ခေါ်မိပြီးမှ မထူးတော့ ပါဘူးဟု ဆုံးဖြတ်ကာ...

"မောင်လို့ ခေါ်တာလေ။ ပါရမီက မောင့်ကိုစတွေ့တဲ့ နေကတည်းက ချစ်ခဲ့မိပြီး အဲ့ဒီအခေါ်အဝေါ်ကလေး အဖြ မောင့်နာမ်စားအဖြစ် ကိုယ့်ဘာသာသုံးနေခဲ့တာ ကြာပါပြီ မောင်...။ ကဲ... ဒါထားပါတော့။ မောင်က ပြတ်ပြတ်သားသား မဆုံးဖြတ်ရဲရင်လဲနေတော့။ ပါရမီက တော့ ဆုံးဖြတ်ပြီးသားမို့ ဆုံးဖြတ်ချက်ကို လုံးဝပြ မပြင်နိုင်ဘူး။ မောင် လက်မခံဘူးဆိုရင်လဲ ပါရ မောင့်ကို အတင်းလက်ထပ်ဖို့ မတိုက်တွန်းပါဘူး။ ပါရ ဘာသာ တခြားတစ်နေရာမှာ သွားနေလိုက်ရင်ပြီးတာ ပဲ... အဲ... ဒါပေမယ့် တစ်ခုတော့ သေချာတယ်မောင် အဲဒါကဘာလဲဆိုတော့ပါရမီ့မိဘတွေရောစမ်းရေကာ ရော ပါရမီ့ အသိုင်းအဝိုင်းတစ်ခုလုံးကရော သတ်မှ ထားကြမှာက ပါရမီဟာ မောင်နဲ့ လက်ထပ်သွားကြ



ဆိုတာပဲ။ အဟယ်၍ ပါရမီ့အိမ်က တစ်ယောက်ယောက် မောင့်ဆီ လာမေးလို့မှ ပါရမီ့ကို မောင့်ဆီမှာမတွေ့ရင် ဘာတွေ ဖြစ်ကုန်မလဲ။ မောင်ပဲ ဆက်စဉ်းစားကြည့် ပေတော့ကွယ်။ မောင်မြဲမြဲ မှတ်ထားရမှာက ပါရမီဟာ ကိုယ့်ကို လက်မထပ်လိုတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ပါလို့ ဒူးထောက် အသနားခံပြီး တတွတ်တွတ် တောင်းဆိုမှာ မဟုတ်ဘူးဆိုတာပဲ..."

ပါရမီသည် ခရီးဆောင်အိတ်ကို ကောက်ကိုင်၍ ခုံးထက်တွင် သိုင်းလွယ်လိုက်၏။ တော်ပါပြီ၊ မောင်လဲ အလကား လူပဲ။ သိပ်တွေဝေတတ်တဲ့ယောကျ်ား၊ ပျော့ညံ့တဲ့ ယောကျ်ား။ မိန်းမတစ်ယောက်ကို လှည့်စားကြည့်ချင်တဲ့ ယောကျ်ား။ နေပါစေ ဖြစ်ချင်ရာဖြစ်တော့။ ခြေဦးတည့်ရာ လျှောက်သွားတော့မယ်။ ပါရမီဟာ ရှေ့တိုးပြီးတဲ့ ခြေလှမ်းတစ်ခု ကို ဘယ်တော့မှ နောက်ပြန် ဆုတ်တဲ့ မိန်းမ မဟုတ်ဘူးဆိုတာ အားလုံးဖျားသွားစေရမယ်ဟု တစ်ချက်ကြိမ်းဝါး ပစ်လိုက်သေး သည်။

သို့သော် ရန်ကုန်လိုနေရာဒေသတစ်ခုမှာကျောင်း က်တုန်းက လာဖူးရုံကလွဲလျှင် ကျောင်းပြီးကတည်းက သိပ် သွားအလာမရှိသော ဒေသဖြစ်နေ၍ ပါရမီ့ခြေလှမ်းတို့ကမဝံ့

www.burmeseclassic.com

မရဲဖြစ်ချင်လှသည်။ ဘယ်နေရာမျိုးမှာ ပါရမီနေရမလဲဆိုတာ
ရေရေ ရာရာ မသိချေ။ ခရီးဆောင်အိတ်ကြီးကို ခပ်တင်းတင်း
ဆုပ်ကိုင် ကာ မောင့်အိမ်ခြံဝန်းကလေးရှေ့မှာ မာနကြီးစွာလှ
ထွက်ခဲ့သော ခြေလှမ်းများမှာ ဝမ်းနည်းအားငယ်မှု ချော
ချားအထီးကျန်မှုနှင့် စိတ်ပျက်လေးလံမှုတွေအတိနှင့်တည်း။

ပို့ပြီးဆိုးတာက မောင်ဟာ ပါရမီ့ကို တကယ်မချ
ခဲ့ဘူးဟူသော အသိစိတ်က ဝင်ရောက်နှိပ်စက်၍ ပါရမီ့နှလုံးသား
တွေမှာ နာကျင်ခဲ့ရပါပြီ။

ရုတ်တရက် ပါရမီ့ ပုခုံးကို ဆွဲလှည့်လိုက်သည့်
လက်တစ်ဖက်ကြောင့် ပါရမီ အလန့်တကြား လှည့်အကြည့်တွင်
ပါရမီ့ ဘဝတစ်ခုလုံး နွေးထွေးစေသော-

"ပါရမီ... မင်း ဘယ်မှမသွားနဲ့တော့..."

ဆိုသည့် မောင့်အကြည့်တစ်စုံ၊ စကားတစ်ခွန်း
တင် စောစောက မောင့်ကို အထင်လွဲမိသမျှ အလိုလို ကွယ်
ပျောက်သွားခဲ့ပြီ။

လောကကြီးမှာ မောင့်ရင်ခွင်လောက် လုံခြုံအေး
ချမ်းတဲ့ နေရာရှိသေးလို့လားနော်။ ပါရမီဟာ ချစ်ခြင်းအပြည့်
ကမ္ဘာတစ်ခုဆီကို လှမ်းခဲ့သူပါတည်း။

စေတနာစာပေ

# နောက်ထပ်ခြောက်လမျှကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

## (၆)

"ပါရမီ... ပါရမီ ဘယ်ရောက်နေလဲ။ လာစမ်းပါဦး..."

ပါရမီသည် မျက်ရစ်လိုင်နာကို အပြီးသတ်ဆွဲပြီးသည့်အခါ ဆံပင်ကို ဘီးဖြင့် ကျကျု ဖီးနေစဉ်မှာ အောက်ထပ်ဘစ်နေရာမှ မောင့် ဒေါသတကြီး အော်ခေါ်သံကို ကြားလိုက်ရတော့တာပဲ။ ကြည့်စမ်း - မောင် ဘာတွေများ ဒေါသဖြစ်စရာတွေ့နေလို့ပါလိမ့်။

"လာပြီ... ခဏလေး မောင်ရေ။ အင်္ကျီကြယ်သီး အပြည့်မတပ်ရသေးလို့..."

"မင်း လာနေစရာမလိုဘူး ကိုယ်ပဲလာပါတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တစ်နေ့ အလှပြင်ခုံရှေ့မှာပဲ အချိန်ကုန်နိုင်လွန်းတယ်..."

ပါရမီသည် မှန်ထဲတွင် ပေါ်လာသည့် မောင့်အရိပ်နှင့်အတူ မောင့်အသံကိုပါ တစ်ထပ်တည်းကြားလိုက်ရ၍ ရယ်ကျဲကျဲဖြင့် မောင့်ကို လှည့်ကြည့်မိ၏။ မောင် ဒီနေ့ ပါရမီ့ကိုလေသံမာမာပြောတယ်ဟုတော့ အနည်းငယ် ဝမ်းနည်းသွားချင်သား။

"ပါရမီ... ဒါ ဘာတွေလဲ... "

ဘုရားရေ။ ဒါတွေ - ဒါတွေ မောင်ဘယ်လိုတွေ့သွားပါလိမ့်။ ပါရမီသည် ချက်ချင်း ခေါင်းနပန်းကြီးသွားလျှက် မောင် ဘာဖြစ်လို့ ဒေါသထွက်နေသလဲ။ လေသံမာမာ ပြောနေသလဲရဲ့ အကြောင်းရင်းကို ဖျက်ခနဲ အဖြေရှာ၍ တွေ့သွားတော့သည်။

"မောင်... ဘယ်လိုလုပ် တွေ့သွားတာလဲ..."

"ကိုယ့်ကို ပြန်မေးခွန်းထုတ်မနေနဲ့ ပါရမီ...။ ဒီဆေးဟာ မင်းဆေးတွေ ဟုတ်တယ် မဟုတ်လားဆိုတာပဲ ဝန်ခံလိုက်စမ်းပါ..."

"အဲ့ဒါ သောက်ဆေးတွေပါ... မောင်"

"ဒါပဲလား... ဒါအပြင် ဒီဆေးဟာ ဘာအတွက် သောက်တယ်။ ဘာကြောင့် သောက်ရတယ်ဆိုတာ ဒီဆေးရဲ့ အာနိသင်ဟာ ဘာဆိုတာ မင်းထည့်ပြောဦးလေ..."

"အို... မောင် သိနေမှတော့ အပိုတွေ ဆက်ပြောရဦးမှာလား။ အလကား ပြဿနာရှာချင်တယ်... "

မောင်သည် ဆေးကတ်များအား ဒေါသတကြီးဖြင့် အခန်းထောင့်သို့ လွှင့်ပစ်လိုက်လေသည်။ ဘာဖြစ်လဲ။ လွှင့်ပစ်ချင်သလောက် လွှင့်ပစ်စမ်း။ နောက်ထပ်ကြိုက်သလောက် ဝယ်ချင်တိုင်း ဝယ်လို့ရသားပဲ။ သနွေတားဆေး ကတ်ပြားကလေးများအား မောင့်ရှေ့မှာ သွားကောက်ယူဖို့တော့ ပါရမီ သတ္တိမရှိသေးပါ။ ဒါဟာ မောင် ခွင့်မပြုသည့် အလုပ်တစ်ခုကို လုပ်မိတဲ့အတွက် ပါရမီရဲ့ ကြီးမားသည့် အပြစ်ကြီးတစ်ခုပင် ဖြစ်ကြောင်း ပါရမီ သိပါသည်။

"မင်းလုပ်ရက်တယ်... ပါရမီ။ ကိုယ့်ကိုလဲ မင်းညာရက်တယ်။ ကိုယ်ဘယ်လောက် မျှော်လင့်တယ်ဆိုတာ မင်းသိရက်သားနဲ့ ကိုယ့်ကို ညာခဲ့တယ် ပါရမီ... ဘာဖြစ်လို့ ဒီဆေးတွေကိုယ့်ကို အသိမပေးဘဲ သောက်နေခဲ့တာလဲ..."

ရှင်းနေတာပဲ မောင်ရယ်။ ပါရမီ ကလေးမလိုချင်လို့ သောက်တာပေါ့။ မောင့်ကို အသိမပေးဘဲ အိုဂျီ (OG)တစ်ယောက်ဆီမှာ သွားပြသွားတိုင်ပင်ပြီး ဒီဆေးတွေ သောက်နေခဲ့တာ မောင်နဲ့ လက်ထပ်ပြီးကတည်းကပဲ။ အင်း... ဒီနေ့မှာ

ခေတနားစာပေ

ခေတနားစာပေ

www.burmeseclassic.com

www.burmeseclassic.com

တော့ ပါရမီသည် မောင့်ဆန္ဒကို လွန်ဆန်ပစ်လိုက်ခြင်း ဖြစ်ပါသည်။ မောင်က အင်မတန်ကလေးချစ်တတ်ပြီး ကလေးလိုချင်သည်မှာ တစ်ပိုင်းကိုသေလို့။ ပါရမီကတော့ ကလေးကို ချစ်သည်လဲ မဟုတ်။ မုန်းသည်လဲ မဟုတ်။ သို့သော် ပါရမီ ကလေးမွေးရမှာ ကြောက်သည်။ ကလေးမမွေးခင် ကိုယ်ဝန်ဆောင်ရသည့် ဒုက္ခကို မုန်းသည်။ ပြီးတော့ ကလေးမွေးပြီးရင် ကြုံတွေ့ရတဲ့ မိခင်တွေရဲ့ ဒုက္ခကို ပါရမီ ရင်မဆိုင်ချင်သေးပါ။ ဒါကို မောင်နားမလည်တာ ပါရမီက ရှင်းပြတိုင်ပင်ဖို့ မကြိုးစားပဲ ကိုယ့်သဘောနဲ့ကိုယ် ဒီဆေး တွေ သောက်လိုက်တာပဲ... ”

“ကိုယ်ဟာ မွေးကတည်းက မွေးချင်းမဲ့ခဲ့လို့ ညီအစ်ကိုမောင်နှမဆိုတာကို သိပ်တမ်းတခဲ့တယ်။ တစ်ယောက်တည်းကြီးပြင်းရတဲ့ ကလေးတစ်ယောက်ရဲ့ လိုလားချက်တွေကို ကိုယ်တိုင်ခံစားခဲ့ရလို့၊ ကိုယ်ဟာ အရွယ်ရောက်လာတော့ တွေးတဲ့အတွေးထဲမှာ ငါအိမ်ထောင်ပြုတဲ့အခါ ငါ့မိန်းမကို ကလေးတွေ အများကြီး မွေးခိုင်းမယ်။ ဒါမှ ငါ့သားသမီးတွေဟာ မောင်နှမမဲ့ခြင်းဆိုတဲ့ အထီးကျန်မှုကို ငါ့လို မခံစားရမှာလို့ စိတ်ကူးနဲ့ ရှုးခဲ့ရတဲ့ကောင်ပဲ။ ပါရမီ ကိုယ်သိပ်မျှော်လင့်ခဲ့တဲ့ သားသမီး စုံစုံလင်လင်နဲ့ ပျော် စရာကောင်းမယ့် မိသားစုဘဝလေးကို မင်းဘာလို့ တားဆီးချင်တာလဲကွာ။ ကိုယ့်ကတော့ မင်းကို သိပ်ချစ်မိလို့ အရာရာကို ဆန့်ကျင်ရင်ဆိုင်ခဲ့ပြီး ကိုယ့်ဘဝထဲကို ခေါ်ခဲ့ ရတယ်။ ကိုယ်သိပ်ချစ်ရတဲ့ ကိုယ့်မေမေနဲ့တောင် စိတ်ဝမ်း အကွဲခံပြီး မင်းကို လက်ထပ်ခဲ့ရတာ။ မင်းကတော့ ကိုယ့် ဘက်ကို တစ်စက်လေးမှ မငဲ့ညှာခဲ့ပါလား...”



ပါရမီသည် မောင့်ဆီမှ ကြေကြေကွဲကွဲ ညီးတွားမှုကို ကြားရပြန်တဲ့အခါမှာ တော်တော့်ကို စိတ်မကောင်းဖြစ်မိသည်။ ပါရမီ့ကို မောင် တကယ်ချစ်ခဲ့လို့ မောင့်မေမေရဲ့ အငြိုအငြင်ကို ခံပြီး မောင် လက်ထပ်ခဲ့တဲ့အဖြစ်။ မောင့် မေမေဟာ အခုထိ သူ့ညီမဖြစ်သူရဲ့ အိမ်မှာသွားနေပြီး မောင့်ကို စကားဘက်ဟက်ပက်ပက် မပြောသေးတဲ့အဖြစ်။ အဆုံးစွန် သီတင်းကျွတ် သွားကန်တော့ရင်တောင် အကန်ဇွေနီးခံဖို့ မောင်ရော၊ ပါရမီရော၊ မောင့်ဒေါ်လေးရော ဝိုင်းဖျောင်းဖျမှ ငူငူကြီးထိုင်ပြီး အံကြိတ် မျက်နှာလွှဲပြီး အကန်တော့ခံ၊ ဆုတစ်ချက်မပေးတဲ့ အဖြစ်။ မောင်ကိုယ်တိုင်လဲ အဲ့ဒီနေ့က မောင့်မေမေရဲ့ စိမ်းကားပြတ်တောက်မှုအတွက် ပါရမီ့ ရင်ခွင်ထဲမှာ မောင် ရှိုက်ကြီးဘင်ငိုခဲ့ ရတဲ့အဖြစ်။ အို - တကယ့်တကယ်တော့ မောင်ဟာ ငါတစ်ယောက်တည်းရဲ့ မျက်နှာကိုကြည့်ပြီး အရာရာကို ဆုံးရှုံးခံနေရသူပါလား လို့ ပါရမီ တွေးမိသောအခါ မောင့်ကို ပိုချစ်ရပြန်သည်။

www.burmeseclassic.com



"ကိုယ်မေးတော့ သူ့ဘာသာ ကလေးမရသေး သလိုလို ဘာလိုလိုနဲ့ ဘာလို့ ညာပြောရသလဲကွာ။ အခုတော့ ကိုယ်ဘယ်လောက် စိတ်ထိခိုက်ရသလဲ။ ကိုယ်လိုချင်တဲ့ ကိုယ့်ရဲ့ အဖော်ကလေးတွေကို ပါရမီက လာခွင့်မပေးလို့ စိတ်ထိခိုက်ခဲ့ရသလို၊ ကိုယ့်ကို ပါရမီ ညာထားရက်တယ်။ ကိုယ့်ဆန္ဒကို တားဆီးရက်တယ်လို့ သိပြီး စိတ်ထိခိုက်ရပြန်တယ်... "

"ပါရမီ... ကလေးမမွေးချင်ဘူး မောင်..."

"ဟင်... ဘာဖြစ်လို့လဲ ပါရမီက ကျန်းမာသန်စွမ်းတဲ့အမျိုးသမီးတစ်ယောက်ပဲ။ ဘာလို့ ကလေးမမွေးချင်ရတာလဲ။ တစ်ချို့တွေးပြီးဆို နှလုံးအားနည်းတဲ့ ရောဂါရှိမှန်းသိရက်နဲ့တောင် ဆရာဝန်ကိုညာပြီး အတင်း ကလေးမရမက မွေးတဲ့ လူတွေမှအပြည့် ပါရမီက ဘာရောဂါမှလဲ မရှိဘဲနဲ့..."

"ကလေးတစ်ယောက်မမွေးခင် မိခင်လောင်းဘဝကြုံတွေ့ရတဲ့ ဒုက္ခ။ ကလေးမွေးလို့ နာရကြင်ရတဲ့ ဒုက္ခ၊ ကလေးရပြီးလို့ ရင်ဆိုင်ရတဲ့ ကလေးရဲ့ ဝေယျာဝစ္စဒုက္ခတွေကြောင့် မိန်းမတစ်ယောက်ဟာ ရှိပြီးသား အလှအပတွေ လျော့ပါးသွားတယ်။ နောက်ပြီး ရှိတဲ့အသက်ထက် နည်းနည်းပို





ရင့်ရော်သွားတယ်လို့ ပါရမီထင်တယ် မောင်။ ပါရမီက အလှပျက်မှာ အရုပ်ဆိုးမှာကို လုံးဝမလိုလားဘူး... "

မောင်သည် ပါရမီ့ထံမှ စကား အထူးအဆန်း အတွေးအခေါ် ခပ်ဆန်းဆန်းတွေအား အံ့ဩလွန်းလှစွာ မင်သက်နားထောင်နေမိသည်ထင်ရဲ့။ အတန်ကြာ စကားတုံ့ပြန်ခြင်း မရှိတော့တာသာကြည့်။ ပါရမီသည် မှန်ရှေ့တွင် ကိုယ့်ကိုယ်ကို တစ်ချက် ဟိုလှည့်၊ ဒီလှည့်ကြည့် မောင့်နဘေးတွင် ဝင်ထိုင်လိုက်၏။ အင်း - ပြီးတော့ မောင့်ကို ချော့သည့်အနေနှင့် မောင်ပုခုံးတွင် ခေါင်းစောင်းမှီချလိုက်တော့တာပဲ။

"ပါရမီက အခုလိုလှနေပနေလို့ မောင် ပါရမီ့ကို ချစ်တာ မောင့်မိတ်ဆွေတွေရဲ့ အလယ်မှာ ဇနီးချောချောလေး ရထားတဲ့ မောင့်မျက်နှာပွင့်တာ လက်တွေ့ပဲလေ။ အကယ်၍ ပါရမီသာ ကလေးတွေ တစ်ပြုံတစ်မကြီး မွေးပြီး ဝက်မကြီးတစ်ယောက်လို အလှပျက်ပြီး ဝဝကြီး ဖြစ်နေရင် မောင် ချစ်နိုင်ပါ့မလား။ မောင့်မိတ်ဆွေတွေကလဲ ပါရမီ လှတာကို တသသပြောနေပါတော့မလား။ မောင်ပဲ စဉ်းစားကြည့်... "

"ကိုယ်က ပါရမီကို လှလို့ချစ်မိခဲ့တယ်လို့ ကိုယ့်ကိုယ်ကို မသတ်မှတ်ပါဘူး။ နောက်ပြီး ကိုယ်ချစ်လို့ အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



ကြားက လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ကို ဘယ်ဘဝ ရောက်ရောက် ကြင်နာမြတ်နိုးမှုတွေနဲ့ ချစ်မှာပဲ။ ပါရမီ ကိုယ့်အချစ်ကိုတော့ မစော်ကားနဲ့ နောက်ပြီး ပါရမီလုတာ ပတာကို ကိုယ့်မိတ်ဆွေတွေ ဘာလို့ တသသ ပြောစေချင်ရတာလဲ။ လင်ရှိမယားတစ်ယောက်ဟာ ကိုယ့်ယောကျ်ားကို အလုပြဖို့ထက် တစ်ခြားယောကျ်ားတွေ ငေးကြည့်ချင်လောက်အောင် အလှပြဖို့ဆိုတဲ့ စိတ်ဓာတ်မျိုးတော့ မရှိသင့်ဘူး ပါရမီ။ ကိုယ်ဒီထက်ပိုပြီး ရင့်ရင့်သီးသီး မပြောချင်တော့ဘူး။ မင်း အဲ့ဒီလောက်ဆိုရင် နားလည်ဖို့သင့်တယ်..."

ကြည့်စမ်း။ မောင်က ပါရမီ့ကို စကားလှလှတွေ သုံးပြီး ပညာပြသွားလိုက်တာ။ ပါရမီက လွတ်လပ်တဲ့အပျိုဘဝမှာ သာ ပွေချင်ပွေမယ်။ ရှုပ်ချင်ရှုပ်မယ်။ ယောကျ်ားတွေကို ကိုယ့်အလှကြောင့် ဒုက္ခရောက်သွားစေချင်တဲ့ စိတ်ဓာတ်မျိုး ရှိချင်ရှိမယ်။ မောင့်ရဲ့ဇနီးဘဝမှာတော့ အဲ့ဒီစိတ်မျိုး လုံးလုံးတောင် မတွေးခဲ့မိပါဘူး မောင်။ မောင် ထင်ရက်တယ်နော်။

ပါရမီက ကိုယ့်အလှကို လူအားလုံးက အသိအမှတ်ပြုတာ မိန်းမချင်းတောင် အားကျနေစေချင်တာ။ ဘယ်နေရာသွားသွား။ ဒီအလှကြောင့် ထင်ပေါ်နေချင်တာပဲ သိပါတယ်

စေတနာစာပေ



မောင်ဟု ပါရမီသည် နာကျင်စွာ တွေးမိပါသည်။

"မိခင်စိတ်ရှိစမ်းပါ ပါရမီ... မင်းလိုသာ မိန်းမတိုင်းကြီးတွေးပြီး ပူပန်မယ်ဆိုရင် မင်းဆိုတဲ့ မိန်းမတစ်ယောက်ကို မင်းအမေက မွေးခဲ့မယ် မထင်ဘူး။ အဲ့ဒီလိုပဲ ကမ္ဘာနဲ့ အဝှမ်းက အလှအပကြောင့် လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ မိန်းမတွေလဲ မိခင်ဘဝကို ခံယူမှာ မဟုတ်ဘူး..."

"ဟင့်အင်း... သူတို့က သူတို့ပဲ ပါရမီက ပါရမီ မောင်..."

"အေးလေ... ဒါဆိုလဲ ပြီးတာပဲပေါ့။ မင်းက ငါလိုချင်တဲ့ ကလေးမမွေးပေးနိုင်ရင် ငါ့ရဲ့ကလေးလေးတွေ မွေးပေးမဲ့ တစ်ခြားမိန်းမတစ်ယောက် ထပ်ယူလိုက်ရုံပဲပေါ့..."

"ဘာပြောတယ် မောင်..."

မောင်သည် ပါရမီ့ကို အပြင်းထန်ဆုံး ထိုးနှက်နိုင်သည့် စကားကို ရှာတွေ့သွားခဲ့ပြီ။ ပါရမီက တုန်လှုပ်ချောက်ချားစွာ ကယောင်ကတမ်း အော်လိုက်ချိန်မှာ မောင်သည် ပစ်ချက်စိန်ခေါ်သလိုကြည့်ပြီး ခပ်သဲ့သဲ့ရယ်၍ ပါရမီ့နဘေးမှ ထသွားတော့၏။ အောက်ထပ်သို့ ဆင်းသွားသည့် မောင့်ခြေသံ တဒုံးဒိုင်းထက် ပါရမီ့ နားထဲမှာ မောင့်ရဲ့ ခနဲ့စကားကိုသာ ထပ်ခါ တလဲလဲ ကြားနေခဲ့သည်။

စေတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com

ဟင့်အင်း မောင်။ မောင့်ကို တခြားဘယ်မိန်းမမှ ထပ်ပြီး ချစ်ခွင့်မပေးနိုင်ဘူး။ ပြီးတော့ မောင်ကလဲ တခြားဘယ်မိန်းမကိုမှ မချစ်ရဘူး။ မောင့်ကို ပါရမီပဲ ပိုင်ရမယ်။ မောင်ကလဲ ပါရမီ့ကိုပဲ ချစ်ရမယ်။ အို - မောင်သာ သူပြောတဲ့အတိုင်းလုပ်ဖို့ စိတ်ကူးနေရုံတင်မက တကယ်ပဲ ဒီစိတ်ကူးကို အကောင်အထည် ဖော်များ ဖော်လိုက်ရင်၊ ဘုရားရေ - ငါ မောင့်ကို ဆုံးရှုံးသွားရမှာပဲ။

"မောင့်ကို ဘယ်တော့မှ အဆုံးရှုံးမခံနိုင်ဘူး။ မောင့်ကို ပါရမီတစ်ယောက်တည်းပဲ ချစ်မယ်..."

ဟု ခပ်ကြောင်ကြောင် ရေရွတ်ပစ်လိုက်ပါသည်။

..... ❁ .....

ထိုနေ့၏ နောက်ပိုင်းရက်များတွင် ပါရမီ၌ စိတ္တဇက ဝေဒနာတစ်ခု ကပ်ငြိလာတော့သည်။ အဲ့ဒါကတော့ မောင် အပြင်က ပြန်လာတိုင်း မောင့်ကျောပိုးအိတ်ကို ခိုး၍ စစ်ဆေးရခြင်း၊ မောင့်အကျီမှာ မောင့်ကိုယ်နံ့အပြင် ဘယ်မိန်းမရဲ့ ရေမွှေးနံ့များ ကပ်ပါလာမလဲလို့ စစ်ဆေးရခြင်း၊ ထို့အပြင် မောင်လစ်လျှင် လစ်သလို မောင် စာရေးသည့် စားပွဲကို ရှာဖွေရခြင်းပင်။

"ဟဲ့... နင်တို့ အစ်ကိုရဲ့ စားပွဲကို ရှင်းရင်ဖြစ်ဖြစ်၊အဝတ် ဘီရိုကို ရှင်းရင်ဖြစ်ဖြစ်၊ တစ်ခုခု မသက်သစရာတွေ့ရင်

စေတနာစာပေ





ငါ့ကိုလာပြောနော်..."

ဟုလည်း အိမ်ဖော်ခေါ်ထားသည့် မွန်မလေးတို့ ညီအစ်မကို ကျိတ်လဲမှာထားရသေး၊ မောင်က ပါရမီ အိမ်အလုပ်တွေ တစ်ခုမှ မလုပ်တတ်မှန်း၊ လုပ်လဲ မလုပ်ချင်မှန်းသိ၍မောင့်မေမေနဲ့တုန်းက အိမ်ဖော်တစ်ယောက်သာ ထားခဲ့ရပေမယ့် ပါရမီ့ အတွက်တော့ ပိုအဆင်ပြေအောင် နှစ်ယောက်တောင် ထားပေးခဲ့တာ။ အင်း - ဒါတွေ ပြန်တွေးရရင် မောင်က ပါရမီ့ကို အလိုက်သိတာချည်းပဲ ရှိသည်။ ပါရမီက တစ်ခါမှ မောင့် ဝေယျာဝစ္စကို မောင် လုပ်ပေးခဲ့ရသူ မဟုတ်ချေ။

သို့သော် ပါရမီက မောင့်အတွက် ကော်ဖီကိုတော့ အကျအနဖျော်ပေးသည့် ဝတ္တရားကို တစ်ခါမှ မပျက်ကွက်ခဲ့သေးပါ။ ကဲ - ဘာလိုတော့လို့လဲနော်။

တစ်နေ့မှာတော့ ပါရမီသည် တစ်ခါမှ ဖွင့်မကြည့်ဘူးသည့် မောင့်ရဲ့ စာအုပ်ဘီရိုကြီးကို ဖွင့်ကြည့်ဖို့ စိတ်ကူး မိပါသည်။

မှန်တာပြောရရင် ပါရမီက စာဖတ်ဝါသနာပါသူ မဟုတ်၍ မောင့်ဝတ္ထုတွေ တစ်ခါမှ ယူမဖတ်ကြည့်ခဲ့တော့ချေ။ ယုတ်စွအဆုံး၊ ဝတ္ထုဘယ်အချိန်ထွက်သလဲတောင် မသိ၊ ဘာဝတ္ထုကို ဘယ်သူ ဗွီဒီယိုရိုက်မယ်ဆိုတာလဲ မသိ၊ ဗွီဒီယိုခွေထွက်မှသာ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဪ - ဒါ မောင့်ဝတ္ထုပါလား ဟူ၍ ဆရာနာမည်ကို ထိုး
သာ သတိပြုမိတဲ့အထိပဲ။

ထို့ကြောင့် မောင်ဟာ ပါရမီ့ ဝါသနာကို အကဲခ
မိလျှက် သူ့ဝတ္ထုတွေ ဖတ်ကြည့်ဖို့တောင် တစ်ခွန်းမဟခဲ့တာ
ကြည့်။ ဒါပေမယ့် မောင်က ပါရမီ သူ့ဝတ္ထုတွေကို ပါရမီ မဖ
သည့်အတွက် ပါရမီ စာဖတ်ဝါသနာမပါသည့်အတွက် ပါရမီ့
အပြစ်တင်ခြင်းတော့ မရှိချေ။

"ဟင်... မောင့်ဝတ္ထုမျက်နှာဖုံးပန်းချီက ဒါ... ဒါ စမ်း
ကလေးဆွဲတာ၊ ဟုတ်တယ် ငါမှတ်မိတယ်။ ဒါ စမ်း
ကလေးရဲ့ လက်မှတ်ပဲ နေဦး၊ ဒါအရင်က စာအုပ်လာ
မသိတာ..."

ပါရမီသည် ထိုသို့ တစ်ယောက်တည်း ရေရွတ်
ဝတ္ထုထွက်သည့်လကို လှန်လှောရှာဖွေလိုက်သောအခါ-

"ဟင်... ဒါ... ဒါ ငါနဲ့ လက်ထပ်ပြီးမှ ထွက်တဲ့ စာအု
တွေပဲ..."

ပါရမီသည် စာအုပ်များကို ဒေါသတကြီး အထ
လိုက် ဆွဲချကာ နောက်ထပ်ရှာဖွေတဲ့အခါမှာ၊ သူမနှင့် လက်ထ
ပြီးသည့် နောက်ပိုင်းတွေမှာ ထုတ်သည့် ဝတ္ထုများ၏ မျက်နှာ
ပန်းချီတိုင်းသည် စမ်းရေကလေး၏ မော်ဒန်ပန်းချီများ အပြ

ခဲ့သည်။ ကြည့်စမ်း - ငါနဲ့ ပတ်သတ်ပြီးတာတောင် မောင်နဲ့
စမ်းရေကလေးတို့ဟာ ငါ့ကို အသိမပေးဘဲ တိတ်တဆိတ် အဆက်
အသွယ်ရှိနေပါလား။ ငါ့မှာတော့ အလိမ်ခံထားလိုက်ရတာ၊ သူတို့
ငါ့ကွယ်ရာမှာ ဆက်ပြီး ဇာတ်လမ်းဆက်နေလိုက်ပါများ။

"သွားစမ်း... သွားစမ်း...။ ဒီပန်းချီတွေကို မမြင်ချင်ဘူး..."

"ပါရမီ ဒါဘာလုပ်နေတာလဲ..."

စာအုပ်တွေကို ဆွဲစုတ်ဖို့ လက်ရွယ်လိုက်စဉ် မောင်
သည် ပါရမီ့အနား ဖျတ်ခနဲ ရောက်လာလျက် ပါရမီ့ လက်ထဲမှ
စာအုပ်ကို ဆွဲယူလိုက်လေသည်။

"ဆွဲစုတ်မလို့လေ... ဆွဲစုတ်မလို့..."

"ဘာလို့ ဆွဲစုတ်ရတာလဲ...။ ဒါ ကိုယ့်ဝတ္ထုတွေလေ၊ ကိုယ့်
အမြတ်တနိုးပစ္စည်းတွေလေ။ ပါရမီ ဘာစိတ်ရူးပေါက်ပြန်
တာလဲ..."

"အို... မောင့်ဝတ္ထုက မောင့်ဝတ္ထုပဲ၊ မျက်နှာဖုံးပန်းချီက
ဘယ်သူလဲ။ မောင် အဲ့ဒါကို ပါရမီ သိသွားလို့ ဖြဲ့တာ
ဘာဖြစ်သလဲ..."

"ဪ... ဒါလား။ ဒါ စမ်းရေကလေးရဲ့ ပန်းချီလက်ရာ
တွေပဲ အရင်ထဲက ကိုယ်သုံးနေကျ။ ဒီနေ့ဆက်သုံးတာ
ဘာဖြစ်သလဲ..."





www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒါ ဘာလို့ ပါရမီ့ကို မပြောတာလဲ မောင်။ ဒါမရှိုးသား တာပဲပေါ့။ တကယ်ဆို မောင် တိုင်ပင်ဖို့သင့်တယ်..."

"မင်းကရော ကိုယ့်အလုပ်ကို စိတ်ဝင်တစား ဘယ်တုန်းက မေးကြည့်ဖူးလို့လဲ..."

ကြည့်စမ်း။ မောင့်လေသံတွေက သူစိမ်းဆန်နေ လိုက်တာ။ ဒါဟာ မောင်နဲ့ စမ်းရေကလေးတို့ရဲ့ ဇာတ်လမ်းကို ရိပ်မိတော့မယ့် ပါရမီကို ကြိုတင်တိုက်စစ်ဆင်တာပဲ။

"အို... မလိုချင်ဘူး မောင်။ ဒီဇာတ်လမ်းကို အခုရပ်တော့။ မောင်... သူ့ပန်းချီပုံတွေ မသုံးရဘူး။ပါရမီသဘောမတူ ဘူး။ ဘယ့်နှယ့် ပန်းချီဆရာတွေ ဒီလောက်ပေါတာ ဘာမဟုတ်တဲ့ စမ်းရေကလေးရဲ့ ပန်းချီကြောင်ကြောင် တွေကိုမှ တစ်စွဲတစ်လမ်း သုံးနေရတာလဲ။ ဟိုဟာမကလဲ အရှက်မရှိ အခုထိ ပန်းချီတွေ ဆွဲပေးတုန်းပဲ။ အဲ့ပါရဲ့၊ နေစမ်းပါဦး မောင်ရဲ့... မောင်နဲ့ ဘယ်အချိန်တွေမှာ တွေ့ပြီး ဘယ်လို တိုင်ပင်ပြီး သူက မောင့်အတွေးတွေ ပန်းချီလုပ်ပေးနိုင်နေ တာလဲ။ ပါရမီ့ ကွယ်ရာမှာ မောင် တို့ ခဏခဏတွေ့ဖြစ် ကြတာပေါ့နော်..."

"တော်စမ်း ပါရမီ။ အဲ့ဒီလို အောက်တန်းကျတဲ့ အတွေး အခေါ်တွေ မတွေးစမ်းပါနဲ့..."

စေတနာစာပေ



"မောင်... ပါရမီ့ အမေးကို မဖြေသေးဘူး..."

"ဖြေစရာမှ မလိုတာ ကိုယ့်ဘက်က အမှန်လုပ်နေတာကို မင်းက သံသယဝင်နေမှတော့ မဖြေချင်ဘူး..."

"ဒါပေမယ့် မောင့်ကိုတော့ ပါရမီက တားရမှာပဲ။ မောင် ဒီဟာမရဲ့ ပန်းချီတွေ ဆက်မသုံးနဲ့တော့... "

"အဲ့ဒါ မင်းညီမ အရင်းခေါက်ခေါက်ရဲ့ ပန်းချီတွေလေ။ တခြား ဘယ်သူစိမ်း မိန်းမရဲ့ ပန်းချီလက်ရာမှ မဟုတ် တာ..."

"အို... သူဆို ပိုတောင်စိတ်မချသေး..."

"အေးလေ... မင်းသေသေချာချာ စဉ်းစားဦးပေါ့။ ကိုယ်က မင်းညီမအရင်းမို့ ကိုယ့်ညီမအရင်းအချာလိုပဲ ဆက်ဆံ ပြောဆိုတယ်။ ဒါပေမယ့် ကိုယ်နောက်ထပ်ရှာ တွေ့တဲ့ မော်ဒန်ဖန်းချီဆွဲသူ မှက်နှာသစ်တစ်ယောက် ဟာ မင်းညီမနဲ့ မိတ်ဆွေ ပန်းချီဆရာမတစ်ယောက်ဖြစ်ဖို့ အခွင့်အလမ်း ပိုများတယ်၊ ကိုယ်အစကတည်းက အကယ်၍ စမ်းရေရဲ့ ပန်းချီတွေ မသုံးရတော့ရင်သူ့ပန်းချီ ကို သုံးဖို့တောင် ရည်ရွယ်ပြီးပြီ၊ စမ်းရေက ခွင့်ပြုလို့ စမ်းရေရဲ့ ပန်းချီတွေ ဆက်သုံးဖြစ်ခဲ့တာပဲ၊ မင်း စဉ်းစား နော်။ ကိုယ့်မိန်းမရဲ့ ညီမ မဟုတ်တဲ့ တခြားပန်းချီဆရာမ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ကိုယ်က ညီမအရင်းလို စိတ်သန့်သန့်နဲ့ ဆက်ဆံ ပြောဆိုနိုင်လိမ့်မယ်လို့ အာမ,မခံနိုင်ဘူး..."

ဘုရား - ဘုရား။ မောင်အခုတစ်လောမှာ စကား ကကို အတိပြုတာ။ တစ်ခြားမိန်းမတစ်ယောက်နဲ့ ရှုပ်ဖို့ ကြံစည် နေပြီတင်တယ်။ အို - ဘာပဲဖြစ်ဖြစ် မောင်ပြောသလိုဆိုရင် စမ်းရေကမှ တော်ပါသေးရဲ့။ မောင်ကလဲ စမ်းရေကို တကယ် မချစ်ခဲ့လို့ စမ်းရေနဲ့ ပတ်သတ်တော့ မလိုလိုဖြစ်နေရာက ငါ့ကို ရွှေးချယ်လိုက်တာသာကြည့်။ ငါ့ကို မောင် တကယ်ချစ်ခဲ့လို့ပဲပေါ့။ နောက်ပြီး စမ်းရေကလေးက ငယ်နိုင်။ ဘာပဲဖြစ်ဖြစ် ငါ့ကို ကြောက်ကာနဲ့ သူဟာ မောင့်ကို ငါ့လက်ထဲက လုယူဖို့တော့ ကြံစည်မယ် မထင်ပါဘူး။ နည်းနည်းပါးပါး သွယ်ဝိုက်သတိပေး သွားလိုက်ရင်၊ အို - စမ်းရေကလေးကလဲ မာနကြီးတဲ့ မိန်းမပဲ။ ငါ့ အပြောကိုတော့ ခံမှာ မဟုတ်ဘူး။

ပါရမီသည် ထိုအတွေးဖြင့် စမ်းရေကလေးဆီသို့ ပဏာမဆုံးအကြိမ် စာရေးဆက်သွယ်ဖြစ်ပါသည်။

"ဆရာနဲ့စမ်းရေတို့ လူချင်းမတွေ့ဖြစ်ကြတာ မမနဲ့ ဆရာ လက်ထပ်ပြီးကတည်းက အခုထိပါ။ စမ်းရေက ပန်းချီတွေ ကို စမ်းရေရဲ့စိတ်ချရတဲ့ လူကြုံနဲ့ ဆရာ့ဆီ ပို့ပေးပါတယ်။ ဆရာက သူ့ရဲ့ နောက်ဝတ္ထုရဲ့ သဘောတရားကို စာရေး





ပြီး စမ်းရေရဲ့ လူကြုံက တစ်ဆင့် စာရော ပန်းချီ မျက်နှာဖုံးခ ကိုပါ ပေးလိုက်ပြပါပဲ။ တစ်ခါတစ်လေ စမ်းရေ သိပ်နားမလည်တဲ့အခါမျိုးတွေမှသာ စမ်းရေက စာလှမ်းရေးပြီး မေးတတ်ပါတယ်။ အဲ့ဒီလောက်ကလွဲရင် စမ်းရေတို့ ဒီထက် ပိုပြီး အဆက်အဆံ မရှိပါဘူး မမ...။ နောက်ပြီး စမ်းရေကို အဲ့ဒီလောက် အထင်သေးပြီး ကြိုတင်ဟန့်တားစရာ မလို ပါဘူး။ စမ်းရေက ကိုယ့် အစ်မရဲ့ ယောက်ျားကို ပြန်လုယူ လောက်အောင်အထိ တော့ စိတ်ဓာတ်မညံ့ဖျင်းသေးဘူးဆိုတာ မမ မှတ်ထား ပါ။ ဖေဖေနဲ့မေမေတို့ မသိအောင် စမ်းရေဟာ ဆရာ့ အတွက် မျက်နှာဖုံးပန်းချီတွေ ခိုးဆွဲတာဟာ ဘယ်သူ့ ကြောင့်မှ မဟုတ်ဘူး။ ကိုယ့်ဝါသနာနဲ့ ကိုယ်ဆွဲနေတာ။ အခုဆို ဆရာ့ဝတ္ထုအတွက်တင်မက ဘယ်သူ မျက်နှာဖုံး လာအပ်အပ်၊ ဆွဲပေးနေပြီဆိုတာလဲ မမ သိအောင် ပြောပြလိုက်ပါတယ်..."

ဟူ၍ စမ်းရေ၏ ရန်တွေ့မှု အနည်းငယ် ယှက် သမ်းသည့် ပြန်စာကို လက်ခံရရှိတော့မှသာ ပါရမီ စိတ်နည်းနည်း အေးရသည်။

ဟုတ်ပါရဲ့။ ဖေဖေနဲ့ မေမေကအသိအမှတ်မပြုလို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မောင့် မေမေက ဥပေက္ခာပြုလို့ နှစ်ယောက်တစ်ဘဝ တည်ဆောက်နေခဲ့တာ။ စမ်းရေ ပန်းချီတွေ ဆွဲပေးနေတာကို ဖေဖေ မေမေတို့ သိမည်မထင်။ နောက်ပြီး စမ်းရေက အရင်လို မောင့်ဝတ္ထုမျက်နှာ ဖုံးတစ်ခုထဲမှာပဲ သီးသန့်ဆွဲပေးနေတာမှ မဟုတ်တော့တာ။ တကယ့်ကို ကြေးစားပန်းချီဆရာမကြီး လုပ်နေပြီတဲ့လေ။ အို - ဘာပဲ ဖြစ်ဖြစ် မောင်ပြောသလို စမ်းရေပြောသလို တွေအရဆိုရင်တော့ မောင်နဲ့ စမ်းရေတို့ လုပ်ငန်းစပ်တူလုပ်တာကမှ စိတ်ချလက်ချဖြစ်ရသေး။

သို့သော် စိတ်မချရတဲ့တစ်ခုကတော့ မောင်ဟာ သူခြိမ်းခြောက်ထားသလို သူ့အတွက် ကလေးတွေ မွေးပေးနိုင်မည့် မိန်းမတစ်ယောက်ကို ဘယ်တော့လောက် ယူလိုက်မလဲဆိုတာပင် ဖြစ်ပါသည်။

"မမကြီးရယ်… အစ်ကိုကြီးက တစ်ခြားမိန်းမတစ်ယောက်ကို ယူချင်လို့ ယူမှာမှ မဟုတ်တာ။ သူလိုချင်တဲ့ ကလေးတွေ မွေးပေးဖို့ယူမှာလို့ ပြောသားပဲ။ ဒီတော့ သူသိပ်လိုချင်နေတဲ့ ကလေးတစ်ယောက်ဖြစ်ဖြစ်၊ နှစ်ယောက်ဖြစ်ဖြစ်ကို မမကြီး မွေးပေးလိုက်ရုံပေါ့။ ဘာများစိတ်ပူစရာရှိတာ မှတ်လို့၊ ကလေးမွေးရတာ မပင်ပမ်းပါဘူး။ အခု မမကြီးဒီလိုနေ့တိုင်းတွေးပူနေရတာကမှပိုပင်ပမ်းသေးတယ်…"

စေတနာစာပေ



ဟူ၍ ပါရမီ၏ ညည်းညူတိုင်တည်မှုကို အများဆုံး နားကြားရသည့် အိမ်ဖော်မွန်မကလေးညီအစ်မထံမှ အကြံပေး စကားကို လက်ခံရရှိတော့သည်။

ထိုအခါ ပါရမီတွေးမိသည်မှာ အခုနောက်ပိုင်းတွင် ပါရမီ့ကို အေးတိအေးစက် စကားတွေ၊ ခနဲ့စကားတွေ၊ ရန်လို စကားတွေနဲ့သာ ပြောဆိုဆက်ဆံသော မောင့်ကို၊ ပါရမီ့ကို အပြစ်ရှာ ဆူပူချင်လာသည့် မောင့်ကို၊ ပါရမီ့ စကားတွေကို အရင်ကလို နား[illegible]ထောင်ချင်လာသည့် မောင့်ကို၊ ပါရမီ့ကို သူစိမ်းဆန်ချင်လာသည့် မောင့်ကို ပါရမီဘက် ပြန်လည်စည်းရုံးရန်အတွက် မောင် လိုချင်သည့် ကလေးတစ်ယောက်လောက် ဖြစ်ဖြစ် မွေးပေးလိုက်မှပဲ ဟူ၍တည်း။

အင်း - အင်မတန်ကို စွန့်စွန့်စားစား ဆုံးဖြတ်ရတဲ့ ဆုံးဖြတ်ချက်တစ်ခုပဲဆိုတာ မောင်သိမည် ထင်ပါရဲ့။

"ဘာ… ဘာရယ်။ ပါရမီက ကလေးယူတော့မလို့ ဆုံးဖြတ်လိုက်ပြီ… ဟုတ်လား…"

မောင်က ထိုစကားကို အကြားမှာ ပါရမီ့အတွက် အချိန် ကြာကြာပျောက်ကွယ်သွားခဲ့ပြီးသည့် ပါရမီချစ်သော အပြုံး ကလေးဖြင့် ဝမ်းသာအားရ ပါရမီ့ပုခုံးတွေကို ကိုင်လှုပ်ရင်း မေး၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ မောင်ရယ်... ပါရမီက မောင့်ကိုချစ်လို့ မောင့် အတွက် လက်ဆောင်ပေးချင်တာပါ။ ပါရမီ့ အတွက်တော့ ဒါဟာ မဟာစွန့်စားခန်းပဲ မောင်..."

"ဘယ်ကလာ မဟာစွန့်စားခန်းဖြစ်ရမှာလဲ... ဒါဟာ တကယ်တော့ မင်းရဲ့ကိုယ့်အပေါ်ထားရှိတဲ့ ပမာဏများပြားတဲ့ ချစ်ခြင်းကို ပြသမှုပဲ ပါရမီ..."

...... ✿ ......



(၇)

ပါရမီသည် ဖျတ်ခနဲ မြင်စကတော့ ရုတ်တရက် မင်သက်နေမိသည်။ သို့သော်-

"မမဟယ်... ငါ့မမပါလား... ဝမ်းသာလိုက်တာမမရယ်..."

ဟူသော နှုတ်ဆက်သံနှင့် သူမနံဘေးသို့ ပြေးလာကာ လက်တစ်ဖက်ကို လှုပ်ရမ်းလိုက်သည့်အခါတွင် နှုတ်ဖျားတွင် "စမ်းရေ"ဟု တုံ့ပြန်ကာ ခပ်တိုးတိုးပြန်နှုတ်ဆက်လိုက်သည်။ စမ်းရေကလေးသည် ယခင်ကလိုပင် နဖူးရှေ့တွင် ဆံပင်အတိချ ထားသော ဂျပန်ဆံပတ် ဖားဖားကလေးနှင့် ဖြစ်သည်။

"မမ ပိုတောင်လှလာသလိုပဲ သိလား။ စမ်းရေကလည်း ရန်ကုန် ရောက်ကတည်းက မမဆီ လာလည်ချင်နေသော



www.burmeseclassic.com

www.burmeseclassic.com



မမက လာစေချင်ပါ့မလားဆိုပြီး တွေးမိတိုင်း ရွံ့နေတာနဲ့ မလာလည်ဖြစ်ဘူး…"

"နင်က ရန်ကုန်ဘာလာလုပ်တာတုန်း…"

"စမ်းရေ မမတို့ဆီသာ မလာဖြစ်တာပါ။ ရန်ကုန်ကိုတော့ ဝတ္ထုမျက်နှာဖုံးကိစ္စအတွက် တစ်ခြားစာရေးဆရာတွေနဲ့ ညှိနှိုင်းဖို့ မကြာခဏ ရောက်ဖြစ်ပါတယ်။ ဟို - ဆရာနဲ့သာ လူကြုံပို့ပေးတာကလွဲရင် တစ်ခြားစာရေးဆရာတွေနဲ့တော့ စမ်းရေကိုယ်တိုင်ပဲ လာပို့ဖြစ်ပါတယ် … မမ…"

စမ်းရေသည် ပါရမီ့ကို သံသယရှင်းစေချင်ဟန်ဖြင့် ရှည်ရှည်ဝေးဝေးပြောပြလေသည်။ ပါရမီသည် အခုတစ်လောမှာတော့ အရာရာကို စိတ်တိုနေမိ၍ စမ်းရေကို တွေ့လိုက်သည့်အခါတွင် ကိုယ့်သွေးသားရင်းချာတစ်ယောက်အား တွေ့လိုက်ရ၍ထင့်။ အနည်းငယ်စိတ်ပျော်သလိုပင်။ အင်း ငါရင်ဖွင့်ချင်တာတွေ၊ ငါရဲ့ ခံစားချက်တွေ၊ ယူဆချက်တွေကို စမ်းရေကိုတော့ တိုင်ပင်လို့ရမယ် ထင်ပါရဲ့။ ဟူ၍လည်း စိတ်ကူးမိပြန်သည်။

"နင်အားလား…စမ်းရေ အားရင်ငါ့အိမ်လိုက်ခဲ့ပါလား…"

"ဟင့်အင်း… မမ။ စမ်းရေ အဲ့ဒီလောက်တော့ အချိန်မရဘူး။ စာရေးဆရာမတစ်ယောက်နဲ့ နောက်နာရီဝက်ကြာရင် တွေ့ကြဖို့ ချိန်းထားပြီးပြီ။ လာလေ… မမ။





ဆိုင်တစ်ခုခုမှာ ဝင်ထိုင်ရင်း နာရီဝက်တော့ စကားပြောချိန်ရပါတယ်…"

"အေးလေ… ဒါဆိုလဲပြီးတာပဲ…"

"မမ… ဘာပြောစရာရှိလို့လဲ။ မျက်နှာလဲမရွှင်မလန်းနဲ့…"

ပါရမီသည် စမ်းရေကလေး အကဲခတ်တော်လှချည်လားဟု ချီးကျူးချင်သွား၏။ SNACK ဆိုင်ကလေးတစ်ခုတွင် ဝင်ထိုင်လိုက်လျှင် ပါရမီက သူမအတွက် နက်(စ်)ကော်ဖီတစ်ခွက်နှင့်အတူ စမ်းရေကလေးအတွက်တော့ မေ့ခ်ရှိတ်နှင့် ဟမ်ဘာဂါ မှာပေးလိုက်၏။ စမ်းရေကလေးက ဟမ်ဘာဂါအား မြိန်မြိန်ယှက်ယှက် စားသောအခါ ပါရမီသည် ခုတစ်လောမှာမှ ဘာတစ်ခုကိုမှ သေသေချာချာ စားချင်စိတ်မရှိသည့်အဖြစ်၊ မနက်လင်းတိုင်း ပျို့အန်ရသည့်အဖြစ်နှင့် ဟင်းနံ့ တစ်ခုခုကို ရှူမိလျှင်တောင် ပျို့အန်ချင်နေသည့် အဖြစ်တို့နှင့် ကြုံတွေ့နေရသော ကိုယ့်အဖြစ် ကို ကိုယ့်ဘာသာ မကျေမနပ်ဖြစ်မိတော့သည်။

အခုလဲကြည့် ပါရမီ အင်မတန်မှ နှစ်သက်သည့် နက်(စ်)ကို သောက်ရတာတောင် အန်ချင်သလိုလို၊ အနံ့မခံချင်သလိုလိုဖြစ်နေ၍ တစ်ဝက်နှင့်ပင် ကော်ဖီသောက်ခြင်းအမှုကို ရပ်တန့်ထားရသည်။

"ငါ့ကိုကြည့်စမ်းပါဦး… စမ်းရေ။ အခု ငါဘာထူးခြားနေ



www.burmeseclassic.com

 www.burmeseclassic.com

သလဲ... "

စမ်းရေကလေးသည် အ,တီး အ,တနိုင်စွာခေါင်း
ရင်း-

"မသိဘူး... မမ။ မမ ဘာဖြစ်နေလို့လဲ..."

ဟု ဖြေ၏။ ကျွတ် - တော်တော်စိတ်ပျက်စ
ကောင်းတဲ့ ညီမတစ်ယောက်ပဲ။

"ငါ ပိုပြီး အရုပ်ဆိုးမနေဘူးလား။ ကလေးအမေပုံ
ပေါက်မနေဘူးလား...စမ်းရေ။ အရင်က ပါရမီနဲ့ အခုမြ
ရတဲ့ ပါရမီ ဘယ်သူပိုလှသလဲ... မှန်မှန်ကန်ကန် ဝေ
စမ်းပါဦး..."

"မမရယ်... စမ်းရေကတော့ ကိုယ့်အစ်မို့ ဘယ်အချိန်
တွေ့ လှတယ်ပဲ ထင်တာပေါ့။ နေစမ်းပါဦး။ မ
ကလေးအမေမှ မဟုတ်ဘဲ၊ ဘယ့်နှယ့် ကလေးအမေ
ပေါက်ရမှာလဲ..."

"ငါ့မှာ ကလေးအမေတစ်ယောက်ဖြစ်ဖို့အတွက် ကလေ
တစ်ယောက်ကိုယ်ဝန်ဆောင်ရတဲ့ ဒုက္ခကို စတင်ခံ
နေရပြီလေ။ ဒါကြောင့် အခုတည်းက ကလေးအမေ
ပေါက်နေတယ်ထင့် ငါ့ကိုယ်ငါ ယူဆနေလို့ပေါ့။
သိပြီလား။ စမ်းရေ။ ဒီလောက်စကား လမ်းကြောင်း



တာတောင် ခုံးထွေးတာအံ့ပါရဲ့။ နင် ဒါကြောင့် အခုထိ
ရည်းစားမရ သေးတာပဲ ဖြစ်မယ်..."

စမ်းရေကလေးသည် သူမအား ခပ်နှိမ်နှိမ်
ဆက်ဆံ လေ့ရှိသည့် ပါရမီ့စကားတွေကိုလဲ ဂရုမပြုနိုင်ချေ။
ပြီးတော့ နောက် ဆက်တွဲစကားအဆုံးသတ်ကိုလဲ သတိမပြုမိနိုင်
ချေ။ ဘာဖြစ်လို့လဲ ဆိုသော် စမ်းရေကလေးသည် ပါရမီ့ထံမှ
ကလေးဟူသော အသံကြောင့် အံ့ဩတကြီးဖြင့် ပါရမီ့ ဝမ်းဗိုက်
နေရာဆီ မျက်လုံးဝေ့ကြည့်၏။ ထို့နောက် ပီတိများစွာဖြင့် ခပ်ပြုံးပြုံး
ဖြစ်နေတော့သတဲ့။

"ဟယ်... မမမှာ ကလေးရှိနေပြီဟုတ်လား... ဒါ ဝမ်းသာ
စရာ သတင်းစကားပဲပေါ့။ စမ်းရေ ဝမ်းသာလိုက်တာ။
မမရဲ့ ကလေးလေးဆိုရင် စမ်းရေရဲ့တူ၊ တူမလေးဖြစ်မှာပဲ
နော်။ အို... ပျော်စရာကြီးပါလား၊ ဘာလိုလိုနဲ့ စမ်းရေ
တောင် ဒေါ်လေးဖြစ်ရတော့မယ်။ ဖေဖေနဲ့ မေမေလဲ
ဘိုးဘိုး ဘွားဘွားတွေ ဖြစ်ရတော့မယ်။ ကြည့်စမ်း...
လောကကြီးထဲကို ကိုယ့်ရဲ့ သွေးသားရင်းချာတစ်ယောက်
တိုးလာ တော့မှာပေါ့နော်။ ပျော်လိုက်တာ... မမရယ်..."

အို - ဘုရားရေ။ စမ်းရေဟာ ပါရမီ့ဆီက ကလေး
ဆိုတဲ့ အသံကိုလဲကြားရော စိတ်ကူးယဉ်သွားလိုက်ကာများ

www.burmeseclassic.com



မဟုတ်သေးပါဘူး လောကကြီးမှာ ရှိသမျှ လူတွေထဲမှာ ငါ တစ်ခုခု မှားယွင်းနေသလား။ မောင်ဟာလဲ ကလေးဆိုတာ အသေအလဲ တောင့်တတတ်သူ။ မမြင်ခင်တည်းက ဒီကလေး ကိုယ်ဝန်ကို တသသ ဂရုစိုက်တတ်သူ၊ အနာဂတ်မှာ ဖြစ်တော့ ကလေးရဲ့ ဖြစ်စဉ်တွေကို ကြိုတင် စိတ်ကူးယဉ် ပီတိ ဖြစ်သ လေ။ အလကား ဒီကလေးကို သူတို့ မမွေးရတိုင်း ငမ်းငမ်းတ လိုချင်နေကြတာ။ တကယ့်တကယ်တော့ ဒီကလေးဟာ ရော မလာခင်တည်းက ငါ့ကို ဒုက္ခအမျိုးစုံ စတင်ခံစားဖို့ ဖန်တီးပေး တစ္ဆေလေးပဲ။

"မမရဲ့ ကလေးလေးဆို သိပ်ချစ်စရာ ကောင်းမှာပဲ။ ကလဲချော။ အင်း... နောက်ပြီး ဆရာကလဲ ခံ့ခံ့ကြီး တော့ ကလေးလေးက ချောချောလေးဖြစ်မှာ။ အိုး စမ်းရေတော့ တွေ့ချင်လှပါပြီ... "

"တိတ်စမ်း... စမ်းရေ။ နင်ဘာသိလို့လဲ။ ငါအခု အဲ ကလေးရဲ့ ကိုယ်ဝန်ကို ဆောင်ထားရတဲ့အတွက် စိ အရမ်းညစ်နေတယ်။ ဒီကလေးတစ်စက်မှ ကောင်းကျိုး မပေးတဲ့ ကလေးဘဲ... "

"ဟင်... ဘာဖြစ်လို့လဲ၊ မမ ကြိုပြီးတော့များ ဗေဒင်တွ ပြီး သိနေတာလား..."

"ဟာ... စမ်းရေ နင်ဟာလေ တော်တော်ရှုးကြောင်ကြောင် အတွေးအခေါ်တွေ ရပဲရှိုင်လွန်းတယ်။ ကဲ... ကဲ မသိရင် လဲ ပြောမယ်။ ပြောမယ်။ ဒီမှာ စမ်းရေရဲ့ ဒီကလေးကို ကိုယ်ဝန်ဆောင်ကတည်းက ဘာတစ်ခုမှ ငါ့အတွက် ကောင်းမလာဘူး။ တစ်နေ့ တစ်နေ့ အန်ရတာ၊ အစာ မစားချင်ဖြစ်ရတာနဲ့ နောက်ပြီး ငါတော်တော် အမြင် ကတ်တဲ့ ဆေးတွေလဲ နေ့စဉ်သောက်ရ။ ဟိုပုဂ္ဂိုလ်ကလဲ ငါ့ထက် ငါ့ကိုယ်ဝန်ကို ပိုဂရုစိုက်နေတော့တာပဲ..."

"မမရယ်... ကိုယ်ဝန်ဆောင်ဘဝ စချိန်မှာ ကြုံတွေ့ရတဲ့ မိခင်လောင်းတွေရဲ့ ဒုက္ခတစ်ခုပဲ။ ဒါကို ဘယ်မိခင်တွေ ကမှ ဒုက္ခရယ်လို့ တသသဖွဲ့နွဲ့မနေပါဘူး။ မမကျမှဘာ ဖြစ်လို့ စိတ်ညစ်နေရတာလဲ... "

ပါရမီသည် တစ်ချက်ခပ်မဲ့မဲ့ ပြုံးလိုက်ပြီးသော

"နင် ဘယ်လောက်နားလည်လို့လဲ...။ ဒီကိုယ်ဝန်ကြောင့် ငါဟာ ရုပ်ဆိုးတဲ့ မိန်းမဖြစ်လာရပြီ။ ခါးကြီးကလဲ တုတ် လာပြီး မကြာခင် ပုံပန်းမကျတဲ့ ဗိုက်ဖုံးအင်္ကျီဆိုတာကြီး ဝတ်ရတော့မယ်။ လူက မီးပုံးပျံကြီးဖြစ်လာရတော့မယ်။ အဆင်မသင့်ရင် ခြေထောက်တွေ ယောင်လာဦးမယ်။





www.burmeseclassic.com

www.burmeseclassic.com



တဲ... ဘယ်လောက်အရုပ်ဆိုးလိုက်မလဲ၊ နင်ပဲ စဉ်းစား ကြည့် မွေးပြီးရင်လဲ ဗိုက်က ပျော့တီး ပျော့ဖတ်ကြီး ဖြ ကျန်ဦးမှာ ဗိုက်မှာလဲ ရစရာ မရှိအောင် အကြောပြတ် တွေ ကျန်ခဲ့ဦးမှာ။ ခါးတုတ်တုတ်ကြီးကိုလဲ ပြန်သေး အောင် ဗိုက်ကို ပုံမှန်အတိုင်း ပြန်ချပ်အောင် ဘယ် လောက် ပြုပြင်ရဦးမလဲ မသိဘူး။ ဒီကြားထဲ ကလေးတ နို့တိုက်ရင် ပိုပြီးတောင် အလှပျက်ဦးမယ်။ ဆံပင်တွေ ကျွတ်ဦးမယ်။ ကြည့်စမ်း တစ်စက်မှ အကျိုးမရှိတဲ့ အလု တစ်ခု လုပ်နေ ရသလိုပဲ..."

စမ်းရေကလေးသည် သက်ပြင်းခပ်ရှည်ရှည် လျက် ပါရမီ့ကို ငေးကြည့်နေတော့သည်။ အင်း - စမ်းရေနဲ့ငါ ငယ်ငယ်တည်းက စိတ်ဓာတ်ချင်းတစ်ခြားစီပဲဟာ။ သူက ပြောနေတာတွေဟာ တစ်ဘက်စောင်းနင်းနိုင်တယ်။ တစ်ယူသ ဖြစ်နေတယ်။ အတ္တဆန်တယ် ထင်ချင်ထင်နေမှာပဲ။

အို - ဂရုစိုက်လို့။ ကိုယ့်စိတ်ထဲရှိတာ ပြောတာ

"ငါ ဒီကိုယ်ဝန်ကို သိပ်မုန်းတယ်။ လုံးဝ မလိုချင်ဘူး တစ်စုံတစ်ခုသော အကျိုးအတွက် ယူလိုက်ရတဲ့ ကိုယ် မို့ ပိုမုန်းသေး ဘယ်။ ဖြစ်နိုင်ရင် ဒီကလေးဟာ ငါ့ဆီ ဆက်မနေချင်တော့ရင် ကောင်းမှာပဲ..."

စေတနာစာပေ

"အို... ဘယ်လိုပြောလိုက်တာလဲ မမရယ်။ မပြောကောင်း ပါဘူး..."

ပြောကောင်းသည်။ မပြောကောင်းသည်ကို ပါရမီ ခွဲခြားမနေတော့ချေ။ စိတ်ထဲမှာရှိတဲ့အတိုင်းပင် လွှတ်ခနဲ ပါးစပ် က ထွက်သွားသော စကားလေးတစ်ခွန်းသည် ပါရမီ့ကို တော်တော် အပြစ်ကြီးမားစေခဲ့ကြောင်း၊ ပါရမီ ထိုအချိန်က ဘယ် သိခဲ့ပါ့မလဲ။ နောက်အတန်ကြာကလေးမှာ မမျှော်လင့်ဘဲ ပါရမီ ရုတ်တရက် ဖန်တီးလိုက်သော အဖြစ်တစ်ခုအတွက် ဘယ်သူမှ သံသယမဖြစ်ကြသော်လည်း၊ စမ်းရေကလေးကတော့ သံသယဖြစ်ခဲ့ဖို့ ဖန်တီးစေခဲ့သည်။

ပါရမီသည် အဲ့ဒီနေ့က ရင်ထဲမှာ ပြောပြနေချင် သည်များကို စိတ်ရှိတိုင်း စမ်းရေကလေးအားရင်ဖွင့်လိုက်ပြီးသည့် အခါ လမ်းခွဲခဲ့ပါသည်။

ပါရမီဟာ ဘယ်လောက် အတ္တတွေ၊ သံသယတွေ၊ တိုစိတ်တွေများတဲ့ မိန်းမလဲဆိုရင် စမ်းရေကလေး ဘာကြောင့် သိလိုက်မလည်သလဲ။ စမ်းရေလေးဟာ မောင့်ကို ဘာလို့မျက်နှာ ချင်းမဆိုင်သလဲ။ ပြီးတော့ မိဘတွေက အသိအမှတ်မပြုတဲ့ ဇနီးမဖြစ်သူနဲ့ အစ်မရဲ့ ယောက်ျားကို ဘာကြောင့် တိတ်တဆိတ် ဆက်သွယ်ချင်သလဲ။ မောင့်ဝတ္တုအတွက် ဘယ်လိုပန်းချီတွေ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

စေတနာအပြည့်နဲ့ ဆွဲပေးနေသလဲဆိုတာတွေကို သံသယဖြစ်ချင် ချင်။

ဒါဟာ စမ်းရေကလေးဘက်က မောင့်ကို စွဲလမ်းနေ လို့ပဲဖြစ်မယ်ဟု တစ်ထစ်ချ သတ်မှတ်လျက်၊ စမ်းရေက အလိုလို အမြင်ကပ်နေပြန်သေးသတဲ့။

...... ✿ ......

ပါရမီသည် ဒီနေ့နံနက် ထ,ထချင်းကတည်းက ခေါင်းထဲတွင် မူးနောက်နောက် ဖြစ်နေခဲ့သည်။ စိတ်တွေကလည်း မကြည်မလင်။ အတွေးတွေကလည်း ကယောက်ကယက်နှင့်

ကြည့်စမ်း - အခုဆို ငါ့ကိုယ်ဝန်က သုံးလတောင် ရှိလာပြီ။ ငါ့ကို အခုထိ ဘာတစ်ခုမှ ကောင်းကျိုးပေးတယ် မ ဘူး၊ ကိုယ်ဝန်စရှိကတည်းက ချူချာလိုက်တာလဲ လွန်ရော တစ်နေ့ တစ်နေ့ ခေါင်းမူးလို့မဆုံး၊ ဘယ်အစားအစာကိုမှ စား ချင်သောက်ချင်စိတ် မရှိတာလဲ ခုထိ မပျောက်သေး။

ဆေးသောက်ရတာ အင်မတန်မုန်းတဲ့ ငါ့မှာ အတင်းချော့မော့တိုက်သမျှ အားဆေးတွေ၊ ဆရာဝန်ညွှန်ကြား သောက်လိုက်ရတဲ့ အားဆေးတွေကလဲ တစ်နေ့ တစ်နေ့ များပြား ပါဘိသနဲ့။ ဒီကိုယ်ဝန်ရှိလာလို့ ဖြစ်လာလိုက်တဲ့ရောဂါတွေကြောင့် ငါ့မှာ မျက်နှာကြီးကလဲ ချောင်ကျလို့၊ ဟင်း - အလှအရမ်း



နိုင်လွန်းလို့သာ။

မှန်ထဲ [illegible] ပိုမိုရင့်ရော်လာ သယောင်ရှိတဲ့ ကိုယ့်မျက်နှာကို ကိုယ့်ဘာသာ တယ်ပြီး ကြည့်မရ ဘာလောက် မရှိဘူး တကယ်။

"စိတ်နဲ့လဲ ဆိုင်ပါတယ်ကွာ... မင်းကိုက ဒီကိုယ်ဝန်ရှိလို့ ဒီရောဂါတွေ ဖြစ်ရလေခြင်း... အလှပျက်ရလေခြင်းဆိုတဲ့ စိတ်တွေနဲ့ အမြဲစိတ်ဆင်းရဲနေတာကိုးကွယ်...။ အမှန်ဆို မမြင်ရသေးတဲ့ ကိုယ်တို့ကလေးလေးအတွက် ကြိုတင် စိတ်ကူးယဉ်ကြည့်ပြီး ဒီလောက်ရောဂါလေးကို မမြူစူသင့် ဘူး။ ဒါဟာ ကိုယ်နဲ့ မင်းရဲ့ မော်ကွန်းနဲ့ ပါရမီရဲ့နောက် ထပ်မျိုးဆက်သစ်ကလေးပါလားဆိုတဲ့ အသိနဲ့ ကိုယ့်စိတ် ကို ကိုယ်ဖြေတွေးတတ်ရင် မင်းလဲ စိတ်ချမ်းသာရမှာ ပေါ့... မင်း... ကိုယ့်ကို ချစ်တယ်ဆို... မင်းချစ်တဲ့ ကိုယ့်ရဲ့ သက်ဆိုင်မှုကလေးကို မင်းလွယ်ပိုးထားရတာ ဂုဏ်ယူစမ်းပါ... မိန်းမရာ။ စိတ်ချမ်းသာရင်... ကိုယ် ကျန်းမာတယ်ဆိုတဲ့ စကားလဲ ရှိသားနဲ့..."

ဟူ၍ ပါရမီ ညည်းညူ၊ ဂဂျီဂဂျောင်လုပ်သမျှ မောင်က ဤစကားဖြင့်သာ အမြဲနှစ်သိမ့်တတ်စမြဲ။

ဟင်း - ယောကျ်ားတွေများ တယ် မစာနာတတ်


www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ သူတို့မှ ဒီဒုက္ခတွေ မခံစားရတာ၊ သူတို့ မမွေးရတိုင်
အလကား နေ့ရင်း ကလေးလိုချင်ရတယ်လို့နော်။ ဟိုတလော
ကြည့်ထားတဲ့ ဗွီဒီယိုကားထဲက မင်းသား အာနီးလို ယောကျ်ားတွေ
ကိုယ်ဝန်ဆောင် ကလေးမွေးလို့ ရလာတဲ့ ဆေးပညာ စမ်းသပ်
မျိုးသာ မြန်မာပြည်ရောက်လာလို့ကတော့ မောင့်ကိုအရင်ဆုံး
စမ်းသပ်ခိုင်းမယ်... မှတ်ထား။

မကြာကောင်း မစည်ရာ တွေးကြည့်မိတာ တစ်ခု
ရှိသည်။ အဲ့ဒါကတော့ ပါရမီသည် ကိုယ်ဝန်အတွက် စိတ်ပူ
လာရတာနဲ့အမျှ ဒီကိုယ်ဝန်ပျက်ကျသွားရင် သိပ်ကောင်းမှာ
ဟူသော အတွေးကို တွေးမိခြင်းဖြစ်သည်။

ဒီနေ့မနက်မှာတော့ ရင်ထဲမှာ တလှပ်လှပ်ဖြ
ခေါင်းတွေကလဲ တရိပ်ရိပ် မူးလွန်းတာတွေကြောင့် အတွေး
ဟိုရောက်ဒီရောက် ဖြစ်မိတာပင်။

မတော်တဆသာ ကိုယ်ဝန်ပျက်ကျမိကြည့်၊ ဒီ
ကမှာ ပါရမီလောက်ပျော်တဲ့ မိန်းမရှိမှာ မဟုတ်ဘူး။ အ
အဲ့ဒီ လိုသာ ဖြစ်သွားလို့ကတော့ သိပ်ကောင်းမှာပဲ။ အဲ့ဒါဆို
မောင်လဲ ပါရမီ့ကို ပိုပြီး ညှာတာသနားမည်။ မောင့်မေမေ
ပါရမီ့ကို ပိုပြီး ဖေးမယုယမည်။ ကျန်းမာရေး မကောင်း
ကိုယ်ဝန်ပျက်ကျရသူကလေးအဖြစ် နောက်ထပ် ကိုယ်ဝန်



တောင် ထပ်မံ တိုက်တွန်းကြလိမ့်မည် မထင်။

ဘယ်လိုများ မတော်တဆ ပျက်ကျအောင် လုပ်မလဲ။ ချော်လဲလို့ရော ကိုယ်ဝန်ပျက်ကျနိုင်ပါ့မလား။ မတော် ကိုယ်ဝန်တော့ ပျက်မကျပဲ လက်ကျိုး၊ ခြေကျိုး၊ ခေါင်းကွဲဖြစ်သွားလို့ကတော့ ကိုယ့်ကိုကိုယ် သတ်သေပစ်ဖို့ပဲ ကောင်းတော့မည်။ ဒဏ်ရာတို့၊ ကျိုးတာ၊ ပွံ့တာတို့ လူကိုအကြည့်ရဆိုးစေတာတို့ လောက်ပါရမီ မုန်းတာ မရှိတော့ပြီ။

အန္တရာယ်ကြီးတဲ့ နည်းတွေကိုတော့ ပါရမီ ကြောက်ပါသည်။ မတော်တဆ အဆင်မသင့်ရင် မေးခိုင်ရောဂါတို့ အသက်သေဆုံးရတာတို့တော့ ပါရမီ မဖြစ်ချင်ပေ။ ဘာလို့လဲဆိုတော့ ပါရမီချစ်သည့် မောင့်ကို မခွဲချင်၍တည်း။

ပါရမီသည် အိမ်ရာမှ ပင်ပန်းကြီးစွာ ထထိုင်လျက် ခေါင်းမူးရင်တုန်နေသည့်ကြားက ရေချိုး အလှပြင်ဖို့တော့ စိတ်မကုန်သေး။

ရေချိုးပြီး မှန်ရှေ့ ခပ်ငြိမ်ငြိမ်လေးထိုင်ကာ ကိုယ့်ပုံရိပ်ကိုကိုယ် အမိပ္ပါယ်မဲ့ ငေးကြည့်နေမိသည်မှာ မိနစ်များစွာ။ အိမ်ရှေ့ဆီမှ ငှက်အော်သံကဲ့သို့ ကားသံ တစ်ခုအကြားတွင်မောင့် ထုတ်ဝေသူလာပြီဟူသော အသိဖြင့် ခပ်မြန်မြန် အဝတ်လဲဖို့ ပြင်ဆင်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လဲ စာမူလာယူတော့မလို့ပဲ။ ဆရာက အချိန်ကိုက်ပြီး ဒီနေ့ လာယူဖို့ ဖုန်းဆက်တာနဲ့ အတော်ဖြစ်သွားတယ်။ ဆရာက အင်မတန် ရက်ချိန်းတိကျတယ်... ဘယ်နေ့ပြီးမယ်လို့ ပြောထားတဲ့အတိုင်း တကယ်ပြီးတယ်ဗျာ..."

မောင့်ဝတ္ထုတွေရဲ့ ထုတ်ဝေသူရောက်နေပြီပဲဟု သိလိုက်ရ၍ ဧည့်ခံကျွေးမွေးစရာ တစ်ခုခုကို စီစဉ်ဖို့ အောက်ထပ်ကို ဆင်းရန် အခန်းထဲမှ ခပ်ဖြည်းဖြည်းထွက်ခဲ့သည်။

"ဆရာ့ဇနီးရော... နေကောင်းရဲ့လား..."

"ကောင်းပါတယ်... ခေါင်းမူးရုံရောဂါကလေးကို သူ့မှာ ရောဂါကြီးကြီးမားမားဖြစ်တယ်ဆိုတဲ့ ထင်မြင်ချက်နဲ့ အလကားနေရင်း စိတ်ညစ်ပြီး ဂဂျီဂဂျောင်ကျရုံကလွဲရင် ကျန်းမာပါတယ်ဗျာ... ဆရာဝန်ကလဲ ဘာရောဂါမှ မရှိဘူးလို့ ပြောပါဟယ်... သူက ကျွန်တော့်ကို ဆိုးချင်တာနဲ့ ... ဟဲ ဟဲ..."

မောင့်အသံက ခပ်နိမ့်နိမ့် အတင်းအုပ်သော အသံ ပင်၊ သို့သော် ပါရမီက ကြားဖြစ်အောင် ကြားလိုက်သေးရဲ့။ မောင် ဒီလို ကိုယ့်မိန်းမအတင်း သူများပြောတာတော့ ဘယ်ကောင်းမလဲနော်။

စေတနာစာပေ



"ဆရာ့ကို ချစ်လို့ဖြစ်မှာပေါ့.. ဆရာကလဲ သူ့ကိုချစ်မှန်း သိလို့ နေမှာပေါ့.. ဆရာရယ်..."

သူများလင်မယားကိစ္စ ဝင်ပါချင်သူပဲ။ ကိုယ်တိုင်ကသာ လူပျိုကြီးဖြစ်ပြီး သူများ အိမ်ထောင်ရေးဆို အင်မတန် သိချင်စွာ စပ်စုတတ်သော၊ ဘယ်နေရာအပ်ကျသလဲက အစ သိချင်သော စာရေးဆရာအိမ်တစ်အိမ်ရောက်ရင်၊ နေရာမှာ ကျောက်ချသလို အကြာကြီးထိုင်လျက် အာလူးပေးတတ်သော မောင့်ရဲ့ ထုတ်ဝေ သူကို ပါရမီက ခပ်တိုးတိုး ကျိတ်ဆဲပစ်လိုက်ဖို့လဲ ဝန်မလေးချေ။

အဲ့ဒီ ထုတ်ဝေသူကို နည်းနည်းမှ ကြည့်မရတာ ကြာပြီ။ နေရာတကာ ဆရာလုပ်လွန်း၊ သူများကိစ္စ ဝင်ပါလွန်းလို့။

သို့သော် ခုလောလောဆယ်မှာတော့ အိမ်ရှင်မပီပီ ဟန်ဆောင်ဧည့်ဝတ်ကျေရဦးမည်။ ပါရမီက မောင့်ကို ချစ်ရသူမို့ ပါရမီကြောင့် မောင့်ရဲ့ စီးပွားရေးကိစ္စတွေ မထိခိုက်စေချင်။ မောင့် ရဲ့ စီးပွားဖက်ဖို့ ပါရမီ ဟန်လုပ်ပြုံးပြရဦးမည် ဖြစ်သည်။

လေ့ကားထိပ်တွင်ရပ်လျက် ဧည့်ခန်းကိုငုံ့ကြည့်စဉ်မှာ လေ့ကားထစ်တွေကို ဘာရယ်မဟုတ် ရေတွက်မိလိုက်၏။ အို- လေ့ကားထစ်တွေက ခပ်ပြေပြေကလေးပဲ။ ခုနစ်ထစ်ပဲရှိတယ် အင်း-အကယ်၍ မတော်တဆသာ ချော်လဲကြည့်။ ဘာတွေ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်သွားမလဲ သိချင်စမ်းပါဘိ။ ခြေတွေ လက်တွေကျိုးချင်မှ ကျိုးနိုင်မည့် အမြင့်ကလေးပေမယ့်၊ ကိုယ်ဝန်ဆောင်မိန်းမတွေဆိုတာ မတော်တဆချော်လဲလို့ အကျမတော်ရင် ကိုယ်ဝန်ပျက်နိုင်တယ်ဆိုပဲ။

သို့သော် ပါရမီသည် ဤသို့ ချော်လဲကြည့်ဖို့ သတ္တိမရှိချေ။ ပါရမီက ကိုယ့်ကိုကိုယ်နာမှာ ကျင်မှာ အင်မတန်ကြောက်သည့် မိန်းမတည်း။

"မောင်... ဧည့်သည်ကို တစ်ခုခုဧည့်ခံဖို့ ကောင်မလေးတွေကို မှာပြီးပြီလား..."

ပါရမီ့အသံကြောင့် မောင်နှင့် ထုတ်ဝေသူတို့ လှည့်ကြည့်ကြသည်။

"ပါရမီ... ခေါင်းအရမ်းမူးနေလို့... မောင်။ ဘယ်လိုဖြစ်ပြီး ဒီနေ့မှ ခေါင်းပိုမူးနေသလဲ မသိပါဘူး..."

"ဟုတ်လား.. ဒါဆိုလဲ အိပ်ရာထဲ လှဲနေပါလား... ဆင်းမလာနဲ့ လိမ့်ကျသွားဦးမယ်... "

မောင်က ပါရမီ့ထံမှ တစ်နေ့ တစ်မျိုးကြားရလေ့ရှိသော ခေါင်းမူးရင်တုန်သည့် ကိစ္စကို မထူးဆန်းတော့ဟန်ဖြင့် ပြန်ပြောခြင်းခံရတာလောက် ရင်နာတာမရှိ။

"မပါရမီ... နေမကောင်းရင် အိပ်နေပါ။ ရပါတယ်...



ကျွန် တော်က အားနာရမဲ့ လူမှမဟုတ်တာ... "

"အင်း... အိပ်ရာထဲမှာချည်း လှဲနေရတော့လဲ ငြီးငွေ့လာတာနဲ့ ထလာတာရှင့်... ကျွန်မပုံက လူမမာတစ်ယောက်ပုံများ ဖြစ်နေပြီလား မသိဘူး..."

"မပါရမီက ပိုတောင်လှလာပါသေးတယ်ဗျာ... "

သူများအကြိုက်လိုက်၍ မြှောက်ပင့်ရတာလည်း တော်တော် ဝါသနာကြီးသည့် မောင့်ထုတ်ဝေသူရဲ့ စကားတွေကိုတော့ ကြံဖန်စိတ်ကျေနပ်ချင်သွားပင်။

ပါရမီသည် ဂရုတစိုက်မရှိလှသော မောင့် အမူအရာတွေကြောင့် ခေါင်းမူးရင် အိပ်ရာထဲလှဲဟုသာ ပြောဖေါ်ရသော မောင့်စကားတွေကြောင့် မောင့်ကို အရွဲ့တိုက်ကာ ဧည့်ခန်းဆီ ဆင်းလာဖို့ ခြေလှမ်းလိုက်ပါသည်။

အဲ့ဒီလို ခြေလှမ်းလိုက်မိခြင်းက ပါရမီမှားသွားခဲ့သလား၊ မှန်သွားခဲ့သလား၊ နောက်များမှာတောင် ဒေြးစား၍ အဖြေမပေါ်ခဲ့သောအဖြစ်တစ်ခုမမျှော်လင့်ဘဲဖြစ်သွားရပါသည်။

လှေကားထစ်များကို ပြောင်လက်နေအောင် တိုက်ထားမှ ကျေနပ်တတ်သော မောင့် အလိုကျ ကောင်မလေးတွေကို အမြဲတစေ တိုက်ထားခိုင်းတတ်သော ပါရမီသည် ချောမွတ်သော လှေကားထစ်တစ်ထစ်ကို စတင်နင်းလိုက်သည်။ ထိုသို့ နင်းသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ မောင့်ကိုလဲ စိတ်ကောက်ရသည်လဲ တစ်မှောင့်၊ မောင့်ထုတ်ဝေသူသာ ပြန်သွားလို့ကတော့ မောင်နဲ့ရန်ဖြစ်ရဦးမည်ဟု စိတ်ကူးတွေ ရှိနေသည်လဲ တစ်မှောင့်၊ ခေါင်းအနည်းငယ်မူး၍ ရင်တုန်နေသည်လဲ တစ်မှောင့်တို့ကြောင့် သတိလက်လွတ်နင်းလိုက်သည်သို့ ရှိသွားသော ခြေလှမ်းတစ်လှမ်း။

ထို - ခြေလှမ်းကြောင့်ပင် ပါရမီသည် ယိုင်ကနဲ ပြိုလဲသွားခဲ့ပါသည်။ အပေါ်ဆုံးလှေကားမှတစ်ဆင့် တလိမ့်ခေါက်ကွေးပြုတ်ကျသွားခြင်းက ပါရမီ လုံးဝ မရည်ရွယ်ခဲ့သော အဖြစ်တစ်ခုပင်။ အထိတ်ထိတ် အလန့်လန့်ဖြင့်-

"မောင်... "

ဟု ကြောက်လန့်တကြားအော်မိသည်ကို တစ်ချက်မှတ်မိသည်။

"ပါရမီ... "

ဟု မောင်သည် စိုးရိမ်ကြီးစွာ အော်လိုက်သံကိုလည်း ကြားလိုက်သည်။

တလိမ့်လိမ့် ပြုတ်ကျနေရင်းမှ ခါးဆီမှ မျက်ကနဲ နာကျင်သွားခြင်းအား ခံစားသိရှိလိုက်ရသည်။ ခါးဆီမှ တဆစ်ဆစ် နာကျင်ခြင်းသည် ဝမ်းဗိုက်ပြင် တစ်ခုလုံးသို့ ချက်ချင်း ပျံ့နှံ့... အို... ဆိုးရွားလိုက်တဲ့ နာကျင်မှုပဲ။





ထိုနာကျင်ခြင်းကိုတော့ ပါရမီ ခံနိုင်ရည်မရှိချေ။ နာလွန်း၍ မျက်ရည်တွေ တလဟောစီးကျလာခဲ့စဉ်-

"ပါရမီ... ပါရမီ... ဘာဖြစ်သွားသေးလဲဟင်... ဘာဖြစ်သွားတာလဲ... ကိုယ်ခေါ်နေတာ ကြားလား ပါရမ်..."

မောင့်လက်မောင်းအစုံကြားတွင် ပွေ့...က်ခံလိုက်ရ၏။ မောင်ရယ် ပါရမီ တကယ်ပဲ ခေါင်းမူးလို့ပါဆိုတာ မောင်အခု ယုံသွားပြီး မဟုတ်လား။

"နာလိုက်တာ... မောင်ရယ်..."

ဟု၍ မောင့်မျက်နှာကို အား...ကိုးတကြီး စိုက်ကြည့်လိုက်ပြီးနောက် ပါရမီသည် လောကကြီးနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့တော့သည်။

ကြည့်စမ်း ဘယ်လောက်တောင်ငြိမ်းချမ်းလိုက်တဲ့ အမှောင်ထုလဲကွယ်။ ဒီအမှောင်ထုတစ်ခုကို ဖြတ်သန်းစဉ်မှာ နာကျင်မှုတွေလဲမရှိ၊ အတ္တတွေလဲ မရှိ။ မောင့်အပေါ် ရန်လိုစိတ်ကောက်ရတာတွေလဲမရှိ။

အို - ဖြစ်နိုင်ရင် ဒီအမှောင်ထုထဲမှာပဲ ထာဝရနေလိုက်ချင်ရဲ့။ ဖြစ်နိုင်ရင်ပေါ့။

သို့သော် - မဖြစ်သေး။

ပါရမီချစ်သော မောင့်ကို ခွဲသွားရမှာမျိုးတော့



www.burmeseclassic.com

www.burmeseclassic.com

ပါရမီ မဖြစ်ချင်သေးပေ။

..... ✿ .....

"မောင်... ပါရမီ စိတ်မကောင်းပါဘူး မောင်ရယ်။ ပါရမီ့ကြောင့် မောင့်ရဲ့ ကလေးလေး မရှိတော့ဘူးနော်။ ပါရမီဟာ အင်မတန် မုန်းစရာကောင်းတဲ့ မိန်းမပါ မောင်ရယ်။ မောင့်ရဲ့ ကလေးလေးကိုတောင် သေသေချာချာ မမွေးပေးနိုင်တဲ့ မိန်းမ။ အသုံးမကျတဲ့ မိန်းမ..."

ပါရမီသည် ဒေါသတကြီး ဟန်ပန်ဖြင့် ဒရစ်(ပ)ပိုက် ကို ဆွဲဖြုတ်ပစ်ဖို့ ကြိုးစားရန် ဟန်ဆောင်သောအခါ မောင်က ပါရမီ့လက်တွကို ဖမ်းချုပ်သည်။ ထိုနောက် ခေါင်းတခါခါဖြင့် ခပ်တိုးတိုးချော့မော့၏။

"မတော်တဆဖြစ်သွားတာပဲ... ပါရမီရယ်၊ ဘယ်သူက ကော ကိုယ့်ရင်သွေးကို မရမက ယူထားရပြီးမှ အပျက်စီးခံချင်ပါ့ မလဲ။ ပါရမီ ခေါင်းမူးလို့ ခြေချော်လဲကျသွားပြီး မတော်တဆပျက်စီးသွားရတာပါကွာ။ ပါရမီ့မှာ ဘာ အပြစ်မှ မရှိပါဘူး။ စိတ်မကောင်းဖြစ်နေနဲ့... ထဲ အလကား မျက်ရည် တွေ အကုန်ခံပြီး ငိုမနေပါနဲ့ကွာ။ ပင်ပမ်းပါတယ်။ ပါရမီ ခေါင်းကိုက်နေဦးမယ်။ အနား ယူလိုက်နော်..."

စေတနာစာပေ



"ဟင့်အင်း... ပါရမီ ငိုချင်နေတယ်...။ ပါရမီနဲ့ မောင့်ရဲ့ ကလေးလေးကို ပါရမီလဲ လိုချင်တာပေါ့ မောင်ရဲ့..."

"ကဲပါကွာ... တိတ်ပါ။ ဒီတစ်ယောက်မရလဲ နောက်တစ်ယောက်ပေါ့... ဟုတ်လား။ ကိုယ်တို့ရဲ့ ကလေးလေးက လူ့ဘဝမှာ နေခွင့်ကို သန္ဓေသားဘဝနဲ့ပဲ ပြီးဆုံးရမဲ့ ရေစက်ဘဝအကျိုးပေးကုသိုလ်ကံကြောင့်ပဲလို့ဖြေသိမ့်လိုက်နော်.."

ဘုရားရေ။ နောက်ထပ်ကလေးတဲ့။ မောင်က နောက်ထပ်တစ်ယောက်ကို မျှော်လင့်သေးသတဲ့လား။

မဖြစ်ဘူး။ နောက်ထပ်ကိုယ်ဝန်ကို ထပ်လွယ်ရတဲ့ မိန်းမ ဘယ်တော့မှ မဖြစ်စေရဘူး။ ဒီတစ်ခါတောင် မောင့်ရဲ့ ဒိမ်းခြောက်မှုကို ကြောက်လို့ မဖြစ်မနေယူမိပြီးမှ ကံကောင်းတယ်ပဲ ပြောရမလား၊ ကံဆိုးတယ်ပဲ ပြောရမလား၊ ခေါင်းမူးလို့ ခြေချော်ကျရင်း ဒီကိုယ်ဝန်ပျက်ကျသွားခဲ့တာ။

ဘယ်လောက် မထင်မှတ်စရာကောင်းတဲ့ အဖြစ်သဲ။ အခုဆို ပါရမီ မလိုချင်တဲ့ ဒီကိုယ်ဝန်ကြီး မရှိတော့ဘူး။ ဘြည့်စမ်း ငါ့ဘဝ ဘယ်လောက် လွတ်လပ်သွားလိုက်သလဲ ဆိုတာနော်။

နောက်ပြီး အဆင်မသင့်ရင် အသက်ကိုတောင် ဆုံးရှိမ်ရမဲ့ ကိုယ်ဝန်ပျက်ကျစေခြင်း အမှုကို ဘယ်သူက ဂ ပ်တိုင်

စေတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျ ရဲရဲဝံ့ဝံ့ လုပ်ရပါ့မလဲ။ ပါရမီတောင် စိတ်အာရုံ ကွေပြားပြီး ခြေချော်ကျရာက ကံကြမ္မာက ပါရမီ့အလိုဆန္ဒကို ပြည့်စေဖို့ မျက်နှာသာ ပေးတယ်ပဲ ပြောရမလား။

အခုတော့ အားလုံးက ဘာပြောကြမလဲ။ ဆရာဝန်ကအစ နာ့စ်ကအစ။ မိတ်ဆွေတွေကအစ။ မောင့်ရဲ့ ထုတ်ဝေသူကအစ မောင်ကိုယ်တိုင်အဆုံး သတ်မှတ်လိုက်ကြတာ တစ်ခုတည်း။ လှေခါးပေါ်က ခြေချော်ကျလို့ ကလေးပျက်ကျသွားတယ်ဆိုတာပဲလေ။ ကဲ... ဘယ်လောက်အပြစ်ကင်းစင်လိုက်တဲ့ ပါရမီလဲနော်။ နာမည်တပ်ရတာတော့ မကောင်းပါဘူး။ ကိုယ့်ရင်သွေးကို လူမဖြစ်မီ၊ လူ့ဘဝမရောက်ခင် ချော်လဲလို့ ကိုယ်ဝန်ပျက်ကျသွားတာကို ဝမ်းမနည်းတဲ့အပြင် ကျိတ်ဝမ်းသာနေတဲ့ မိခင်တစ်ယောက်တဲ့။

ဘာပဲပြောပြော။ ဒီအဖြစ်ကြောင့် ပါရမီဟာ ရက်တော်တော်များများ အိပ်မက်ဆိုးမက်ရဦးမှာပဲ။ ကိစ္စမရှိ။ ပါရမီ အိပ်မပျော်တိုင်း သုံးလေ့ရှိတဲ့ အိပ်ဆေးတွေ သောက်ပြီး အိပ်ရဦးမှာပါ။

"ပါရမီ... စိတ်အေးအေးချမ်းချမ်းနဲ့ အနားယူနော်။ ဘာမှ လျှောက်တွေးမနေနဲ့။ ဖြစ်ချိန်တန်လို့ ဖြစ်သွားရတယ်လို့ပဲ သဘောထားပြီး ဖြေသိမ့်ပေါ့ကွာ။ ကိုယ်လဲ ပါရမီ့နားမှာ ရှိနေတာပဲ။ ဘာမှ အားမငယ်နဲ့..."

ပါရမီ ဆေးရုံက ဆင်းသည့်နေ့တွင် မောင်က ...ညီသို့ နှစ်သိမ့်ပါသည်။ ဆေးရုံတစ်ခုလုံးကတော့ နာမည်ကြီး ...ရေးဆရာကလေးရဲ့ဇနီးဖြစ်မှုကြောင့် မတော်တဆဖြစ်ရခြင်း ...း တသသဖြစ်ကာ သနားကြသည်။ ဂရုစိုက်ကြသည်။ အရေး ...ကြသည်။ ဒါပေမယ့်-

"ဟင်... ဘာကလေးပျက်ကျတာလဲ...။ ကိုယ့်ဘာသာ နီးစပ်ရာမှာ သွားဖျက်ချပြီး မရှုနိုင် မကယ်နိုင်ဖြစ်မှ ဆေးရုံ ပြေးလာကြတဲ့ ဟာမတွေ။ အခုမှ အော်မနေနဲ့။ ငါတစ်စက်မှ စေတနာမရှိဘူး။ ဘယ့်နှယ့် အကြင်နာတရားနည်းလိုက် ကြတာ။ ဟိုမှာကြည့်စမ်း နင့်ထက်ငယ်တဲ့ ဆင်းရဲတဲ့ ကလေးမကတောင် သူ့ကလေးကို မွေးဖို့ ရဲရဲတင်းတင်း ဆုံးဖြတ်ရဲတယ်။ ငါက အဲ့ဒီလို လူနာမျိုးပဲ စေတနာအပြည့်နဲ့ လုပ်ပေးချင်တယ်။ နားလည်လား။ ကဲ - ကဲ လူနာရှင် ဘယ်မှာလဲလာစမ်း။ ဒီမှာ နင့်အိမ်ကို ပြန်ပြောထားလိုက်။ ဒီမိန်းမ အခြေအနေ မကောင်းဘူးလို့။ ဟင်း-ငါ ရှင်းရှင်းပဲ ပြောလိုက်တော့မယ်..."

ဟူ၍ သူမ၏ ဘေးခုတင်မှာ ရောက်လာကတည်း ...ဘစ်ကိုယ်လုံးဝါထိန်လျက် သတိလစ်တော့မည့်ဆဲဆဲ လူနာ

စေတနာစာပေ

စေတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com


ကောင်မလေးက ဆူဆူပူပူသံ သဲ့သဲ့။ ပါရမီက မလုံ
သားဖွားမီးယပ် ပါရဂူဆရာဝန်မကြီး၏ မျက်နှာကို ကြည့်ခဲ့
သည်။ ထိုဆရာဝန်မကြီးကတော့ ထိုလူနာကောင်မ
အထင်သေး ရှုတ်ချ အပြစ်တင်သည်။ ပါရမီ့ကိုတော့ ဘာ
ဒီလို မဆူပူသလဲ၊ သို့သော်-

"သမီး သိပ်နာနေလား၊ အေး.. အေး.. နာရင်
ထပ်စမ်းကြည့်ဦးမယ်နော်။ အင်း.. မွေးဖို့လိုသေး
အောင့်ထားလို့ရတဲ့ အရာမှ မဟုတ်တာ သ
နောက်တော့ မွေးပြီးသွားရင် ဒီနာတာတွေ မေ့သွား
ကဲ.. ကဲ အော်သာအော်။ ကျယ်ကျယ်အော်။
အော်။ အမေ့ကိုလဲ တ,ပြီးအော်။ ယောကျ်ားကိုလဲ
အော်။ အော်မှ မွေးမှာသိလား.. "

ဟူ၍ ဟိုးဘက်အခြမ်း ခုတင်မှ ဆင်း
သဏ္ဍာန် လူမျိုးခြားဖြစ်၍ ခပ်မည်းမည်း အသားအ
ကိုယ်ဝန် ဆောင်အမျိုးသမီးကိုတော့ အရေးပေးလွန်းလှ
တွေ့ရသည်။ ပါးစပ်ဖျားက "သမီး - သမီး"နှင့် မချ

ကဲ - ဒါ ဘာကွာခြားသလဲ။ ကိုယ်ဝန်
မိခင်ဖြစ်ရခြင်း ကလေးတစ်ယောက် မွေးဖွားရသည့် သ
ဟာ ဂုဏ်ယူစရာလား။ ခြိုးကျိုးဂရုစိုက်ချင်စရာလား။

စေတနာစာပေ

ဘာ ဘာအခက်အခဲရှိလို့ ကလေးကို ဖျက်ချပစ်သလဲမှ
ဘာကို တွေးမပေးကြဘူးနော်။ ထားပါတော့။ ပါရမီကတော့
ည်ကြီး စာရေးဆရာရဲ့ ဇနီးမို့ လှေခါးပေါ်က ခြေချော်ကျ
အသီသာကြီးမို့ မတော်တဆ ပျက်ကျတယ်လို့ သတ်မှတ်
၍ ပါရမီ့ကိုတော့ ဒီလို မဆူခဲ့တာပဲဖြစ်မယ်။ အကယ်၍
က အဆူခံ ရသည့် မိန်းမရော၊ မတော်တဆ ပျက်ကျတာ
ဖြစ်မှာပဲ။ ဒါမှမဟုတ်လဲပဲ ကလေးမွေးရမှာ ကြောက်လို့
စည်တာ ဖြစ်ချင်ဖြစ်မှာပဲဟု ပါရမီသည် ကိုယ့်ဘက်က
အရ ဘက်လိုက်ချင်ပါသည်။

လူတွေနဲ့ ပါရမီ့ကြားမှာ တကယ့်ကို ကွာဟချက်
ရှိကိုရှိနေမည် ထင်သည်။ သားဖွားမီးယပ်ပါရဂူ ဆရာဝန်
အပါအဝင် မောင်ရော စမ်းရေကလေးရောက ကလေးတစ်
က် မွေးတာကို ကောင်းတယ်ဟု ပီတိဖြစ်ကြသည်။ ပါရမီ
ာ့ ထိုကလေး မွေးရခြင်းတည်းဟူသော အဆုံးစွန် ကိုယ်
ဆာင်ရခြင်းတည်းဟူသော ကိစ္စတစ်ခုကို မိန်းမတွေ၏
ကြွး ဟု ယူဆသည်။

ဆေးရုံဆင်းပြီး မျှားမကြာမီမှာ မောင့်ဆီမှ ပါရမီ့
တ်-

"ပါရမီ... ထူးထူးဆန်းဆန်းပါလားကွ။ ပါရမီ့ အဖေနဲ့

စေတနာစာပေ
www.burmeseclassic.com

www.burmeseclassic.com

အမေက ပါရမီ့သတင်းကို ကြားပြီး ရန်ကုန်ဆင်းလာ

တဲ့။ ဒေကန္တ မေမေအကြောင်းကြားလိုက်တာ ထင်တ

ကဲ... ကိုယ့်ဇနီးကလေး အားတက်သွားပြီလား။

ဖြစ်ဖြစ် ပါရမီ့ကို ပါရမီ့ မေမေက အားပေးတာ

အထိ ရောက်ဆုံး ဖြစ်မှာပဲ... ”

ဟူသည့် သတင်းကောင်းကတော့ စောင့်ကြို

ပါရမီ ထိုသို့ အမှုကိစ္စ မတော်တဆဖြစ်ပျက်သွား၏ ရလာ

တော့ မိဘတွေက ပြန်လည် အသိအမှတ် ပြုခြင်းဖြစ်ပြီး ပါရ

တော့ စမ်းရေကလေးက စတင်သံသယဝင်ခြင်း ဖြစ်စေခဲ့သ

-----☆-----

## မ်းရေကလေး၏ချိုမြိန်ခြင်းဖြင့်ကမ္ဘာအစ်စု၏

www.burmeseclassic.com

www.burmeseclassic.com

(၁)

စမ်းရေကလေး၏ ဘဝတွင် ဘယ်တုန်းကမှ သူများ အနိုင်ယူလိုစိတ် မရှိခဲ့ဘူးချေ။ ထိုအတူ ကိုယ့်ဘက်ကလည်း ဘယ်တုန်းကမှ တစ်ခြားသူတစ်ယောက်ကို အရှုံးမပေးခဲ့ဘူးချေ။ သို့သော် - စမ်းရေကလေးသည် မမကိုတော့ အရှုံးပေးခဲ့ရှာပါသည်။ မမသည် ရက်ရက်စက်စက်ပင် အနိုင်ယူသွားရက်သူလည်း။ စမ်းရေကလေးအား တစ်သက်လုံး တမြေ့မြေ့ ကျန်ရစ်စေခဲ့အောင် စမ်းရေကလေး၏ နှလုံးသားတစ်စုံကို မမ ဆွဲထုတ်ယူသွားခဲ့သလိုပင်။

အဲ့ဒါကို မမသိရက်နှင့် လုပ်သွားသည်ဟုတော့ စမ်းရေ မထင်ခဲ့။ ဘာဖြစ်လို့လဲဆိုရင်တော့ စမ်းရေဟာ ဆရာ့ကို



www.burmeseclassic.com

www.burmeseclassic.com

သိပ်ချစ်တဲ့ ဟန်ပန်မျိုးနဲ့လဲ မပြသဖူးသလို အားလုံးကိုတောင် စမ်းရေ၏ ရှားရှားပါးပါး အမျိုးသားမိတ်ဆွေအဖြစ် အသိအမှတ် ပြုစေအောင် မပွင့်မလင်း ပြောပြထားတာသာ ကြည့်တော့။

ပြီးတော့ ဆရာနဲ့ မမစတွေ့ကတည်းက အကြည့်တွေ စကားပြောနေပြီမှန်း နားလည်လိုက်တဲ့အခါ စမ်းရေသည် သူမထက် များစွာသာလွန်လှပသည့် မမကို အရှုံးမပေးခဲ့သော်ငြား။ နိုင်ဖို့လဲလိုက်၍ မပြိုင်ခဲ့ချေ။

လောကကြီးသည် သူ့ဟာနဲ့သူ ဖြစ်ပျက်နေအောင် ဖန်တီးပေးတဲ့ အခါမှသာ စမ်းရေအတွက် အရှုံးကို ရင်ဆိုင်လိုက်ရတော့တာဖြစ်သည်။

ဆရာ့ကို စမ်းရေ လေးစားခဲ့သည်။ ယုံကြည်ခဲ့သည်။ ဝါသနာတူချင်းမို့ ခင်မင်ခဲ့သည်။ ထိုမှတစ်ဆင့် အားကိုးချစ်ခင်စိတ်တွေ၊ တွယ်တာစိတ်တွေ ဖြစ်လာချိန်တွင် ဆရာသည် စမ်းရေကို စတင်စိတ်ဝင်စားနေပြီ ဖြစ်ကြောင်း မိန်းကလေးတိုင်းတွင်တတ်ထားသည့်မသင်ရသောပညာတစ်ခုဖြစ်သည့်ယောကျ်ားတစ်ယောက် ကိုယ့်ကို ရိုးရိုးသားသား ကြည့်ခြင်းလား၊ တစ်ခုတစ်ရာသော ပတ်သက်မှုနှင့် ကြည့်ခြင်းလားဟူသည့် လူကဲခတ်ပညာဖြင့် သိလာခဲ့ရသည်။ အို - အဲ့ဒီအချိန်တုန်းကတော့ စမ်းရေဟာ အနာဂတ်အတွက် ဘယ်လောက်စိတ်ကူးယဉ်နေလိုက်မလဲတွေးသာကြည့်။



အမှန်တော့ ဆရာဟာ စမ်းရေရဲ့ အနုပညာကို သဘောကျခြင်း သူ့လိုပဲ ဝါသနာတူဖြစ်ခြင်း၊ သူ့ဝတ္ထုတွေကို သရုပ်ဖော်ဖို့ စမ်းရေနဲ့ တိုင်ပင်ရာမှာ သူ့စိတ်ကူးနဲ့ စမ်းရေရဲ့ စိတ်ကူးတို့ အခါတိုင်းလိုလို တိုက်ဆိုင်စွာ တူညီနေတတ်ခြင်းတွေနှင့် အနေနီးစပ်ခြင်းတို့ကြောင့် စမ်းရေကို သာမန်ကာ လျှံကာ စိတ်ဝင်စားခဲ့ခြင်း ဖြစ်လိမ့်မည်။

ဒါကြောင့်သာ မမကဲ့သို့ စမ်းရေထက် တော်တော့်ကို ထူးထူးခြားခြားလှပသည့် မိန်းမတစ်ယောက်နဲ့လဲ နီးစပ်ရရော၊ ဆရာ့စိတ်တွေ ပြောင်းလဲသွားခဲ့တာပဲဟု စမ်းရေက ယုံကြည်ထားပါသည်။

စမ်းရေသည် မမနဲ့ယှဉ်၍ မရအောင် မလှပသည့် ကိုယ့်ကိုကိုယ် ပထမဆုံးအကြိမ်အဖြစ် ကြေကွဲခဲ့မိပါသေးသည်။ သို့သော် စမ်းရေသည် ဆရာ့ကိုလဲ မမုန်းခဲ့ မမကိုလဲ မမုန်းခဲ့။

ဆရာကိုယ်တိုင်တောင် ကိုယ့်ကိုကိုယ် ဘယ်မိန်းမကို ချစ်မိသလဲ သေသေချာချာ မစဉ်းစားတတ်ခဲ့သလို မမလည်း ကိုယ့်ကိုကိုယ် သေသေချာချာ မစဉ်းစားတတ်ခဲ့၍ အစ်ကိုကြီးမိုးမြင့်ယံအား စေ့စပ်ထားဖို့အထိ လက်ခံခဲ့တာပဲဖြစ်မည်။ ဆရာရော မမပါ ကိုယ်တကယ်ချစ်ရသူတွေနဲ့ ဆုံစည်းခဲ့ကြတဲ့အခါ တခြားတခြားသော ချစ်သူစုံတွဲတွေလိုပဲ ခွဲခွာရခြင်းတည်း ဟူသော ဝဋ်ဒုက္ခကို မခံစားချင်၍ အစစအရာရာ စွန့်စားသည်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာ ဟူသော ကိုယ်ချင်းစာသည့် ခွင့်လွှတ်ခြင်း အတိဖြင့် စမ်းရေ အငြိုးအတေး မထားခဲ့တာကို အားလုံးက အံ့သြကြ၏။

"ဆရာ... စမ်းရေတို့ဆီမှာ လာရေးသွားတဲ့ ဝတ္ထုအတွက် မျက်နှာဖုံး ပန်းချီပို့လိုက်ပါတယ်။ နောက်ဝတ္ထုအတွက် ဆွဲစေချင်တဲ့ သဘောကို စာထဲကတစ်ဆင့် ရေးပြီး ညွှန်ကြားလိုက်ပါ ဆရာ။ စမ်းရေ ဆွဲပေးမယ့် မျက်နှာဖုံး ပန်းချီခတို့၊ ဆရာညွှန်ကြားစရာရှိတာကို စာရေးပို့ဖို့တို့ ကတော့ အခု စမ်းရေလွှတ်လိုက်တဲ့ လူကြုံနဲ့ပဲ စမ်းရေကို ဆက်သွယ်နိုင်ပါတယ်။ သူက စမ်းရေရဲ့ ယုံကြည်စိတ်ချရတဲ့ လူကြုံတစ်ယောက်ပါ... "

ဆိုသည့် စာတစ်စောင် မျက်နှာဖုံးပန်းချီတို့ဖြင့် မမနဲ့ လက်ထပ်သွားသည့် ဆရာ့ထံ စမ်းရေကပင် စတင်ဆက်သွယ် ခဲ့သည်။

အို - တကယ့်ကို စိတ်သန့်သန့်နဲ့စမ်းရေဆက်သွယ်ခဲ့မိခြင်း ဖြစ်ပါသည်။ ကိုယ့်အစ်မရဲ့ ခင်ပွန်းဖြစ်လို့ ကူညီချင်စိတ်အပြင် စမ်းရေလို ပါမွားပန်းချီဆရာမကလေးဘဝသို့ မြှင့်တင်ပေးခဲ့သည့် ဆရာ့ကျေးဇူးကိုလဲ မမေ့ခဲ့တာကြောင့် စမ်းရေဟာအရင်ကအတိုင်း ဆရာ့ကို ကူညီပေးခဲ့တာဖြစ်သည်။

ပြီးတော့ ကိုယ့်လိပ်ပြာကို ကိုယ်သန့်နိုင်အောင် အရင်က ဘယ်ဝတ္ထုရဲ့ မျက်နှာဖုံးကိုမှ လာအပ်ရင် မဆွဲပေးသမျှ အခုတော့ ဆရာ့ဝတ္ထုအပြင် တစ်ခြားဝတ္ထုတွေကိုပါ လက်ခံ၍ ဆွဲပေးခဲ့ပါသေးသည်။

စမ်းရေက ခုချိန်ထိပင် ကိုယ့်ကိုကိုယ် လိပ်ပြာသန့်ခဲ့သလို ဆရာသည်လည်း စမ်းရေနဲ့ ဆက်သွယ်ရာတွင် အပိုကိစ္စပင် မပါပဲ လုပ်ငန်းသဘောအရသာ ဆက်ဆံခဲ့၏။ မမထံမှ-

"ငါအံ့သြတာက တစ်ခုပဲ... စမ်းရေ။ ဘာသဘောနဲ့ ငါ့ယောကျ်ားရဲ့ ဝတ္ထုမျက်နှာဖုံးပန်းချီတွေကို ခုချိန်ထိ ဆွဲပေး နေသလဲဆိုတာကိုပဲ။ တစ်ခုခုတော့ ရှိကိုရှိရမယ်လို့ ငါယူ ဆတယ်။ ဘယ်လိုလဲ နင်ဝန်ခံရဲပါ့မလား.."

ဟူ၍ စမ်းရေအား ထိခိုက်နာကျင်စေသော စာတစ်စောင် လက်ခံရရှိချိန်တွင် စမ်းရေသည် အသားတွေ ဆတ်ဆတ်တုန်ယင်လျက်၊ အံကို တင်းတင်းကျိတ်မိလျက်၊ မျက်ရည်များတွေတွေကျလျက်၊ မမရဲ့ စာကို အစိတ်စိတ်အမြွာမြွာ ဆွဲစုတ်ပစ်လျက်။ ဒေါသတွေက အတိုင်းအဆမရှိ ငါဟာ အမြဲတမ်းအစ်မကို ချစ်စိတ်နဲ့ သူဘာပြောပြော ငုံ့ခံခဲ့သမျှ ဒီတစ်ခါတော့ ငုံ့ မခံတော့ ဘူး။ ချက်ချင်းသွားရန်တွေ့ပစ်မှ ဖြစ်တော့မယ်။ ဒီကိစ္စ ချက်ချင်း ရှင်းပစ်မယ်။

အဲ့ဒီလောက်အထိ ကယောင်ချောက်ချား အတွေးတွေနဲ့ ငိုညည်းမိတာ နာရီပေါင်းများစွာ။ နောက်တော့ အရာ... ကို စိတ်အေးအေးထား ဆုံးဖြတ်လျက် မမကို ပညာသား...

www.burmeseclassic.com

www.burmeseclassic.com


တပြန်ရေး၍ ရန်တွေ့ပစ်ခဲ့ဖို့သာ စမ်းရေ တုံ့ပြန်ခဲ့သည်။

သို့သော် မမသည် စမ်းရေ၏ ရင်တွင်း၌ စူးဝင်ခဲ့သည့် သူမအပေါ် နာကြည်းနေသည့် ဆူးတစ်ချောင်းအား စမ်းရေ ကိုယ်တိုင် အလွယ်ကလေး ကျေနပ်စွာ နှုတ်ပစ်နိုင်သည့် အစွမ်းအစ ရှိသူတည်း။

အဲ့ဒါကို မမကိုယ်တိုင် မသိ။ မမကတော့ သူ့ဘာသာ ညီအစ်မချင်း တိုင်တည်ဖွင့်ဟခဲ့ခြင်းပေမယ့်-

"ငါဟာ ကလေးအမေ ဖြစ်တော့မယ်..."

ဟူသည့် မမ၏ စိတ်ပျက်လက်ပျက် ညည်းတွားမှုသည် စမ်းရေ၏ အညိုးအတေးများကို ပြေပျောက်စေခဲ့ပါသည်။

စမ်းရေသည် ထိုအချိန်တုန်းကဆို ဘယ်လောက်ပီတိဖြစ်သွားလိုက်ရသလဲ။ မမကို ဘယ်လောက်ချစ်မိသွားလိုက်သလဲ။ မမ အနိုင်ကျင့် ဗိုလ်ကျသွားသမျှတွေ မေ့သွားလိုက်သလဲဆိုတာ ဘယ်သူ့ကြောင့် ဖြစ်မလဲ။ အို - မမဆီမှာ ရှိနေတဲ့ ကလေးလေးကြောင့်ပဲပေါ့။

စမ်းရေကလေးတွေကို သိပ်ချစ်သည်။ အပြစ်ကင်းစင်မှုများအားလုံးဟာ ကလေးတွေမှာသာ ရှိတတ်၍၊ ကလေးတွေနဲ့ နေရတာမျိုးလောက် စိတ်ချမ်းသာစရာ လောကကြီးမှာမရှိကဲ အခုပိုပြီး ချစ်စေဖို့ ဖန်တီးတာက ကိုယ့်အစ်မရင်းရဲ့ ကလေးကိုယ့်သွေးသားရင်းချာဆိုသည့်အသိနဲ့ ရင်ခုန်ကြည်နူးသွားမိ

...တော့တာပဲ။ မာနတွေ၊ အညိုး အတေးတွေ၊ ဒေါသတွေ အလိုလိုအရည်ပျော်သွားခဲ့တော့တာပဲ။

စမ်းရေသည် ထိုသတင်းစကားကို သယ်ဆောင်...ချက် တိတ်တဆိတ်ပင် မိဘများဆီ ပြန်ခဲ့ရစဉ်က ပါးစပ်ထဲမှာ...ပြောချင်လွန်းလို့ လျှာယားနေမိတဲ့အထိပင်။ မမနဲ့ ဆရာ့ကို...မ်းရေ တိတ်တိတ်ဆက်သွယ်မှန်း သိရင် မေမေတို့ဆူမှာ စိုးရိမ်...၍ တစ်နေ့ တစ်နေ့ ပြောမယ်ကြံစည်ပြီး ပါးစပ်ဟလိုက်၊...ပြန်မျို ချလိုက်နဲ့၊ အင်း - စမ်းရေရဲ့ သမားရိုးကျ နေ့ရက်တွေဟာ...ဘက်တော့ကို ရယ်စရာ ကောင်းနေခဲ့ဖူးသည်။

မမရဲ့ ကလေးလေးအတွက်ဟု ရည်ရွယ်ပြီး အရုပ်...တွေ ဝယ်သိမ်းလိုသိမ်း။ ကလေးလေးဟာ အဒေါ်ရဲ့ ဗီဇနဲ့တူရင်...န်းချီချူးတဲ့ စိတ်ရောဂါ ပါနေမလားဟု စိတ်ကူးယဉ်မိတဲ့ နေ့က...သော့၊ အံမယ် ပန်းချီဆွဲနည်း အခြေခံ သဘောတွေ ပါဝင်သည့်...မ်းရေငယ်စဉ်က ဖတ်သည့် စာအုပ်တွေ ထပြီးရှာလိုရှာနဲ့။

ကြားဖူးနားဝ တစ်ခုကိုလဲ စိတ်ကူးယဉ်ခဲ့သေး။...လေးတစ်နှစ်ပြည့်ရင်ဆိုလား၊ ဘယ်လောက်ရှိရင်ဆိုလဲတော့...သေချာချေ။ အဲ့ဒီအရွယ်မှာ ကလေးရဲ့ နံဘေးမှာ ပစ္စည်းမျိုးစုံ...ထားရသည်ဆိုပဲ။ အဲ့ဒါတွေထဲက တစ်ခုခုကို ကလေးက...ရွေးချယ်ပြီး ကောက်ယူလိုက်ရင် အဲ့ဒီကလေးရဲ့ အနာဂတ်ကို...သုံးသူလို့ရသတဲ့ ဥပမာ - စုတ်တံကို ကိုင်ရင် ပန်းချီဆရာ ဖြစ်

www.burmeseclassic.com

မယ်။ နားကြပ်ကို ကိုင်ရင် ဆရာဝန်ဖြစ်မယ်။ စာအုပ်ကိုကိုင် တော့ စာပေသမားဖြစ်မယ်တဲ့လေ စမ်းရေရဲ့ ကျောင်းတုန်း သူငယ်ချင်းပြောဖူးတာ သွားမှတ်မိလိုက်တဲ့နေ့ကတော့ မ ကလေးအတွက် ဒီလိုစမ်းသပ်ဖို့ အကြံပေးမယ် စိတ်ကူးမိလို ပြန်သေးရဲ့။

သို့သော်လည်း စမ်းရေရဲ့ မမ ပါရမီသည် က လေးကို အလိုလို မုန်းတီးနေခဲ့တာကို သိခွင့်ရထားသေး၍ စ သည် မမြင်သေးသော ကလေးငယ်ကို ကြိုသနားရတာလဲ အ ပင်။ အကယ်၍ ကလေးလေးကို မွေးပြီး မမက မထိန်းချင် ဆိုရင်လဲ စမ်းရေက ခေါ်ထိန်းထားဖို့ စမ်းရေတို့နဲ့ အတူတူ ပြင်းစေဖို့တောင် စီစဉ်ထားမိသေး။ အင်း - ဆရာက ခွင့်ပြု မလား မသိဘူးဆိုပြီးလဲ စိတ်ပူခဲ့သေး။

ဒါပေမယ့် -

“ပါရမီ ကလေးပျက်ကျလို့တဲ့ မယဉ်ယဉ် ဖုန်းဆက်တ အခြေအနေကတော့ စိုးရိမ်စရာ မရှိတော့ပါဘူးတဲ့။ များ မိဘတွေ တွေ့ချင်လေမလားဆိုပြီး မယဉ်ယဉ် ကိုယ်ချင်းစာတာနဲ့ ဖုန်းဆက်ရင်း အရင်ကလို သူ နှစ်ဖက်မိဘ ပစ်ထားတာ မကောင်းဘူး ထင်တယ် အကြောင်း၊ မယဉ်ယဉ်လဲ အစက ပစ်ထားပြီးမှ အခု ပြန်ဆက်ဆံနေတဲ့အကြောင်း၊ ကျွန်မကို တိုင်ပင်တယ်

စေတနာစာပေ



ကိုထွန်းညို။ ကျွန်မတော့ ဒီသမီးလေးနှစ်ယောက်တည်း ရှိတာ၊ ဒီလောက်ကြာကြာကြီး သမီးတစ်ယောက်ကို ပစ် ထားရတာ တော်တော်စိတ်ထိခိုက်ပါရဲ့။ နောက်ပြီး သမီး ကြီးလဲ အားငယ်နေလိမ့်မယ် ထင်တယ်။ သွားတွေ့ကြရ အောင်လား ကိုထွန်းညို...”

ဟူသည့် မေမေ့ တိုင်ပင်သံသည် စမ်းရေ၏ တ်ကူး ယဉ်ခြင်းများအား ရိုက်ချိုးပစ်လိုက်တော့တာ ဖြစ်သည်။

စမ်းရေသည် အရူးတစ်ယောက်လိုပင်မမြင်ရသေး သော မမရဲ့ ကလေးငယ်လေးရဲ့ ပျက်စီးဆုံးရှုံးမှုအတွက် တိတ်တ ိတ် ငိုကြွေးမိပါသည်။ နောက်တော့ ဒါဟာ ရိုးရိုးသားသား သွားခဲ့တာလား၊ ဟုတ်မှဟုတ်ရဲ့လားလို့ ဖျတ်ခနဲ စိတ်ကူးပေါ် သည်က မမရဲ့ စကားတစ်ချို့သွား သတိရလိုက်၍တည်း။

မမရဲ့ ဒီကိုယ်ဝန်နဲ့ ပတ်သက်၍ပြောတဲ့အကြောင်း ရာတိုင်းမှာ “ကောင်းကျိုးမပေးတဲ့ကလေး” ဆိုတာလဲပါရဲ့။ “ဒီ ယ်ဝန်ကြီးကို ငါသိပ်မုန်းတယ်” လို့လဲ မကြာခဏ ဖွင့်ဟသေးရဲ့။ ရာ့ရဲ့ ခြိမ်းခြောက်မှုကြောင့် ဒီကိုယ်ဝန်ကို ယူလိုက်ရမှန်းလဲ ပြောပြလို့ စမ်းရေ သိခဲ့သေးရဲ့။ နောက်ဆုံး “ဒီကလေးငါ့ဆီ ဆက်မနေတော့ရင် ကောင်းမယ်” လို့မမကျိန်ဆဲပစ်လိုက်တုန်း များ စမ်းရေဟာ ဘုရားတောင် တ,မိပါသေးရဲ့။

ကဲ - အခုရော ဒီကိုယ်ဝန်ပျက်ကျခြင်းဟာ လေ

စေတနာစာပေ

www.burmeseclassic.com



ပေါ်က ချော်လဲလို့ဆိုတဲ့ အကြောင်းပြချက်ကြီးနဲ့ ဖြစ်နေခဲ့ ဘယ်သူကမှ သံသယရှိမှာမဟုတ်။ အားလုံး မျက်မြင်မှာ ချော်လဲသွားတာတဲ့။

အို-စမ်းရေ- မမကို သံသယဖြစ်သင့်ရဲ့လားကွ

..... ❀ .....

ဖေဖေ မေမေတို့နှင့်အတူ စမ်းရေသည် မမထံ သွားခဲ့ပါသည်။ ဆရာ့ မေမေက ဆီးကြိုနှုတ်ဆက်၏။ ဆ ကတော့ အားလုံးကို မျက်နှာပူဟန်ဖြင့် မျက်နှာ ခပ်လွှဲလွှဲက နှုတ်ဆက်ရင်း စမ်းရေအားအား ပြုံးပြပါသည်။ ရပါတယ်ဆ ဆရာကြောင့် လှုပ်ရှားခဲ့ဖူးတဲ့ နှလုံးသားက အခုတော့ တော် ငြိမ်သက်နေပါပြီ။

"သမီးပါရမီဟာ အတော့်ကိုဆိုးတာကွယ် မောင်မော်ကွ မို့သာ ပါရမီကို သည်းခံနိုင်တာ။ အန်တီတို့လဲအစက မိဘကို အရှက်ခွဲရကောင်းလားဆိုပြီး ဒေါသဖြစ်မိတာ တမင်ပစ်ထားရပေမယ့် ဘယ်နှယ့်ကွယ်၊ ကိုယ့်မှာ သမီးကလေးက နှစ်ယောက်တည်းရယ်၊ ရင်ထဲမှာ ဘ ကောင်းပါ့မလဲ၊ မောင်မော်ကွန်းကိုလဲ အပြစ်မတင်ခဲ့ ဘူး။ တကယ့်တကယ်တော့ ပါရမီဆိုးတာမှန်း အန်တီ တွေးထားပြီးသားပါ သားရယ်။ အခုတော့ ဒီသမီးမိုက် ဆက်ပြီး ပစ်ထားလို့ မရတော့ဘူး။ ဘဝတစ်ခုကို



ထောင်ဖို့အတွက် ဆုံးမစရာတွေ အများကြီး ပေးရဦး မယ်။ စောင့်ရှောက်ထားရတဲ့ မယဉ်ယဉ်ကိုလဲ အားနာလှ yဈ၍D"

"အံမယ်... ကိုယ်သမီးကိုယ် ပစ်မထားနိုင်ပါဘူးလို့ တိတိ ကျကျ ဝန်ခံရရင်လဲ ရပါတယ်။ မသက်ဆွေရယ် ကိုယ်က ဘာကန့်ကွက်မှာ မှတ်လို့..."

"ကိုထွန်းညို... ရှင်နော်။ ဟင်း... သူ့သမီးမျက်နှာ မမြင် ရခင်ကများ ဖြစ်ပျက်နေလိုက်တဲ့ မျက်နှာ။ အခုပဲ လဲသေ သွားတော့မလို မျက်နှာကြီးနဲ့ သိလား မယဉ်ယဉ်။ အခု ကျတော့ တစ်မျိုး။ ကျုပ်ကို လွှဲချချင်သေးရဲ့..."

ဆရာ့မိခင် ဒေါ်ယဉ်ယဉ်သည် ဖေဖေနဲ့ မေမေ၏ ရန်ပွဲအား ရယ်ရယ်မောမော ဖျန်ဖြေရပါသည်။

"အင်း... ကျွန်မလဲ ဒီရန်ဖြစ်သံ စကားများသံကို ရန်ကုန် ပြန်ရောက်ပြီးကတည်းက မကြားရတာကြာလို့ တောင့်တ နေတာနဲ့ အတော်ပဲ။ အခုတော့ ပြန်ကြားရတော့မယ်။ တစ်ယောက်တည်း ပျင်းနေရတာထက်စာရင် သူများလင် မယားစကားများတာကို ဝင်ပါရဦးတော့မယ်။ အံမယ်... တော်တော်ပျော်ရဦးမှာပဲ..."

ဆရာနှင့် မမတို့ နေထိုင်ရာ တိုက်အိမ်ပုကလေးမှာ ခုနှ်အတော်ကြာ တိတ်ဆိတ်ခဲ့ဘူးတဲ့ ရယ်သံတွေဟာ အခုတော့

www.burmeseclassic.com

www.burmeseclassic.com

စည်ကားနေခဲ့ပြီ။ အို - အကယ်၍သာ စမ်းရေ တိတ်တန်း တောင့်တခဲ့ရတဲ့ ကလေးငယ်လေးရှိနေခဲ့မယ်ဆိုရင် ဖေဖေ မေမေ၊ ဆရာ့မေမေ၊ ဆရာနဲ့ စမ်းရေတို့ရဲ့ ရယ်သံတွေဟာ ဒီထက်ကျယ် လောင်မှာပဲကွယ်။ ကံဆိုးလိုက်တဲ့ကလေးငယ်လေး ရယ်။

မမ - မမကရော။ အို - မမကလဲ ရယ်လို့ မောနေ နော်။ မမရဲ့ ရယ်မောခြင်းဟာ လွတ်လွတ်လပ်လပ်ရယ်မောခြင်း ဖြစ်နေတာတော့ အံ့သြစရာပဲ။

တကယ်ဆို မတော်တဆ ဆုံးရှုံးသွားရတဲ့ ကိုယ့်နဲ့ ရင်သွေး ကလေးအတွက် အနည်းနဲ့ အများတော့ ထိခိုက်နေ အရိပ်တွေ ယှက်သမ်းတဲ့ ရယ်မောခြင်းတွေ ရှိနေသင့်တယ် စမ်းရေကလေးက ယူဆချင်သည်။ အခုတော့ မမ၏ ဟန် သည် သူမ မလိုလားသည့် ဒုက္ခကြီးတစ်ခုနဲ့ ရင်မဆိုင်ရတော့ စိတ်ချမ်းသာသွားခြင်း။ ကျေနပ်ခြင်းတွေ အတိပြီးသည့် ရယ်မော ခြင်းတွေနှင့် ဖြစ်လေသည်။

အို - ဒါဟာ သံသယဝင်ဖို့ကောင်းတဲ့ ကိစ္စမဟုတ် ပါဘူး။

ဒီသံသယကြီးကို မတွေးမိပါရစေနဲ့ဟု စမ်းရေ သည် ကြိုးစားမောင်းထုတ်ပစ်နေရပါသည်။

"စမ်းရေက အခုဆို တကယ့်ကို နာမည်ကြီးတဲ့ မျက်နှာ



ပန်းချီတွေ အများကြီး လက်ခံဆွဲရတဲ့ ပန်းချီဆရာမကြီး ဖြစ်နေပြီ။ တော်လိုက်တာကွယ်။ သားပြောပြမှ အန်တီ သိရတာ။ အခုမှပဲ အန်တီနဲ့ သားလဲ မျက်နှာချင်းဆိုင်ဖြစ် တာနောက်မို့အန်တီလဲပစ်ထားတာ ကြာပေါ့။ မသက်ဆွေ နဲ့ မတိုင်ပင်ဘဲ စိတ်ကူးခြင်း တူနေခဲ့တာ..."

ဘုရား - ဘုရား ဆရာက သူ့မျက်နှာဖုံး ပန်းချီတွေ လဲ စမ်းရေပဲ ဆွဲပေးနေဆဲပါလို့များ ဖေဖေနဲ့ မေမေ့ရှေ့မှာ ပြောလိုက်လေမလား၊ အန်တီယဉ်ယဉ်တို့ကိုများ ပြောထားသေး သလား။ စမ်းရေသည် စိုးရိမ်တကြီးပင် ဆရာ့မျက်နှာကို လှမ်း ကြည့်မိပါ သည်။ အို-ဆရာက စမ်းရေ၏ အမူအရာများကို မေ့မလျော့ စွာ အရင်ကလို နားလည်ပေးဆဲ။

"စမ်းရေ.. မျက်လုံးကလေးတစ်ချက်လှန်လိုက်ပြီး ကျွန် တော့်ကိုလှမ်းကြည့်ရင်ဘာဖြစ်ချင်တယ်ဆိုတာ ကျွန်တော် အလိုလို မှန်းတတ်နေတယ်ဗျ...။ အံ့သြစရာကောင်း အောင် ကျွန်တော်မှန်းလိုက်တိုင်း မှန်နေတယ်နော်..."

ဟူ၍ ဟိုးလွန်ခဲ့သည့် စမ်းရေနဲ့ ဆရာတို့ ပိုင်ဆိုင် သည့် ကာလများတုန်းက ဆရာဒီလိုမျိုး မကြာခဏ ဖွင့်ဟဖူး သားပင်။ အဲ့ဒီအတိုင်းပါပဲ ယခုလဲ ဆရာသည် ယခင်ကလို မ်းရေ၏ မျက်လုံးတစ်ချက်လှန်၍ လှမ်းကြည့်သည့် အကြည့်ရဲ့ ဓိပ္ပါယ်ကို မှန်းဆတတ်ပြန်သေးရဲ့။ တကယ်လဲ ဆရာမှန်းသည်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း မှန်နေသေးရဲ့။ အို - ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရခဲ့တဲ့ လောကကြီးကိုပဲ မုန်းရပါတော့မှာပဲကွယ်။

"စမ်းရေရဲ့ ပန်းချီပုံတွေ ပြန်သုံးဖို့တောင် ကျွန်တော်တ စိတ်ကူးနေတာ မေမေရဲ့...။ ဘာပဲဖြစ်ဖြစ် တစ်ခြားပန်းချီဆရာကို သုံးရတာထက်စာရင် ကိုယ့်ညီမရဲ့ ပန်းချီတွေကို သုံးရတာ ပိုအဆင်ပြေမယ်ထင်တယ်။ ဟဲဟဲ လက်ရာခလဲ လျှော့ခိုင်းလို့ ရတာပေါ့နော်။ အချင်းချင်းတွေပဲ စီးပွားဖြစ် ဆွဲမပေးနဲ့ပေါ့။ ဘယ်လိုလဲ ပါရမီ။ ကိုယ် စမ်းရေရဲ့ ပန်းချီတွေ ပြန်သုံးရင် စမ်းရေ မုန့်ဖိုးပိုရသွားမယ်ထင်တယ်..."

ဘုရား - ဘုရား မမစိတ်ကောင်းဝင်နေပါစေ အရင်ထဲက ပန်းချီတွေ ပို့နေတယ်ဆိုတာ မမလဲ သိသည်မို့ မေသာ ဖော်လိုက်လို့ကတော့ စမ်းရေကို မေမေ့ ဆွဲလိမ်ခြင်းနဲ့ မိတ်ဆက်ရဖို့ သေချာတယ်။

"သိပ်ကောင်းတာပေါ့ မောင်ရယ်။ ကိုယ့်ညီမရင်းချာဆိုတော့ ဗိုလ်ကျပြီး ပန်းချီခကို အကြွေးမှတ်ထားဆိုရင်လဲ ရတယ်။ ထုတ်ဝေသူဆီက တောင်းလို့ မရသေးဘူးလို့ ညာထားပြီး ပါရမီတို့ ခဏလှည့်သုံးရင်လဲ ရတာပဲ မျက်နှာပူစရာမလိုတော့ဘူးနော်။ သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ"

မမသည် ယခုတော့ စိတ်ကောင်းဝင်ကာ စမ်းရေအား တစ်ခါမှ ဖေးဖေးမမ မပြောခဲ့ဘူးသမျှ ဒီတစ်ခါတော့ ဘယ် တင်လိုက်သည်။ ကျေးဇူးပါပဲ မမ။

"အမလေးနော်... စမ်းရေဘက်က အားလုံး အဆင်ချည်း ပါပဲလား။ မမနဲ့ဆရာ့အကြံက စမ်းရေတော့ထိပေါက်ကိန်း ဆိုက်တော့မယ်ထင်ပါရဲ့။ ဘယ်လိုလဲ ဖေဖေနဲ့ မေမေ။ စမ်းရေ ဒီအလုပ်ကို လက်ခံလိုက်ရင် တော်တော်ချမ်းသာသွားမှာပဲ ထင်တယ်..."

ထို့နောက် အားလုံးနှင့်အတူ စမ်းရေက ပေါ့ပါးလွတ်လပ်စွာ ရယ်ကြည့်၏။ ဟင့်အင်း မရချေ။ စမ်းရေ၏ ရင်ထဲ၌ မမအား သံသယဖြစ်မိခြင်းက သန္ဓေတည်နေခဲ့၍မမ၏ ရယ်မောခြင်းအား ကြည့်မရဖြစ်ချင်သည်။

ကြည့်စမ်း။ ကိုယ့်ရင်သွေးတစ်ယောက်လုံး လောဘလတ်လတ်ကြီး ဆုံးရှုံးထားတဲ့ မေမေတစ်ယောက်တဲ့လေ။ အိပ်ယာပေါ်မှာ လှဲနေတာတောင် ဝင်းဖန့်ဖန့် မိတ်ကပ်တင်ထားပြီးတဲ့ မျက်နှာနဲ့။ ပန်းရောင်ဖျော့ဖျော့ အရောင်ပါတယ်ဆိုရုံ နှုတ်ခမ်းသားနဲ့ရောင်တူတဲ့ မသိမသာ ဆိုးထားသည့် ဆိုးဆေးအရောင်နဲ့။ မမရဲ့ ဖြူလွလွ ပိုးသားပျော့ပျော့ လက်ရှည်အကျႌလေးဟာ တဆိတ်သိပ်လှလွန်းနေတယ်။ ဝါဂွမ်းစောင်ဖြူ ဆွတ်ဆွတ်ကို ရင်ဘတ်တစ်ဝက်တင်၍ ခြုံထားပေမယ့် မမရဲ့ ဟန်ပန်က လူမမာပုံတောင် မပေါ်လွင်လှပေ။

စေတနာစာပေ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"သမီးကြီး.. နောက်တစ်ခါကျရင် ရှုပ်ပျာရှုပ်ပျာ မနေနဲ့နော်။ အန္တရာယ်များတယ် သမီးရဲ့။ ကံကောင်းလို့ ကိုယ့်အသက်မသေတာ။ နောက်ပြီး ကိုယ့်ရဲ့ ပေါ့ဆမှုကြောင့်ကလေးလဲ သက်သက်ထိခိုက်သွားရတာမကောင်းဘူးကွယ်။ အင်း.. မဖြစ်သေးပါဘူး။ နောက်တစ်ခါကျရင်တော့ မေမေ လာနေပေးမှပါ။ မေမေ့ကို ကြိုပြီးအကြောင်းကြား သိလား.."

"မေမေယဉ်ယဉ်လဲ ရှိသားပဲ.. မေမေရယ်.."

"ဟဲ့... အမေနှစ်ယောက်ဆိုတော့ ပိုစိတ်ချရတာပေါ့။ မေမေ့ မှာ ငါ့သမီးရဲ့ ရင်သွေးရှိတဲ့ သတင်းကိုတောင်မှကြားခွင့် မရလိုက်ဘူး။ မရှိတဲ့ သတင်းကိုမှ ကြားရတာဘယ်လောက် ရင်နာစရာကောင်းလဲ... "

မမသည် မေမေ့ အဲ့ဒီစကားစ,တော့ ခပ်ရှော်ရှောင် ဖြေချင်သည်။ နောက်တစ်ခါဆိုရင်ဟူသည့် မေမေ့ စကားမေမေ့ မျှော်လင့်ချက်ကို မသိမသာ နှာခေါင်းရှုံ့တာ စမ်းရေမြင်၏။

မမမှာ မိခင်စိတ်တို့ အကြင်နာတရားတို့ဆိုတာဘာလို့ရှိမနေခဲ့တာလဲဟင်ဟု စမ်းရေ မေးကြည့်လိုက်ချင်သေး၏။

"မမက ကိုယ်ခေါင်းမူးနေရင် ဘာဖြစ်လို့ လှေခါးကိုဖြတ်ဆင်းချလာရတာလဲ အပေါ်မှာပဲ လှဲနေရင်း တစ်ယောက်

စေတနာစာပေ



ယောက်ကို လှမ်းခေါ်ပေါ့။ အန်တီယဉ်ယဉ်ပြောတော့မမက ခေါင်းမူးတယ်ပြောရင်း လှေခါးတစ်ထစ်ကို ဆင်းလိုက်ရာက ခြေချော်ကျတာဆို..."

စမ်းရေသည် ကိုယ့်ပါးစပ်ကိုယ်မထိန်းနိုင်တော့ဘဲမေးမိတော့သည်။ မမသည် စမ်းရေအား ရန်သူတစ်ယောက်ကဲ့သို့ အညိုးအတေးတွေပါသည့် မျက်လုံးများဖြင့် စိုက်ကြည့်သည်။ အို - အေးစက်လိုက်ပါဘိ။

"ဟဲ့... ငါလဲ အဲ့ဒီတုန်းက ဘယ်စဉ်းစားမိပါ့မလဲ။ ခေါင်းသိပ်မူးနေတော့ မောင့်ကိုပဲ အားကိုးရှိတာ၊ မောင့်ဆီမြန်မြန်ရောက်အောင် လာဖို့ပဲ သတိရတယ်ဟေ့။ အိပ်ရာထဲက လှမ်းခေါ်ရလောက်အောင်လဲ အဲ့ဒီနေ့က ဧည့်သည်ရောက်နေတာ ဘယ်ကောင်းပါ့မလဲ။ တမင်ဟန်ဆောင်တယ်ထင်ပြီး မောင့်ထုတ်ဝေသူ စိတ်ဆိုးသွားရင် မောင့်အလုပ်အကိုင်ပဲ ထိခိုက်မှာ နင်မှ နားမလည်ဘဲ ငါ့ကိုလာပြီး ဆရာ မလုပ်နဲ့ ..."

"ပါရမီကလဲကွာ...။ ကိုယ့်ညီမလေးက စေတနာနဲ့ ပြောတာကို ရန်မတွေ့နဲ့လေ။ ကျွတ်... လူကသာ ပျော့ဖတ်နေတယ်။ စိတ်ကတော့ မာလိုက်တာမှ ဘယ်သူမှ လိုက်မမီပါလား..."

မမသည် ဆရာ့ကို မျက်လုံး စွေ့ကြည့်လျက်တိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဆိတ်အေးစက်သွားပါသည်။

ပြီးတော့ စမ်းရေကို မလွတ်တမ်းလိုက်ကြည့်သည်မှာ တကယ့်ကို ရန်သူကြီးတစ်ယောက်လိုပဲ ဖြစ်လေသည်။ တစ်ဖက် ရန်သူထံမှ ဝင်လာမည့် တိုက်ကွက်တွေကို ခုခံကာကွယ်ဖို့ အဆင်သင့်ပြင်ထားသည့် မျက်လုံးများနှင့် မမပါရမီ ဖြစ်နေခဲ့ပြီ။

သံသယသည် ဆက်လက်မတည်တံ့ချင်ဘဲတည်တံ့လာရတော့သည်။ မမ၏ စိတ်ဓာတ်မာကြော ပြတ်သားမှုကို မိုက် ရူးရဲဆန်မှု၊ ဖြစ်ချင်တာတွေ ဖြစ်ကိုဖြစ်ရမယ်ဟူသော အတ္တဆန်မှု၊ တစ်ကိုယ်ကောင်းဆန်မှုတွေကို သိထားသူပီပီ ဒါဟာ မမဘက်က တမင်သတ်သတ် ဖန်တီးတဲ့ ကိစ္စတစ်ခုပဲဟု တဖြည်းဖြည်း သံသယတွေ ဝင်လာခဲ့ရသည်။

အို - ပါရမီဆိုတဲ့ မိန်းမတစ်ယောက်ဟာ ဘယ်သူမှ မခန့်မှန်းနိုင်တဲ့ မျှော်လင့်မထားတဲ့ အဖြစ်မျိုးကို ဖန်တီးရဲတယ်ဆိုတာ စမ်းရေဟာ နှလုံးသားနဲ့ရင်းလိုက်ရကတည်းကပဲမှတ်သွားခဲ့ပြီ။

..... ၏ .....

"မောင်ဟာ အခုနောက်ပိုင်း ငါ့အပေါ် ဆက်ဆံတာ သိပ်စိမ်းလာတယ်။ မာရေကြောရေနဲ့ စကားပြောပေါင်းလဲများပြီ။ ငါလုပ်သမျှ အလုပ်တိုင်းကိုလဲ အမြဲဆန့်ကျင်

စေတနာစာပေ



တယ်။ နောက်ပြီး အမူအရာတွေကလဲ အေးစက်စက်နဲ့။ မောင် ဟာ ငါ့ကို ဘာကြောင့် ဒီလိုဆက်ဆံရတာလဲ၊ မောင် ဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲဆိုတာကို ငါ သိပ်သိချင်တယ်။ နင်ဘယ်လိုထင်သလဲ စမ်းရေ ငါ့လို လှပတဲ့ မိန်းမတစ်ယောက်ကို ဘာအပြစ်မှ မရှိဘဲ မောင် ဒီလို ပြောင်းလဲသွားတာဟာ၊ မောင့်မှာ ငါ့ထက် ပိုစိတ်ဝင်စားရမဲ့ နောက် ထပ် မိန်းမတစ်ယောက် ရှိနေလို့ပဲ ဖြစ်မယ်ထင်တယ်..."

စမ်းရေသည် ခေါင်းကို ရမ်းခါလျက် ပါရမီ၏ ြ ခွဲ ချက်ကို မဖြစ်နိုင်ကြောင်း ပြောပြရန် စကားလုံး ရှာမိသည်။

"စမ်းရေတော့ တယ်မထင်မိပါဘူး။ ဆရာက မမ တစ်ယောက်တည်းကိုပဲ သူ့ဘဝမှာ သေသေချာချာ ချစ်ခဲ့ဖူးတာ။ နောက်ပြီး မမကို သိပ်ချစ်လို့ သူအချစ်ဆုံး အမေရဲ့ ပစ်ပယ်မှုကိုတောင် ခံပြီး လက်ထပ်ခဲ့တာပဲပေါ့။ ဖြစ်နိုင်မယ် မထင်ပါဘူး မမရယ်။ ဆရာ့မှာ တစ်ခြား ဘာကိစ္စ တစ်ခုခုများ အဆင်မပြေဖြစ်နေလို့လဲမှ မသိတာ။ မမ မေးကြည့်ပါလား ဒီလိုတစ်ဖက်သတ်ကြီး လျှောက်ထင်နေရင် မမပဲ စိတ်ဆင်းရဲရမှာ... "

ရင်ထဲမှာ ဘယ်လောက်နာကျင်လိုက်သလဲကွယ်။ ြ သို့ချစ်သူ တစ်ယောက်အဖြစ် ပထမဆုံး သတ်မှတ်ပြီး ချစ်ခဲ့ဖူး

စေတနာစာပေ

www.burmeseclassic.com

သူ့ ဆရာ့အကြောင်း မမ တိုင်ပင်သမျှ ဟန်ဆောင်ပြုံးနဲ့ လက်ခံ ဆွေးနွေးရတဲ့အဖြစ်။ အို - ဒီလိုစိတ်မျိုး မထားကောင်းပါဘူးလေ ဟု ကိုယ့်ဘာသာ သတိပေးရင်း ကိုယ့်စိတ်ကို အသန့်ဆုံးဖြစ် အောင် အရာရာကို မေ့ပျောက်ဖို့ ကြိုးစားနေရတဲ့သူမှာ စမ်းရေ ကလေးပဲ ဖြစ်လေသည်။

"ငါ့ကို မောင်က ခြိမ်းခြောက်ထားတာ တစ်ခုရှိတယ်။ အဲ့ဒါက ဘာလဲဆိုတော့ အကယ်၍ ငါကသာ သူ့အတွက် ကလေးတွေ မွေးမပေးဘူးဆိုရင် သူ့ကလေးတွေကို မွေး ပေးနိုင်မဲ့ တစ်ခြားမိန်းမတစ်ယောက် ထပ်ယူရလိမ့်မယ် တဲ့... ဒါကြောင့် ငါက ဒီကိုယ်ဝန်ကို မဖြစ်မနေယူခဲ့ပြီး မတော်တဆချော်လဲလို့ ပျက်စီးသွားရတာကို အပြစ်တင် ချင်နေပုံရတယ်။ သူ့မျက်မြင် ကိုယ်တွေ့မို့သာ ယုံထားရ ပေမယ့် ငါတမင်လုပ်တာလို့ ဆွဲတွေးပြီး အပြစ်မြင်ချင် မြင်နေမှာပေါ့။ ငါ့ကို အစက ဂရုစိုက်တာ၊ ကြင်နာတာ ယုယတာတွေဟာ တကယ်တော့ သူလိုချင်နေတဲ့ ကလေး ကို မွေးပေးတော့မယ့် မိန်းမတစ်ယောက်မို့မှန်း သိပ်သိ သာတယ်။ အခုတော့ ငါက နောက်ထပ်ကိုယ်ဝန်ကိုယူဖို့ စကားတောင် အဟလဲမခံရော အချိုးကပြောင်းတော့တာ ပဲ။ အံ့ပါရဲ့ ဘယ်လိုယောကျ်ားမျိုးနဲ့ ဆုံရတာပါလိမ့်နော်။ သူ့ သိပ်ချစ်လို့ လက်ထပ်ထားပါတယ်ဆိုတဲ့ မိန်းမကို

စေတနာစာပေ



ကလေးမမွေးပေးလို့ဆိုတဲ့ ဆင်ခြေနဲ့ ဥပေက္ခာပြုချင်သေး သတဲ့။ တော်တော်ရှုးတာပဲ... "

မမကရော ဒီကိုယ်ဝန်ကို တမင်ပျက်ကျအောင် ချော်လဲပစ်လိုက်တာ မဟုတ်ပါဘူးလို့ ရဲရဲကြီး သစ္စာဆိုရဲသလား။ တကယ်တော့ ဆရာလုပ်တာတွေ အကုန်မှန်တယ်လို့များ စမ်းရေ ပြောကြည့်။ မမဟာ စမ်းရေကို စွပ်စွဲချက်တွေ တစ်လှေကြီးနဲ့ ဆက်ဆံတော့မှာပဲလို့ ထင်စရာတောင်မလို။ ရန်သူတစ်ယောက် လိုတောင် သဘောထားပြီး ထသတ်ချင်သတ်သွားနိုင်ည်။

အခုလောလောဆယ်မှာတော့ စမ်းရေကလေးသာ မမနဲ့ မကြာခဏ တွေ့နေရသူဖြစ်၍ တစ်ခါလာတိုင်း တစ်မျိုး မဟုတ်တစ်မျိုး မရိုးရအောင်ရှိနေတတ်သည့် မမ၏ ပြဿနာ အသေးအမွှားများအား အများဆုံး ကြားနေရတာတော့ အမှန် ပင်။ နှစ်ဖက်လူကြီး အဆင်ပြေသွားကြ၍ ဖေဖေနဲ့ မေမေက စမ်းရေ ဘာကိစ္စကြောင့်ပဲ ရန်ကုန်ဆင်းဆင်း မမဆီမှာတည်းခိုင်း တတ်၏။ စမ်းရေက ဖေဖေနဲ့ မေမေမသိအောင် တည်းနေကျ သူငယ်ချင်း ပန်းချီဆရာမကလေး၏ အိမ်မှာ တည်းခဲ့သလို၊ မမ ဆီတော့ တစ်နေ့ တစ်ခေါက်လောက် ရန်ကုန်မှာရှိနေစဉ် အတွင်း သွားတွေ့ခဲ့ပါသည်။

မမသည်ဘယ်လောက် သဝန်တိုတတ်သည် မိန်းမ ပဲဆိုရင် စမ်းရေကလေး ရန်ကုန်လာမှန်း။ သူငယ်ချင်း အိမ်မှာ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တည်းနေမှန်း သိရက် " ငါ့အိမ်မှာ တည်းပါလား.." ဟုတစ်ခွန်း တောင် လော်ကွတ်မရှိ။ "သူများအိမ်မှာ တည်းရတာ အဆင် ပြေရဲ့လား.."ဟု တစ်စက်မှ မမေး။ စမ်းရေနဲ့ ဆရာတို့၏ အနည်းအကျဉ်း ပတ်သက်ခဲ့မှု ကလေးကို ယခုထိ သဝန်တိုစိတ် မချနိုင်သေးမှန်း စမ်းရေက ရိပ်မိကာ "မမဆီမှာ တည်းမယ်" ဟုလည်း တစ်ခါမှ ခွင့်မတောင်းခဲ့ချေ။

စမ်းရေသည် မျက်နှာဖုံးပန်းချီ ကိစ္စများ ဆရာနဲ့ စကားပြောစရာရှိလျှင် ဘယ်တော့မှ နှစ်ယောက်တည်း မျက်နှာ ချင်းဆိုင်ပြောဖို့တောင် စိတ်မကူးခဲ့တာလဲ မမရဲ့ သဝန်တိုတတ်မှု ကြောင့် ဖြစ်လေသည်။ မမရှိ နေချိန်တွေမှသာ။ ဆရာနဲ့စမ်းရေ တို့ ပန်းချီ ကိစ္စပြောရအောင် စမ်းရေ အမြဲဖန်တီးရပါသည်။ ထိုအခါများတွင် တော်တော့်ကို အနေကျဉ်းကြပ်စရာ ကောင်း အောင် အကဲခတ် မျက်ဝန်းများဖြင့် စောင့်ကြည့်တတ်သူမှာ မမတည်း။

"သူဒီလောက်လိုချင်နေတဲ့ ကလေးကို မွေးပေးလိုက်ချင် မမရယ်။ ဘာဖြစ်လဲ တခြားလူရဲ့ ကလေးမှ မဟုတ်တာ မမရဲ့ တကယ့်ရင် နှစ်သည်းချာကလေးပဲ။ ရယ်စရာကြီး မမရယ်။ ကိုယ့်ရင်သွေး အရင်းကို မွေးဖို့တောင် ဘေးက လူက လိုက်အကြံပေးနေရတယ်လို့။ အိမ်ထောင်ပြုတဲ့ အမျိုးသမီးတိုင်းဟာ နောက်ထပ်မျိုးဆက်သစ်တွေ ပေါ်



ပေါက်လာဖို့အတွက် ကိုယ့်ရဲ့ generation အတွက် ကလေး မွေးကြတာ ဆန်းတဲ့အလုပ်မှ မဟုတ်တာကွယ် ဘာဖြစ်လို့များ ဒီအသေးအဖွဲ့ ပြဿနာလေးကို အကျယ် ချဲ့နေရတာလဲ... "

"တော်စမ်းပါ.. အဓိပ္ပါယ် မရှိတဲ့ အလုပ်ကို နောက်တစ်ခါ ထပ်လုပ်ဖို့ မကြိုးစားတော့ဘူး။ နင်က ဘာသဘောနဲ့ ငါ့ကို တရားချနေရတာလဲ။ သားတွဲလောင်းသမီးတွဲ လောင်းနဲ့ ရုပ်ဆိုးနေတဲ့ ငါ့ကို နင်ကသိပ်မြင်ချင်တယ် ပေါ့လေ... "

"အို..ဘုရားရေ။ စမ်းရေက အဲဒီသဘောနဲ့ ပြောတာ မဟုတ်ပါဘူး မမရယ်။ နေစမ်းပါဦး။ မမ ရုပ်ဆိုးတာ ရုပ် ချောတာ စမ်းရေနဲ့ ဘယ်လိုမှ မပတ်သက်ဘဲနဲ့ကွယ်။ မမကခုထိ အယူအဆ လွဲနေတုန်းပါလား... "

စမ်းရေသည် မမ၏ ကြံဖန်တွေးတောကာ သူမ အပေါ် အမြင်တိမ်းနေခြင်းအတွက် အတော်ပင် စိတ်မကောင်း ဖြစ်မိပါသည်။

အမှန်တော့ မမဟာ ဆရာ့ကို စမ်းရေနဲ့ မကြာခင် တော်သက်တော့မည်မှန်း ရိပ်မိရက်သား သိသိကြီးနှင့် ဆရာ့ကို ချေမက လုယူခြင်းအား ယခုထိတိုင် စိတ်မလုံသေးတာပဲ ဖြစ်မည်။ စမ်းရေကတော့ ဆရာ့ကို မမလုယူခဲ့သည်လို့တောင်





www.burmeseclassic.com

www.burmeseclassic.com

မတွေးခဲ့ပါ။ ဆရာ့ကို ချစ်မိသည့် စိတ်ကြောင့်ပင် ဆရာသည် သူ့စိတ်ချမ်းသာ သလို ဆုံးဖြတ်သွားတာပဲဟု စမ်းရေက ခွင့်လွှတ် နိုင်သူတည်း။ မမကို တစ်စက်မှတောင်အပြစ်မမြင်ခဲ့တာမမသိ။

" အခုသောက်နေတဲ့ ပေးလိစ် (Pills)တွေကိစ္စကို နင် မောင့်ကို သွားတိုင်ဖို့ မစဉ်းစားနဲ့။ အရင်တစ်ခါ သူသိသွား လို့ ငါဘက်က အလျှော့ပေးလိုက်ရတာ။ ဒီတစ်ခါတော့ အသိမခံဘူး။ သူဘာသာ ကလေးမရတော့သလိုလို ငါ ပြောထားမယ်။ နင့်ကိုတော့ ညီအစ်မရင်းမို့လို့ ပြောပြ တာ ဒီတစ်ခါတော့ မောင်ရှာမတွေ့နိုင်လောက်တဲ့ နေရာ မှာ ထားတယ်။ ဒါတောင် မောင်က ဆေးသောက်မှန်း သိပြီး အတပ်စွပ်စွဲရင် နင်ပြောလို့ပဲလို့ ငါက ယူဆမှာပဲ..."

ဘုရားရေ။ မမဟာ အင်မတန် ရက်စက်တဲ့ မိန်းမပဲ။ မမဆီက နောက်ထပ် ကလေးလေး တစ်ယောက်ကို မျှော်လင့်ကြတဲ့ ဖေဖေ၊ မေမေ၊ ဆရာမေမေနဲ့ ဆရာတို့ကို စမ်းရေသည် အင်မတန်မှပင် သနားသွားရတော့၏။ မမညာသမျှ ဘယ်ကာလ အထိများ ယုံနေကြလိမ့်ဦး မည်လဲ။

စမ်းရေ ကြားဖူးနားဝရှိတာတော့ ဒီဆေးတွေဟာ တောက်လျှောက်နှစ်နဲ့ချီပြီး သုံးစွဲရင် လုံးဝကလေးမရနိုင် တော့ တဲ့(Side effect) ဝင်နိုင်တယ်ဆိုလား။ ဒါမှမဟုတ်ရင်လည်း ရင်သားကင်ဆာတို့။ သားအိမ်ကင်ဆာတို့ ဖြစ်တတ်တယ်ဆိုလား။



အားလေ။ မမက ဒါတွေကို မကြောက်လို ဖွတ်ရှေ့တိုးတာလဲ ဖြစ်ချင်ဖြစ်မည်။ မမရဲ့ ဆရာဝန်ကတော့ ဘာပဲဖြစ်ဖြစ် ဆေးကြောင့်ရလာမဲ (Side effect) တွေကို ပြောပြပေမယ် မမ ဟာ အင်မတန်မှ ခေါင်းမာတာ။

"စိတ်ချပါ.. မမတို့ လင်မယားကြား ဘယ်တော့မှ ဝင်မ ပါဘူး။ စိတ်ချ။ စမ်းရေကို အဲဒီလောက်ထိ သတိပေးစရာ မလိုပါဘူး။ နောက်ပြီး စမ်းရေ မမဆီလာလည်တာလဲ လာချင်လွန်းလို့ လာတာမထင်ပါနဲ့။ မေမေတို့လာ ကြည့်ခိုင်းလို့ လာရတာပါ။ အကယ်၍ ဆရာဘာသာ သူ့နည်း သူ့ဟန်နဲ့ မမဒီဆေးတွေ တိတ်တိတ်သုံးနေတာ ကို သိသွားရင်တော့ စမ်းရေကို မစွပ်စွဲနဲ့နော်။ မမကိစ္စ မမနိုင်အောင်ရှင်းပါ။ စမ်းရေကို ဆွဲမထည့်နဲ့။ စမ်းရေ ဘယ်တော့မှ မမတို့နှစ်ယောက်ကြားမှာ ခလောက်မဆန် ဘူး စိတ်ချ.. "

"အေး.. နင့်ကတိ နင်တည်ပါစေ... "

အဲဒီတစ်ခေါက်တုန်းက မမနဲ့ စကားများခဲ့သေး သည်။ စမ်းရေလဲအရင်ကလို ငုံ့မခံဘဲ မမကို ပက်ခနဲ ပြန်ပြောမိ မမနဲ့ စမ်းရေ အနိုင်မခံ အရှုံးမပေးစတမ်း စကားများကြတာ ဖြစ်သည်။ ဒါဟာ စမ်းရေဘဝမှာ ပထမဆုံး အကြိမ်အဖြစ် ကို ခံပြောမိခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့၏ နောက်ပိုင်း ကာလများတွင် စမ်းရေသည် ရန်ကုန်ရောက်တိုင်း မမဆီဝင်လည်သည့်ဓလေ့ကို ဖျက်ပလိုက်ပါသည်။ အလွန်ဆုံး မမေတို့မှာသည့် ကိစ္စများ အဖြစ်မပြောရန်ရှိလျှင်၊ ဒါမှမဟုတ် ဆရာနှင့် ကိစ္စတချို့ ဆွေးနွေးစရာရှိလျှင် အခေါက်များမှာသာ၊ မမအား တွေ့ဆုံမည်ဟု စမ်းရေဆုံးဖြတ်သည်။ ထို့ကြောင့်ပင် မမနဲ့အတွေ့နည်းလာခဲ့သည်။ ဖေဖေနဲ့မေမေ့ မေးလျှင်တော့ သွားတိုင်းဝင်တည်းတယ်ပေါ့။ သို့သော် တကယ့်တကယ်တော့ စမ်းရေသည် ဖေဖေနဲ့မေမေ့ကို မလိမ်ချင်ဘဲ လိမ်တတ်ခဲ့အောင် မမပဲ ဖန်တီးပေးခဲ့ကြောင်း ဖေဖေနဲ့မေမေ့ကို စမ်းရေပြောပြချင်သေးရဲ့။

..... ❀ .....

မမကို ဥပေက္ခာပြုထားခဲ့သော စမ်းရေတို့ ထပ်မံ၍ မမ၏ ကိစ္စများအား စိတ်ဝင်တစား ဖြစ်စေအောင် ပြုလုပ်ခဲ့သူမှာ ဒီတစ်ခါလည်း မမကိုယ်တိုင်ပင် ဖြစ်ပါသည်။

တစ်နေ့မှာ မေမေနဲ့ဖေဖေထံ မမဆီမှ တိုင်တန်းစာတစ်စောင်ရောက်လာခဲ့၏။ ထိုတိုင်တန်းစာမှာ စမ်းရေနဲ့တော့ မဆိုင်ချေ။ စမ်းရေက ပါရမီကို ပစ်ထားပါတယ်ဟူသော တိုင်တန်းစာတော့မဟုတ်။

"အင်း... ပါရမီ့ စာကလည်း စိတ်ညစ်စရာကြီးကွယ်။ မောင်မော်ကွန်းဟာ အခုသူ့ကို ဂရုစိုက်မတော့ဘူးတဲ့။





နောက်ပြီး သူနဲ့လဲ တကျက်ကျက် ရန်ဖြစ်နေရတယ်ဆိုပဲ။ ဘာဖြစ်လို့ ရန်ဖြစ်ရသလဲ မေမေသိလားတဲ့။ မောင်မော်ကွန်းဟာ နောက်ထပ်မိန်းမတစ်ယောက်နဲ့ အတိအလင်းတွဲနေပြီ။ အဲ့ဒီမိန်းမကို တရားဝင် ယူတော့မယ်လို့ သတင်းကြားတယ်ဆိုပြီး မကြာခဏ ဒီကိစ္စကြောင့် ရန်ဖြစ်ရသတဲ့။ စိတ်ပျက်စရာကောင်းလိုက်တဲ့ လင်မယားပဲ။ သူတို့ လုပ်ချင်တာကျတော့ ဘယ်သူ့မျက်နှာမှ မငဲ့ကွက်ပဲ လုပ်သွားလိုက်ကြတာ။ အခုကျတော့ မိဘကို ထပ်ပြီး သူတို့ပြဿနာတွေနဲ့ စိတ်ဆင်းရဲရအောင် လုပ်ပြန်ပြီး..."

စမ်းရေကလေးက သိပ်မယုံလှချေ။ မမဟာ အမြဲတမ်း ဆရာ့ကို အဲ့ဒီလို စွပ်စွဲနေကျ ဖြစ်၍ ဖေဖေနဲ့မေမေကဲ့သို့ တမဆုံး အကြိမ်သိရခြင်း မဟုတ်လို့ သိပ်စိတ်မဝင်စား သော်လည်း-

"မေမေတော့ ဘာပဲဖြစ်ဖြစ် စိတ်ပူတယ်။ ဒီလိုသာ တကယ် ဖြစ်သွားလို့ကတော့ ရှက်စရာကြီးကွယ်။ ကိုယ့်သမီးဟာ မယားကြီး ဘဝနဲ့ စိတ်ဆင်းရဲနေရမယ့် အဖြစ်ကြီးကို ဘယ်အမေက ဖြစ်စေချင်ပါ့မလဲ..."

"စမ်းရေကလေးလဲ ရန်ကုန်ကို ခဏခဏ သွားနေတာပဲ။ သမီးလေးမမက ညီမကို ဘာမှပြောပုံ၊ တိုင်ပင်ပုံမရဘူး။ သမီးလေး စမ်းရေက ဘာမှလဲပြန်မပြောဘူး။ မှန်မှန်


www.burmeseclassic.com

www.burmeseclassic.com

ဖြေစမ်း သမီးလေး။ သမီးတို့ညီအစ်မ အစတည်း
တိုင်ပင်နေကြတယ်မဟုတ်လား။ ဖေဖေတို့ စိတ်ညစ်
စိုးလို့ သမီးလေးက ပြန်အသိမပေးတာလား။ ကဲ... အ
တော့လူကြီးတွေပဲအကူအညီတောင်းရတော့တာပဲ...''
ဖေဖေက ဤကဲ့သို့ ရေရွတ်သည်။ အလကား။ မ
နိုင်ဘူးဖေဖေ။ မမအကြောင်းတွေ စမ်းရေ နောကြေလွှန်းလို့
တုံ့ပြန်ဖို့ အထိတော့ စမ်းရေ သတ္တိမရှိလှ။

“ဟင့်အင်း... စမ်းရေကိုလဲ ဘာတစ်ခုမပြောပြပါ
ဖေဖေ။ နောက်ပြီး ဆရာက တည်ငြိမ်ပါတယ်မမဘာ
ထင် ချင်တာထင်ပြီး စွပ်စွဲတာလဲဖြစ်နိုင်တယ် ဖေဖေ
ဘာဖြစ် လို့လဲဆိုတော့ မမက ဆရာကို သိပ်သဝန်တို
စမ်းရေ သိတယ်... ”

မေမေက မိန်းမချင်းမို့ စမ်းရေ၏ စကား
စာနာစွာ ခေါင်းညိတ်ထောက်ခံသည်၊

ဘာပဲဖြစ်ဖြစ် လွန်ခဲ့တဲ့ကာလများစွာက ဆ
အနည်းအကျဉ်း ပတ်သက်ခဲ့ဖူးသော အကြောင်းအရာ က
များအား မေမေကိုသာ စမ်းရေအသိပေးထားဖူး၍ မေမေ
စမ်းရေနှင့် မမ၏ကြားမှ အဖုအထစ်တချို့ကို နားလည်
လိမ့်မည်။ မမ သဝန်တိုသော သူများထဲမှ စမ်းရေကိုလဲ ဆ
ပတ်သတ်၍ သဝန်တိုလိမ့်မည်ဟု မေမေချက်ချင်း အ





က်နိုင်လိမ့်မည်။ ဖေဖေကတော့ ဘာတစ်ခုမှ မေမေ့လောက်
ရေရာရာ ဖွင့်ဟတိုင်ပင်ခဲ့ဖူးခြင်း မရှိ၍ လွယ်လွယ်ကူကူ
းလည်မှာ မဟုတ်ချေ။ ဒီလိုကိစ္စမျိုးဆိုတာက သမီးတစ်ယောက်
မှ ဖခင်ကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ခဲသားပင်။

ဖေဖေ သိခွင့်ရသည်မှာ ဆရာလာလည်စဉ်
တော့ ဆရာသည် စမ်းရေ၏ မိတ်ဆွေအဖြစ်သာ။ ဒီထက်ပို၍
မ်းရေက မေမေ့လောက် မပြောပြခဲ့။

“ဒါပေမယ့်... သမီးလေးရဲ့။ ဒီမှာတော့ ပါရမီက ဘယ်သူ
ဘယ်ဝါဆိုတာအတိ အကျရေးထည့်ထားပါလား။ ကောင်
မလေးက ဗွီဒီယို မင်းသမီးပေါက်စနတဲ့။ နာမည်က
နှောင် တဲ့။ တယ်ဆန်းတဲ့ နာမည်ပဲ။ သူ လိုက်ချောင်းတာ
နှစ်ခါရှိပြီ။ နှစ်ခါစလုံး အဲ့ဒီကောင်မလေးနဲ့တွဲတာ တွေ့
သတဲ့လေ။ သမီးလေး ကြားဖူးလား။ ဗွီဒီယိုမင်းသမီး
အသစ် နှောင် ဆိုတာ မေမေတော့ မသိဘူးကွယ်... ”

“ဟုတ်လား... စမ်းရေလဲ ဒီနာမည်မျိုး တယ်မကြားဖူးလှ
ဘူး။ အေးလေ။ အခုခေတ်မှာက ဗွီဒီယိုမင်းသား
မင်းသမီးတွေကလဲ ပေါချင်တိုင်း ပေါနေမှ တစ်ကားနှစ်
ကားရိုက်ဖူးလဲဗွီဒီယိုမင်းသမီးဘွဲ့ရချင်ရထားမှာပေါ့..''

“ဟုတ် မဟုတ်တော့ သမီးလေးပဲ ကြည့်စုံစမ်းပေး လိုက်
ပါကွယ်၊ ဖေဖေတို့က လူကြီးဆိုတော့ ဒီကိစ္စဝင်ချောင်



www.burmeseclassic.com

www.burmeseclassic.com

မကောင်းဘူး။ သေချာမှ စွပ်စွဲပြီး တားရတာကော
တယ်။ မသေချာဘဲနဲ့ နောက်က တကောက်ကော
လိုက်ပြီး ချောင်းဖို့ကလည်း လူကြီးတွေအနေနဲ့ ရှက်
ပဲ။ ဒီတော့ ညီအစ်မနှစ်ယောက်ပေါင်းပြီး သေချာအေ
စုံစမ်းထား ဟုတ်လား၊ ဒီတစ်ခေါက် သမီးလေး ရန်
ဆင်းရင် စုံစမ်းလာခဲ့။ သေချာရင် ဖေဖေတို့ဘက်
မောင်မော်ကွန်းကို ခေါ်ပြီး သတိပေးရတာပေါ့..

ကဲ - ဘယ်လောက်ဒုက္ခပေးတဲ့ မမလဲ။ စမ်းရေ
အမြဲတစ်မျိုးမဟုတ် တစ်မျိုး တိုက်ရိုက်။ ဒါမှမဟုတ် သွယ်ဝိုက်
နည်းတွေနဲ့ ဒုက္ခပေးတတ်သူမှာ လောကတွင် မမတစ်ယော
သာ ရှိသေးသည်။ ဘာရယ်မဟုတ် မမတိုင်တောလိုက်တဲ့
ကြောင့် အခုတော့ စမ်းရေဟာ ဆရာ့ကိစ္စ မှန်၊ မမှန်စုံစမ်း
မတဲ့။

"စမ်းရေတော့ သူများကိစ္စ ရှုပ်ရှုပ်ယှက်ယှက် ဝင်ပါနေ
လိုများ ဖြစ်နေမလား မသိဘူး..."

မမရဲ့ စကားတွေကို တော်တော်ကလေးနာကြ
ခဲ့၍ ဖေဖေ့ကို မဝံ့မရဲ ဆင်ခြေပေးမိသေး၏။

"ကိုယ့်အစ်မကိစ္စပဲကွယ်။ သူများကိစ္စမှ မဟုတ်တာ
မေမေလဲ သိချင်တယ် သမီးရဲ့။ ဘာပဲဖြစ်ဖြစ် အရ
အကြောင်းတွေ မေ့ပြီး မမကို ကူညီလိုက်ပါကွယ်။ မေ





သမီးလေးက အားလုံးအတွက် စမ်းရေကလေးနဲ့ ထိတွေ့
ရသလို အေးချမ်းစေတဲ့ သမီးလေးပဲ။ သမီးလေးကြောင့်
မမဘဝ အေးချမ်းရရင် သမီးကုသိုလ်ရပါတယ်။ ဖေဖေနဲ့
မေမေလဲ မမအတွက် စိတ်ချမ်းသာရမယ်၊ မိဘကို စိတ်
ချမ်းသာအောင်ထားတဲ့ ကလေးဟာ ဘယ်တော့မှ ဒုက္ခနဲ့
ရင်မဆိုင်ရပါဘူး သမီးရယ်..."

အကြောင်းအရာ အားလုံးဟာ မမအတွက်
စမ်းရေက ဝင်ကူညီပေးဖို့ချည်း ဖြစ်နေတော့၏။ စမ်းရေသည်
ကိုယ်တိုင်ကလည်း စိတ်မာတတ်သူ၊ အညှိုးအတေးလဲ သိပ်ထား
တတ်သူ မဟုတ်၍ မမ၏ အခက်အခဲကို ကြားရပြန်တော့ စိတ်
သိုင်ချင်သားပင်။ ပြီးတော့ -'ဒီတစ်ခါ မမဟာ ဆရာ့ကိုဘယ်သူ
နဲ့တွဲနေပါတယ် ဟု နာမည်တပ်ပြောနိုင်သည်အထိ အသေအချာ
စုံစမ်းပြီးမှ ဖေဖေ နဲ့ မေမေ့ဆီ သတင်းပို့ တိုင်တန်းတာဖြစ်၍
စမ်းရေလဲ အနည်း ငယ် စိတ်ဝင်စားချင်သားပင်။

ကဲ - ဘယ်လောက်စိတ်ပျော့တဲ့ စမ်းရေလဲ အမှတ်
သညာမရှိတဲ့ စမ်းရေလဲနော်။

"အန်တီသည် ယဉ်ယဉ့်ကိုရော မမတိုင်ပြီးပြီလား
မသိဘူး"

သိပ်တော့မထင်လှချေ။ မမနဲ့ အန်တီ ယဉ်ယဉ်တို့
ယောက္ခမနဲ့ ချွေးမ ပီပီတယ်အစေးမကပ်တာကို စမ်းရေ အရ


www.burmeseclassic.com

www.burmeseclassic.com



မမဆီဝင်ထွက် စဉ်မှာ အကဲခတ်မိ၏။ အခုထိပင် ဆရာ့မေ
အန်တီ ယဉ်ယဉ်ဟာ သူ့ညီမ ဆီမှာ နေတာသာကြည့်။ မမ
စရိုက်တွေကို အန်တီယဉ်ယဉ် အတော်လေး စိတ်ပျက်သ
ထင်ပါရဲ့။ ဆရာကိုလဲ ခုထိသိပ်ပြီး အမျက်မပျယ်ချင်သေးဘူ
ထင်ပါရဲ့။

"မတိုင်ရသေးရင်လဲ လူကြီးမိဘကို စိတ်ညစ်ရအော
သွားတိုင်မနေပါနဲ့တော့ကွယ်...။ အကယ်၍ ဒီကိစ္စအမှ
ဖြစ်နေပြီဆိုရင်တောင် မေမေတို့ဘာသာ မောင့်မော်ကွန်
ကို တိတ်တိတ်ခေါ်တွေ့ပြီး ဆုံးမပါမယ်။ မယဉ်ယဉ်
အားနာတယ်...။ သမီးလေးရဲ့ သူဖြစ်ချင်တာကတစ်မျိုး
ဖြစ်ခဲ့တာကတစ်မျိုးမို့ သူ့ခမျာလဲ စိတ်ထိခိုက်ရှာမှာ
"ဒါတွေမေ့လိုက်ကြရအောင် မေမေ။ စမ်းရေအားလုံး
မေ့ထားပြီးပြီ..."

ဆရာ... ဟု စမ်းရေ လေးစားမြတ်နိုးစွာ ခေါ်ခဲ့
တဲ့ လူတစ်ယောက်ထံမှာ ကျန်ခဲ့ပြီးသည့် နှလုံးသားတစ်
အကြောင်းတော့ မေမေ့ကို ထပ်မပြောချင်တော့သည့် စမ်းရေ
ဖြစ်ပါသည်။ ဖြစ်ချင်တာတွေ သူ့ဘာသာ ဖြစ်နေသည့် လော
ကြီးရဲ့ ကံကြမ္မာထဲမှာ စမ်းရေ နေသားကျခဲ့ပြီးကွယ်။

.....◎.....

ရန်ကုန်သို့ ယခုတစ်ကြိမ် ခြေချရာတွင် စမ်းရေ





အတွက် ပထမဆုံး လုပ်ရမည့်အလုပ်မှာ 'နှောင်' ဟူသည့်ဗွီဒီယို
မင်းသမီး ကလေးအကြောင်း လိုက်စုံစမ်းရန် ဖြစ်လေသည်။
နှောင်၏အကြောင်းများကို သိပ်မစုံစမ်းလိုက်ရပါ။ သူမကလဲ
ခေသူမဟုတ်။ ဗွီဒီယို မင်းသမီးဖြစ်ချင်လွန်း၍ ဗွီဒီယို ထုတ်လုပ်သူ
တစ်ဦး၏ ကီပင်လိုလို နာမည်ကြီးပြီးမှ ဗွီဒီယိုကား တစ်ကား၊
နှစ်ကားစမှာ ပါဖူးနေပြီ။ ပြကွဒိန် တချို့၊ တီဗွီကြော်ငြာတချို့။
မဂ္ဂဇင်း မျက်နှာဖုံးတချို့။ ဝေါလ်ရှိ တချို့မှာ တော်တော်နေရာ
ယူနေခဲ့ပြီး။

"နှောင်လား သိတာပေါ့။ (---)ဗွီဒီယိုကုမ္ပဏီပိုင်ရှင်ရဲ့
နံပါတ်စဉ် တစ်ယောက်လေ။ အင်း... အခုတော့ ဘက်စ်
ဆဲလား စာရေးဆရာတစ်ယောက်နဲ့ သတင်းကြီးနေလေ
ရဲ့... "

အနုပညာ ရပ်ကွက်မှာ နှစ်ခါမမေးရ။ နေရပ်
လိပ်စာကအစ မွေးသက္ကရာဇ်ပါမကျန် ဘယ်သူနဲ့ဘယ်လိုတွေ့
အဆုံး ဖောက်သည်ချမည့် သူတွေမှ မနည်းလှချေ။

အချို့ကများဆို ဆရာနဲ့ပင် လက်ထပ်ထား သလို
လို ထင်ကြေးပေးကြ၏။ အို... ဘာပဲဖြစ်ဖြစ် ကိုယ့်အစ်မဘက်
လိုက်တယ်ပဲပြောပြော ဆရာ့အတွက် တရားဝင်ဇနီးဆိုတာ
တစ်ယောက်တည်းပဲ ရှိရမယ်။ ဆရာဟာ လူရှုပ်လူပွေအဖြစ်
အများက သတ်မှတ်သွားရခြင်းရဲ့ အဓိကတရားခံဟာ မမ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲ ဆိုပေမယ့် စမ်းရေကလေးက အတ္တဆန်ချင်သားပင်။

ထိုကြောင့်ပင် စမ်းရေကလေးသည် သူမရန်ကုန်ရောက်နေခြင်းကို ဒီတစ်ခါလဲ မမရော ဆရာပါမသိစေရ။ သူငယ်ချင်း ပန်ချီဆရာမ၏ အိမ်တွင် ခါတိုင်းကဲ့သို့ တည်းခို မနက်ခင်း တွေမှာတော့ ဆရာတို့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကလေးမှာ ဆရာလမ်းထွက်မည့် အချိန်ကို စောင့်ဆိုင်းချောင်းမြောင်း ရလေသည်။ ပထမတစ်ရက်မှာတော့ ဆရာက အပြင်ထွက်မလာ။ ဒုတိယတစ်ရက်ကျမှသာ ဆရာ၏ကားလေး လမ်းထိပ်သို့ ဦးတည် လာတာတွေ့ရသည်။

စမ်းရေသည် ဒီတစ်ခါတော့ အကြံအစည်နဲ့မို့ အိမ်က Pajero ကြီးယူချလာခဲ့ပါသည်။ မေမေကတောင်-

"ရန်ကုန်လို နေရာမျိုးကို တစ်ယောက်တည်း ကားမောင်းပြီး ဟိုင်းဝေးသွားဖို့ မသင့်တော်ဘူး။ မောင်ရဲရင့်လိုက်ပို့ခိုင်းပါလား၊ မေမေတယ်စိတ်မချချင်ဘူး..."

တဲ့လေ။ မေမေ့စကားကို အတင်းကန့်ကွက်ပြီး ဒီကားကြီး အတင်းမောင်းယူပြီး ရန်ကုန်ဆင်းလာခဲ့တော့တာပဲ။

အင်း... မှန်တာပြောရရင် ကြောက်တော့ ကြောက်သားပင်။ ဒါကြောင့် လမ်းတစ်လျှောက်လုံး ဘယ်နေရာမှ မရပ်ဘဲ ကားမှန်နက်တွေ အပြည့်တင်ပြီး တောက်လျှောက်မောင်းလာတာ။ ရန်ကုန်မြေထဲဝင်မှ သက်ပြင်းချရဲတဲ့အဖြစ်။ စမ်းရေကလေး ဟာ အရင်က အဲ့ဒီလောက်တောင် သတ္တိရှိခဲ့သူ မဟုတ်ခဲ့တာလဲ အမှန် ပဲတည်း။

ဆရာ့ကားကလေး လမ်းမကြီးပေါ် ရောက်ပြီး မကြာမီတင် စမ်းရေကလေးသည် နောက်ယောင်ခံလိုက်ဖို့ ကားစက်နှိုးလိုက်၏။ ဆရာဟာ ဟိုးလွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက် တုန်းကမှ ရင်းနှီးခဲ့ဖူးတဲ့ စမ်းရေတို့ရဲ့ ပါဂျဲရိုးကြီးကိုတော့ မမှတ်မိတန်ကောင်းပါဘူး။ နောက်ပြီး သူ့ကားနောက်က ခပ်ခွာခွာကလေး မသိမသာပါလာတဲ့ ဒီကားကို စမ်းရေမောင်းလိမ့်မယ်လို့လဲ ထင်လိမ့် မည်မဟုတ်။ ဘာဖြစ်လို့လဲဆိုရင် ဆရာဟာ စမ်းရေ ကားမောင်း တတ်တာကိုတောင် မသိခဲ့ချေ။ ဆရာလာလည်ပတ်ချိန်အတွင်းမှာ ကိုရဲရင့်ပဲ ကားတွေ ဒိုင်ခံမောင်းပို့တာ။ နောက်ပြီး စမ်းရေကလဲ အနီးအနားနေရာကလေးတွေကိုဆို ခြေလျင်သွားတတ်တာများ၍ ဆရာလဲ မမေးခဲ့ဘူး၍ စမ်းရေ ကားမောင်းတတ်နေတာကို ဆရာ မသိတာဖြစ်သည်။

"အင်း... ထင်တဲ့အတိုင်းပဲ။ နှောင်နေတဲ့ တိုက်ခန်းရှေ့မှာ ဆရာ့ကားရပ်တော့တာပဲ..."

ဆရာ့ကားသည် တိုက်ခန်းတွဲတစ်ခု၏ ရှေ့တွင် တံ့ခနဲရပ်တော့ စမ်းရေက ခပ်ပြုံးပြုံးဖြင့် တစ်ယောက်တည်း ရေရွတ်လိုက်သည်။ ဆရာသည် ကားသော့ကိုပိတ်ရင်း စမ်းရေရှိရာဘက် တစ်ချက် စောင့်ကြည့်တော့ စမ်းရေသည် အားခနဲ

www.burmeseclassic.com

တစ်ချက်ယောင်အော်ကာ ခေါင်းပုဝင်မိပြန်သည်။

တကယ်တော့ ဆရာက သူ့ဘာသာ လှည့်ကြည့်ခြင်းဖြစ်ပြီး စမ်းရေကိုလဲ မမြင်နိုင်မှန်းသိရက် ရုတ်တရက်မို့ သူမ လန့်သွားရသည်။ ရယ်တော့ ရယ်စရာကြီးပင်။ စမ်းရေသည် သူမ ဘဝမှာ တစ်ခါမှ မလုပ်ဘူးသည့် လူတစ်ယောက်နောက်သို့ နောက်ယောင်ခံရသည့် အလုပ်သည် အတော့်ကို ရယ်စရာကောင်း ပြီး အမိပွါယ်လဲ သိပ်မရှိလှဘူးဟု စမ်းရေ ထင်မိသည်။ သို့သော် စမ်းရေ လုပ်ရမှာက ဆရာ့ကို လက်ပူးလက်ကြပ် ဖမ်းရမည်။ စမ်းရေကို မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရလျှင် ဆရာသည် တော်တော်ကလေးတော့ ရှက်သွားမည်။ မမထက်စာလျှင် စမ်းရေ ကိုတော့ ဆရာလန့်မည်ထင်သည်။

ပြီးတော့ စမ်းရေနဲ့ နှစ်ဦးသား အကြည့်ချင်းနားလည်ဖူးသူဖြစ်၍ စမ်းရေထံမှ ခနဲ့သော၊ ကဲ့ရဲ့သော၊ လှောင်ပြောင်သော၊ ရှုတ်ချသော အကြည့်တစ်ချက်ကိုဖြစ်ဖြစ် ကြုံလိုက်ရလျှင် ဆရာအနည်းငယ် နောင်တရသွားချင် ရသွားမည်။

နောက်တော့ စမ်းရေ၏ ဖျောင်းဖျစကားတွေ၊ဖြန့်ဖြေစကားတွေ၊ တရားချမှုတွေ၊ နှစ်သိမ့်မှုတွေကြောင့် ဆရာသည် သူ့အမှားသူ ဝန်ခံကာ မမကို လျှစ်လျူရှုတော့မှာ မဟုတ်ဟု စမ်းရေက ကိုယ့်အစွမ်းအစကို ကိုယ်အထင်ကြီးနေတော့၏။

သို့သော် စမ်းရေသည် သူမ၏ မိမိကိုယ်ကို အထင်

စေတနာစာပေ



ကြီးမှုများ မှားယွင်းသွားခဲ့ကြောင်း နောင်များမှ သိခွင့်ရခဲ့လေသည်။ ထိုအချိန်ကတော့ ဆရာတက်သွားသည့် တိုက်ခန်း အထပ်ကလေးဆီ မျှော်ကြည့်ရင်း ဆရာနဲ့ နှောင် ဘယ်တော့ အပြင်ထွက်လာမလဲဟူ၍ မှန်းဆကာ စောင့်ရင်း ဒီအတွေးတွေနဲ့ ကျေနပ် နေခဲ့တာဖြစ်သည်။

"ပေးဆပ်ခြင်းဟာ အချစ်လား...။ ဒါတွေဟာလေ ဆုလာဘ်တွေပါ။ ယူ လာ လား လာ..."

ဟူ၍ ကားထဲမှ ဖွင့်ထားသော အိအိရဲ့ ဆုလာဒ်သီချင်းကလေးကိုတောင် လိုက်ဆိုနေခဲ့သေး။

ဆရာတက်သွားပြီး သိပ်မကြာခင်မှာဆရာနဲ့အတူ နှောင်ဟု သူမ သိနှင့်ပြီးသား အမျိုးသမီးကလေးတို့ တိုက်ခန်းတွဲလှေခါးများမှ ဆင်းလာကြသည်။ ဆရာ့မျက်နှာသည် ထိုအမျိုးသမီးကလေးထံမှ တတွတ်တွတ် မော့ပြောသော စကားတို့ကို ပီတိဖြာကာ ဝင်းပနေသည်။ ဘာတွေတောင်းဆိုနေတာပါလိမ့်။ ဒါမှမဟုတ် ဘာတွေ ချွဲနွဲ့နေမှာပါလိမ့်။

ဘုရားရေ။ စမ်းရေသည် မဆီမဆိုင် သဝန်တိုချင်သလိုဖြစ်မိသွားပါလား။ အံ့ - အံ့ပါသေးရဲ့။ ဆရာဟာ ဘာဖြစ်လို့ သူ့အင်မတန်ချစ်၍ အခက်အခဲကြားမှ လက်ထပ်ထားသည့် မမကို အလွယ်တကူ မေ့ပစ်သနည်း။ ဘာဖြစ်လို့ နောက်ထပ် အသစ်ရှာသနည်း။ ဆရာဟာ အစတည်းက အပြောင်းအလဲ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်တတ်သူမှန်း သူမရော မမပါ ရိပ်မိဖို့ကောင်းတယ်။ ဆရာဟာ စမ်းရေနဲ့ သံယောဇဉ်ငြိနေရာက မမကိုလဲ မြင်ရော ချက်ချင်း ပြောင်းလဲသွားတာဟာ ဆရာ့စိတ်ရဲ့ အပြောင်းအလဲ မြန်မှုပဲ ဖြစ်မည်။

အခုလဲကြည့်လေ။ နှောင်၏ နှောင်တွယ်မှုများမှာ ဆရာ အချည်နှောင်ခံနေရပြီ ထင်ပါရဲ့။ လောကကြီးတစ်ခုလုံး အား မေ့လျော့ကာ ဆရာ့မျက်နှာတွင် ကာလအတန်ကြာ မတွေ့ ရတော့သည့် လွတ်လွတ်လပ်လပ်ရယ်မောနေခြင်းတွေ အပြည့် နှင့်တည်း။

ကြည့်စမ်း။ နှောင်ကလဲ ဆရာ့လက်မောင်းကို အား ကိုးတကြီးတွဲခိုလို့။ ပြီးတော့ နှောင်က ဘာလို့ ဆရာ့ထံမှ ပြောင်းလဲသွားတဲ့ အချစ်ကို ပိုင်ဆိုင်သွားရသလဲ။

ဆရာနဲ့အတူ နှောင်တို့ ကားပေါ်တက်ကြတော့ စမ်းရေက ကားစက်ကို အသင့်နှိုးထားလိုက်သည်။ ဆရာ့ ကားကလေး လျောကနဲ မောင်းထွက်လျှင် စမ်းရေ၏ ကားကလဲ ခပ်လှမ်းလှမ်းမှ လိုက်ပါရပါသည်။ ဟင်း - ဆရာ တစ်နေရာရာ မှာ ဆင်းလို့ကတော့ ငါလဲ ဒီတစ်ခါ လိုက်ဆင်းမယ်။ မတော်မတ မျက်နှာချင်းဆိုင် တွေ့သွားသလို ပုံစံမျိုးနဲ့ ဖန်တီးပစ်လိုက်မယ်။ ပြီးတော့ ဆရာနောင်တရသွားစေရမယ့် အကြည့်မျိုးနဲ့ ကြည့်ပစ် မယ်ဟု ကြိမ်းဝါးသူမှာ စမ်းရတစ်ယောက်တည်းပင်။

ကြည့်ရတာ F.M.I အရောင်းခန်းမထဲဝင်မယ် ထင်ပါရဲ့ဟု စမ်းရေထင်တာ မမှားချေ။ ဆရာ့ကားက ကားထား ရန် နေရာဆီသို့ ချိုးဝင်လေပြီ။ ဆရာ့ကား၏ မှန်နက်တစ်ဖက်က ခပ်ဖြည်းဖြည်း လျှောကျကာ လှပသွယ်ပျောင်းသည့် လက်ဖြူဖြူ ကလေး တစ်ဖက်က ပိုက်ဆံထုတ်ပေး၏။ လူလှသလို လက်လဲ အင်မတန်လှပါပေ့။ ထိုလက်မှာ လေးထောင့်ပုံ၊ အဝိုင်းပုံ၊ သံကြိုးပုံ၊ ကြိုဂံပုံ၊ ဗဟုဂံပုံ စသည်ဖြင့် ပုံစံများပြားလှစွာသော လက်ကောက် ဆန်းများက အထပ်လိုက်ဝတ်ထားသည်မှာ ရွှေဆိုင်ကြော်ငြာ နေသည့်အလား။ ဒါ့အပြင်လက်ငါးချောင်းအပြည့်ဝတ်ထားသည့် ရွှေလက်စွပ်တွေကလဲနေရောင်အောက်မှာစူးစူးရှရှနိုင်လှ၏။

အစောင့်ကောင်ကလေးတွေ၏ မျက်လုံးများက ဆရာ့ကားနောက် ပါသွားကြ၏။ ထို့နောက် တစ်ယောက်နဲ့ တစ်ယောက် တစ်စုံတစ်ရာ လှမ်းပြော၍ ရယ်နေကြသည်မှာ စမ်းရေ၏ကား သူတို့နားမှာ ရပ်မိတဲ့အထိတောင် မရပ်သေး။

"နှောင်တော့ ဘယ်သူဌေးတစ်ယောက်ကို ထပ်ဖန်နေပြန် ပြီလဲ မသိဘူး ဟေ့ကောင်။ ရေလည်ထောနေပုံရတယ်။ သူ့လက်တစ်ဖက်ဖြတ်ရင်တောင် မနည်းဘူး ရမှာကွ။ ဘယ်လိုလဲ မင်း ဖြတ်ရဲလား... "

"သူ့လက်ပဲရအောင် ဖြတ်ပါဦး။ မင်းတောင် အစ်ကို ကားထားခ ဘယ်လောက်ပေးရမလဲဟင် ဆိုတဲ့အသံမှာ

www.burmeseclassic.com

အညို့ခံရပြီး ပိုက်ဆံယူဖို့ မေ့နေတာ မဟုတ်လား။ မင်း မျက်လုံးတွေတောင် ငါက လိုက်ကောက်ပေးလို့သာပေါ့။ ဟိုင်နဲလဲ ဘယ်တော့ အခါခံရမလဲ မသိဘူး။ အခုတော့ နွားပြာကြီး အောက်သွားမရှိပဲဟေ့။ ငါကတော့ နှောင် F.M.I ကို တစ်ခေါက်လာတိုင်း တစ်ယောက်ပြောင်းတာ ကားတစ်စီးပြောင်တာကို မြင်ရလွန်းလို့ သဘောပေါက် နေပြီးပြီ။ မင်းလို ကားတစ်စီးတောင် မပိုင်တဲ့ ငနဲကို ဖိနပ်တောင် တိုက်ခိုင်းမယ် မထင်ဘူး... ”

တယ် - ဒီအမျိုးသားကလေးတွေဟာကွယ်။ ယောကျ်ားတန်မဲ့ အတင်းအုပ်တာတော့ မကောင်းပါဘူး။ စမ်းရေ သည် ဆရာ့သိက္ခာကိုပါ ထိပါးသော ဝေဖန်သံများအား ကြာကြာ ဆက်ကြားနေရမှာ စိုးရိမ်၍-

“ဘယ်လိုလဲ ဒီနေ့အဖို့ ကားကို အထဲဝင်ခိုင်းဦးမှာလား။ ပိုက်ဆံပေးနေတာကြာပြီ။ လှမ်းယူဖို့ သတိရကြပါဦး...”

ဟု ခပ်ငေါက်ငေါက် အော်ပစ်လိုက်လေသည်။ ထိုအခါ လုံခြုံရေးအစောင့် အမျိုးသားကလေးတို့က-

“ဟာ... ဟုဘ်ကဲ့ခင်ဗျာ။ ဟုတ်ကဲ့ တဆိတ်တောင်းပန်ပါ တယ်။ ကျွန်တော်တို့ မေ့သွားလို့ပါ... ”

ဟူ၍ ခပ်ရွံ့ရွံ့ကလေးဖြေကာ စမ်းရေလက်ထဲမှ ပိုက်ဆံအား လှမ်းယူပြီး စာရွက်ကလေးတစ်ခု ပြန်ပေးပုံကတော့



ဆောင့်ဆောင့်အောင့်အောင့်ရှိလှ၏။

ဆရာဟာ ဒီလို သူတစ်ပါးအတင်းပြောခံရအောင် နှောင်နဲ့ ပေါ်ပေါ်ထင်ထင်တွဲသွားတာတော့ မကောင်းပါဘူး။ အရေးဆရာမှန်း မသိကြတဲ့ လူတွေမို့ပေါ့။ အကယ်၍ သိများ ဆိုရင် ဆရာ့သိက္ခာ ဘယ်လောက်ထိခိုက်လိုက်မလဲကွယ်။ စမ်းရေ အ အတွေးဆန်တဲ့ မိန်းမသားပင် ဖြစ်နေသေး၍ ဆရာဘယ် လောက် မှားနေပါစေ၊ ဆရာ့ဘက်က ရပ်တည်နေချင်သားနော်။

စမ်းရေသည် တစ်ခြားသူတွေလို အရှောင်းခန်းမ ကြီး တစ်လျှောက်မှာရှိသည့် ခန့်ညားလှသည့် ဆိုင်ခန်းတွေလဲ ဝိုက်ငေး ဖို့ မစဉ်းစား။ ဝယ်ဖို့လဲ စိတ်ကူးမရှိ၊ ဆရာနဲ့ နှောင်တို့ ဝင်သွားသည့် ဆိုင်ခန်းများနှင့် မလှမ်းမကမ်းမှာ မယောင်မလည် ရပ်ကြည့်။ အကဲခတ်။ ဆရာ ဘာတွေ ဝယ်ပေးသလဲ စပ်စုရတာ အမော။

“ဟ... ဟ... ရှေ့ကို နည်းနည်းပါးပါးလေးများ ကြည့်ပါ ဦး။ အခုတော့ ဝင်တိုက်တဲ့ ဓာတ်လမ်းတွေ ဖြစ်ကုန်ပြီ ဗျ... ”

ဟူ၍ မျက်နှာချင်းဆိုင်မှလာသော ရွယ်တူတစ်ချို့ နှင့် ဝင်တိုက်မိပြီး အနောက်ခံရတဲ့ အထိပဲ။ စမ်းရေ ငေးရ၊ ငေးမောရ၊ စပ်စုရ၊ ဒေါသဖြစ်ရတော့သည့် ဆရာနဲ့ နှောင်၏ ပျော်ရွှင်မှုတွေ။


www.burmeseclassic.com

 www.burmeseclassic.com

နှောင်ဟာ လူသိများစ မင်းသမီးပေါက်စ လှည့်ဝေးခဲ့ကြသူတွေမရှား။ ဒါကို နှောင်က ဂုဏ်ယူဝင့်ကြွားခြင်း အတိဖြင့် ခပ်ပြုံးပြုံး။ ဆရာကလဲ ကျေနပ်ပြုံးတွေ ဝေလို့နော်

"နှောင်နဲ့တွဲလာတာ ဘယ်သူလဲ မသိဘူး။ ပုဂ္ဂိုလ်ရေလည်သားနားတာပဲ... "

လို့ တစ်ချို့တစ်လေက စမ်းရေအနားမှာ ဖြတ် လျှောက်ရင်း ဝေဖန်သံများ သဲ့သဲ့။

ဘုရား - ဘုရား။ စာရေးဆရာမို့ အပြင်လူတွေ လူမြင်ရုံနဲ့ မသိပေမယ့်၊ ဆရာ့စာပေအသိုင်းအဝိုင်းထဲက စာနယ် ဇင်းသမားတစ်ယောက်ယောက်များမြင်ရင် ဆရာတော့ ဘယ် လောက်တောင် သိက္ခာကျလိုက်မလဲဆိုတာ ဆရာ မတွေးမိတာ အံ့ပါရဲ့။

စမ်းရေသည် နောက်ဆုံးတွင် ဒီလို လိုက်ချောင်း ရုံနဲ့ ဘာမှ အဓိပ္ပါယ်မရှိဟု ဆုံးဖြတ်လျက် ဆရာနဲ့ မျက်နှာချင်း ဆိုင် ဆုံမိဖို့ တမင်ဖန်တီးလိုက်တော့၏။ ဆရာ့တို့ ဝင်သွားသည့် အလှကုန်ပစ္စည်းဆိုင်ထဲသို့ နောက်က လိုက်သွားဖို့ ကြံစည်လိုက် သည်။

...... ...... 

"ဆရာ... ဘာလာဝယ်တာလဲဟင်။ စမ်းရေ ဆရာ့ လိုက်ကြည့်နေတာကြာပြီ။ မမလဲ မပါတာနဲ့ မနေနိုင် လာမေးတာ..."

"စမ်းရေ...

ဟု ဆရာ [illegible]

ဆုံးဆေးတောင့်ကို ငုံ့ကြည့်နေရာမှ လှည့်ကြည့် အံ့ကိခတ် လေသည်။

စမ်းရေ၏ စိတ်ဝင်စားစရာမကောင်းသည့်အသွင် အပြင်နှင့် ခပ်ရိုးရိုးဟန်ပန်တို့ကြောင့် နှောင်က စမ်းရေကိုထပ်၍ လှည့်မကြည့်တော့ချေ။ ငါ့လောက်မလှတဲ့ မကျော်ကြားတဲ့ မိန်းမ တစ်ယောက်ပို့ ဂရုစိုက်စရာမလိုဟု ယူဆနေပုံရသည်။ ကြည့်စမ်း။ မိန်းမတွေဟာ သူတို့မှာ ပိုင်ဆိုင်တားတဲ့ အလှတရားကို တော် တော် ဂုဏ်ယူချင်ကြတယ်။ အဲ့ဒီအလှကို တော်တော်အားကိုးကြ တာပဲ။ မမလဲ ဒီအလှကြောင့် ဒုက္ခတွေ ရင်ဆိုင်နေရပြီပဲကွယ်ဟု စမ်းရေ အင်မတန်မှ သနားမိဟန်ဖြင့် နှောင်အား တစ်ချက်လှမ်း ကြည့်လိုက်၏။

"အံ့သြသွားသလား... ဆရာ။ စမ်းရေ ရန်ကုန်ရောက်နေ မယ်လို့ ဆရာထင်မထားဘူး မဟုတ်လား။ မမဆီဝင် မတွေ့တော့ ဆရာဘယ်သိပါ့မလဲနော်... "

"မအံ့သြဘူးဆိုရင်ရော... "

ဘုရားရေ၊ ဆရာက စမ်းရေ ရုတ်တရက် လာနှုတ် ဆက်ခြင်းအား မအံ့သြပါတဲ့။ ဘာတွေ မှားယွင်းကုန်ပြီလဲ

စေတနာစာပေ

စေတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com

စမ်းရေ အလန့်တကြားပင် တွေးမိပြန်သည်။

စမ်းရေရဲ့ ပါးကြိုးကြီး မြန်မာထိပ်မှာ ရပ်ထားကတည်းက တွေ့တယ်။ စမ်းရေ မနေ့ကလှဲ့ရပ်စောင့်နေကတည်းက တွေ့ထားတာ။ စမ်းရေက သတိမထားမိလို့ပါ။ စမ်းရေ ထိုင်တဲ့ လက်ဖက်ရည်ဆိုင်ကလေးနဲ့ မျက်စောင်းထိုးတိုက် အိမ်ပေါ်ကနေ ကျွန်တော်လှမ်းတွေ့ထားခဲ့ပြီးပြီ။ အဲ နေ့က စမ်းရေကို ထွက်ခေါ်မလို့ဘဲ။ စမ်းရေရဲ့ပုံစံ ခိုးကြောင် ခိုးဝှက်နိုင်နေတာနဲ့ တမင်စောင့်ကြည့်နေ ခဲ့တယ်။ စမ်းရေ ညနေစောင်းလို့ ပြန်တဲ့အချိန်ကျ ကျွန်တော် အဲ့ဒီတိုက်ထဲက ထွက်ခဲ့တယ်။ အဲ့ဒီတိုက်က ကျွန်တော့် သူငယ်ချင်းရဲ့ တိုက်ပဲ။ နေ့တိုင်း ကျွန်တော်သွား လည်တယ် စမ်းရေ။ ဒီနေ့တော့ သွားမလည်တော့ဘဲ စမ်းရေ ဘာလုပ်မလဲလို့ သိချင်တာနဲ့ စမ်းရေရဲ့ ကားကို မသိချင်ယောင်ဆောင်ပြီး ကျွန်တော်ထွက်လာတယ်။ စမ်းရေ နောက်ယောင်ခံလိုက် လာတာလဲ သိတယ်။ အက်ဖ်အမ်အိုင်ကို ဝင်လိုက်လာတဲ့ အထိပေါ့... ”

စမ်းရေသည် သူမ၏ ကြိုးပမ်းမှုတွေ အကုန်လုံး ဆရာသိနှင့်နေ၍ တော်တော်စိတ်ပျက်သွားမိသည်။ ဆရာသည် စမ်းရေအား ခွင့်လွှတ်ပြုံးဖြင့် ပြုံးကြည့်ရင်း -

“ဒါ... စမ်းရေရဲ့ မမပါရမီ့ အကြံအစည်တွေလား စမ်းရေ

စေတနာစာပေ



သူက ကိုယ်တိုင်တော့ လူမိုက်မလုပ်ဘဲ စမ်းရေကို လူမိုက် ငှားလိုက်တာပဲ မဟုတ်လား... ”

သေတော့မှာပဲ။ စမ်းရေသည် သူမဘာသာ အကြံ အစည်နှင့် လိုက်ချောင်းခြင်းအား ဆရာက မမခိုင်းလို့ဟု ယူဆ နေပြန်သတဲ့။

“မဟုတ်ဘူး ဆရာ...။ စမ်းရေ ရန်ကုန်ရောက်နေတာလဲ မမ မသိဘူး။ ဆရာ့ကို လိုက်ချောင်းတာလဲ မမ မသိဘူး...”

စမ်းရေ ခပ်မာမာကလေး ပြန်အော်တော့ ဆရာ့ မျက်ခုံးတွေ ပင့်တက်သွားလေသည်။

“ဒါဖြင့် စမ်းရေကို ဘယ်သူခိုင်းလို့လဲ မေမေလား။ ဒါမှ မဟုတ် စမ်းရေရဲ့ ဖေဖေနဲ့ မေမေလား...”

“တစ်ယောက်မှ မဟုတ်ဘူးဆရာ။ ဒီအကြံအစည်ကို စမ်းရေ ဘာသာဖန်တီးတာ...”

“ဘာဖြစ်လို့လဲ စမ်းရေ... ”

လဲသေလိုက်စမ်းဟု စမ်းရေက ဆရာ့ထံမှ ခနဲ့ချင် သည့် လေသံအား မုန်းတီးစွာ ဆဲရေးပစ်လိုက်တော့၏။ ဆရာ ဟာ အရင်ကနဲ့ကို မတူတော့ဘူး။ အရမ်းပြောင်းလဲနေခဲ့ပြီကွယ်၊ ကိုး-လွန်ခဲ့တဲ့ ကာလတွေတုန်းက တည်ကြည်ခဲ့ထည်တဲ့ စမ်းရေ ရဲ့ ဆရာဟာ အခုတွေ့နေရတဲ့ ဆရာနဲ့ လုံးဝခြားနားသွားခဲ့ပြီ၊

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဆရာဟာ ဒီလောက် မအပါဘူး။ စမ်းရေ ဘာကြော လိုက်ချောင်းရတယ်။ ဆရာ့ကို တမင်ပက်ပင်းတွေ့အော ဖန်တီးတယ်ဆိုတာ ဆရာသိနေမှာပါ။ ဆရာ့ လုပ်ရ တွေကို စမ်းရေသိတယ် မြင်တယ် တွေ့တယ်ဆိုရင်ဆရ ဘက်က တစ်စုံတစ်ခုများ ပြောင်းလဲသွားလိမ့်မလားဆို မျှော်လင့်ချက်နဲ့ပဲပေါ့ ဆရာ။ ဆရာဟာ စမ်းရေ့ အထင် သေးရှုတ်ချတဲ့ စကားတစ်ခွန်းလောက်ဖြစ်ဖြ ကြားရရင် ရှက်ပြီး အခုလုပ်ရပ်တွေကိုများ ရပ်သွ မလားလို့... "

"ကျွန်တော် ဘာကြောင့် ဒီလိုလုပ်နေရတယ်ဆိုတာ စမ်းရေ နားမလည်ဘဲ... "

"ဘာရယ်... ဆရာက ဒီလိုမိန်းမတစ်ယောက်နဲ့ လူမြ သူမြင်တွဲနေတာ ဘာကြောင့်ရယ်လို့ စမ်းရေက နားလည ပေးရမယ်ပေါ့ ဟုတ်လား။ သိပ်ရယ်ရတဲ့ ပြတ်လုံး ကြားရတဲ့ အတိုင်းပါပဲရှင်။ ကိုယ်ဖောက်ပြန်ချင်တိုင ဖောက်ပြန်လို့ကောင်းအောင် အကာအကွယ်ယူတဲ့စကာ တစ်ခုလို့တော့ စမ်းရေ ယူဆချင်တယ်... "

"စမ်းရေသာ ကျွန်တော့် ခံစားချင်တွေကို နားထော ပေးနိုင်ရင်၊ ဒါမှမဟုတ် နားလည်ပေးနိုင်ရင်တော ကျွန်တော် အင်မတန် စိတ်ချမ်းသာရမယ်ထင်ပါရဲ

စေတနာစာပေ



အခု ကျွန်တော် ဒီလိုမျိုး မိန်းမလှလေးတစ်ယောက်နဲ့ ရယ်လို့ မောလို့ တွဲသွားနေရတာကို သိပ်ပျော်နေတယ် များ ယူဆသွားပြီလား စမ်းရေ။ တကယ်တော့ ကျွန်တော် ဟာ စိတ်နဲ့ကိုယ်နဲ့ ကင်းကွာပြီး အသက်ရှင်နေရတာ။ လွန်ခဲ့တဲ့ ကာလတွေ ထဲကပဲ... "

နှောင်က ဆရာ့နံဘေးလာရပ်ကာ ဆရာ့လက် ာင်းကို ပိုင်ပိုင်နိုင်နိုင် တွဲချိတ်လိုက်လျှင် စမ်းရေ၏ ရင်ထဲတွင် ကြေမွသွားသည့်ပမာ မလွယ်ပါလားကွယ်။ ဆရာ့ကို မေ့ပျောက် ားပြီးတဲ့ နှလုံးသားဟာ ဆရာ့ကို တစ်ခြားမိန်းမတစ်ယောက်နဲ့ ာပ်တွဲတွေ့ရတဲ့အခါမှာ၊ ဘာလို့ နာကျင်ချင်ရသလဲ။ ကြေကွဲချင် ေးသလဲ။ ဒါဟာ တစ်ခုခုကြောင့်။

အို - စမ်းရေဟာ ကယောင်ချောက်ချား အတွေး တွေနဲ့ ချက်ချင်းရှုးသွပ်သွားနိုင်တယ်။ မှားပြီ ဆရာ့ဆီက စကား းတွေ၊ ဆရာ့ထံမှ ဝန်ခံမှုတွေကို ခဏလေး ကြားလိုက်ရရုံနဲ့ပင်၊ ပြီးတော့ ဆရာ့ကို အရင်ကလိုမျိုး နှစ်ယောက်တည်း ရင်ဆိုင်ရစဉ် မှာပင် စမ်းရေသည် အနှစ်နှစ်အလလက ကိုယ့်ကိုကိုယ် လိမ်ညာ ာ ဆရာ့ကို မေ့သွားပါပြီဟု လိမ်ညာထားခဲ့သမျှတွေ မှားယွင်း နေခဲ့ပြီမှန်း ဝန်ခံချင်သွားတော့သည်။

"သွားရအောင်... ကိုကို။ နှောင် ရှုတင်သွားရဦးမယ်..."

ဆရာသည် နှောင်၏စကားကို ကြားသော်လည်း

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဘာတစ်ခုမှ မတုံ့ပြန်ချေ။ စမ်းရေအား မျှော်လင့်စွာကြည့်ရင်း

"စမ်းရေအားလား...။ ကျွန်တော်နဲ့ စမ်းရေ အခုနော

ပိုင်းမှာ တစ်ခါမှ စကားအကြာကြီး မပြောဖြစ်

ကြာပြီ တော်တော့်ကို ကြာသွားပြီနော်။ လွန်ခဲ့တဲ့ တစ်

ကျော်ကျော်ထဲကပဲ။ စမ်းရေက အလုပ်သဘောဆန်လွ

နေတဲ့အတွက် ကျွန်တော်က စမ်းရေရဲ့ စိတ်ဓာတ်

လွန်းတာကို၊ ပြီးတော့ ပြတ်သားလွန်းတာကို ချီးကျူး

တယ်။ အကယ်၍ စမ်းရေဟာ ကျွန်တော့်ဘက်က ဝန်

တစ်ခုခုကို ကြားချင်တယ်ဆိုရင်တော့ ကျွန်တော်

အေးအေး ဆေးဆေး စကားပြောကြဖို့ အကြံပေးချ

တယ် စမ်းရေ..."

လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်ဟူသော စကား

ထည့်သုံးလိုက်ခြင်းအတွက် စမ်းရေသည် ဆတ်ခနဲပင် တုန်လှု

သွားရပါသည်။ ဆရာ ဘာကြောင့် ဒီကာလ အပိုင်းအခြား

သုံးနေသလဲဟု စမ်းရေ မဆန်းစစ်ချင်တော့ပါ။

ဆရာ့ကို လိုက်ချောင်းစဉ် ဆရာ့ နောက်

နောက် ယောင်ခံလိုက်ခဲ့စဉ်ကတော့ ကိုယ့်အစွမ်းအစတွေ

ယုံကြည် အားကိုးခဲ့သလောက် လက်တွေ့မှာ စမ်းရေဟာ ဆ

စကားကို နားထောင်ရသူအဖြစ်သာ။

"ဘာရည်ရွယ်ချက်နဲ့ပဲဖြစ်ဖြစ် ဒီကာလ အပိုင်းအခြား





တော့ ထည့်မပြောသင့်ပါဘူး.. ဆရာ... "

"အေးလေ... ဒါတွေ ထားပါတော့။ ဘယ်လိုလဲ စမ်းရေ။ ကျွန်တော့်ဘက်ခံစားရသမျှတွေ စမ်းရေနားထောင်ပေးနိုင်ပါ့မလား။ အားလုံးက ကျွန်တော့်ကို အပြစ်တင်နေခဲ့တာကို တစ်လျှောက်လုံး ငြိမ်ခံလာတဲ့ ကျွန်တော့်ကို ဒီအမှား ကျူးလွန်ရာမှာလဲ ပါရမီဘက်က တွေးပေးပြီး အားလုံးက ထပ်ပြီး အပြစ်တင်ကြတာကိုလဲခံနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို ဝိုင်းအပြစ်တင်သူတွေကို ဘာတစ်ခုမှ မဖွင့်ဟချင်ဘဲနဲ့ စမ်းရေကိုတော့ ပြောပြချင်သေးတယ်။ ကျွန်တော့်ကို စမ်းရေရဲ့ ရင်ထဲမှာ အထင်လွဲနေသမျှတွေကို ဖြေရှင်းချင်တဲ့ စိတ်ဟာ အခုမှပေါ်ပေါက်လာတာတော့မဟုတ်ဘူး။အဲဒီတစ်နှစ်ကျော်ကာလကတည်းကပဲ။ အစစ အရာရာကို ငုံ့ကွက်ပြီး မျိုသိပ်ထားသမျှဟာ အခုနောက်ပိုင်းမှာတော့ စိတ်ထဲမှာ ဖြစ်ချင်သမျှ ဆန္ဒတွေ ဘာတစ်ခုမှ မျိုသိပ်မထားချင်တော့ဘူး။ သိလား၊ စမ်းရေကလေး ကျွန်တော့်ရင်ထဲမှာ ဖြစ်ချင်သမျှဆန္ဒတွေ ဘာတစ်ခုမှ မျိုသိပ်မထားချင်တော့ဘူး။ အင်း.. တစ်ခါ တစ်လေတော့လဲ ပါရမီပြောတဲ့ စကားတစ်ခွန်းဟာ သိပ်မှန်တယ်လို့ တောင် ယူဆတယ်။ အဲ့ဒါကဘာလဲ သိလား စမ်းရေ။ သူကပြောတယ်ဗျ။ လောကမှာ ခိုင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တာ မှန်သမျှ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်လုပ်တတ်တယ်တဲ့လေ။ အဲ့ဒီလိုပေါ့။ ကျွန်တော်လဲ ဖြစ်ချင်တဲ့ဆန္ဒမှန်သမျှဖြစ်အောင် လုပ်ကြည့်တော့မယ်။ ဒါကြောင့် စမ်းရေတို့မသိခဲ့တဲ့ အဖြစ်တစ်ခုကို ပြောပြဖို့ ဆုံးဖြတ်လိုက်ပြီ။ ကျွန်တော်နဲ့ ပါရမီ ကြားမှာ ဘာတွေဖြစ်ပျက်ခဲ့သလဲ။ ဘာကြောင့် ဒီလိုဖြစ် သွားသလဲဆိုတာ စမ်းရေ သိချင်ခဲ့မှာပဲ။ အခု ကျွန်တော် ပြောပြခွင့်ရှိမလား..

စမ်းရေသည် ဘယ်အချိန်က ခေါင်းညိတ်ပြမိသလဲ ကိုယ့်ကိုကိုယ် သတိမထားမိတော့ချေ။ ဆရာ့ထံမှ ကျေးဇူးပဲ စမ်းရေဟူ၍ စမ်းရေ၏ သဘောတူလက်ခံခြင်းအပေါ် လှိုက်လှဲအားရစွာ ရေရွတ်လိုက်သည့် အသံကိုကြားမှသာ ငါတော့ ဆရာ့တောင်းဆိုချက်ကို လက်ခံလိုက်မိပြီဟု နောင်တရချင်သွား၏။ နှောင်၏ ခပ်မဲ့မဲ့ နှုတ်ခမ်းများကို ကျောခိုင်းပြီးသောအခါ နောက်တစ်နေ့၏ နေ့လယ်ခင်းတွင် သိခွင့်ရတော့မည့် ဆရာနဲ့ မမ၏ မပတ်သတ်ခဲ့မှု တစ်စုံတစ်ရာအတွက် ကြိုတင်၍ နာကြည်းပစ်လိုက်မိလေသည်။

.....❁.....

"အဲ့ဒီအချိန်၊ အဲ့ဒီနေရာမှာ စမ်းရေသာ ကျွန်တော်နေရာမှာဆိုရင် ဘယ်လိုဆုံးဖြတ်မလဲ။ ကျွန်တော့်လို အကြပ်အတည်းနဲ့ တွေ့ရင် စမ်းရေဟာ တစ်ခုခုတော့





ဆုံးဖြတ်ရတော့မှာပဲ။ အဖြစ်သင့်ဆုံးကို ဆုံးဖြတ်လိုက်တဲ့အတွက် ရလာတဲ့ အကျိုးအမြတ်ကတော့ မေမေ့ အထင်လွဲနာကြည်းမှုတွေလေ။ မေမေ့ကို ကျွန်တော်ဆန့်ကျင်ခဲ့တာ မဟုတ်ဘူး။ အားလုံးမျက်နှာပျက်အောင် ဖန်တီးခဲ့တာ မဟုတ်ဘူး။ ကျွန်တော်ဟာ အကောင်းဆုံးဖြစ်အောင် တမင်ရှောင် ထွက်ခဲ့ရက် ပါရမီကဇွတ်အတင်းတိုးခဲ့တယ် စမ်းရေ။ ပြောရရင် သူ့ဘက်က အပိုင်ချည်နှောင်ပြီး သူ့ဘာသာလုပ်ကြံပြီး စာထဲရေးတည့်ခဲ့ပြီး ကျွန်တော့်ဆီ လိုက်လာခဲ့တာ။ ဘယ်သူမှ မသိလိုက်ဘူး။ အားလုံးထင်တာက ကျွန်တော်နဲ့ သူ့ချစ်သူတွေ အတိအလင်းဖြစ်ပြီးလို့ ကျွန်တော်ရဲ့ဆွဲဆောင်မှုကြောင့် နှစ်ယောက်သား အချိန်းအချက်နဲ့ စီစဉ်တာလို့ ထင်ကြတယ်မဟုတ်လား။ တကယ်တော့ ကျွန်တော်က သူ့ရဲ့ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး မျိုသိပ်လိုက်ရတာပါ.."

"တကယ်ပြောတာလား ဆရာရဲ့။ မမနဲ့ ဆရာက စမ်းရေတို့ ဆီမှာ လာလည်ကတည်းက တတွဲတွဲလေ။ မမက စမ်းရေ့ကို ဘာပြောသလဲဆိုတော့ ဆရာက သူ့ကိုမှ တကယ်ချစ်သွားတာတဲ့။ သူကလဲ ဆရာ့ကို ချစ်နေတာ ဆရာသိလို့ ဆရာ သူ့ကို ချစ်နေတာလဲ သူသိနေသတဲ့။ ဒါကြောင့် မမရဲ့ စာကို ဖတ်ပြီးပြီးချင်း အားလုံးနားလည်



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာက ဆရာတို့ နှစ်ယောက်ဟာ အားလုံးကို အရှုံး လုပ်သွားတယ်ဆိုတာပဲ... ”

“တတွဲတွဲဆိုတဲ့ စကားထက် ပါရမီက ကျွန်တော့်ဆီ အမြဲ လာနေတယ်ဆိုတဲ့ စကားသုံးသင့်တယ် စမ်းရေ။ ကျွန်တော်တို့ နှစ်ယောက်ဟာ စမ်းရေတို့ မျက်မြင် တွဲသွား ဖူးတာမျိုးလဲ မရှိခဲ့ပါဘူး။ သူလာချိန်တိုင်းမှာ မေမေရှိ နေခဲ့ပါတယ်၊ နောက်ပြီး လှလို့ကြည့်မိတဲ့ အကြည့်ကို သူ့ကိုချစ်လို့ ကြည့်တယ်ဆိုတဲ့ စကားနဲ့ စမ်းရေကို အနိုင်ယူတာမျိုးတွေ၊ သူ ကျွန်တော့်ကို ကစားစရာအရုပ် တစ်ရုပ်ကို ထပ်ရသလို ကြည့်တဲ့အကြည့်ကို နားလည်လို့ ကြည့်မိတဲ့ အကြည့်ကို တစ်ဘက်သတ်ဆွဲပြောပြီး အနိုင် ယူတာမျိုးတွေ စမ်းရေ အလွယ်တကူ ယုံသွားရက်တယ် နော်... ”

စမ်းရေသည် ဆရာ့ဆီမှ လျှို့ဝှက်ချက်တွေ ပါဝင် သည့် အကြည့်တွေကို ရှောင်တိမ်း၊ မျက်လွှာချကာ-

“အားလုံး ပြီးသွားပါပြီ ဆရာ။ ဒါတွေ မေ့လိုက်ပါ.. ”

ဟု တိုးတိမ်စွာ နှစ်သိမ့်မိ၏။ ဆရာက ခပ်သဲ့သဲ့ ရယ်လိုက်သည်။ ရယ်သံမှာ ခြောက်ကပ်ကပ်နိုင်လှပြီး ဆုံးရှုံးမှု အားလုံးအတွက် နာကြည်းမှုများစွာ ပါဝင်နေမှန်း စမ်းရေခွဲခြား သတ်ခဲ့ပြီးကွယ်။



“မိန်းမတစ်ယောက်... အထူးသဖြင့် ဇနီးမယားဖြစ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ချချင်တဲ့ သဘောနဲ့ ပြောတာတော့ မဟုတ်ပါဘူး စမ်းရေကလေး။ ဒါပေမယ့် သူ့ရဲ့ ညီမအရင်းကိုတော့ အမှန်အတိုင်း စိတ်ထဲရှိတာ ဝန်ခံချင်တယ်။ အဲ့ဒါကဘာလဲဆိုတော့ ပါရမီဘက်က ခြေလှမ်းတွေ သိပ်စိပ်လာတော့ မေမေနဲ့ တစ်ညမှာ ကျွန်တော်တို့ တိုင်ပင်မိကြတယ်။ ကျွန်တော့် သဘောထား၊ မေမေ့ သဘောထားတွေ ကိုက်ညီနေကြတဲ့အခါမှာ ကျွန်တော်တို့ သားအမိဟာ ဆုံးဖြတ်ချက်တစ်ခုကို ခပ်မြန် မြန်ချပြီး ရန်ကုန်ကို ချက်ချင်းပြန်ဖို့ စီစဉ်လိုက်တော့ တာပဲ။ စမ်းရေကလေး သိပါတယ်။ ကျွန်တော်တို့ သားအမိရဲ့ သဘောထား ကိုက်ညီမှုဟာ ဘာများဖြစ် နိုင်မလဲဆိုတာ...”

အို...ဘုရားသခင်။ စမ်းရေသည် အလန့်တကြား ...င် လက်ကိုင်ပဝါကို ဆုပ်ခြေပစ်မိ၏။ ဆရာနဲ့ သူ့မေမေဟာ ဘယ်သူ့ကိုပဲ လိုလားကြောင်း ဆုံးဖြတ်မှုတဲ့။ ဒီကိစ္စကြီးကို စမ်းရေ သိသတဲ့။ ဟင့်အင်း စမ်းရေဟာ ဆုံးရှုံးမှုတွေအတွက် ပြန်ပြီး ...တမ်းတချင်တော့ဘူး။ မမဆိုးခဲ့သမျှ ဆရာနဲ့ စမ်းရေဝဋ်ကြွေးရှိ လို့ လိုမ့်ခံရတယ်ပဲ ဖြေသိမ့်ချင်သေးရဲ့။

“ကျွန်တော် အပြောင်းအလဲမြန်တဲ့ ယောကျ်ားတစ်

www.burmeseclassic.com

ယောက် မဟုတ်ပေမယ့် သိပ်လှတဲ့ မိန်းမတစ်ယောက်ရဲ့ အလှကိုတော့ တဒင်္ဂငေးကြည့်ခဲ့မိပါတယ်။ ဒါပေမယ့် အဲဒီ တဒင်္ဂကြောင့် ကျွန်တော့်ဘဝတစ်ခုလုံး ပြောင်းလဲပစ်လိုက်ရတယ်... ”

စမ်းရေကလေး၏ ရင်ခုန်သံများသည် လွန်ခဲ့သည့် တစ်နှစ်ကျော် ကာလများတုန်းက အတိုင်းပင် ညှို့သက်နွေးထွေးလာခြင်းအား- နောင်တမရချင်ပါ။ ဒါဟာ မှန်သည်များသည်ဟုလည်း မဆန်းစစ်ချင်တော့ပါ။ ဆရာထံမှာ ပြောဖြဖွင့်ဟချက်များ၌ စမ်းရေ တကယ်ပင် ယုံကြည်နေခဲ့မိပြီ။ ဆရာဟာ စမ်းရေကို လိမ်ညာနေသည်ဟူ၍လည်း နည်းနည်းမှတောင် မစွပ်စွဲရက်ခဲ့။ ဆရာပြောသလို အကယ်၍ စမ်းရေသာ ဆရာ့နေရာမှာ ဆိုရင်လဲ ဒီလိုပဲ ဆုံးဖြတ်ရင်ဆုံးဖြတ်။ ဒါမှာမဟုတ် အရာရာကို မငဲ့ကွက်ဘဲ မမကို ဥပေက္ခာပြုပြီး တစ်ကိုယ်ကောင်းဆန်လိုက်ရလိမ့်မယ်။

ဆရာဟာ အဖြစ်သင့်ဆုံးသော ဆုံးဖြတ်ချက်တစ်ခုကို အဲဒီအချိန်မှာ ဆုံးဖြတ်ပြီး ကိုယ်ဘဝကို မြှုပ်နှံပစ်လိုက်ရသူဟူ၍ စမ်းရေက နားလည်ပေးနိုင်ခဲ့ပြီ။

“ကျွန်တော် ပါရမီ့ကို လှလို့ စိတ်ဝင်စားမိရုံအပြင် မချစ်ခဲ့မိဘူးဆိုတာ အသေအချာဝန်ခံရဲတယ်။ ဒါပေမယ့် ပါရမီ့ဘက်က တစ်ဖွတ်ထိုးဆန်မှုကိုတော့ ညာတာစိတ်နဲ့ ခွင့်



လွှတ်ပေးခဲ့တယ်။ သူ့အတွက် တာဝန်ကျေပွန်တဲ့ ယောကျ်ားတစ်ယောက်အဖြစ် ရပ်တည်ခဲ့တယ်။ ပါရမီ့ကို ချစ်လို့ မရခဲ့ပေမယ့် ဇနီးမယား တစ်ယောက်အဖြစ် သံယောဇဉ်တော့ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ဟာ ကိုယ်ရပ်တည်ပြီးတဲ့ ဘဝတစ်ခုကို ပြန်တွေးပြီး တသသကြေကွဲနေဖို့လဲ . စိတ်မကူးခဲ့ပါဘူး။ ဒါပေမယ့် ပါရမီဟာ ကျွန်တော်ဖြစ်စေချင်တဲ့ ဘဝတစ်ခုကိုတော့ မဖန်တီးပေးခဲ့ဘူး။ သူဟာ ကျွန်တော့်ကို ချစ်တယ်လို့ ပါးစပ်က တဖွဖွပြောပေမယ့်၊ သူချစ်တဲ့ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေကိုတော့ ဖြည့်ဆည်း ပေးချင်တဲ့စိတ် မရှိဘူး။ ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးပစ် ခဲ့တယ်။ တကယ်တော့ ပါရမီဟာ ဘယ်သူ့ကိုမှ ချစ်တတ်တဲ့ မိန်းမ တစ်ယောက် မဟုတ်ဘူး။ သူ့ကိုယ်သူသာ သိပ်ချစ်တဲ့ အတ္တကြီးတဲ့ မိန်းမပဲ။ အင်း.. အစ်မတစ်ယောက်အကြောင်း သူ့ရဲ့တစ်ဦးတည်းသော ညီမရဲ့ရှေ့မှာ ပစ်ပစ်နှစ်နှစ် ဝေဖန်ရတာတော့ အားနာပါတယ်။ ဒါပေမယ့် ပါရမီ့စိတ်နေသဘောထားကို ညီမရင်းဖြစ်တဲ့ စမ်းရေကလေးက ပိုပြီး သိလိမ့်မယ် ထင်ပါရဲ့... ”

“ဆရာ ဘာဖြစ်လို့ နှောင်နဲ့တွဲရပါတယ်ဆိုတာကိုရှောင်ခြေကောင်းကောင်းပေးဖို့ စဉ်းစားပြီးပြီလား။ မနဲ့

www.burmeseclassic.com

အိမ်ထောင်ရေး အဆင်မပြေလို့ စိတ်ပျော်စရာရှာရပါတယ် ဆိုတဲ့ ဆင်ခြေမျိုးကြားရမယ်ထင်တယ်။ အဲ့ဒါက အသင့်တော်ဆုံး ဆင်ခြေပဲလေ... ”

ဆရာသည် ဖြတ်ရိုက်ခံရသူပမာစမ်းရေကလေး၏ စကားအားအထိ နာသွားပုံရ၏။ စမ်းရေကလေး၏ စကား တစ်ခွန်းဒက်ခနဲ မှန်သွားခြင်းအတွက် ဒီတစ်ခါတော့ ကျေနပ်ချင်သား ကွယ်။

“အဲ့ဒီဆင်ခြေထက် ပါရမီကို ခြိမ်းခြောက်ထားဖူးတဲ့ စကားတစ်ခွန်းအတိုင်း တမင်ဖန်တီးနေပါတယ်လို့ ဝန်ခံချင်တယ် စမ်းရေ။ ကျွန်တော်က ပါရမီကို အကယ်၍ ကျွန်တော် လိုချင်တဲ့ မိသားစုဘဝကို မပေးနိုင်ဘူးဆိုရင် အဲ့ဒီဘဝမျိုးကို ပေးနိုင်မဲ့ နောက်မိန်းမတစ်ယောက် ယူရမှာပဲဆိုတဲ့ စကားနဲ့ ခြိမ်းခြောက်ထားဖူးတယ်။ သူဟာ ကျွန်တော် ထင်ထားတာထက် ကြောက်စရာကောင်းတဲ့ သတ္တိမျိုးကို ပိုင်ဆိုင်သေးမှန်း လေ့လာမိတဲ့အချိန်မှာမှ ဒီခြိမ်းခြောက် စကားအတိုင်း ကြံစည်မိတော့တာပဲ။ ဘယ်လိုသတ္တိမျိုးလဲ ဆိုတာ စမ်းရေကလေးသိရင် အံ့ဩသွားလိမ့်မယ်... ”

စမ်းရေသည် ဆရာဘာကိုသိနေသလဲဆိုတာအား



သဘောပေါက်သလိုလို ဖြစ်လာပြီး ဆရာကို မျက်လုံးလှန်ကြည့်၏၊ အို... အရင်တုန်းကလိုပဲ ဆရာဟာ စမ်းရေရဲ့ မျက်လုံးဘစ်ချက်လှန်၍ ကြည့်တတ်သည့် အကြည့်ရဲ့ အဓိပ္ပါယ်ကို နားလည်နေဆဲ။

“စမ်းရေကလေး မင်းရဲ့မမဟာ လှေခါးပေါ်ကနေ ခေါင်းမူးလို့ ခြေချော်လိမ့်ကျရတယ်ဆိုတဲ့ အဖြစ်အပျက်ကို ယုံ သလား။ ကျွန်တော်ကတော့ မျက်မြင်ကြုံရတာတောင် ဒီကိစ္စကို ယုံသင့်ပါရက်နဲ့ တစ်ခါတစ်ရံမှာ ပါရမီ စကား အသွားအလာတွေကြောင့် သံသယဝင် ဝင်လာတတ်နေတယ်။ အဲ့ဒီ သံသယဝင်လာတိုင်း ပါရမီဟာ သူ့အသက်ကိုတောင် ထိခိုက်မဲ့ ကြံစည်မှုမျိုးနဲ့ သူဖြစ်ချင်တာကို မရ မကလုပ်ယူတတ်တဲ့ မိန်းမပါလားလို့ ထိတ်လန့်သွားတတ်စမြဲပဲ... ”

“ဒါဆိုရင် ဆရာနဲ့ နှောင်တွဲနေခြင်းဟာ မမရဲ့ စိတ်မာတတ်ချို့ပြောင်းလဲလာစေဖို့လို့ ဆရာပြောချင်တယ်ပေါ့နော်။ မမဟာ ဆရာ့ကို သံဝန်တိုပြီး သူ့ရဲ့ စိတ်တွေပြောင်းလဲပစ်မယ်လို့ ဆရာအတာပ်ပြောရဲရဲ့လား၊ ဟိုတစ်ခါကလို လူတွေအားလုံး သူ့ရဲ့ဂရုစိုက်ခံရအောင်လုပ်ပြီးမှ အားလုံးရဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးခံလိုက်ရတာမျိုးနဲ့ ထပ်

www.burmeseclassic.com



မကြိုက်ရင်တော့ ဆရာ အကြံအစည်က အကောင်းဆုံးပေ့ ဆရာ... "

"စမ်းရေကလေးလဲ ပါရမီကို မယုံကြည်ချင်အောင် ပါရမီဆီက ကလေးလေးရဲ့ ကိုယ်ဝန်နဲ့ ပတ်သက်ပြီး စကားတစ်ချို့တစ်လေ ကြားဖူးပြီ ထင်တယ်။ အဲ့ဒီလိုပဲ ကျွန်တော်နဲ့ သူ တစ်ခါတစ်ရံ စကားများတိုင်း ဒီကိစ္စအတွက် သံသယဝင်နိုင်လောက်တဲ့ စကားတစ်ချို့ သူနှုတ်ကျွံဖူးရာက ကျွန်တော့် သံသယစတာပဲ။ ခဏ ခဏ သူက ဒီကိစ္စကို သူ့ဘာသာ သတိမထားမိဘဲ နှုတ်ကျွံပေါင်းများတော့ ကျွန်တော်ရဲ့ သံသယခိုင်လုံတဲ့ အခြေအနေရောက်ခဲ့ပြီ။ ဒါပေမယ့် ကျွန်တော် စမ်းရေကလွဲပြီး ဒီသံသယ အကြောင်း ဘယ်သူ့ကိုမှ ဖွင့်မပြောဖို့ ဆုံးဖြတ်ထားခဲ့ တယ်... "

"စမ်းရေလဲ ဒီသံသယကို ဘယ်သူ့ကိုမှ ဖွင့်မပြောဖို့ရည်ရွယ်ပေမယ့် စမ်းရေလိုပဲ ဆရာက သိနှင့်နေတော့ ဒီ သံသယကို ဆက်ပြီး မျိုသိပ်ထားလိုက်ကြရင် ကောင်းမယ် ထင်တယ် ဆရာ... ဖြစ်ပြီးမှ ဘယ်တတ်နိုင်မလဲ... "

..... ❀ .....

မော်ကွန်းသည် ဖြစ်ပြီးမှ ဘယ်တတ်နိုင်မလဲ

စေတနာစာပေ





သည့် စကားတစ်ခွန်းဖြင့် သူ့ကို နှစ်သိမ့်နေသည့် မိန်းကလေး တမ်းတစွာ ကြည့်မိ၏။ ကိုယ့်တို့ ဘာဖြစ်လို့ ဒီလိုအဖြစ်မျိုးနဲ့ တွေ့ခဲ့ကြတာလဲ။ ဘာဖြစ်လို့ ဒီလိုခွဲခွာရခြင်းမျိုးနဲ့ အဆုံးသတ် ကြမှာတ ဖန်တီးပေးတာကို ခံခဲ့ရသလဲ။ တကယ်တော့ ရဲ့ ခဏတာလေး အလည်အပတ် လာမိခြင်းဟာ ကိုယ်တို့နှစ် ကဲ့ရဲ့ အနာဂတ်တစ်ခု ပြိုပျက်သွားမိစေဖို့ဆိုတာ သိခဲ့ရင်။ မင်းဆီကို လာလည်ဖို့၊ မင်းရဲ့ ဖိတ်ခေါ်မှုကို ဖြည့်ဆည်းဖို့ ဆန့်ပစ်မိမှာပဲ ထင်တယ် စမ်းရေ။

ကိုယ်ရော၊ မေမေရော၊ ဒီလိုအဖြစ်အပျက်နဲ့ တွေ့ရလိမ့်မယ်မှန်း ကြိုတင် သိခွင့်မရကြသူများဖြစ်သလို ပဲ ဒီအဖြစ်မျိုးကို မမျှော်လင့်ခဲ့တာမို့ မိသားစုနဲ့ ရင်းနှီးပါစေ ဖိတ်ခေါ်မိတဲ့ အဖြစ်အပျက်တစ်ခုဟာ မင်းရဲ့ နှလုံးသား လုံးကို ခြေမွခံလိုက်ရတယ်ဆိုတာ အခုတော့စမ်းရေကလေး သည် သွားပြီး ထင်ရပါရဲ့။ တကယ်တော့ ကိုယ်တို့အားလုံးဟာ ကို အရှုံးပေးလိုက်ရတဲ့ သူတွေချည်းပါပဲ။

"စမ်းရေတစ်ခုတော့ တောင်းဆိုချင်တယ်... ဆရာ... "

"အင်း... ပြောလေ။ ကျွန်တော် နားထောင်နေပါတယ်..."

စမ်းရေကလေးသည် ရင်ဘတ်အစုံ နိမ့်ချည် မြင့် ဖြစ်သွားသည်အထိပင် သက်ပြင်းတစ်ခုကို ချလျှက် သူ့ကို

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုး တောင်းဆိုသံတစ်ခုတွင် သူရင်ထဲ၌ နာကျင်
ရတော့၏။

"မမကို ခွင့်လွှတ်လက်စနဲ့ ခွင့်လွှတ်ပြီး ဆရာအခုတွဲ
နှောင်ကို ဖြတ်လိုက်ပါ။ ဆရာ။ စမ်းရေ ခုနက ပြော
ဖြစ်ပြီးမှ ဘယ်တတ်နိုင်မလဲဆိုတာပဲ ထပ်ပြောချ
တယ်။ နောက်ပြီး ဆရာ ဒီလိုတစ်ခြားမိန်းမနဲ့ တွဲ
မမက သူ့ရဲ့ဆုံးဖြတ်ချက်ကို ပြင်လိုက်မယ်လို့လဲ မထ
ဘူး။ မမစိတ်ကို စမ်းရေသိတယ်ဆရာ။ မမက အ
တော့မှ အလျှော့ပေးမှာ မဟုတ်ဘူး။ ဒီတော့ ဘယ်အ
နိုက်မလဲ ဆရာ တွေးမိလား။ ဆရာ့ သိက္ခာတရာ
ထိခိုက် ရမှာ။ ဆရာပဲ နာမည်ပျက်ရမှာ။ ဆရာ့စာတွေ
ချစ်တဲ့ ဆရာ့ပရိတ်သတ် အမြင်စောင်းသွားရင် ဆ
အောင်မြင်မှုတွေ ဆုံးရှုံးသွားရလိမ့်မယ်လို့ စမ်းရေ သ
ပေးချင်တယ်။ ဒါကြောင့် ဆရာဒီလိုလုပ်ရပ်တွေကို
ပစ်လိုက်ပါတော့နော်။ စမ်းရေက အကောင်းဆုံး
အောင် စေတနာနဲ့ အကြံပေးတာပါ။ ဆရာ့ကို အ
ပေးတာ မဟုတ်ပါဘူး.. "

ကြည့်စမ်း။ ဘယ်လောက် စကားပြောပါးနပ်လိုက်
တဲ့ မိန်းကလေးလဲ။ မင်းဟာ တစ်သက်လုံး ဖြူစင်တဲ့ စိတ်ဓာတ်

စေတနာစာပေ



ဆိုင်နေတဲ့ မိန်းကလေးပဲ စမ်းရေ။ မင်း စိတ်ဓာတ်ဟာဘယ်
ာ့မှ ဆေးရောင်မတင်တော့ဘူး။ ထာဝရ အဖြူထည်ကလေး
ဖြစ်နေခဲ့ပြီ။ ကိုယ့်နှလုံးသားကို လုယူသွားရက်တဲ့ အစ်မကို
ကြည်းတတ်တဲ့ မိန်းကလေး။

"စမ်းရေက မမကို အခုထိ ခွင့်လွှတ်နိုင်သေးတယ်နော်။
ကျွန်တော် အရမ်းအံ့ဩတယ်... "

"စမ်းရေ အဲ့ဒါတွေ ထပ်မပြောချင်တော့ဘူး ဆရာ။
အခု လောလောဆယ်မှာ စမ်းရေသိချင်တာက စမ်းရေရဲ့
တောင်းဆိုချက်ကို ဆရာ လက်ခံမယ်၊ လက်မခံဘူးဆိုတာ
ပဲ။ ဒါဟာ တစ်ဘက်သတ်ဖြစ်ချင် ဖြစ်မယ်၊ ဒါပေမယ့်
စမ်းရေလဲ အတ္တဆန်ချင်သေးတယ် ဆရာ၊ မမအတွက်
စမ်းရေ ဘက်လိုက်ချင်သေးတယ်... "

သေချာရဲ့လား စမ်းရေကလေး၊ ခံစားချက်တွေကို
မြှုပ်နှံပြီး အဖြစ်သင့်ဆုံးကို ဖန်တီးတာရော မဖြစ်နိုင်ဘူးလား။
င်း ဘယ်လောက်ဟန်ဆောင်နေပါစေ၊ မင်းရဲ့မျက်လွှာချထား
တဲ့ မျက်ဝန်းတွေထဲမှာ ကြေကွဲမှုတွေ ပြည့်နှက်မနေပါဘူးလို့
င်း အာမခံရဲသလား။ စမ်းရေကလေး၏ ပခုံးနှစ်ဖက်ကို
ဆွဲလှုပ်၍ မေးကြည့်ချင်စိတ်ကို တော်တော်ချုပ်နှိမ့်လိုက်ရပါသည်။

"ကောင်းပြီလေ... စမ်းရေကို ကျွန်တော်ကတိပေးပါ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပါရမီကို နောက်ထပ် စိတ်မချမ်းသာအောင် လုပ်တော့ပါဘူးလို့ ကျွန်တော် ကတိပေးရင် လုံလော မလား.. ”

“ကျေးဇူးတင်ပါတယ်... ဆရာ... ”

စမ်းရေကလေးသည် သူမ၏ သားရေလွယ်အိတ် ကြီးအား ပခုံး၌ ပြင်လွယ်၏။ အေးလေ၊ အချိန်တန်တော့ ကိုယ်ကျင်လည်ရာ ဘဝတစ်ခုမှာပဲ ကိုယ့်နှလုံးသားကို ကိုယ်တိုင် ကိုယ်ကျ မြှုပ်နှံပစ်ကြရမဲ့ ကိုယ်နဲ့ စမ်းရေကလေးဆိုတဲ့ လူသား နှစ်ယောက်ပဲ။ စမ်းရေ မာကြော ပြတ်တောက်နိုင်မှုအပေ နားလည်ပေးရပါမည်။

သို့သော် မော်ကွန်းသည် သူ့ရင်ထဲတွင် အနှစ်နှစ် အလလက မျိုသိပ်ထားခဲ့ရသော စကားတစ်ခွန်းကိုတော့ စမ်းရေ ကလေးအား ပြောပြချင်ပါသေးသည်။ ထိုစကားကလေး စမ်းရေကလေးအား ပေးအပ်ဖို့ သူလဲအသင့်။ စမ်းရေလဲ နာ ထောင်ရန် အသင့်ဖြစ်ခဲ့ချိန်မှာမှ ဖျက်ဆီးခြင်းခံလိုက်ရ အတွက်၊ အခုအချိန် မှာ ဘာကိုမှ မငဲ့ကွက်ပဲ စမ်းရေကလေးအား ပြောကြည့်ချင်သည်။ ဒါဟာ အင်မတန်မှ တရားမမျှတဲ့ စီရင်ချက် ပဲ ဖြစ်နေပါစေ။ တစ်ယောက်တည်းကို သတ်သတ်မှတ်မှတ် ချစ်ခဲ့ဖူးသည့်အတွက် ထိုတစ်ယောက်တည်းနဲ့ဆိုင်သည့် စကား

✿ စေတနာစာပေ ✿

တစ်ခါတော့ ပြောခွင့် ရချင်သေးရဲ့။

“စမ်းရေကို တစ်ခုတော့ ပြောချင်တယ်... ”

စမ်းရေကလေးက စားပွဲကို လက်ထောက်၍ ထရပ်ရင်း သူ့ဆီမှ လိုက်လှဲစွာ ညည်းတွားမှုအား စူးစမ်း၏။ အင်း -ဒီစကားလေးကိုသာ စမ်းရေကို ဖွင့်ပြောလိုက်ရင် စမ်းရေ တော်တော်မုန်းသွားမှာပဲထင်တယ်။ ဒါမှမဟုတ် တစ်ခုခုများ နာနာကြည်းကြည်း တုံ့ပြန်လိုက်မလား။ ကိုယ့်ရဲ့ ခံစားချက်တွေကို နားလည်ပြီးတော့ ကိုယ့်ကို ခွင့်လွှတ်ချင်လဲ ခွင့်လွှတ်မှာပဲ ထင် သည်။ ပြောနိုင်တာမှတ်လို့။ စမ်းရေကလေးဟာ အားလုံးကိုခွင့် လွှတ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ပဲ။

သူသည် စမ်းရေကလေးနှင့်အတူ ထရပ်လိုက်ပါ သည်။ ထို့နောက် ဟိုးလွန်ခဲ့သည့် တစ်နှစ်ကျော်ကာလများ တတည်းက သိမ်းဆည်းထားခဲ့သည့် စကားတစ်ခွန်းကို ပြန်လည် တူးဖော်မိတော့သည်။

“ကျွန်တော့် ဘဝမှာ ပထမဦးဆုံးနဲ့ နောက်ဆုံးချစ်ခဲ့တဲ့ ချစ်သူက တစ်ယောက်တည်းပဲ ရှိခဲ့တယ်။ အဲ့ဒီတစ် ယောက်တည်းဟာ စမ်းရေကလေးပါပဲ... ”

“အဲ့ဒီအတွက် ဆရာ့ကို ထပ်ပြီးကျေးဇူးတင်ပါတယ်... ”

ထိုစကားအဆုံးမှာ စမ်းရေကလေးသည် သူမ၏

✿ စေတနာစာပေ ✿

www.burmeseclassic.com

www.burmeseclassic.com

[illegible]သို့ ကျောခိုင်းထွက်သွားခဲ့သည်။ စမ်းရေကလေး၏ ခြေသံ[illegible] သူ့နှလုံးသားကို နင်းခြေသွားသည့် ခြေသံများဖြစ်ကြောင်း သူ သိခဲ့ချေ၏။

နောက်ဆုံးတော့ အရာအားလုံးဟာ ပုံမှန်အတိုင်း လည်ပတ်ရတော့မှာပဲ ဖြစ်လေသည်။

..... ◯ .....

စေတနာစာပေ

# ချစ်ခြင်းဖြင့်ကမ္ဘာတစ်ခုဆီ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ပါရမီသည် သူမ၏ အချစ်ကို လျစ်လျူရှုရက်သည့် မောင့်ကို တော်တော်ပင် နာကြည်းနေခဲ့ပြီ။ ညစဉ်ညတိုင်းမှာ သူမဖန်တီးယူခဲ့ရသည့် ဘဝတစ်ခုအတွက် ပါရမီဘဝတွင် မကြုံဘူးခဲ့သည့် စိတ်ဆင်းရဲခြင်းဂယည်းဟူသော ဒုက္ခကို တွေးတောကာ အိမ်ရေးပျက်ပေါင်းလဲ မျှားခဲ့ပြီ။ အိပ်ရေးပျက်ညများအတွက် အိပ်ဆေးပြားတွေ၏ အကူအညီကို ယူရပေါင်းလဲ မျှားခဲ့ပြီ။

မောင့်ဘက်က အေးစက်လာသော အမူအရာများနှင့် နေ့စဉ် ကြုံတွေ့ရခြင်းကို သည်းမခံနိုင်တော့သူမှာ ပါရမီဆိုသည့် မောင့်ကို အရူးအမူးချစ်မိသည့် မိန်းမတစ်ယောက်တည်း၊

တစ်နေ့မှာတော့ ပါရမီဟာ သည်းမခံနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



အဆုံး မောင့်ကို ပါရမီ သိထားသမျှတွေ ဖွင့်ပြောကာ မောင့်နဲ့ အကြေအလည် ဆွေးနွေးကြဖို့ ဆုံးဖြတ်မိသည်မှာ ပါရမီ့အမှားပင် ဖြစ်ခဲ့သည်။ ပါရမီသည် ကိုယ့်စိတ်ဆင်းရဲမှုကို ကိုယ်တိုင် ဖန်တီးမိသူသာ ဖြစ်ခဲ့လေသည်။ မောင့်ဆီမှ ဝန်ခံစကားများ ရင်ဖွင့်စကားများနှင့်အတူ သံသယစကားများကို ကြားခွင့်ရလိုက်သောအခါ ပါရမီသည် သူမ၏ ကမ္ဘာလောကကြီးတစ်ခုလုံး ငွမ်း ထိုးမှောက်ခုံဖြစ်သွားတော့သည်ဟုပင် သတ်မှတ်ပစ်လိုက်တော့ သည်။

ထိုနေ့က မောင်အပြင်မှ ပြန်လာချိန်ဖြစ်၏။ ပါရမီက မောင့်ကို ရန်ဖြစ်ဖို့ အသင့်စောင့်ဆိုင်းနေခဲ့ပါသည်။ လှေခါးမှတစ်ဆင့် မောင်အပေါ်သို့ လှမ်းတက်လာသော ခြေသံများကို ကြားရတော့ ပါရမီက မျက်နှာကို ပိုတင်းပစ်လိုက်သည်။

မောင်က အေးအေးဆေးဆေးပင် အင်္ကျီကြယ်သီးတွေကို ဖြုတ်နေသေးသည်။ ပါရမီ့ကို စကားတစ်ခွန်းလောက်နဲ့ ဖြစ်ဖြစ် နှုတ်ဆက်သင့်သည်။ ကိုယ့်မိန်းမပဲ အိမ်ပြန်ရောက်လို့ မျက်နှာချင်းဆိုင်ဆိုရင် ပြုံးပြတာဖြစ်ဖြစ်၊ ထမင်းစားပြီးပြီလား ဖြစ်ဖြစ်၊ ဘာထိုင်လုပ်နေတာပဲဖြစ်ဖြစ် မေးဖို့သင့်တယ် မောင်၊ ခုတစ်လော မောင် သိပ်စိမ်းကားလွန်းနေပြီ။

"မောင်... "

ဟု နောက်ဆုံးမှာ ပါရမီပဲ မနေနိုင်သည့်အဆုံး စခေါ်လိုက်ရတော့တာပဲ။ မောင်က မကြားချင်ဟန်ဆောင်တာလား တမင်ကြားရက်နဲ့ မထူးတာလား။ တကယ်ပဲ မကြားလိုက်လို့လား မသိ။ တစ်ချက်မှ ပြန်အသိအမှတ်ပြုခြင်း မရှိပေ။

"မောင့်ကို မေးစရာရှိတယ်... ခဏနေဦး... "

နှောင်ဆိုသည့် မင်းသမီးငယ်နှင့်အကြောင်း ပါရမီ သိနေခဲ့သည်မှာ ကြာပါပြီ။ သို့သော် ပါရမီသိသည်ဟု မောင်ရိပ်မိသွားလျှင် ကမ်းတက်မှာစိုးရပာနှင့် မသိဟန်ဆောင်နေခဲ့ရလေသည်။ အခုတော့ မရတော့ချေ။ မောင်တို့သတင်းက ရှက်စရာကောင်းလောက်အောင် လူသိများနေတာ ပါရမီရှက်သည်။ ဒီထက်ပိုပြီး ရှေ့ဆက်တိုးလာရင် ပါရမီပဲ စိတ်ဆင်းရဲရတော့မည်။

ဖေဖေနဲ့ မေမေ့ဆီလဲ တိုင်တန်းပြီးပြီ။ တစ်နေ့တော့ မေမေတို့ ရန်ကုန်ဆင်းလာမှာပဲ။ မောင့် မေမေကိုတော့ ပါရမီ ဒူးထောက်အညံ့မခံချင်။ ငါ့သား စိတ်ချမ်းသာတာပဲ ငါ မြင်ချင်တယ်။ ညည်းကချစ်တဲ့လူပဲ သည်းခံပေါ့ဟု မပြောရုံ တစ်မယ် ကြည့်တတ်သည့် ထိုမိန်းမကြီးရဲ့ အကြည့်တွေကိုပါရမီ မုန်းသည်။ ပြီးတော့ ပါရမီသည် မောင့်ကို လက်လွှတ်မခံနိုင်ပါ။ စမ်းရေကလေး လက်ထဲကနေ လုယူခဲ့ပြီးမှ ပါရမီ မောင့်ကို ဆုံးရှုံးရလျှင် စမ်းရေကလေးက ကျိတ်ဝမ်းသာသွားမည်၊ ၎င်းလည်း

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ဟု ခနဲ့ချင် ခနဲ့မည်။ စမ်းရေက အခုဆို အင်မတန်မှ ဆတ်ဆတ်ထိမခံ မာနထားနေတာ။

"မောင်... အခု ဘာတွေလုပ်နေလဲ။ ပါရမီ့ကို မှန်မှန်ပြော ပါလား... မောင်... "

"ဘာလုပ်ရမလဲကွ...။ ငါ့အလုပ်က စာရေးတဲ့ အလုပ်ပဲ။ စာရေးနေတာပေါ့။ မင်းလဲ မြင်သားနဲ့... "

"ဟုတ်ရဲ့လား...။ ဗွီဒီ[illegible]ိုင်းသမီးသစ်လေးနဲ့ ရှေ့ရေးကို များ မောင်စီမံပေးနေသလားလို့... "

မောင်သည် ထင်ထားသလို ပါရမီ့စကားကို ငြင်း ဆန်ဖို့ မကြိုးစားချေ။ ပါရမီထင်ထားသည့် နောက်တစ်ခုလဲ ရှိ သေး၏။ အဲ့ဒါကတော့ မောင်က အေး၊ ဟုတ်တယ်လို့ ချက်ချင်း ဝန်ခံပြီး ဘာဖြစ်လို့ ဒီလိုတွဲရပါတယ်ဟူ၍ သူ့လိုလားချက်တွေကို တင်ပြကာ ပါရမီ့ကို ထပ်ပြီး အကြွပ်ကိုင်ခြိမ်းခြောက်မှာ။ ဒါကိုလဲ ပါရမီ မျှော်လင့်ထားသေးသည်။

သို့သော် အင်မတန်ထူးဆန်းစွာပင် မောင်သည် ထိုသို့ အမေးခံလိုက်ရသည့်အခါ ဟက်ဟက်ပက်ပက် ရယ်ချပစ် လိုက်တာပဲ ဖြစ်လေသည်။

"မင်းမေးတဲ့အချိန်က သိပ်နောက်ကျသွားပြီ ပါရမီ... "

ဘုရား...။ ဘုရား။ မောင်က အားလုံးကို အကွက်ချပြီးပြီထင်တယ်ဟု ပါရမီက ထိတ်လန့်တကြားမောင်ကဆက်၍

"ဘာဖြစ်လို့ နောက်ကျသွားသလဲဆိုတာ မင်းသေသေ ချာချာ သိအောင် ပြောပြပါ့မယ်။ မင်း မေးသင့်တဲ့အချိန် က ဒီထက်နည်းနည်းစောရင်တော့ ငါက အနိုင်နဲ့ပိုင်းပြီး အေး... ဟုတ်တယ်လို့ ဖြေမိမှာပဲ။ ပြီးတော့ ငါက မင်းကို ခြိမ်းခြောက်မယ်။ ငါဖြစ်စေချင်တာကို တောင်းဆိုမယ်။ မင်းဆက်ပြီး မိုက်နေဦးမယ်ဆိုရင် ငါက ငါလိုချင်တဲ့ မိသားစု ဘဝကို ပေးနိုင်မဲ့ နောက်မိန်းမတစ်ယောက် ယူတော့မယ်ဆိုပြီး အကြွပ်ကိုင်လို့ သိပ်ကောင်းပေါ့ကွာ.."

ဟု နာနာကြည်းကြည်းအသံဖြင့် တုံ့ပြန်သေးသည်။ ဟင် - ဘာတွေလဲကွယ်။ ပါရမီ့ကို ဒီစကားတွေနဲ့ ခြိမ်းခြောက်ဖို့ လိုတော့ဘူးဆိုတဲ့ သဘောလား။ ဘာဖြစ်လို့ မလိုတော့တာလဲ ဟူ၍ ခက်ခက်ခဲခဲ တွေးနေမိပြန်သည်။ မောင်သည် ပါရမီ့ပခုံး နှစ်ဖက်အား သူ့လက်ဖဝါးတို့ဖြင့် ဆုပ်ကိုင်၍ တစ်ချက်ဖျစ် ညှစ်ကာ ပါရမီ့မျက်ဝန်းထဲသို့ တည့်တည့်စိုက်ကြည့်ပြီး ခပ်မဲ့မဲ့ပြုံး သေး၏။

အို - ရင်မောရတဲ့အဖြစ်တွေပဲကွယ်။

"မင်းနိုင်သွားပြီ ပါရမီ။ ငါက ဒီစကားတွေနဲ့ ခြိမ်းခြောက် ခွင့်မရအောင် မင်းရဲ့ အနိုင်ကို ထိန်းထားနိုင်ဖို့ ငါ့ရဲ့ အခွံ

စေတနာစာပေ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

တို တောင်းဆိုခဲ့လို့ ငါက မင်းကို အနိုင်ပေးလိုက်ရပြီ။ မင်းဟာ တော်တော်ကံကောင်းတဲ့ မိန်းမပါ။ မင်းရဲ့အနိုင် တစ်ခုအတွက် မင်းကိုယ်တိုင် တောင်းဆိုစရာမလိုဘဲ အစားလာတောင်းဆိုတာကို ငါဟာ ကျေကျေနပ်နပ် လက်ခံ လိုက်ရလို့ မင်းနိုင်သွားခဲ့ပြီ၊ ဒါကြောင့် မင်းမေးတဲ့ အချိန် သိပ်နောက်ကျခဲ့ပြီလို့ ငါဝေဖန်တာပဲ။ ဒီနေ့ပဲ ဟုတ်တယ်။ ဒီနေ့ပဲ ငါ့ရဲ့ အကြံအစည်တွေ အားလုံးကို ငါကိုယ်တိုင် ကျေကျေ နပ်နပ် ရိုက်ချိုးပစ်လိုက်တာပေါ့ ပါရမီ... ”

ဘယ်သူလဲ။ ဘယ်သူက ပါရမီ့ကိုယ်စား မောင့်ကို နှောင်နဲ့ ဖာတ်လမ်းတွေရပ်ဖို့ လာအမိန့်ပေးခဲ့သလဲ။ ဖေဖေလား မေမေလား။ ဒါမှမဟုတ် မောင့် မေမေရော။ တစ်ယောက် ယောက်ပဲ ဖြစ်မည်ဟု ပါရမီက လျှောက်စဉ်းစားကြည့်၏။ ပါရမီက မိုက်မဲစွာ မေးမိသည့် ကိုယ့်စီရင်ချက်ကို ကိုယ်ချမှတ် လိုက်သူ ဖြစ်သွားခဲ့တော့သည်။

“ဘယ်သူက မောင့်ကို နှောင်နဲ့ကိစ္စ ဒီမှာတင်ဖြတ်ပစ်ဖို့ လာတောင်းဆိုတာလဲ။ ဖေဖေနဲ့ မေမေ တစ်ယောက် ယောက်ပဲ မဟုတ်လား... ”

“မဟုတ်ဘူး... မင်းရဲ့ညီမအရင်း စမ်းရေကလေးပဲ...



မောင်က ထိုနာမည်ကို ရေရွတ်ရာ၌ တကယ့်ကို ခြတ်နိုးခြင်းအတိဖြင့် ရေရွတ်လိုက်ခြင်းဖြစ်ကြောင်း နူးညံ့သော မောင့်လေသံများက ညွှန်ပြ၏။ ဟင် - စမ်းရေကလေးနဲ့ မောင် တွေ့ကြသတဲ့။ မောင့်ကို စမ်းရေကလေးက ပါရမီ့အစား တောင်း ခံသတဲ့။ မောင်က စမ်းရေကလေးကြောင့်ပဲ ပါရမီနဲ့ သူ့ရဲ့ ဆန္ဒ ပြိုင်ဆိုင်မှုကို အရှုံးပေးလိုက်သတဲ့။ အို - မယုံနိုင်စရာပင် ကောင်းသေးတော့။

“စမ်းရေကလေးနဲ့ မနေ့က မျက်နှာချင်းဆိုင် ဆုံကြတယ်။ အဲ့ဒီလိုဆုံဖို့အတွက် မင်းညီမက ငါနဲ့နှောင်နောက်ကို နောက်ယောင်ခံလိုက်တယ်။ ပြီးတော့ ငါ့ကို ဒုက္ခပေးရ အောင် မတော်တဆ မျက်နှာချင်းဆိုင်တဲ့ဟန်မျိုးနဲ့ ဖန်တီး တယ်။ ပြီးတော့ ငါ့ကို မင်းအစား မင်းဘက်ကရပ်တည်ပြီး အမိန့်တွေ၊ တောင်းဆိုမှုတွေနဲ့ ရင်ဆိုင်လေရဲ့။ ပြီးတော့ ကတိတွေ တစ်လှေကြီးပေးအောင်လဲ ချုပ်နှောင်ခဲ့တယ်။ ငါကလဲ ကျေကျေနပ်နပ်ကို ကတိတွေပေးပြီး စမ်းရေ ကလေးကို အရှုံးပေးလိုက်ရခြင်းဟာ မင်း ငါ့ကို အလိုလို အနိုင်ရသွားစေတယ် ပါရမီ။ မင်းသိပ်ကံကောင်းလွန်းနေ တယ်... ”

“ဘာပြောတယ် မောင်က စမ်းရေကလေးကို ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com

တဲ့ တတိကြောင့် နှောင်နဲ့ကိစ္စကို ရပ်ပစ်တော့မယ်ပေါ့။ နေစမ်းပါဦး၊ စမ်းရေရဲ့အမိန့်တွေကျတော့ မောင်ဘာလို့ နာခံချင်ရသလဲ။ ကျေကျေနပ်နပ်ဆိုတဲ့စကား မောင် ဘာဖြစ်လို့ သုံးသလဲ၊ ပါရမီသာ အမိန့်ပေးမယ်ဆိုရင် မောင်က အပေးအယူသဘောမျိုးနဲ့ ပြိုင်ဆိုင်မယ်လို့ ပါရမီ ယူဆတယ်... ”

“ဟုတ်တယ်လေ... ငါ့ကို နှောင်နဲ့အဆက်ဖြတ်ပြီး မင်းကို ကြင်ကြင်နာနာလက်တွဲဖို့ စမ်းကလေးက အမိန့်ပေးခဲ့ ငါက ကျေကျေနပ်နပ် လက်ခံတယ်လေ။ ဘာဖြစ်သ မင်းက စမ်းရေကလေးထက် အရင်စောပြီး အမိန့်ပေးရင်တော့ ငါက ဒီလိုလက်ခံမယ် မထင်ဘူး ပါရမီ။ ကဲ... ဘာဖြစ်လို့လဲလို့ မင်းမေးလေ၊ မေးလိုက်စမ်းပါ။ ငါ သိပ်ဖြေချင်နေတယ်... ”

ပါရမီသည် သွေးကြောတွေ ပေါက်ထွက်တော့မည် အလား၊ သွေးတွေ တဖြင်းဖြင်း တိုးဝင်လာသည်ဟု ခံစားနေ သည်။ နားထင်တွေထဲမှာ ဒိုင်းဒိုင်းနှင့် ဆောင့်တိုးတာများခေါင်း တစ်ခုလုံး ပေါက်ကွဲသွားတော့မလိုဘဲ။ လည်ချောင်းတွေထဲမှာ နာကျင်နေပြန်သည်။ လက်သီးကို ကျစ်ကျစ်ဆုပ်ထားသည့် လက် ဖဝါးထဲတွင် ချွေးစေးများဖြင့် စိုရွှဲနေပေမယ့် အေးစက်နေဆဲ

စေတနာစာပေ





ဟင့်အင်း။ မကြားချင်ဘူး။ စမ်းရေကလေးကြောင့် ဆိုတဲ့ မောင့်ရဲ့ ဝန်ခံစကားကိုမှ မကြားချင်ခဲ့တာကွယ်။ မောင်က ပါရမီ့ကို ချစ်ပါတယ်။ ပါရမီ့ကိုချစ်လို့ မောင် လက်ထပ်ခဲ့တာလေ။ ပါရမီဆိုးမှန်းသိရက် မောင်ခွင့်လွှတ် လက်ခံခဲ့တာလေ။ စမ်းရေ ကလေးကို မောင်လုံးဝမချစ်ခဲ့ပါဘူးဟု ပါရမီက အတ္တကြီးနေ ဆဲတည်း။

“မင်း မမေးရဲဘူး မဟုတ်လား။ အေးလေ၊ မင်းက ညီမ တစ်ယောက်လုံးကိုတောင်မှ အနိုင်ယူရဲမှတော့ ငါ့ကိုလဲ အနိုင်ပိုင်းရဲမှာပေါ့၊ ဒီလို မင်းမမေးတဲ့အတွက် ငါကလဲ ဖြေချင်တာတောင် ဖြေခွင့် မရှိတော့ဘူး။ ကဲ... ဒါဆိုမင်း နိုင်သွားပြီ မဟုတ်လား... ”

အနှစ်နှစ်အလလက ကိုယ့်ကိုကိုယ်မောင့်အချစ်ကို ထားသူအဖြစ် ကျေနပ်ထားသမျှတွေ ပြိုကျပျက်စီးသွားသည့် မှာ။ ကောင်းပြီ မောင်။ ပါရမီက မောင့်ကို အနိုင်နဲ့မပိုင်းပါဘူး၊ မောင် သိပ်မေးစေချင်ရင် မေးမယ်။

“သိပ်မေးစေချင်သလား... မောင်။ ကဲ... မေးတယ်၊ မေး တယ်။ ဘာဖြစ်လို့ မောင်က စမ်းရေရဲ့ စကားကိုမှ နားထောင်ခဲ့သလဲ။ ပြောလေ... ပြောလိုက်စမ်းပါ။ မောင် သိပ်ပြောချင်နေတဲ့ စကားကြီးကို ပါရမီ နားထောင်နေ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်… ”

မော်ကွန်းသည် တော်တော့်ကို စိတ်ဓာတ်မာကြော၍ မာနကြီးသည့် ပါရမီ့ကို ထပ်ပြီး မအံ့ဩတော့ချေ။ သူမတို့သူတာ တစ်သက်လုံး အရှုံးပေးရသမျှ ဒီစကားတစ်ခွန်းနဲ့ အနိုင်ပိုင်းချင်သားပင်။ ဒါမှ ဒီမိန်းမဟာ ငါနဲ့လက်ထပ်ရတော့မဲ့ဘဝ တစ်လျှောက်လုံး တမြွေမြွေ ခံစားသွားရမှာ။ ကိုယ်ကိုကိုယ်အထင်ကြီးသမျှတွေ အရှက်ရသွားတော့မှာ။

ခွင့်လွှတ်ပါ စမ်းရေကလေး။ မင်းရဲ့ မမကို မင်းရဲ့ဆန္ဒအတိုင်း တစ်သက်လုံး ခွင့်လွှတ်ပြီး စောင့်ရှောက်ပါ့မယ်။ သို့သော် သူ့အတွက် အချစ်ဆိုတာ ငါ့ဆီမှာ တစ်ခါမှ ရှိမနေခဲ့ဘူး။ ငါ့ရဲ့အချစ်တွေအားလုံး မင်းအတွက်ပဲဆိုတာတော့ ပြောခွင့်ရချင်သေးတယ် စမ်းရေကလေး။

မော်ကွန်းသည် အေးစက်စက်စိုက်ကြည့်ရင်း ပါရမီ့ အတွက် စီရင်ချက်တစ်ခုကို ချမှတ်ပေးလိုက်၏။

“မင်းရဲ့ ဦးနှောက်ထဲမှာရော အသိစိတ်မှာရော နှလုံးသားမှာရော စွဲစွဲမြဲမြဲ မှတ်ထား ပါရမီ။ ငါဟာ မင်းကိုဘယ်တုန်းကမှ မချစ်မိခဲ့ဘူး။ မင်းရဲ့အလှကို ခဏတာငေးလိုက်မိတဲ့အတွက် ငါ့ဘဝတစ်ခုလုံး ပြောင်းလဲပစ်လိုက်ရတာပဲ။ ငါ့ရဲ့ နှလုံးသားကို စတေးပစ်လိုက်ရတော့တာပဲ။ တကယ်တော့ မင်းက မင်းရဲ့လက်သုံးစကားအတိုင်း ဖြစ်ချင်တာကို မရမကဖြစ်အောင် လုပ်ယူတယ်ဆိုတဲ့ အတ္တတစ်ခုကြောင့် အနိုင်ယူခဲ့သမျှ ငါနဲ့ စမ်းရေကလေးက အရှုံးပေးလိုက်ရတာပေါ့ ပါရမီ။ ငါ့နှလုံးသားထဲမှာ ပထမဆုံးထည့်ထားပြီးတဲ့ စမ်းရေကလေးရဲ့နေရာကို ဘယ်မိန်းမကိုမှ ထပ်ပေးဖို့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ဘူး… ”

“ဩော်… ဩော်။ ဒါဆိုရင် နောက်ထပ်ဆက်တဲ့ ဇာတ်လမ်းတစ်ပုဒ်က စာရေးဆရာမော်ကွန်းနဲ့ သူ့ဝတ္ထုမျက်နှာဖုံးကို ပန်းချီဆွဲပေးရတဲ့ ပန်းချီဆရာမကလေး စမ်းရေတို့ရဲ့ ဇာတ်လမ်းပေါ့။ အင်း.. ပါရမီဟာ တော်တော့်ကို ရယ်ရတဲ့ မိန်းမပဲနော်။ ‘ကိုယ့်ယောက်ျားကို ကိုယ့်ဘက်ပါအောင် ပြန်စည်းရုံးဖို့ ဒီတစ်ခါ ပြိုင်ရမှာက ညီမအရင်းနဲ့တဲ့။ ရယ်ပဲ ရယ်ရသေး၊ ယောက်ျားတစ်ယောက်ကြောင့် ညီအစ်မနှစ်ယောက်ကလင်လုဖက်တွေဖြစ်ကြရဦးမှာပဲ”

မော်ကွန်းသည် ပါရမီ့ထံမှ ရင့်သီးသော စကားများအတွက် ဒေါသတကြီး လက်ပြန်ရိုက်ချမိတော့၏။ ရုတ်တရက်မို့ ထူပူပြီး ကိုယ့်ကိုကိုယ် ဘာလုပ်လိုက်မိမှန်း မသိသော်လည်း အိပ်ရာပေါ်သို့ ပြုတ်ကျသွားသည့် ပါရမီ့ကို မြင်လိုက်စဉ်မှာ မှားသွားပြီဟု နောင်တရခဲ့လေသည်။ သူ့ရဲ့မိုက်မဲမှုကြောင့် ပြ[illegible]

www.burmeseclassic.com

သည့် စမ်းရေကလေးကို ထိပ်ပါးပြောဆိုခဲ့ရပြီ။ ပြီးတော့ မိန်းမသား တစ်ယောက်ရဲ့ အသားကို နာကျင်အောင် ရိုက်နှက်ခဲ့မိပြီ။ အို- သူဟာ အမှားတွေကို နောက်ထပ်ကျူးလွန်မိနေတော့တာပဲ။

"ဆောရီး ပါရမီ။ ငါ မှားသွားပြီ.. "

"ရှင်ထွက်သွားစမ်း.., ပါရမီ့အသားကိုနာကျင်အောင်လုပ် တဲ့အတွက် ရှင့်ကို သေတဲ့အထိ မကျေဘူး... "

ပါရမီသည် ချစ်ခြင်းအတိဖြင့် တည်ဆောက်ထား ခဲ့သည့် သူမ၏ ကမ္ဘာတစ်ခုကို မုန်းတီးသွားခဲ့ပါသည်။ ထိုနေ့၏ နောက်ပိုင်း နေ့ရက်များတွင် မော်ကွန်းနှင့် ပါရမီတို့၏ အိမ် ကလေးသည် ခြောက်သွေ့နေတတ်သည်။ တိတ်ဆိတ်အေးစက် နေသည်။ ငြိမ်သက်မှု ပကတိပြီးနေခဲ့သည်။

အိမ်ကလေးအတွင်းမှာလဲ တစ်ယောက်ကို တစ် ယောက် အေးစက်သော စိန်ခေါ်သော၊ အညှိုးကြီးသော၊ အမုန်း ပွားနေသော အကြည့်များဖြင့် စစ်အေးတိုက်ပွဲ ဆင်နွှဲနေသည့် လူသားနှစ်ယောက်ကို တွေ့နိုင်ပါသည်။

-----❀-----

# (၂)

ပါရမီသည် ရှေ့ဆက်ရမည့် ဘဝခရီးကို တော် တော်ပင် စိတ်ပျက်မိသည်။ မောင့်ကို ပါရမီက သိပ်ချစ်ပြီးပါရမီ့ ကိုတော့ မောင်က မချစ်ခဲ့ဘူးဆိုတာအားသိရင်း ဖြတ်သန်းရမည့် ဘဝတစ်ခုကို ပါရမီ မုန်းတီးနေရပြီ။ မောင့်ကိုလဲ နာကြည်းနေရ ပြီ။ မောင်ဟာ ပါရမီ့လို လှပတဲ့ မိန်းမတစ်ယောက်ကို စမ်းရေ

www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ယှဉ်ပြီး တစ်ခါမှ မချစ်ခဲ့ပါဘူးဟု တမင်အနိုင်ယူ ပြောတာ လို့ ပါရမီ သတ်မှတ်ယူဆပစ်ချင်သားကွယ်။ သို့သော် - ဒါဟာ မောင် တကယ်ပြောခဲ့တာဟူ၍ အလိုလိုသိနေသည့်အခါ ထိုယူဆချက်က အလိုလို လွင့်ပြယ်သွားပြန်စမြဲ။

တစ်ခါတစ်လေ စိတ်ညစ်လွန်း၍ ကိုယ့်ကိုကိုယ် အဆိပ်သောက်သေပစ်ချင်သည်အထိ စိတ်ကူးမိတာတွေလဲ မကြာခဏပဲ။ ပြီးတော့ - မောင့်ကိုလဲ သတ်ပစ်ချင်သည်။ စမ်းရေကလေး ကိုလဲ မောင့်အချစ်တွေ ပိုင်ဆိုင်ထားရသူဖြစ်၍ သတ်ပစ်ချင် သည်။

တကယ်လို့ ပါရမီက ကိုယ့်ကိုကိုယ် သတ်သေသွား တယ်ပဲ ဆိုပါစို့။ ဒါဆို လူ့လောကမှာ ကျန်ခဲ့တဲ့ မောင်နဲ့ စမ်းရေ ကလေးတို့က ပျော်ပျော်ကြီး လက်တွဲတော့မှာ။ ပါရမီဟာ အားလုံး ကို အရှုံးပေးပြီး ထွက်သွားရပြီလို့ လှောင်ပြောင်ကြတော့မှာ ဖြစ်သည်။ မောင့်ကိုသတ်ပြီး ပါရမီက ထောင်တစ်သက်တစ်ကျွန်း

စံမြန်းရမည့် အဖြစ်ကိုလဲ ရင်မဆိုင်ရဲပေ။ ထို့အတူစမ်းရေကလေး ကို သတ်လိုက်ရင်လဲ ပါရမီက အဲ့ဒီလို ဖြစ်ဒဏ်မျိုးနဲ့ ရင်ဆိုင်ရ မှာ မလွဲ။

သို့သော် ပါရမီသည် သူမ မပျော်ရသလို စိတ်ဆင်း ရဲရသလို အားလုံးလဲ စိတ်ဆင်းရဲစေချင်သည်။ ဒုက္ခတွေ ပေးပစ် ချင်သည်။ သူတို့ဘာသာ တည်ငြိမ်နေတဲ့ ဘဝတွေကို ကြည့်မရ ဖြစ်နေမိသည်။ ပါရမီ့လို သူတို့ ဘာကြောင့် စိတ်မဆင်းရဲသလဲ ဆိုပြီး မနာလိုချင်ပါ။

အထူးသဖြင့် အခုနောက်ပိုင်းမှာ ပါရမီ့ကို အနိုင် ယူပြီး၍ တည်ငြိမ်အေးဆေးနေသည့် မောင့်ကိုဒုက္ခပေးချင်သည်။ မောင့်အချစ်တွေကို သူပိုင်ဆိုင်ပြီးမှန်းသိ၍ ပါရမီ့တို့ ကွယ်ရာမှာ ကျိတ်ဟားနေလိမ့်မည့် စမ်းရေကလေးကိုလဲ ဒုက္ခပေးရမည်။ ပါရမီ့ကို တစ်သက်လုံး မုန်းနေမည့် မောင့်မေမေ ဒေါ်ယဉ်ယဉ် ကိုလဲ ဒုက္ခပေးရမည်။

ကောင်းပြီ။ ဒါဆိုရင် ပါရမီဟာ အမြဲအနိုင်ရနေ

စေတနာစာပေ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

သည်ဟု မောင်စွပ်စွဲသည်နှင့်အညီ၊ မောင်တို့ကို ထပ်ပြီး အနိုင်ယူပြ လိုက်ဦးမယ်ဟူ၍ ကြိမ်းဝါးကာ ပါရမီသည် လျှို့ဝှက်နက်နဲသည့် အကြံအစည်တစ်ခုကို မိုက်မိုက်မဲမဲ ချပစ်လိုက်သည်။

စမ်းရေကလေး ငိုပေတော့။

ဒေါ်ယဉ်ယဉ် ငိုပေတော့။



## (၃)

"နှင် ဒီတစ်ခေါက် ရန်ကုန်ဆင်းရင် ငါ့ဆီကို တစ်ခေါက်ဝင်ပါဦးဟယ်၊ ငါတို့ညီအစ်မ မတွေ့ရတာကြာလှပြီ။ ငါလဲဒီမှာ အရမ်းစိတ်ချမ်းသာ နေရတာပေမယ့် ကိုယ့်ညီမလေးကို မတွေ့ရတာကြာတော့ လွမ်းမိတယ်။ ဖေဖေနဲ့ မေမေက လာပေမယ့် နှင်က တစ်ခေါက်မှ မလာဘူး။ ငါ့ကို စိတ်ဆိုးနေတာလား၊ စိတ်ဆိုးနေရင်လဲ စိတ်ပြေပါတော့ဟာ။ ငါတောင်းပန်ပါ့မယ်။ ဒီတစ်ခါတော့ ဆက်ဆက်လာဖြစ် အောင်လာပါ စမ်းရေ။ မမ မျှော်နေမယ်၊ မေမေ့ကိုလဲ နှင်ရန်ကုန်ဆင်းမဲ့ရက် ငါမေးထားပြီးပြီ၊



www.burmeseclassic.com

www.burmeseclassic.com

နင်ဒီတစ်ခါ မငြင်း နဲ့... ”

“ဟုတ်ကဲ့ မမ... စမ်းရေဝင်ခဲ့ပါ့မယ်... ”

ပါရမီသည် ထိုသို့ စမ်းရေထံ မကြာခဏ ဖုန်းဆက်၍ သူမ၏ အကြံအစည်ဖြစ်မြောက်ရန်အတွက် ဖန်တီးယူတော့သည်။ စမ်းရေကလေးက ဘာမှမသိ။ မမအဆင်ပြေနေပြီဟု ကျေနပ်ပီတိဖြစ်ကာ နှလုံးသားတစ်နေရာက နာကျင်မှုကို တမင် မေ့ပစ်နေလေပြီ။

အင်း - ခဏ ခဏငြင်းရင် မကောင်းဘူး။ မမ ရိပ်မိသွားလိမ့်မယ်။ ဆရာနဲ့ မမအဆင်ပြေနေတာလေး ပျက်စီး သွားမယ်။ ဘာပဲဖြစ်ဖြစ် ခဏတော့ ဝင်လည်မှပါ။ အားလုံးတို့ အကောင်းဆုံးဖြစ်စေချင်တဲ့ ဆန္ဒဖြင့် စမ်းရေကလေးသည် သူမ၏ မမထံ ဒီတစ်ခါသွားလည်ဖို့ ဆုံးဖြတ်လေသည်။

အဲ့ဒီအထိပါပဲ။ တကယ့်ကို ယုံယုံကြည်ကြည်နဲ့ မမရဲ့ စကားတွေမှာ စမ်းရေရဲ့ မာနတွေ မြုပ်နှံလိုက်တော့တာ ပေါ့။

ရန်ကုန်ရောက်သည်အခါ ထုံးစံအတိုင်းဝင် သူငယ်ချင်းမ၏အိမ်တွင် တည်းခဲ့ပါသည်။ နောက်တစ်နေ့မှာ



တော့ မမထံ ကြိုတင်ဖုန်းဆက်ပြီး စမ်းရေလာလည်မည်ဟူ၍ တောင် အသိပေးခဲ့သေး။ မမ၏ အသံက ကျေနပ်တက်ကြွနေ လိုက်တာ။

“ဝမ်းသာလိုက်တာ စမ်းရေရယ်၊ ငါ့မှာ မေမေ မနေ့က ဖုန်းဆက်ထားကတည်းက နင်ရန်ကုန်ရောက်နေပြီမှန်း သိပေမယ့်၊ ငါ့ဆီလာမှ လည်ပါ့မလားလို့ ငါ့ညီမက မာနခပ်ကြီးကြီးရယ်... ”

“ညီအစ်မချင်း မာနမထားတတ်ပါဘူး မမရဲ့... ”

“အေး... အေး။ ကောင်းပြီ ဒါဆို အခုလာခဲ့၊ နင့်ကို ငါတို့ အိမ်မှာ မနက်စာကျွေးမလို့... ”

အံမယ်၊ မမ ထူးထူးဆန်းဆန်း ထမင်းတွေ ဘာ တွေ ဖိတ်ကျွေးနေပါလား။ စမ်းရေကလေးက ပြောင်းလဲသွား သည့် မမကို အံ့ဩလို့မဆုံးတော့။

စမ်းရေကလေး ရောက်သွားချိန်၌ ဆရာက အိပ်ရာက အခုမှ နိုးပုံရသည်။ ကြည့်စမ်း။ ဆယ်နာရီတောင်ရှိပြီ၊ ဆရာ ညကစာတွေ အကြာကြီးထိုင်ရေးသလား။ စမ်းရေကလေး မျက်လုံးကလေးလှန်ကြည့်ရုံဖြင့် ဆရာ နားလည်နေပြန်၏၊

www.burmeseclassic.com

"ညက စာထိုင်ရေးနေလို့ ညဥ့်နက်သွားတော့ အခုမှ နိုးတယ် စမ်းရေရဲ့... "

"မောင်ကသာ အခုမှထနော်။ ဒီမှာထမင်းစားဖိတ်ထားတဲ့ ညော့်သည်တောင် ရောက်နေပြီ။ ပါရမီတို့နဲ့ ထမင်းတစ်ခါတည်း ဝင်စားလိုက်တော့နော်။ ပြီးမှ မောင်ကော်ဖီသောက်တော့... "

"အင်းလေ။ ပါရမီသဘောပဲပေါ့.. "

ပါရမီသည် အားလုံး သူ့နေရာနှင့်သူ အကွက်ကျကျ လည်ပတ်နေ၍ ကျိတ်ပြုံးမိသည်။ ကဲ-တစ်ယောက်မျက်နှာ တစ်ယောက်ခိုးကြည့်ပြီး ထမင်းလက်ဆုံစားဖြစ်အောင် စားလိုက်ကြဦးပေါ့။ ပါရမီက အကြံနှင့်လူတစ်ယောက်ဖြစ်၍ ခါတိုင်းထက် ပိုသွက်နေပြန်သေးသည်။

မောင်က ဒီရက်ပိုင်းတွေမှာ သူ့ကို စစ်ပြန်ငြိမ်းနေသော ပါရမီ့ကို အရင်က ကိစ္စတွေကို မေ့လိုက်ပြီးသည့် ပုံစံနှင့် ပါရမီ့ကို ဘာတစ်ခုမှ သံသယဝင်ဟန်မပြ။ အရင်က ရန်ပွဲကိုလည်း ပြန်ပြီး အစမဖော်ဘဲ မောင် ကိုယ်တိုင်လဲ တမင်မေ့ပစ်နေပုံရ သည်။ အို - စိတ်ချ။ ပါရမီဟာ နောက်ဆို ဘယ်တော့မှ

ခေတ္တနားခါပေ



မောင်ဟာ ဒီအဖြစ်အပျက်တွေကို အစမဖော်စေချင်တော့ဘူး အစ ဖော်ခွင့်လဲ မပေးတော့ဘူး။ မောင် ဘယ်တော့မှ ပါရမီ့ကြောင့် ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ အကြောင်း မပြောစေချင်တော့ဘူးကွယ်။

"ဆရာ့ နောက်ဝတ္ထုအတွက် ပုံတွေတောင် စမ်းရေအပြီးသတ်တော့မယ်။ ဒီတစ်တော်တော်ကြာကြာ ဆွဲလိုက်ရတယ်။ စမ်းရေ လောဘကြီးပြီး အလုပ်လက်ခံတာ များသွားတာနဲ့ မျက်လုံးပြူးအောင် ထိုင်လုပ်ရတော့တာပဲ..."

မောင်က ခပ်ငြိမ်ငြိမ်ပြုံး၏။ ပါရမီက သွက်သွက်သက်လက်နှင့်ပင်-

"ဘာပဲဖြစ်ဖြစ် ကိုယ့်အစ်ကိုရဲ့ ကိစ္စကိုတော့ ဦးစားပေးရမှာပဲနော်။ စမ်းရေ.. ညည်းအစ်ကိုရှာသမျှပိုက်ဆံ ညည်းအစ်မ သုံးဖို့လေ... "

"အင်း... ဟုတ်တယ်.: ဟုတ်တယ်။ မမဖြုန်းဖို့ ဆရာက များများရေး။ စာအုပ်တွေမြန်မြန်ထုတ်နိုင်အောင် စမ်းရေက ပုံတွေ အလျဉ်မီအောင် ဆွဲရမှာပေါ့.. "

မော်ကွန်းသည် တမင်အနိုင်ပိုင်းပြောလိုက်သည်

ခေတ္တနားခါပေ

www.burmeseclassic.com

www.burmeseclassic.com

ပါရမီ့စကားအတွက် စမ်းရေကလေးကို အားနာသွားရသော်လည်း အင်မတန်မှ ခွင့်လွှတ်နိုင်သည့် မိန်းကလေးကတော့ သူ့အစ်မ၏ စကားကို ရယ်ကျဲကျဲတုံ့ပြန်တာသာ ကြည့်ပေတော့။ ပါရမီဟာ တော်တော့်ကို အနိုင်ယူတတ်ဆဲပဲ။ စမ်းရေကလေးကို တမင်ခေါ်ပြီး နှိပ်စက်တာဖြစ်မယ်။ ပြောနိုင်တာမှတ်လို့။ ပါရမီဟာ ညီမရယ်ဆိုပြီး မညှာတာတတ်တဲ့ မိန်းမပဲ။

နောက်ပြီး - ပါရမီဟာ ဒီနေ့မှာ ပိုပြီး တက်ကြွနေသလိုပဲ။ တစ်ခုခုအတွက် လိုအင်ဆန္ဒတွေ ပြည့်ရတော့မှာမို့ တက်ကြွနေသလိုမျိုး ဖြစ်နေခဲ့တာ သူရိပ်မိနေပြန်သည်။

သူ - ထင်တာကတော့ ပါရမီဟာ သူကိုယ်တိုင် ဝန်ခံဖွင့်ဟပြောတဲ့အထိတောင်မြတ်နိုးနေမိသည့်စမ်းရေကလေးအား တမင်ခေါ်၍ နှိပ်စက်ခြင်းနှင့် သူ့ရှေ့မှာ စမ်းရေကလေးအား စိတ်ဒုက္ခခံစားရအောင် စကားလုံးမြှားတွေနဲ့ အနိုင်ယူပြကာ သူ့နှလုံးသားကို ဆုပ်ခြေ၍ သူပြောခဲ့သည့် စကားတွေအတွက် ကလဲ့စားခြေခြင်းကို ပါရမီ ဖန်တီးသည်ဟူ၍ပင်။ ဒီထက်ပို၍ ဘာများမှန်နိုင်တာရှိဦးမလဲ။

"စမ်းရေ.. ထပ်ယူဦးလေ... "

ခေတ္တနားပါခေ



"ဟင့်အင်း.. တော်ပြီ မမ။ မမကိုရော ဆရာ့ကိုရော နံနက်စာအတွက် ကျေးဇူးတင်ပါတယ်... "

ပါရမီက တစ်စုံတစ်ခုကို တွေးတောရင်း ကျေကျေနပ်နပ်ပြုံးလေသည်။ ဒါကို မော်ကွန်း မြင်ဖြစ်အောင် မြင်လိုက်ပေမယ့် ဘာကိုတွေးပြီး ပြုံးသလဲလို့တော့ ထပ်ပြီးမတွေးကြည့်ချင်တော့ပေ။ စမ်းရေကလေး၏ ကျေးဇူးတင်ပါတယ်ဟူသော စကားတစ်ခွန်းအတွက် နှလုံးသားက မွမွကြေချင်နေခဲ့ပြီ။

"မောင် စာသွားရေးတော့မလား.. "

အမှန်တော့ ပါရမီ၏ စကားလုံးတိုင်းအတွက် သူက စမ်းရေကလေးအား ကြားထဲက သနားနေရ၍ ဒီနေရာက မြန်မြန်ရှောင်တာ ဖြစ်ပါသည်။ ဒါပေမယ့် ပါရမီ မေးသည့်အတိုင်းပင်။

"ဟုတ်တယ်... ပါရမီ ဘာလုပ်မလို့လဲ... "

"ကော်ဖီသောက်သွားဦးလေ။ ပါရမီ ဖျော်ပေးမယ်... "

"ဖျော်ပြီး အခန်းထဲလာပို့လိုက်ကွာ... "

ဒီနေရာက မြန်မြန်ထွက်သွားဖို့ စာမရေးချင်ပေမယ့် စာရေးမည်ဟု အကြောင်းပြလိုက်ခြင်းက အကောင်းဆုံး

ခေတ္တနားပါခေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လိမ့်မည်။

----- ◎ -----

ပါရမီသည် ကြိုတင်ကြံစည်ထားသည့်အတိုင်း မောင့်အတွက် ကော်ဖီဖျော်ဖို့ ပြင်ဆင်၏။ ကော်ဖီမှုန့်ပုလင်းထဲတွင် ကော်ဖီမှုန့်က တစ်ခွက်စာတောင် မရှိတော့ချေ။ အို -တို့ မရှိချေ။ ကော်ဖီမှုန့်မရှိလဲ ဖြစ်တာပဲ၊ ဒါပေမယ့် မောင် သောက်ပါ့မလားမသိ။ သောက်ဖြစ်အောင်တော့ စမ်းရေကလေး တာဝန်ပေးရမှာပဲ။

"ဟင်... ကော်ဖီမှုန့်ကုန်နေပါလား။ ဟိုကောင်မလေးရေ စောစောစီးစီးပြောတာ မဟုတ်ဘူး။ အခု မောင့်အတွက် ကော်ဖီကျကျကလေးတောင် ဖျော်လို့ မရတော့ဘူး။ ကြည့်စမ်း နည်းနည်းလေးဟဲ့... "

"အင်း... ဟုတ်ပါရဲ့နော်။ ဒါဆို ဆရာဘာသောက်မလဲ မမ... "

"ကိစ္စမရှိဘူး... ငါ့ရဲ့တီးမစ်ပဲ ဒီနေ့အတွက် ဖျော်ပေးလိုက်ရမှာပေါ့... "

"ဆရာက ဗိုက်အောင့်တတ်တယ်ဆို... "





"နင် မသိပါဘူး... ငါဖျော်တတ်တယ်။ ဗိုက်မအောင့်စေရဘူး။ နည်းနည်းအရသာပျော့သွားအောင် သကြားနဲ့ နို့ဆီထပ်ထည့်ပြီး ဖျော်လိုက်မှာပေါ့... "

မွန်မကလေး ညီအစ်မက ပန်းကန်တွေ အဝတ်နဲ့ သုတ်ရင်း ပါရမီ ချယ်လှယ်သမျှ လိုက်နာနေသည့် စမ်းရေကလေးအား တီးတိုးလေ့လာကြသည်။ ရန်ဖြစ်သံသဲ့သဲ့တွေထဲမှာ ပါရမီ ညီမ စမ်းရေကြောင့် ဆင်နွှဲရသော ရန်ပွဲတွေကို ကြားဖူးထား၍ပဲ ဖြစ်လေသည်။

"ကဲ... ရော့။ နင်ပဲ မောင့်ဆီသွားပို့ပေးလိုက်ပါဟယ်။ သေသေချာချာလဲပြောဦး။ ဗိုက်မအောင့်အောင် သကြားနဲ့ နို့ဆီ ထပ်ရောပြီး ဖျော်ပေးလိုက်တာလို့။ ကော်ဖီမှုန့် မရှိတော့လို့ ဒီနေ့ လက်ဖက်ရည်ပဲ သောက်လိုက်ပါလို့ ပြောနော်... "

"ဟင်... မမပဲ သွားပို့လိုက်ပါ... "

"ငါက လက်ထရိန် ဝင်ချင်လာလို့ပါ။ စမ်းရေရဲ့... "

အိမ်သာဝင်ချင်၍ဟု အကြောင်းပြတော့ စမ်းရေကလေး ယုံသွားသည်။ မွန်မလေးညီအစ်မကို လှမ်းကြည့်တော့

www.burmeseclassic.com

www.burmeseclassic.com



လဲ သူတို့အလုပ်နဲ့သူတို့ပင် မပြီးဆုံးနိုင်ကြသေး။ အင်းလေ မထူးပါဘူး။ မမတောင် စိတ်ထဲမှာ ဘာမှမရှိဘဲ ငါ့ကို ခိုင်းမှတော့ ငါလဲ စိတ်ရဲရဲနဲ့ လုပ်ပေးနိုင်ရမှာပေါ့။ လက်ဖက်ရည်ခွက် သွားပို့ရုံ ကလေးနဲ့တော့ ဘယ်သူမှ သံသယဝင်နိုင်စရာ မရှိပါဘူး။ နောက် ပြီး ငါနဲ့ ဆရာတွေ့ဆုံဆွေးနွေးဖူးကြတဲ့ တစ်ခါတစ်ရံလေးကို မမသိပုံမရ။

စမ်းရေကလေးသည် သူမ၏ စိတ်ရင်းအတိုင်းဝင် ဖြူစင်နေလျက် လက်ဖက်ရည်ခွက် ထည့်ထားသည့် ဗန်းကလေး ကို လက်နှစ်ဖက်ဖြင့် ကောက်ကိုင်လိုက်သည်။ အိမ်သာထဲဝင်ဟန် ပြဖို့ အိမ်သာဘက်လျှောက်လာခဲ့သည့် ပါရမီမှာ ခုနတုန်းက တီးမစ်ခွက်ထဲသို့ နောက်ထပ်ရောထည့်သော သကြားနဲ့ နို့ဆီတို့ အပြင် ဘယ်သူမှ မမြင်အောင် ခပ်မြန်မြန် ထပ်ထည့်လိုက်ရသော ဆေးမှုန့်များ ထည့်ထားသည့် စက္ကူအိတ်ကလေးအား အလွယ် တကူပင်သူမဝတ်ထားသည့်အင်္ကျီဖြူလွလွကလေးရဲ့ဘလောက်စ် အိတ်ကပ်ထဲထည့်ရင်း ကျေကျေနပ်နပ် ပြုံးလိုက်ပါ သည်။

အဲ့ဒီဆေးမှုန့်များဟာ အဆိပ်တွေပေါ့။ လူကို သေ စေနိုင်တဲ့ အဆိပ်တွေပဲ။ မောင်ဟာ အဲ့ဒီတီးမစ်ကို စမ်းရေကလေး လာပို့ရတယ်ဆိုတဲ့စိတ်။ စမ်းရေကလေးက 'သောက်ပါ ဆရာ'ဆို



ခပ်ချွဲချွဲပြောခြင်းအား ပီတိဖြစ်သည့် စိတ်တွေနဲ့၊ နောက်ပြီး စမ်းရေကလေးကပဲ ဒီတီးမစ်ရဲ့ အာနိသင်ပျော့သွားအောင် သကြားနဲ့ နို့ဆီထပ်ရောထားပါတယ်လို့ ပြောတာကို သဘော တကျဖြစ်ပြီး စမ်းရေကလေးရှေ့မှာ ချက်ချင်းမြည်းစမ်းကြည့်မှာ သေချာတယ်။

ဘာဖြစ်လို့ သေချာသလဲ သိသလား။ မောင်ဟာ အင်မတန် အားနာတတ်ပြီး သူများစိတ်ကျေနပ်အောင် နည်း နည်း ဖြည့်ဆည်းလိုက်ရမှ ကျေနပ်တဲ့ လူမျိုးပဲ။ ဒါကို ပါရမီ နှစ်ကြိမ် သုံးကြိမ် စမ်းသပ်ကြည့်ပြီးပြီ။ ပါရမီ့ကို အားနာပြီး သူမကြိုက်တဲ့ အစားအစာ မတည့်တဲ့ အစားအစာကိုတောင် လိုက်စားတတ်တဲ့ အထိပဲ။

အဲ့ဒါကြောင့်လေ။ အဲ့ဒါတွေကြောင့်ပဲပေါ့။ စမ်းရေ သွားပို့ တီးမစ်ကို မောင်ဘယ်နည်းနဲ့မဆို သောက်ကို သောက်ဖြစ် မှာမလွဲ။ နည်းနည်း တစ်ငုံလောက်မြည်းလိုက်ရင်တောင် မောင် တော့ အနေးနဲ့အမြန် အဆိပ်မိပြီး သေမှာပဲ။ အို - ဘယ်လောက် ပျော်စရာ ကောင်းသလဲကွယ်။

ကိုယ့်ကို မချစ်နိုင်တဲ့ ယောကျ်ား။ ကိုယ့်အလှတို့

www.burmeseclassic.com

www.burmeseclassic.com



မတာမ်မက်တဲ့ ယောက်ျား၊ ကိုယ့်ကို စိတ်ဒုက္ခပေးတဲ့ ယောက်ျားကို ပါရမီက လူ့လောကထဲမှာ မြင်မှ မမြင်ချင်တော့တာနော်။ သူလဲ သေစေ။ ပြီးတော့ သူ့ရဲ့ ချစ်ခြင်းဟူသမျှကို ရထားတဲ့ စမ်းရေကလေးလဲ ဒုက္ခရောက်။

ဒီတီးမစ်ကို စမ်းရေကလေးသွားပို့ပါတယ်။ လမ်းခုလတ်မှာ သူဟာ ဒီခွက်ထဲကို အဆိပ်ခတ်လိုက်ပါတယ်လို့ ပြောရမယ်။ နေဦး - ဟိုဟာမကလေးနှစ်ယောက်ကို မှာထားရဦးမယ်။ တီးမစ်ထဲကို သကြားနဲ့ နို့ဆီရောတာလဲ မမစမ်းရေပါပဲလို့ လူတွေအားလုံးရှေ့မှာ ပြောဖို့ မှာထားရဦးမယ်။

ကဲ - ဒါဆို အားလုံးက ဘာတွေဆုံးဖြတ်မလဲ။ မော်ကွန်းကို စမ်းရေကလေးက အဆိပ်ခတ်သတ်ပါတယ်ပေါ့။ ပါရမီကလဲ သူအဆိပ်ခတ်လိုက်တာ ကျွန်မ မသက်ာလို့ လိုက်ချောင်းရင်း မြင်ပါတယ်လို့ လုပ်ကြံထွက်ဆိုမယ်လေ။ အို - ပျော်စရာပင် ကောင်းသေးတော့။

ပါရမီတစ်ယောက်ဟာ အားလုံးကို အနိုင်ယူဖြ သွားဖို့ မွေးဖွားလာတဲ့ မိန်းမပဲ။ စမ်းရေကလေးက သိသိကြီးနဲ့ ရက်ရက်စက်စက် ကြံစည်ခံလိုက်ရတဲ့အတွက် ဖဲ့ဩခြင်းကြီးစွာ

ပါ့ကို ကြည့်မယ်။ ပြီးတော့ ထောင်ဒဏ် တစ်သက်တစ်ကျွန်းအစှာ စေဆိုတဲ့ အမိန့်ချမှုမှာ ထိတ်လန့်တကြား ငိုကြွေးရလိမ့်မယ်။ ဒေါ်ယဉ်ယဉ်လဲ သူမရဲ့ တစ်ဦးတည်းသော အချစ်ဆုံးသား ကလေး သေရလို့ အရူးတစ်ပိုင်းဖြစ်ပေတော့။

အားလုံးက စမ်းရေကလေးကို အင်မတန်မှ ရက်စက်တဲ့ပြီး အညီးအတေးကြီးတဲ့ မိန်းမအဖြစ် သတ်မှတ်ကြမည်။ ပါရမီ့ကို သနားကြမည်။

မောင်ဟာ တမလွန်ကနေပြီး ပါရမီ့ကိုပဲ အပြစ်တင်မလား။ စမ်းရေကိုပဲ အပြစ်တင်မလား။ ကြားဖူးတာတစ်ခု တော့ရှိသည်။ အသတ်ခံရတဲ့ လူတွေရဲ့ဝိညာဉ်တွေဟာ သူတို့ကို သတ်တဲ့ တရားခံအစစ်အမှန်ကို သိနေတတ်သတဲ့။

အို - ဒါဆို မောင်က ငါ့ကို အပြစ်တင်မှာပေါ့။ သူ့ရဲ့ အချစ်ကိုတင်မက သူ့ရဲ့အသက်ကိုပါ အနိုင်ယူသွားသည့် ပါရမီ့ကို မောင်တကယ်ပင် အသက်နဲ့ရင်း၍ အရှုံးပေးလိုက်ပြီ ကွယ်။

မောင် ပါရမီက မောင့်အတွက်တော့ အဆိပ်မြင်း သည့် မိန်းမ - မဖြစ်စေရပါဘူး။ ပါရမီ့ကြောင့် မောင် အဆိပ်မသင့်

www.burmeseclassic.com

www.burmeseclassic.com



စေရပါဘူးလို့ တစ်ခါက မိုက်မိုက်မဲမဲပင် တိတ်တဆိတ် အားငယ်ခဲ့ဖူးပါတယ်။ ကျုံး

ဒါပေမယ့် အဲ့ဒါတွေ အချည်းနှီးဖြစ်ခဲ့ပြီ မောင်။ ပါရမီဟာ ပါရမီရဲ့ရာဇဝင်ကို ဘယ်တုန်းကမှ 'ပြောင်းလဲမှု' မလွယ် ကူခဲ့လို့ပါ။

.....◎.....

မော်ကွန်းသည် အခန်းတံခါးအား တွန်းဖွင့်၍ ကြောင့် လှည့်ကြည့်တော့ စတီးဗန်းကလေးကိုင်၍ ရပ်နေသည့် စမ်းရေကလေးအား တွေ့လိုက်ရလေသည်။ သူမက အခန်းဝတွင် ရပ်ကာ-

"ဆရာ့အတွက် မမပို့ခိုင်းလိုက်လို့... "

ဟု ခပ်တိုးတိုးလှမ်းပြောသည်။ ကြည့်စမ်း။ ပါရမီဟာ စမ်းရေကလေးကို အနိုင်ထပ်ယူပြန်ပြီ။ ဒါတမင် ငါ့ကိုရိုတာ စမ်းရေကလေးကို စိတ်ဒုက္ခပေးတာ။

"ဆရာ... ဟို... လာယူလိုက်ပါနော်။ စမ်းရေအခန်းထဲ မဝင်ချင်ဘူး။ ဆရာ့ကို စော်ကားတာတော့ မဟုတ်ပါဘူး ဆရာ။ စမ်းရေရဲ့ ခံစားချက်ကို နားလည်တယ်ဆိုရင်

စေတနာစာပေ



ဒီတစ်ခါကိုတော့ ခွင့်လွှတ်ပေးပါ.. "

"ဟာကွာ... ဒီလောက်တောင်းပန်စရာ မလိုပါဘူး။ ရပါတယ် စမ်းရေကလေးရယ်။ ကဲ... ကဲ ကျွန်တော်လာယူပါ့မယ်... "

သူက စတီးဗန်းကလေးထဲတွင် ထည့်ထားသည့် ခွက်ကို ငုံ့ကြည့်လိုက်၏။

"ဟင်... ဘာတွေလဲ ကော်ဖီမှ မဟုတ်တာ... "

"ကော်ဖီမှုန့်ကုန်နေလို့တဲ့ ဆရာ။ တီးမစ်ကို သကြားနဲ့ နို့ဆီထပ်ရောပြီး မမစီစဉ်လိုက်တာ။ ဆရာသောက်လို့ရပါတယ်တဲ့။ လေမအောင့်စေရပါဘူးတဲ့... "

"စမ်းရေဖျော်ပေးလိုက်တာလား... "

"မဟုတ်ဘူး ဆရာ။ မမဖျော်ပေးလိုက်တာပါ။ စမ်းရေကို ပို့ခိုင်းတာနဲ့... "

မော်ကွန်းသည် လက်ဖက်ရည်ခွက်ကို ငုံ့ကြည့်၏။ ခါတိုင်းဆိုရင်တော့ သူမကြိုက်သည့် အစားအစာပင် ဖြစ်ပါစေ၊ သာပေးရတဲ့သူ ကျေနပ်အောင် စီမံပေးရတဲ့သူ ကျေနပ်အောင် နည်းနည်းဖြစ်ဖြစ် ယူစားပြတတ်စမြဲ။ ဒါပေမယ့် ဒီနေ့တော့

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ စားချင်စိတ်လဲ မရှိချေ။ ဒါကြောင့်ပင်-

"တဲ... ဒါဆိုလဲ ကျွန်တော်ယူထားလိုက်ပါ့မယ်... "

စမ်းရေကလေးသည် သူ့ရှေ့မှ လှစ်ခနဲ ပျောက်ကွယ်သွားတော့၏။ လောကကြီးမှာ ပါရမီဆိုတဲ့ မိန်းမအတွက် အနိုင်တွေ ထပ်ဆင့်နိုင်ဖို့ စမ်းရေကလေးဆိုတဲ့ မိန်းမတစ်ယောက်အား ဖန်တီးပေးလေသလားဟုပင် မော်ကွန်းသည် နာနာကျင်ကျင် တွေးမိခဲ့ပါသည်။

စမ်းရေသည် ဆရာ့စာကြည့်ခန်းဆီမှ ထွက်အလာတွင် အိမ်သာထဲမှ ထွက်လာသည့် ပါရမီနှင့် ဆုံ၏။

"မမ... စမ်းရေ အလုပ်ကိစ္စကလေးရှိသေးလို့ သွားတော့မယ်နော်။ မမ ဘာမှာဦးမလဲ... "

"ဟဲ့... နင်ကလဲ မြန်မြန်ကြီးပါလား။ ခဏနေပါဦး... "

"ချိန်းထားပြီးသား ကိစ္စမို့ပါ။ နောက်နေ့မှ မမဆီ ထပ်လာခဲ့ဦးမယ်လေ... "

"ကဲ... ကဲ ဒါဆိုလဲသွား ဘယ့်နှယ့်စားပြီးပြီးချင်း ချက်ချင်းထပြန်တဲ့ ဧည့်သည်မျိုးထဲမှာ ငါ့ညီမပါနေပါရောလား..."

အမှန်တော့ ပါရမီက အကြီးအစည်နဲ့ ဒီလိုကျယ်



ကျယ်ရေရွှတ်တာဖြစ်သည်။ ဒါမှ - မွန်မလေး ညီအစ်မ ပန်းတန်တွေရှင်းလင်းနေရာက ကြားမည်။ မမစမ်းရေက လက်ဖက်ရည်ခွက်ပို့ပြီးပြီးချင်း၊ ချက်ချင်းပြန်ဖို့ မမပါရမီကို ပြောနေတာကြားပါတယ်လို့ လူတွေရှေ့မှာ ဝန်ခံလျှင်၊ အို - အရာရာက ပါရမီ့အတွက် အသာစီးရဖို့ ဖန်တီးနေတော့တာပဲ။

နေဦး - မောင်က တီးမစ်ကို သောက်ခဲ့ရောသောက်ခဲ့လား မသိဘူး။ ဒါပေမယ့်လဲ ကိစ္စမရှိပါဘူး။ မသောက်တော့ဘဲ မောင် ဒီတစ်ခါ သေရမဲ့ အခွင့်အရေးက လွတ်သွားတာပေါ့။

သို့သော် မျှားမကြာမီတစ်ရက်တွင်လည်း ဒါမှမဟုတ် မနက်ဖြန်တွင်လည်း စမ်းရေ ရောက်လာဦးမည်။ အဲ့ဒီအခါမှာလဲ ပါရမီ ဒီလိုအခွင့်အလမ်းမျိုးနဲ့ ခပ်ဆင်ဆင် နောက်တစ်ခါ ဖန်တီးရမည်။ ဒီနေ့မှာ မောင်မသေရလဲ နောက်နေ့၊ နောက်နေ့တွေမှာ တစ်နေ့နေ့တော့ မောင်သေကို သေရမည်။ ပါရမီ့ကြောင့် သေရသော်လည်း အများအမြင်တွင် စမ်းရေအလေးကြောင့် စမ်းရေကလေး အဆိပ်ခပ်သတ်၍ သေရတာမျိုး ဖြစ်စေရမည်။

အတ္တဆန်စွာ ကိုယ့်ဘက်ကိုယ်ဆွဲတွေးရရင်တော့

www.burmeseclassic.com

www.burmeseclassic.com

ပါရမီ ဒီနေ့ဖန်တီးသည့် အကွက်ထဲသို့ မောင်ဝင်လိုက်လျှင်တော့ အကောင်းဆုံးပင်။

မောင့်ကို သေစေချင်လှပါပြီ။ စမ်းရေကလေး လည်း အရှက်ကွဲပြီး ဒုက္ခရောက်စေချင်လှပါပြီ။ ပါရမီ့ရဲ့ တစ်သက်လုံး ကြည့်မရဖြစ်လာတဲ့ ဒေါ်ယဉ်ယဉ်လဲ စိတ်မချမ်း မသာဖြစ်ပြီး သေတဲ့အထိ စိတ်ဝေဒနာ ခံစားသွားရစေချင် လှပါပြီ။

"မနက်ဖြန်လာခဲ့ဦးနော်... ငါမျှော်နေမယ်သိလား၊ ရေ တိုင်းလာဟာရန်ကုန်ကမပြန်မချင်းလာလည်ရမယ်နော်"

"ဟုတ်ကဲ့... မမ... "

ပါရမီသည် မောင်ရှိရာ စာကြည့်ခန်းသို့ သွား ချောင်းကြည့်ဖို့ ကြံစည်သေးသည်၊ စမ်းရေကလေးပြန်သွားလျှင် ပါရမီက မောင့်ကိုသွားချောင်း၏။ မောင့်နံဘေးမှာ လက်ဖက် ရည်ခွက်လေးက ရှိနေဆဲ၊ အငွေ့တထောင်းထောင်းနှင့်၊ အင်း မောင် လုံးဝ မသောက်ရသေးဘူး၊ ဒီလောက်ထိ ဘာမှမဖြစ်သေး ရင် တစ်ငုံမှတောင် မမြည်းရသေးလို့ပဲပေါ့။ မောင်သောက် သောက်ပါ့မလား။ မသောက်လဲ တစ်နေ့နေ့တော့ ပါ

❀ ❀ ❀ ❀ ❀

ဖန်တီးသော စမ်းရေလျှာပို့သော [illegible]သော[illegible]ဖွယ်ရာ တ[illegible]ကို မောင် စားသောက်ဖြစ်[illegible]ရှာမြို

မောင့်အတွက် စရင်ချက်။ စမ်းရေအတွက် စီရင် ချက်ကို ပါရမီက ချမှတ်ပြီးသားကွယ်။

ထို့နောက် - စမ်းရေသည် ဒီနေ့အကြံအစည် အောင်မြင်ရင် သိပ်ကောင်းမှာပဲ စိတ်ကူးယဉ်လျက်၊ သူမ၏ အပေါ်ထပ်အိပ်ခန်းဆီသို့ တက်လာခဲ့ပါသည်။

"မမပါရမီ... ဘာသောက်ဦးမလဲ... "

ဟူ၍ မွန်မကလေးက မေးလိုက်သေး။

တစ်ခုခုသောက်မှပါဟု စိတ်ကူးကာ ပါးစပ်မှ ညွှန်ကြားလိုက်သောအခါ မွန်မကလေးက-

"အပေါ်ထပ်ကို လာပို့မယ် မမ... "

ဟု ရိုသေစွာ ပြန်ဖြေလေသည်။

ပါရမီကတော့ မောင်ရယ် ဒီနေ့သေပါတော့ သေ ပါတော့ မြန်မြန်အဆိပ်မိပြီး မောင်သေသွားပါစေတော၊ ပါရမီ ဖော်တဲ့ တီးမစ်ကို မောင်က စမ်းရေကလေးခမျာ လာပို့ရှာတယ် ဆိုတဲ့ အသိနဲ့ မောင်သောက်လိုက်စမ်းပါ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



မောင်ဒီနေ့ပဲ သေသွားရင် သိပ်ကောင်းလိမ့်မည်။

မော်ကွန်းသည် ခြေသံတရှပ်ရှပ်ကြား၍ ဆတ်ခနဲ လှည့်ကြည့်တော့ ပါရမီပဲဟု မြင်လိုက်ပေမယ့် သူမက သူ့ဆီဝင်မလာပါ။ ခန်းဆီးကလေးလှပ်ကျန်ရစ်ပြီး၊ သူမက ထုံးစံအတိုင်း အလုပြင်ဖို့၊ ဒါမှမဟုတ် ၎င်းဝတ်အစား ဖက်ရှင်စာအုပ်ဖတ်ဖို့ အပေါ်ထပ်ရှိ အိပ်ခန်းဆီသို့ တက်သွားတာ တွေ့လိုက်ရ၏။

သူမရဲ့ အလုပ်က တစ်နေ့ တစ်နေ့ ဒါပဲ။ ဘယ်စာပေ ကိုမှ စိတ်မဝင်စားပေမယ့် အဝတ်အစား၊ မိတ်ကပ်ဆံပင်၊ ဖက်ရှင် တွေပါသည့် စာအုပ်မျိုးဆိုရင်တော့ အသေအလဲကြိုက်တတ်သူပင်။ တစ်နေ့ တစ်နေ့ ဖတ်လိုက်ရတဲ့ ဖက်ရှင်စာအုပ်၊ ပြင်လိုက်ရတဲ့ အလှအပ။ ဗီရိုင်းထွင်ပြီး ချုပ်လို့ မဆုံးတဲ့ အဝတ်အစားတွေနဲ့ သူမဘဝလည်ပတ်နေရတာ မငြီးငွေ့သေးဘူး ထင်ပါရဲ့။

"မမပါရမီက သူ့အတွက် တီးမစ်တစ်ခွက်လာပို့ပါတဲ့ ညီမလေး။ ခုနတုန်းက သူ့အဲ့ဒါယူဖျော်ပြီး အထုပ်ကြီးကို ဘယ်နေရာပြန်ထားလိုက်သလဲ... "

စေတနာစာပေ



"ကျွန်မ မတွေ့လိုက်ဘူး... မမစမ်းရေ သိမ်းပေးသွားတာ အစ်မရှာကြည့်ပါဦး။ မမစမ်းရေက ကျွန်မတို့ အလုပ်များနေတာတွေ့ပြီး အားနာတာနဲ့ သိမ်းမနိုင်းဘဲ သူ့ဘာသာ ဘယ်နေရာသွားထားလိုက်သလဲ မသိပါဘူး... "

"အင်း... ဒုက္ခပါပဲ။ မမပါရမီက အခုဆို အခုချက်ချင်း လာပေးမှ ကြိုက်တာ။ တီးမစ်ထုပ်ကြီး ရှာမတွေ့လို့ ကြာနေရပါတယ်ဆိုလဲ ခွင့်လွှတ်မှာမဟုတ် ငါ့နှယ် တယ်လဲ စိတ်ညစ်ရပါလား... "

မော်ကွန်းသည် မွန်မကလေးညီအစ်မ၏ အသံကြောင့် သူလည်း သိပ်မသောက်ချင်ဘဲနှင့် စမ်းရေကလေးကို အားနာ၍ ယူထားလိုက်ရသည့် တီးမစ်ခွက်ဆီ မျက်လုံးရောက်သွားလေသည်။ အင်း - ဟိုညီအစ်မ တီးမစ်ထပ်မဖျော်ရအောင်၊ ဒီခွက်ပဲ ပေးနိုင်းလိုက်မှပါ။ ငါလဲ သောက်ဖြစ်မှာမှ မဟုတ်တာ။ အစတည်းက သောက်ဖို့ မရည်ရွယ်ပါဘူး။ သွန်ပစ်မလို့ပါပဲ။

ကဲ - အခုတော့ ဒေါ်ပါရမီ ခင်ဗျားက ကျုပ်ကိုရော စမ်းရေကလေးကိုရော နှိပ်စက်ပြီး ပို့ခိုင်းလိုက်တဲ့ တီးမစ်၊ ခင်ဗျားပဲ သောက်တော့။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဟော့… သမီးတို့။ ညည်းတို့အစ်မအတွက် တီးမစ်ဖော် မလို့လား… "

"ဟုတ်တယ် အစ်ကိုကြီး။ ဒီမှာ တီးမစ်ထုပ်တွေ ရှာမတွေ့လို့ မမစမ်းရေ ဘယ်နားထားသွားလဲ မသိတာနဲ့… "

"အေး… ဒါဆိုရင် ငါ့အတွက် ဖျော်ပြီး ပို့ထားတဲ့ ခွက် သူ့ ဆီသွားပို့လိုက်တော့… ဟုတ်လား။ ငါမှ မသောက်ဖြစ်တာ။ ပြီးမှ ညည်းတို့ဘာသာ တီးမစ်ထုပ်ကို အေးအေးဆေးဆေးပြန်ရှာထား။ ဩော် - နောက်ပြီး ငါ့အတွက် ဖျော်ပြီး သူပို့ထားတဲ့ခွက်ကို လာပေးတယ် သွားမပြောနဲ့ဦး။ တော်ကြာ သူဖျော်ပေးတာ ငါမသောက်ရကောင်းလား ဆိုပြီး ရန်လုပ်နေဦးမယ်။ ခုတစ်လော ရန်မဖြစ်တာကြာပြီဆိုတော့ ဒီနေ့အနေနဲ့ဆိုရင် ဒီဟာကလေး မသောက်ဖြစ်တာကို လိုရာဆွဲတွေးပြီး ရန်ဖြစ်ချင်ဖြစ်သွားနိုင်တယ်ဟ… "

မွန်မကလေး ညီအစ်မသည် သူ့စကားအား ခေါင်းတညိတ်ညိတ်ဖြင့် "ဟုတ်တယ်၊ ဟုတ်တယ်"ဟု ရေရွတ်ထောက်ခံကြလေသည်။

စေတနာစာပေ



မွန်မကလေး ညီအစ်မသည် သူတို့လင်မယား၏ …ာက်ပိုင်းရန်ပွဲများတွင် မကြာခဏကြားရသည့် စမ်းရေကလေး … သူရဲ့ ဟိုးယခင်က အကြောင်းတွေကို သိသွားကြပြီ ထင်ပါရဲ့။ …ကြောင့် မလာတာကြာပြီဖြစ်သည့် စမ်းရေကလေး ဒီနေ့သူတို့ …လာကာ ထမင်းအတူတူစားဖြစ်ချိန်မှာ ဒီညီအစ်မ တော်တော် …ဝပ်စုစုနိုင်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေလိုက်ကြတာ။

ပါရမီဟာ သူ့ဆီအရောက်အပေါက်နည်းနေသည့် …်းရေကလေးကို မိဘတွေနဲ့ တိုင်တမ်းပြီး သူကိုယ်တိုင် တဖွဖွ …ါ်ယူပြီး စိတ်ဒုက္ခပေးခဲ့တာ ဖြစ်လိမ့်မည်။ သူမ စိတ်ဒုက္ခပေး …်းကလည်း အတော်ပင် ထိရောက်ခဲ့လေသည်။ စမ်းရေကလေး …ာ သူ့ကိုတောင် နှုတ်မဆက်တော့ဘဲ ဘယ်အချိန်ကများ ပြန် …သွားတာပါလိမ့်။

မင်းဟာ နာမည်နဲ့လိုက်အောင် လူတစ်ဘက်သား …့ ဘဝကို အေးချမ်းစေချင်တဲ့ ဆန္ဒရှိတဲ့ မိန်းကလေးပါပဲ …်းရေကလေး။

…

"ကြ …ိုက်တာ… ငါဒီ… …်မ…ာန် စိတ်တိုနေပြီ၊ နောက်ဆို ငါခိုင်းလိုက်ရင် ချက်ချင်းလာ။ ငါထမင်းစား…

စေတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com

တိုင်း တီးမစ်တစ်ခွက် ထပ်သောက်တာ သိရဲ့သားနဲ့မေး ဖြစ်အောင် မေးတယ်။ လာပို့မယ်ဆိုပြီး ကြာလဲကြာသေး၊ ဘာခက်တာမှတ်လို့။ ရေနွေးခွက်ထဲ အထုပ်ဖောက်ထည့် ရတဲ့ ကိစ္စကလေး။ ဗွန်းနဲ့ကောက်မွှေရုံ ကိစ္စကလေးကို ကြာညောင်းနေလိုက်တာ။ နေဦး နင်တို့အစ်ကိုရော ငါ ဖျော်ပေးထားတာ သောက်ရဲ့လား သွားကြည့်ဦး။ အကယ် ၍ ဒီနေ့ တီးမစ်မှ မသောက်ဖြစ်ရင် နောက်နေ့ ကော်ဖီ တော့ သောက်မှာပါ။ အဲ့ဒါ ကောဖီမှုန့်သွားဝယ်ထား လိုက်ဦးနော်။ နင်တို့အစ်ကိုကြီးက ကော်ဖီဆိုရင်တော့ ဘာပဲဖြစ်ဖြစ် ဘယ်အချိန်ပဲဖြစ်ဖြစ် သောက်တတ်တာကို နင်တို့ သိသားနဲ့။ သွားဝယ်ထား… ကြားလား… ”

“ဟုတ်ကဲ့… မမပါရမီ… ”

ပါရမီသည် မောင်တော့ ဒီနေ့ မသေနိုင်တော့ဘူး ထင်တယ်ဟူ၍ တွေးမိပြီး ဒေါသဖြစ်ချင်ချင်တွင် ရောက်လာ သည့် မွှန်မကလေးအပေါ် ဒေါသတွေ စုပုံလိုက်မိ၏။

ဟင်း - အကယ်၍သာ ကော်ဖီမှုန့်သာ ရှိနေခဲ့ရင် ငါ့အကြံအစည်က ဒီနေ့အောင်မြင်ဖို့ ရာနှုန်းပြည့်ပဲ။ အခုရေးထဲမှာ ကော်ဖီမှုန့်က ကုန်နေသေး၊ ဟိုဟာမကလေးတွေ ပေါ့တီးပေါ့ဆနဲ့

စေတနာစာပေ

F - 18 (B)



…ကို သတိမပေးလို့ ကြိုပြီးဝယ်မထားမိဘူး သူတို့ကိုယ်တိုင်လဲ …က ဆိုင်ခွဲတွေမှာ သွားဝယ်လိုက်ရင် ရသားနဲ့။ ဟင်းအဆင် …ပြေနဲ့ ဖန်းတီးလို့ ရပ့ါမလဲနော်။

စိတ်တိုဖို့ ကောင်းလိုက်တာ။ လောကမှာ ကိုယ်ဖန် …တိုင်း အဆင်မပြေတာ ကြုံတွေ့ရရင် ဘယ်လောက်စိတ်တိုဖို့ …အင်းသလဲလို့။

မောင် မြန်မြန်သေ။ ဒီနေ့ပဲသေပါ။ ပါရမီ့ကို …တဲ့အတွက် မောင်ရသင့် ရထိုက်တဲ့ ဆုလာဒ်ဟာ သေခြင်း …ပဲ။ ပါရမီ့ကို မောင့်ရဲ့ အချစ်တွေ မပေးတဲ့အတွက် …င့်ကို ပါရမီပေးမှာက အချစ်မဟုတ်တော့ဘူး။

မောင့်ရဲ့ သေခြင်းတရားဖြစ်သွားပြီ။

အို - ပါရမီ အတ္တဆန်စွာ ဆုတောင်းပါမည်။ …င် ဒီနေ့သေကို သေရမည်။ ပါရမီ အောင်ပွဲခံလိုလှပြီ။

ပါရမီသည် မွှန်မကလေးလာချသွားသည့် တီးမစ် …ကို လှမ်းယူပြီး တစ်ကျိုက်တည်း အပြီးသောက်ချတတ်သည့် …၏ အကျင့်အတိုင်းပင် သောက်ချလိုက်တော့သည်။

“အင်း… ခုချိန်မှာ ဟိုဟာမကလေး မောင့်အခန်းကို

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်ရင် ဘာများမြင်မလဲ... ”

ခွက်အား ပြန်ချအပြီးမှာ ဤကဲ့သို့ပင် ရေရွတ်လိုက်မိပါသေး။ ထို့နောက် ဖက်ရှင်စာအုပ်အား ကောက်ကိုင်ရင်း ဖတ်လက်စ စာမျက်နှာဆီ မျက်လုံးတွေ ပြန်ပို့စဉ်၊ ဟင် -ဘုရား ဘုရား။ လည်ချောင်းထဲကတစ်ဆင့် ဝင်သွားတဲ့ အရည်တွေဟာ အစာအိမ်ထဲလဲ ရောက်ရော-

အို - အောင့်လိုက်တာ။ အစာအိမ်ထဲက အောင့်လာပြီ။ ဗိုက်တစ်ခုလုံး နာကျင်လာပြီ။ သွေးကြောတွေထဲမှာ ဖျင်းဖျင်း - ဖျင်းဖျင်းနှင့် ပူလောင်လာပြီ။ နားတွေထဲက လေတွေ တဝူးဝူး ထွက်လာပြီ။ မျက်လုံးတွေ ဝေဝါးမှုန်မှိုင်းသွားပြီ။ အား တစ်ကိုယ်လုံးမှာ ရှိသမျှ သွေးကြောတွေ ပေါက်ထွက်ကုန်ပြီ ထင် ပါရဲ့။ ရှိသမျှ ကလီဇာတွေ ပြုတ်ထွက်သွားပြီ ထင်ပါရဲ့။

ခြေတွေ လက်တွေ ကွေးကောက်ကာ ပါးစပ်ထဲမှ သွေးတစ်ချို့ ပွက်ခနဲ တစ်ချက် ထိုးအန်ပစ်လိုက်ပြီးနောက် ပါရမီ သည် ခံစားနေရသော ပူလောင်ပြင်းပြစွာ နာကျင်ခြင်း ဝေဒနာမှ တဒင်္ဂအတွင်း လွတ်မြောက်သွားရပါတော့သည်။

..... ◎ .....



(၅)

ရဲအရာရှိသည် မေးမြန်းသင့်သည့် အချက်အလက် အကုန်လုံးကို မေးမြန်းပြီးသည့်အခါ အကြမ်းဖျင်း ကောက်ချက်ချပါသည်။

“သေဆုံးသူ ဒေါ်ပါရမီဟာ သူ့ခင်ပွန်းအတွက်ဆိုပြီး Owl တံဆိပ် Tea Mix ကို ဖျော်ပေးခဲ့ပါတယ်။ ပြီးတော့ ညီမဖြစ်သူကို သွားပို့ခိုင်းခဲ့ပါတယ်။ အဲ့ဒီနောက် သူ့ညီမ ဒေါ်စမ်းရေကလေး ပြန်သွားခဲ့တယ်၊ ဒေါ်ပါရမီက အိမ်ဖော် ကောင်မကလေးကို သူ့အတွက်တီးမစ်ထပ်ဖျော် ခိုင်းခဲ့တယ်။ ကောင်မလေးက ထပ်ဖျော်ဖို့ တီးမစ်အထုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ရှာတုန်း ဦးမော်ကွန်းက သူ မသောက်ဖြစ်တော့
ဆိုပြီး သူ့တီးမစ်ခွက်ကို ဒေါ်ပါရမီဆီ ပို့ခိုင်းလိုက်
ကောင်မလေးတစ်ယောက် သွားပို့ပါတယ်။
တီးမစ်ကို သောက်ပြီးပြီးချင်း ဒေါ်ပါရမီဟာ အဆိပ်
ပြီး ပွဲချင်းပြီး သေဆုံး သွားခဲ့တယ်။ အဖြစ်အပျက်တွေ
ကြည့်ရင် အမှုနဲ့ဆက်စပ်နေမဲ့ ကွင်းဆက်တွေ
အများကြီးပဲ အဆိပ်ခပ်သူတွေ အဖြစ် သံသယ ဖြစ်
သူတွေ အများကြီးပါပဲ။ သို့သော် အခင်းဖြစ်ပွား
အခင်းဖြစ်ပွားချိန်မှာ ဒေါ်ပါရမီ ဝတ်ဆင်ထားတဲ့ အ
အစားတွေကို စစ်ဆေးကြည့်တော့ ဒေါ်ပါရ
ဘလောက်စ်အင်္ကျီအိတ်ကပ်ထဲမှ စက္ကူ တစ်ရွက်
ရက်သားကို တွေ့ရတယ်။ အရောင်း အဆင်း
ကင်းမဲ့တဲ့ ဆေးမှုန့်ကလေးတစ်ချို့ ကပ်ကျန် နေခဲ့
ကျွမ်းကျင်တဲ့ ဓာတ်ခွဲခန်း ပညာရှင်တစ်ယော
စမ်းသပ်ကြည့်ရမှာပဲ။ ကျွန်တော့် အတွေ့အကြုံများ
ဆိုရင်တော့ ဒါဟာ အရောင် အဆင်း အနံ့ အ
ကင်းမဲ့တဲ့ အဆိပ်ဆေးမှုန့်တွေပဲ ဖြစ်မှာပါ။ အက





ဓာတ်ခွဲခန်း စမ်းသပ်ချက် ထွက်လာခဲ့ပြီး အမှုသွား အမှုလာကို ကြားနာစစ်ဆေးပြီးရင် အဖြေထွက်မှာပါ..."

တစ်ချို့က ထင်ကြေးပေးကြသည်။ ပါရမီကို သူ့ ခင်ပွန်းကပဲ လုပ်ကြံသတဲ့။ တစ်ချို့ကတော့ ဓာတ်လမ်းနည်းနည်း သိထား၍ စမ်းရေကလေးကပဲ လုပ်ကြံသလိုလို ထင်ကြေးပေးကြ လေသည်။

အများစုကတော့ ဘာတွေ ထင်ကြေးပေးသလဲ ဆိုရင်-

ပါရမီဟာ သူ့ယောက်ျား အပြင်မှာ နှောင်နဲ့ဓာတ် လမ်းရှုပ်တာကို ရှက်တာလဲ ကြာပြီ။ နောက်ပြီး အိမ်ထောင်ရေး အဆင်မပြေတာလဲ ကြာပြီ။ ကိုယ်ဝန်ကလဲ မတော်မဆ ခြေချော် လို့ လှေခါးပေါ်က လိမ့်ကျပြီး ပျက်ကျထားတော့ စိတ်လဲထွေပြား နေခဲ့သေးပုံရတယ်။ အဲ့ဒီ သောကတွေ ဖိစီးပြီး ကြာတော့ မိန်းမတစ်ယောက်အနေနဲ့ ဘယ်ခံနိုင်ရည် ရှိတော့မလဲ။ မိဘ ကလဲ အဝေးမှာ၊ ယောက္ခမနဲ့ကလဲ အဆင်မပြေသေးဆိုတော့ အင်မတန် စိတ်နောက်ပြီး ကိုယ့်ဘာသာ အဆိပ်သောက်သေ လိုက်တာပဲ ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍တည်း။

ဓာတ်ခွဲခန်းမှာ အဖြေထွက်လာသောအခါ ပါရ
၏ အိတ်ကပ်ထဲမှ တွေ့ရသည့် စက္ကူပေါ်မှ အမှုန့်တစ်ချို့သည်
သူမ၏ အလောင်းအား ခွဲစိပ်၍ အစာအိမ်ထဲမှာ တွေ့ရသည်
အဆိပ် အကြွင်းအကျန်တစ်ချို့နှင့် အမျိုးအစားတူညီနေကြော
တရားရုံးသို့ သတင်းပို့ပါသည်။

နောက်ဆုံးတွင် အမှုမှာ လူသတ်မှု မမြောက်ေ
ကိုယ့်ကိုကိုယ် သတ်သေမှုအဖြစ်သာ အကြုံးဝင်ကြောင်း တရာ
ရုံးမှ စီရင်ချက်ချခဲ့ပါသည်။ မျက်မြင်သက်သေလည်း မရှိ
မော်ကွန်းလည်း တရားခံမဟုတ်၊ စမ်းရေကလေးလဲ တရား
မဟုတ်။ အိမ်ဖော်မကလေးများလည်း တရားခံမဟုတ်တော့ေ
လက်ဖက်ရည်ခွက်မှာ တွေ့ရသည့် လက်ဗွေရာတွေတ
လူပေါင်းစုံ။ သို့သော် ပါရမီ့အင်္ကျီအိတ်ကပ်မှာ တွေ့ရသ
စက္ကူကလေး မှာတော့ ပါရမီ၏ ဖျောက်ဖျက်လို့ မရသ
လက်ဗွေရာ အစစ်ကို တွေ့ရလေသည်။ ထိုလက်ဗွေရာကလည်
တစ်ခုတည်း ဖြစ်နေခဲ့ သည့် ပါရမီ၏ လက်ဗွေရာပင်။

ထိုအကြောင်းအချက်များကြောင့်ပင် သေဆုံး



ပါရမီသည် အများထင်ကြေးပေးကြသည့်အတိုင်းပင်၊ ကိုယ့်ကို
ကိုယ် သေကြောင်းကြံစည်၍ အဆိပ်သောက်သေခဲ့ပါသည်ဟု
ဘရားရုံးက ဆုံးဖြတ်လိုက်တော့သည်။

"သေတဲ့အထိတောင် အားလုံးကို အေးအေးမနေရအောင်
ဒုက္ခက ပေးသွားသေးတယ်။ ဘယ်လောက်စိတ်သောက
ရောက်လိုက်ရသလဲ။ သမီးအကြီးသေလို့ သောကရောက်
ရတာတစ်မျိုး။ သမီးငယ်များ ဒီလိုလုပ်လိုက်လေမလားလို့
သံသယဝင်ပြီး သောကရောက်ရတာကလဲ တစ်မျိုး။
အရင်က လူမသိ သူမသိဇာတ်လမ်းတွေ ဗူးပေါ်သလို
ပေါ်သွားရလို့ ရှက်ရတာကလဲ တစ်မျိုး... "

မေမေဒေါ်သက်ဆွေက ပြောလဲပြော။ ငိုလဲငို။
"တော်ပါသေးရဲ့... မယ်မင်းကြီးမ သူ့ဘာသာ အဆိပ်
သောက်ပြီး အဆိပ်မှုန့်တွေထုပ်တဲ့ စက္ကူစကို အင်္ကျီအိတ်
ထဲ ပြန်ထည့်မိပေလို့။ တစ်ခြားလွှင့်ပစ်ဖို့ မစဉ်းစားမိပေ
လို့ပဲ။ နောက်မို့ ငါ့သားရော၊ စမ်းရေကလေးရော
ဒုက္ခရောက် တော့မလို့... "

မေမေဒေါ်ယဉ်ယဉ်က ခပ်တိုးတိုးရေရွတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမသည် တစ်စုံတစ်ရာအတွက် ကျေနပ်နေသည့်ပမာ သောတတွေ ချုပ်ငြိမ်းသွားရသည့်ပမာ။

မျက်ဝန်းထဲမှာ ထိုအရိပ်တွေနှင့်တည်း။ သို့သော်-

ပါရမီဆိုသည့် မိန်းမတစ်ယောက်ကတော့ သူမ ကျူးလွန်ခဲ့သော ပြစ်မှုများကို သေတဲ့အထိ လူသိမခံခဲ့တာတော့ အမှန်ပဲ။

..... .....

ဓေဟနာစာပေ

# နိဂုံး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဤလောကမှာ စမ်းရေကလေး မဖြစ်ချင်ဆုံးသော အရာမှာ အများက ထင်ကြေးပေးကြသလို ဖြစ်သွားရသည့်အရာများပင်ဖြစ်လေသည်။

ထို့ကြောင်ပင် အရင်တည်းက မျက်လုံးချင်း ချစ်သူတွေ အဆင့်ရောက်ခဲ့ဖူးသူ ဆရာနှင့် စမ်းရေကလေးတို့၏ ဇာတ်လမ်းကို ထင်ကြေးပေး၊ စောင့်ကြည့်ခဲ့ရသောအခါ စမ်းရေကလေး စိတ်ပျက်မိပါသည်။ သူတို့တော့ တစ်နေ့ လက်ထပ်ဖြစ်ကြမှာပဲ ဆိုသည့် အသံများအား မကြားချင်။ နှစ်ဖက်မိဘတွေ စောင့်ကြည့်ကာ၊ ဒါမှမဟုတ် တစ်ခါတစ်ရံမှာ တိုက်တွန်းသလို စကားတွေ ကြားရတာကိုလည်း စမ်းရေကလေး ရင်မဆိုင်ချင်။

ပြီးတော့ ဆရာ။

ဆရာ့ကို စမ်းရေကလေး၏ ပထမဆုံးချစ်သူ အဖြစ် နေရာပေးထားခဲ့ပါသည်။ စမ်းရေကလေး၏ နှလုံးသားထဲတွင် နေရာအပြည့် ယူထားပြီးသည့် ဆရာ့ကို ဘယ်တော့မှ ဖယ်မပစ်ရက်ပါ။ တစ်ခြားသူကိုလည်း ပြောင်းလဲနေရာ မပေးချင်ပါ။

နှလုံးသားထဲတွင် ဆရာတစ်ဦးတည်းသာရှိနေခဲ့ပြီး ဆရာ တစ်ယောက်ကလွဲလျှင် ဘယ်သူကိုမှ စမ်းရေကလေး မချစ်နိုင်တော့သည်မှာ အသေအချာပင် ဖြစ်လေသည်။

သို့သော်-

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် စမ်းရေကလေးကို အရင်တည်းက ချစ်ခဲ့တယ်။ ဒါပေမယ့် ကံကြမ္မာရဲ့ ပြောင်းလဲပေးမှုကြောင့် ကိုယ့်ရဲ့ အချစ်တွေကို စမ်းရေကလေးကို မပေးဖြစ်ခဲ့သလို ကိုယ်ကလဲ စမ်းရေကလေးရဲ့ ချစ်သူဖြစ်ခွင့်မရခဲ့ဘူး။ အခုတော့ ကိုယ်တို့နှစ်ယောက် ပွင့်ပွင့်လင်းလင်း ချစ်သူဘ၀။ ပြီးတော့ ကိုယ်တို့နှစ်ယောက်ရဲ့ ကမ္ဘာတစ်ခု။ အဲ့ဒါတွေကို ကိုယ်တို့ တည်ဆောက်ကြရအောင်၊ ဘယ်လိုလဲ စမ်းရေကလေး အနှစ်နှစ်အလလက တောင့်တခဲ့တဲ့ ဒီဘ၀လေးကို ကိုယ်ကို ပိုင်ဆိုင်ခွင့်ပေးပါလား... "

ဟု ဆရာသည် အဖြစ်အပျက်များမှ လွန်မြောက်တစ်နှစ်ကြာသောအခါ စမ်းရေကလေးအား ဖွင့်ဟခဲ့သောခါ။

"ဆရာ့ကို စမ်းရေ သေမလောက်ချစ်ခဲ့ပါစေ။ ဘယ်တော့မှ ချစ်သူအဖြစ် မရွေးချယ်တော့ဘူး ဆရာ။ ဘယ်တော့မှလဲ ဆရာနဲ့ ဘ၀တစ်ခုကို မထူထောင်တော့ဘူး။ ဆရာနဲ့တင်မက ဘယ်သူကိုမှ ချစ်သူအဖြစ်ရော ဘ၀ခရီးဖော်အဖြစ်ရော မရွေးချယ်တော့ဘူး ဆရာ။ စမ်းရေ တစ်ယောက်တည်းပဲ လောကကြီးမှာ ရပ်တည်တော့မယ်။ အဲ့ဒီအတွက် ဆရာ စမ်းရေကို နားမလည်ရင်လဲ နေပါစေတော့။ စမ်းရေ မရှင်းပြပါရစေနဲ့တော့ ဆရာ။ နောက်ပြီး စမ်းရေကို အဲ့ဒီ စကား နောက်ဆုံးပြောခြင်း ဖြစ်ပါစေ။ ဆရာ့ဆီက ထပ်မကြားပါရစေနဲ့တော့... "



စမ်းရေကလေးက ခါးခါးသီးသီးပင် ငြင်းပစ်လိုက်ပါသည်။ ရင်ဘတ်တစ်ခုလုံး ကွဲအက်သွားသလိုပဲ။ နှလုံးသားရဲ့ ကွဲအက်သံသဲ့သဲ့ကိုတောင် ကြားလိုက်ရသလိုပဲ။ ကိုယ့်ချစ်သူရဲ့ ချစ်ခြင်းစကားကို ချစ်ရက်နဲ့ ငြင်းပစ်ရတာမျိုး။ ကိုယ့်ချစ်သူနဲ့ တည်ဆောက်ခွင့်ရတဲ့ ဘ၀တစ်ခုကို တမင်လက်လွှတ်ပစ်လိုက်ရတာမျိုး။ ပြီးတော့ ကိုယ့်ချစ်သူရဲ့ ကြေကွဲတဲ့ မျက်ဝန်းအစုံကို ရင်ဆိုင်လိုက်ရတာမျိုး။ ကြည့်စမ်း။ ဘယ်လောက်ကြေမွသွားချင်စရာ ကောင်းလိုတဲ့ အဖြစ်လဲ။

အများက ထင်ကြေးပေးကြသည့်အတိုင်း လျှောက်ရမည့်လမ်းကို မရွေးချယ်လို။ သံသယမျက်လုံးတွေကို တစ်ခါမျှ ရင်မဆိုင်ခဲ့ဖူး၍ ဖြစ်နိုင်တာပဲဟု သတ်မှတ်မည့် မျက်လုံးတွေ၏ သံသယများကို ထပ်မံမရလို။

ပါရမီဟာ ဒါတွေသိပြီး စိတ်ညစ်လို့ ဒီလိုလုပ်သွားရတာပဲဆိုတဲ့ မှတ်ချက်မျိုး ထပ်မံ မကြားလို။

စမ်းရေကလေးသည် လူထဲက လူတစ်ယောက်ပင်ဖြစ်သော်လည်း ထိုလူသားတွေ လျှောက်တတ်မည့် လမ်းမျိုးမှ သွေဖယ်ကြည့်ချင်သားပင်။

အဲ့ဒါက စမ်းရေကလေး၏ အတ္တလား။

ခုမှမဟုတ် မာနလား။

တစ်ခုခုတော့ တစ်ခုခုပါပဲ။ သို့သော် ဆရာသည် ယခင့် ယခင်ကများလိုပင် စမ်းရေကလေး၏ မျက်ဝန်းတစ်ချက်ပင့်အကြည်ကို နားလည်သွားခဲ့လေသည်။

ကြေကွဲဖို့ ကောင်းလေစွ။

..... ❀ .....

စမ်းရေကလေးဟာ ချစ်ခြင်းတွေနဲ့ ကမ္ဘာတစ်ခုဖြစ်ခြင်းကို ပိုင်ဆိုင်ခွင့်ရချင်ခဲ့သူ ဖြစ်ခဲ့ဖူးတာတော့ တကယ့်ကိုအမှန်ပါပဲ - ဆရာ။



ရှင်မိုး (ဆေးတက္ကသိုလ်)

1:35 AM ; Monday

30th October '95